စနေ၊ ဧပြီ (၁)
**ဖိ ၁း၁-၅**
ဖိ ၄း၁-၉

*“. . . ဖိလိပ္ပိမြို့၌ရှိသော. . . ခရစ်တော်၏သန့်ရှင်းသောသူ အပေါင်းတို့ကိုကြားလိုက်ပါ၏. . . ”*

---

# ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်းနှင့်ဆိုင်သော ဩဝါဒစာစောင်

ဖိလိပ္ပိဩဝါဒစာစောင်သည် ရှင်ပေါလုရေးသားသော ပုဂ္ဂိုလ်ရေးနှင့်ဆိုင်သော စာစောင်တို့တွင် တခု အပါအဝင် ဖြစ်ပါသည်။ စာ အသွားအလာ သည် တစုံတယောက်က မိမိ၏မိတ်ဆွေသူငယ်ချင်းအား ချစ်ခြင်းမေတ္တာဖြင့် တိုက်တွန်းနိုးဆော်ခြင်း ပုံစံ ဖြစ်ပါသည်။ မှတ်သားစရာကောင်းသောအချက်မှုကား ပြင်းထန်သောဆုံးမခြင်းစကားလုံးတို့ကို အသုံးပြုလျက် ရေးသားသော ဂလာတိဩဝါဒစာစောင် နှင့် အရေးအသား မတူညီခြင်းပင်ဖြစ်ပါသည်။

ဤစာစောင်ကို ဝမ်းမြောက်ခြင်း ဩဝါဒစာစောင် ဟုခေါ်ကြပါသည်။ ဤစာစောင်တိုလေးထဲ၌ ဝမ်းမြောက်ခြင်းနှင့်ဆိုင်သောတရား တဆယ့်ခြောက်ကြိမ် မက တွေ့ရပါသည်။ ရှင်ပေါလုက ခရစ်ယာန် အသက်တာ၏စစ်မှန်သော ရည်ရွယ်ချက်ကို ဤစာစောင်၌ ဖေါ်ပြထားပါသည်။ သူသည် အခက်အခဲရင်ဆိုင်ကြုံတွေ့နေလျက်ပင် မိမိ၏ဝမ်းမြောက်ခြင်းအကြောင်းကိုရေးသား၍ မိမိနှင့်အတူ ဤစာစောင်ကိုလက်ခံသောသူတို့အား ဝမ်းမြောက်ခြင်း ရှိခြင်းငှာ တိုက်တွန်းခဲ့ပါသည်။

ဤစာစောင်သည် ငြိမ်သက်ခြင်း ဩဝါဒစာစောင်ဖြစ်ကြောင်းကိုလည်း တွေ့ရပါသည်။ ပေါလုသည် ချုပ်နှောင်ခြင်းခံရ၍ မိမိကို တိုက်ခိုက်သောရန်သူများစွာရှိသော်လည်း (ဖိ ၁း၁၂-၁၇)၊ သေခြင်းအမှုနှင့်ရင်ဆိုင်နေရသော်လည်း (ဖိ ၁း၁၈-၂၃)၊ မိမိ၌ရှိသော ငြိမ်သက်ခြင်းကို ပြသခဲ့ပါသည်။ ဤစာစောင်ကိုဖတ်သောသူတို့အား အခက်အခဲအပေါင်းကိုဘေးဖယ်လျက်၊ ဘုရားသခင်ကို ကိုးစားနာခံခြင်းရှိခြင်းငှာ တိုက်တွန်းခဲ့ပါသည်။ “အဘယ်သူမျှကြံ၍မမှီနိုင်သော ဘုရားသခင်၏ ငြိမ်သက်ခြင်းသည် . . . သင်တို့၏စိတ်နှလုံးကိုစောင့်မလိမ့်မည်”။

ထိုသို့သော ဝမ်းမြောက်ခြင်းနှင့်ငြိမ်သက်ခြင်း ပိုင်ဆိုင်နိုင်ရခြင်း အကြောင်းမှာ ရှင်ပေါလု၏ ဘဝရည်မှန်းချက်ပန်းတိုင်ကို သခင်ယေရှုခရစ်တော်က ပြောင်းလဲစေခဲ့သောကြောင့်ဖြစ်ပါသည်။ ခရစ်ယာန်ဖြစ်သည်အတိုင်း ပေါလုအတွက် အသက်ရှင်ခြင်းသည် ခရစ်တော်ဖြစ်၍ (ဖိ ၁း၂၁)၊ နေ့စဉ် သူကြိုးစားအားထုတ်သောအရာ ဟူမှုကား၊ ဘုရားသခင်၏အထက်အရပ်မှခေါ်တော်မူခြင်းနှင့်ဆိုင်သောဆုကိုရခြင်းငှာ ပန်းတုံးတိုင်သို့ လိုက်ပြေးခြင်းပင် ဖြစ်ပါသည် (ဖိ ၃း၁၄)။ ရှင်ပေါလု၏ တိုက်တွန်းချက် ဟူမှုကား၊ “သခင်ဘုရား၌အစဉ်မပြတ် ဝမ်းမြောက်ခြင်းရှိကြလော့။ တဖန်ငါဆိုသည်ကား၊ ဝမ်းမြောက်ကြလော့” (ဖိ ၄း၄)၊ ဆုတောင်းခြင်းဖြင့် “အဘယ်သူမျှကြံ၍မမှီနိုင်သော ဘုရားသခင်၏ ငြိမ်းသက်ခြင်း” (ဖိ ၄း၇) ပိုင်ဆိုင်နိုင်၏ ဟူ၍ဖြစ်ပါသည်။

ဤဩဝါဒစာစောင်ကို သုံးလ လုံးလုံး လေ့လာသင်ယူခြင်းဖြင့် သခင်ယေရှုခရစ်တော်ထံမှ ဝမ်းမြောက်ခြင်းနှင့်ငြိမ်သက်ခြင်း ကျွန်တော်တို့လည်း ပိုင်ဆိုင်ရရှိနိုင်ပါသည်။

**ဆင်ခြင်ရန်** - ခရစ်ယာန်အပေါင်း၏အသက်တာ၌ ဝမ်းမြောက်ခြင်းနှင့်ငြိမ်သက်ခြင်း ရှိသင့်သည်မဟုတ်လော။

**ဆုတောင်းချက်**- အဖဘုရား၊ အကျွန်ုပ်သည် ကိုယ်တော်၌ အစဉ်ဝမ်းမြောက်ခြင်း ရှိ၍၊ အဘယ်သူမျှ ကြံ၍မမှီနိုင်သော ကိုယ်တော်၏ငြိမ်သက်ခြင်း ပိုင်ဆိုင်လိုပါ၏။

တနင်္ဂနွေ၊ ဧပြီ (၂)
**ဖိ ၁း၁-၈**
ကောလော ၁း၁၁-၁၅

*" . . . သင်တို့သည် ရှေဦးစွာသော နေ့ရက်မှစ၍ ယခုတိုင်အောင် ဧဝံဂေလိတရားကို ဆက်ဆံ၍ . . . "*

# ဖိလိပ္ပိလူတို့သည်မည်သူတို့ဖြစ်ကြသနည်း

ဖိလိပ္ပိမြို့ရှိအသင်းတော်ကို ပေါလုက မိမိ၏ဒုတိယသာသနာခရီးစဉ်၌ စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။ ဖိလိပ္ပိမြို့သည် ဥရောပ၌ ပေါလုအမှုတော်ဆောင်ရာ ပထမဆုံးသော မြို့ကြီးတမြို့ဖြစ်ပါသည်။ ထိုမြို့တွင် ပေါလုသည် မြစ်ကမ်းဘေး၌ စုရုံးကြသော ယုဒမိန်းမ အချို့ထံ တရားဟောခဲ့ပါသည်။ ထိုသို့ တရားဟောနေစဉ် လုဒိ သည် ဘုရားသခင်၏စိတ်နှလုံး ဖွင့်ပေးတော်မူခြင်းအားဖြင့် မကေဒေါနိပြည်၌ ပထမဆုံးသော ယုံကြည်သူဖြစ်လာ၏ (တမန် ၁၆း၁၁-၁၅)။ သူသည် ပေါလု အား မိမိအိမ်သို့ ဖိတ်ခေါ်ခဲ့ပါသည်။ ဤသို့ဖြင့် ထိုအိမ်၌ အသင်းတော်စတင် ခဲ့သည်ဟု ထင်ရပါသည်။ ထောင်မှ ပေါလု လွတ်မြောက်လာသောအခါ ပေါလုသည် ဖိလိပ္ပိ ညီအစ်ကို တို့ကို တွေ့ဆုံခဲ့သောနေရာသည် ထိုအိမ်ဖြစ်မည်ဟုထင်ရပါသည် (တမန် ၁၆း၄၀)။

ထိုအချိန်မှစ၍ ပေါလုသည် ဤအသင်းတော်နှင့်ရင်းနှီးသော ဆက်ဆံရေး ရှိခဲ့ပါသည်။ မိမိ၏တတိယသာသနာခရီးစဉ်၌ ပေါလုက သူတို့အား နှစ်ကြိမ်သွားရောက်လည်ပတ် ခဲ့သည်ဟု ထင်ရပါသည် - ယေရုရှလင်မြို့ရှိ လိုအပ်သော ခရစ်ယာန်များအတွက် သူတို့ကောက်ခံ စုဆောင်းသော အရာများကို လက်ခံရယူစဉ် တကြိမ် (၂ ကော ၈း၁-၅) နှင့် ယေရုရှလင်မြို့သို့ ပြန်မသွားမီ နောက် တကြိမ် (တမန် ၂၀း၆) ဖြစ်ပါသည်။

ယခု၊ လေး ငါး နှစ်ကြာသောအချိန်၊ ရောမမြို့၌ ထောင်ကျစဉ်တွင် ပေါလုသည် ထို အသင်းတော် ပို့ပေးသောလက်ဆောင်ကို အသင်းတော်၏အမှုတော်ဆောင် ဖြစ်သော ဧပဖြောဒိတ်လက်မှ လက်ခံရရှိခဲ့ပါသည်။ ပေါလုသည် အရင်က သူတို့ထောက်ပံ့ခဲ့သော အကြောင်းကို ပြန်ဖော်ပြလျက် (ဖိ ၄း၁၅-၁၆)၊ ယခု ရရှိသော လက်ဆောင်ကြောင့်လည်း အလွန်ဝမ်းမြောက်ခြင်း ရှိကြောင်း ဖော်ပြခဲ့ပါသည် (ဖိ ၄း၁၀)။ ထို့ကြောင့် ကျေးဇူးတင်စကား ဆိုလျက်၊ ဘုရားသခင်နှင့် ဆိုင်သော သူတို့၏အသက်တာနှင့်ပတ်သက်၍ တိုက်တွန်းနိုးဆော်လျက် ဤစာကို ရေးခဲ့ပါသည်။ သူသည် ထောင်ထဲ၌နေရသော်လည်း အဆင်ပြေကြောင်းနှင့် မိမိနှင့်ကြုံတွေ့ရသောသူတို့ထံ ဧဝံဂေလိတရား ဟောရသောအခွင့် ရသောကြောင့် ဝမ်းမြောက်ခြင်းရှိကြောင်း အသိပေးခဲ့ပါ၏ (ဖိ ၁း၁၂-၁၇)။

ပေါလုနှင့်ဖိလိပ္ပိလူတို့၏ဆက်ဆံရေးကို ကြည့်ခြင်းဖြင့်၊ ဧဝံဂေလိတရား၌တည်သော မိသာဟာယ၏နှစ်သက်ဖွယ်ကောင်းမှုကိုတွေ့ရပါသည်။ ဤဆက်ဆံရေးသည် သတင်းကောင်းဖြင့် စ၍ ထိုသတင်းကောင်း၌ ဆက်လက်၍တည်တံ့ခြင်း ရှိ၏။ ထိုသို့သော ဧဝံဂေလိတရား၌မိသာဟာယ ဖွဲ့ခြင်းမျိုးကို ခရစ်ယာန်အပေါင်း၌ရှိလျှင် ဘယ်လောက် ကောင်းလိမ့်မည်နည်း။

**ဆင်ခြင်ရန်** - အကျွန်ုပ်၏မိတ်ဆွေ ယုံကြည်သူတို့နှင့် ကျွန်တော်မည်သို့ဆက်ဆံပါသနည်း။
**ဆုတောင်းချက်**- အဖဘုရား၊ ကိုယ်တော်၏ အမှုတော်နှင့်ဧဝံဂေလိတရား အတွက် ကျွန်ုပ်၏ ဘဝ တခုလုံးကို ဆက်ကပ် လိုပါ၏။

တနင်္လာ၊ ဧပြီ (၃)
**ဖိ ၁း၁-၄**
ကောလော ၁း၁-၆

*“ . . . ကျေးဇူးတော်နှင့်ငြိမ်သက်ခြင်းသည် သင်တို့၌ ရှိပါစေသော . . . ”*

# သဘောတရား ဖော်ပြခြင်းလော (သို့) စစ်မှန်သော ဝိညာဉ်ရေးရာ ဂရုစိုက်ခြင်းလော

ဖိလိပ္ပိသြဝါဒစာစောင်ထဲ၌ ဖိလိပ္ပိအသင်းတော်အပေါ် ထားရှိသော ပေါလု၏စစ်မှန်သော ချစ်ခြင်းမေတ္တာနှင့်မိသာဟာယဖွဲ့ခြင်းကို တွေ့ရပါသည်။ မိမိ၏အမှုတော်ဆောင်ခြင်း၌ပါဝင် ထောက်ပံ့ ခဲ့ကြသောကြောင့် ကျေးဇူးတင်စကားဆိုလျက်၊ သူတို့ကြုံတွေ့သောအမှုတို့၌ ခွန်အားပေးခြင်းငှါ ဤစာကို ရေးခြင်းဖြစ်ပါသည်။

ဤသြဝါဒစာ၏အစကျမ်းပိုဒ်အနည်းငယ်တွင် ပေါလုနှင့်ထိုအသင်းတော်အကြား၌ရှိသော နွေးထွေးသည့်ဆက်ဆံရေးကို တွေ့ရပါသည်။ တခါတရံ ဤအဖွင့်နှုတ်ဆက်ခြင်းကို သဘောတရား ဖော်ပြခြင်း ကဲ့သို့ ကျွန်ုပ်တော်တို့မှတ်ယူတတ်ကြ၏။ သို့သော်လည်း သမ္မာကျမ်းစာ၏စကားလုံးတိုင်း သည် ဘုရားသခင်မှုတ်သွင်းတော်မူသောစကား ဖြစ်ကြောင်း ကျွန်ုပ်တော်တို့ သိထားကြပါသည်။ ထို့ကြောင့် ပေါလုသည် ဤနှုတ်ဆက်စကားကို သဘောတရားအားဖြင့် မဟုတ်ဘဲ၊ စကားလုံးတိုင်း ကို စစ်မှန်သော စိတ်နှလုံးဖြင့် ရေးသားခြင်းဖြစ်ပါသည်။

ပေါလုသည် သူတို့အပေါ်၌ ကျေးဇူးတော်နှင့်ငြိမ်သက်ခြင်း ရှိခြင်းငှါ ဆုတောင်းပေး ခဲ့ပါ သည်။ ကျေးဇူးတော်သည် ကျွန်ုပ်တော်တို့ မထိုက်တန်ဘဲလျက် ဘုရားသခင်ထံမှ ရရှိသော ကယ်တင်ခြင်းနှင့် သန့်ရှင်းစေခြင်း ကျေးဇူးတော် ပင်ဖြစ်ပါသည်။ ငြိမ်သက်ခြင်းသည် ခရစ်တော် အားဖြင့် ယုံကြည်သူ၊ ကျွန်ုပ်တော်တို့ ရရှိသော ဘုရားသခင်နှင့်အသစ်သော မိသာဟာယဖွဲ့ခြင်း ဖြစ်ပြီး၊ ကျွန်ုပ်တော်တို့သည် ဘုရားသခင်နှင့်ရန်သူ မဟုတ်တော့ဘဲ၊ သင့်မြတ်ခြင်းကို ရရှိခဲ့ကြ၏။

ဆက်လက်၍ ဤသြဝါဒစာထဲတွင်၊ သူတို့အပေါ် ပေါလုထားရှိသော စစ်မှန်သည့် ဂရုစိုက် မှုကို တွေ့ရပါသည်။ ထိုနှုတ်ဆက်ခြင်း စစ်မှန်ခြင်းအကြောင်းကို ပေါလုက ဆုတောင်းပေးခြင်းနှင့် တိုက်တွန်းနိုးဆော်ခြင်းဖြင့် ဆက်လက် သက်သေပြခဲ့ပါသည်။ ဤသည်ကား စစ်မှန်သော ဝိညာဉ် ရေးရာ ဂရုစိုက်ခြင်း ပင်ဖြစ်ပါသည်။

ကျွန်ုပ်တော်တို့သည် အချင်းချင်း နှုတ်ဆက် ကြသောအခါ၊ သဘောတရားအရ နှုတ်ဆက် ကြသလော (သို့) စိတ်ထဲမှအမှန်တကယ် နှုတ်ဆက်ကြခြင်းလော။ “ဘုရားသခင် ကောင်းကြီးပေး တော်မူပါစေ၊” “မင်္ဂလာရှိသော နေ့ဖြစ်ပါစေ၊” “ဘုရားသခင်၏ကျေးဇူးတော် သင်နှင့်အတူရှိပါစေ၊” ဟု တစုံတယောက်ကို နှုတ်ဆက်သောအခါ၊ ကျွန်ုပ်တော်တို့ အမှန်တကယ် ဆိုလိုပါသလား။ သူတို့ သည် အမှန်တကယ် ကောင်းကြီးခံစားရခြင်းငှါ၊ ဆုတောင်းပေးခြင်း၊ ဝိညာဉ်ရေးရာခွန်အား ပေးခြင်း ကို ပြုပေးကြပါသလား။

**ဆင်ခြင်ရန်** - သဘောတရား နှုတ်ဆက်ခြင်း ထက် မနှုတ်ဆက်ခြင်း ကပိုကောင်းသည် မဟုတ်လော။

**ဆုတောင်းချက်**- နှုတ်ဆက်ခြင်း အပါအဝင်၊ အကျွန်ုပ်၏ နှုတ်ထွက်စကား တို့သည်၊ အဟုတ် ကို အဟုတ်၊ မဟုတ် ကို မဟုတ် ဖြစ်ပါစေသော။

*"ငါသည် ဆုတောင်း ပဌနာပြုသော အခါခါ၊ . . .
သင်တို့ရှိသမျှ အဘို့ . . . "*

# အသင်းတော်အတွက် သင်ဆုတောင်းပါသလား

ပေါလုသည် ဆုတောင်းသော ပုဂ္ဂိုလ်ဖြစ်ပါသည်။ ဖိလိပ္ပိအသင်းတော်အတွက် အစဉ်ဆုတောင်းပေးတတ်၏။ သူတို့ကို အောက်မေ့သောအခါခါ၊ ပေါလုသည် ဘုရားသခင်ထံ ကျေးဇူးတော် ချီးမွမ်း၏။ သူတို့အတွက် ဆုတောင်းသောအခါ၊ ဘုရားသခင်၏နာမတော်ကို ချီးမွမ်း၍ အလွန် ဝမ်းမြောက်ခြင်းရှိတတ်ပါသည်။ သူတို့နှင့်နွေးထွေးသော မိသာဟာယဖွဲ့ခြင်း ရှိသောကြောင့် ပေါလု၏ ဆုတောင်းချက်တို့သည် စိတ်အားထက်သန်မှုရှိ၏။

ဘယ်အရာအတွက်ဆုတောင်းပါသနည်း။ "ဧဝံဂေလိတရားကို ဆက်ဆံ၍ ခံစားကြောင်းကို ထောက်သဖြင့်" (ဖိ ၁း၅)၊ ပေါလုသည် အလွန်ဝမ်းမြောက်ခြင်းရှိ၏။ ဧဝံဂေလိတရား ဟောပြောခြင်း အမှု၌ သူတို့သည် ပေါလုကိုထောက်ပံ့လျက်၊ လုပ်ဘော်ဆောင်ဖက် ဖြစ်ကြပါသည်။ "ဆက်ဆံ" ဟူသော ဂရိ စကားလုံးသည် "*koinonia*" ဖြစ်ပါသည်။ အဓိပ္ပါယ်ကား အတူတကွ ပေါင်းဘော် မိသာဟာယဖွဲ့ခြင်း ဖြစ်ပါသည်။ တခါတရံ၌ ပစ္စည်းဥစ္စာနှင့်ငွေကြေး အတူတကွ သုံးခြင်း ကိုလည်း ရည်ညွှန်းပါ၏။ ပေါလု ထောက်ပံ့ခြင်း၌ ဖိလိပ္ပိလူတို့သည် အလွန်ရက်ရောခြင်း ရှိကြပြီး (၂ ကော ၈း၁-၅၊ ဖိ ၄း၁၀-၁၆)၊ ပေးပို့သော လက်ဆောင်ကြောင့် ပေါလုသည် သူတို့ထံ ကျေးဇူးတင်စကား ရေးသားခဲ့ပါသည်။ ထိုလက်ဆောင်ထက် သူတို့အကြား၌ရှိသော စစ်မှန်သည့် မိသာဟာယဖွဲ့ခြင်း အမှုကြောင့် ပို၍ဝမ်းမြောက်ခြင်းရှိ၏။ ပထမဆုံး တရားဟောသော အချိန်မှစ၍ သူတို့သည် ပေါလုနှင့်အတူ ရပ်တည်ကြပြီး၊ သူနှင့်အတူ အမှုတော်၌ပါဝင် အားပေးခဲ့ကြပါသည် (တမန် ၁၆း၁၁-၁၅)။ ထို့ကြောင့် ဤအသင်းတော်သည် ပေါလု စိတ်နှလုံးထဲ၌ နေရာယူ၍ ပေါလုသည်လည်း သူတို့ကို အလွန်ချစ်ခင် နှစ်သက်ခြင်းရှိ၏။

သင်နှင့်သင်၏အသင်းတော်အကြား၌ မည်သို့သောဆက်ဆံမှု ရှိပါသနည်း။ အချင်းချင်း စစ်မှန်သော မိသာဟာယဖွဲ့ခြင်း ရှိပါသလား။ သင်တို့၌ရှိသော ဝိညာဉ်ရေးရာ မိသာဟာယဖွဲ့ခြင်း ကြောင့် သင် ဝမ်းမြောက်ခြင်းရှိပါသလား။ ဘုရားသခင်ကို ချီးမွမ်းလျက်၊ အချင်းချင်း အစဉ်ဆုတောင်း ပေးကြပါသလား။ မိမိအသင်းတော်အကြောင်း စဉ်းစားတိုင်း၊ လုပ်ဘော်ဆောင်ဖက်တို့ကို သတိရ တိုင်း သင် စိတ်နှလုံး ဝမ်းမြောက်ခြင်း ရှိပါသလား။ အသင်းတော်အတွက် ဆုတောင်းခြင်းကို သင် မပြုသေးလျှင်၊ ယခု သင် ပြုပါလော့ - "ငါသည် ဆုတောင်း ပဌနာပြုသော အခါခါ၊ ဝမ်းမြောက်သော စိတ်နှင့် သင်တို့ရှိသမျှ အဘို့ကို အစဉ် ဆုတောင်း ပဌနာပြုလျက်" (ဖိ ၁း၄)။

**ဆင်ခြင်ရန်** - အသင်းတော်၏ဆုတောင်းခြင်း အစီအစဉ်ကို ကျွန်တော် ဦးစားပေး သင့်ပါသလား။

**ဆုတောင်းချက်**- အကျွန်ုပ်သည် ပတ်ဝန်းကျင်လူတို့အဘို့ အစဉ် ဆုတောင်း လိုပါ၏။

# စစ်မှန်သော ဝိညာဉ်ရေးရာ ဆက်နွယ်မှု

အသင်းတော်၏ဝတ်ပြုကိုးကွယ်ခြင်း၌ ပါဝင်ကြသော အသင်းသူအသင်းသားတို့ကို သင်ဘယ်လောက် သိကျွမ်းရင်းနှီးခြင်း ရှိပါသနည်း။ သူတို့၏နာမည်၊ အလုပ်၊ သူတို့ကြိုက်သော အရာနှင့် မကြိုက်သောအရာအချို့ကို သင်သိပါလိမ့်မည်။ သို့ဆိုလျှင်၊ သူတို့၏ဝိညာဉ်ရေးရာ အခြေအနေကို သင်သိပါသလား။ သူတို့၏ဝိညာဉ်အရေးကို သင်ဂရုစိုက်ပါသလား။

ပေါလုသည် ဖိလိပ္ပိခရစ်ယာန်တို့၏ဝိညာဉ်အရေးကို ကောင်းကောင်း သိသဖြင့်၊ သူတို့သည် ကယ်တင်ခြင်းရကြကြောင်း ယုံကြည်ခဲ့၏။ သူတို့ကို “ဖိလိပ္ပိမြို့၌ရှိသော. . . ယေရှုခရစ်၏ သန့်ရှင်းသူအပေါင်းတို့” (ဖိ ၁း၁) ဟုဆိုခဲ့ပါသည်။ ပေါလုသည် သူတို့နှင့်အတူ အမှုတော်ကိုဆောင်ရွက်လျက်၊ ပုံမှန်အဆက်အသွယ်ရှိသောကြောင့် သူတို့၏ဝိညာဉ်ရေး၊ အခက်အခဲနှင့်ဝမ်းမြောက်ခြင်း အကြောင်းကို သိခဲ့ပါသည်။ သူတို့ကို ခေါ်တော်မူ၍ကယ်တင်တော်မူသော၊ သူတို့၌ကောင်းသောအမှုကို စတင်တော်မူခဲ့သောဘုရားသခင်သည် သခင်ယေရှုခရစ်တော်ကြွလာတော်မူသည့်နေ့တိုင်အောင် သူတို့ကို ကွယ်ကာစောင့်ရှောက်တော်မူလိမ့်မည်။

ဤသို့သော စိတ်ချမှုရှိခြင်းသည် မင်္ဂလာတပါးဖြစ်ပါသည်။ ကျွန်တော်တို့သည် လုံးဝသေချာ မသိသော်လည်း (ဘုရားသခင်သာလျှင် လူ့စိတ်ကိုသိတော်မူ၏)၊ သူတပါး၏ဝိညာဉ်အရေးကို သိကျွမ်းသောအခါ၊ သူတို့ ကယ်တင်ခြင်း ရ၊ မရ ကို အတော်အသင့်သိနိုင်ပါသည်။ ထိုကြောင့် ကျွန်တော်တို့သည် အချင်းချင်း သိကျွမ်းရင်းနှီး ဖို့လိုပါသည်။ ကျွန်တော်တို့သည် အချင်းချင်း၏ ဝိညာဉ်အရေးကို ဂရုစိုက်ကြရပါမည်။ သူငယ်ချင်း ဟုဆိုသော်လည်း သူ၏ဝိညာဉ်အရေး၊ ဘုရားသခင်နှင့်ဆက်ဆံရေးကို မသိလျှင် ဝမ်းနည်းစရာကောင်းလှပါသည်။

စစ်မှန်သော ဝိညာဉ်ရေးရာ မိသားဟာယဖွဲ့ခြင်းသည် ဤလောက၌ ကျွန်တော်တို့ လက်တွေ့ခံစားခြင်းငှါ ဘုရားသခင် ပေးတော်မူသော ဆုကျေးဇူးဖြစ်ပါသည်။ ဘုရားသခင်သည် လူတို့ကို အချင်းချင်း ဆက်နွယ်ဆက်ဆံခြင်းငှါ ဖန်ဆင်းခဲ့ပါ၏။ စိတ်ဓါတ်ကျသောအခါ ခွန်အား ပေးရန်၊ လမ်းမှားသောအခါ ဆုံးမရန်၊ ဘုရားသခင်၌အချင်းချင်း နိုးဆော် တိုက်တွန်းရန်ဖြစ်ပါသည်။ ထိုကြောင့် ခရစ်တော်၌တည်သော ယုံကြည်သူ ညီအစ်ကိုတို့သည် အချင်းချင်း နိုးဆော်လျက်၊ အဓိပ္ပါယ်ရှိသော မိသားဟာယဖွဲ့ခြင်းကို တည်ဆောက်ကြရပါမည်။

**ဆင်ခြင်ရန်** - “ယောက်ျားသည် တယောက်တည်း မနေကောင်း” (ကမ္ဘာ ၂း၁၈) ဟူသော ဘုရားသခင်၏မိန့်တော်မူချက်သည် မိတ်ဆွေ၊ သူငယ်ချင်း အတွက် အသုံးပြုနိုင်ပါသလား။

**ဆုတောင်းချက်**- အဖဘုရား၊ ကျွန်ုပ်အသက်တာ၌ အဓိပ္ပါယ်ရှိသော ဝိညာဉ်ရေးရာ ဆက်နွယ်မှု၊ မိတ်ဆွေ သူငယ်ချင်း ပို့ဆောင်တော်မူပါ။

ကြာသပတေး၊ ဧပြီ (၆)
**ဖိ** ၁း၇
တမန် ၁၆း၃၅-၄၀

*"ငါခံရသော ကျေးဇူးတော်ကို သင်တို့အပေါင်းသည် ဆက်ဆံကြသည်ဖြစ်၍"*

# အခက်အခဲနှင့်ဆိုင်သော ကျေးဇူးတော်

အခက်အခဲကို ကျေးဇူးတော်ဟုသတ်မှတ်နိုင်ပါမည်လော။ ပေါလုသည် ဖိလိပ္ပိမြို့၌ အခက်အခဲနှင့်ရင်ဆိုင်ခဲ့ရပါသည်။ တရားဟော၍ ပြောင်းလဲသောသူအချို့ ရှိပြီးနောက်၊ ပေါလုနှင့်သိလတို့သည် ရုံးတော်သို့ ဖမ်းဆီးခေါ် ဆောင်ခြင်းခံရ၍ ရိုက်နှက်ခြင်းခံပြီးမှ ထောင်ထဲ၌ချုပ်နှောင်ခြင်းကိုခံရခဲ့ကြ၏။ သူတို့သည် ဘုရားသခင်၏အမှုတော်ကို သစ္စာရှိစွာဆောင်ရွက်၍ ခရစ်တော်အကြောင်းကို ဟောပြောကြသောကြောင့် ထိုသို့ခံရကြခြင်းဖြစ်ပါသည် (တမန် ၁၆း၁၆-၂၄)။ သူတို့ထောင်ထဲ၌ရှိစဉ် ဘုရားသခင်သည် မြေလျှင်လှုပ်စေတော်မူပြီး၊ ပေါလုသည် ထောင်မှူးထံ သတင်းကောင်း ဟောပြောရသောအခွင့် ရခဲ့ပါသည် (တမန် ၁၆း၂၅-၃၄)။ ထောင်မှလွတ်မြောက်ပြီးနောက် ပေါလုသည် ဖိလိပ္ပိမြို့၌ ညီအစ်ကိုတို့နှင့်အတော်အတန်နေ၍ သခင်ဘုရား၌အချင်းချင်း ခွန်အားပေးကြ၏ (တမန် ၁၆း၄၀)။

ထိုအချိန်မှစ၍ ဖိလိပ္ပိအသင်းတော်သည် ပေါလုကို အမှုတော်မြတ်၌ ကူညီထောက်ပံ့ခဲ့ကြပါသည်။ ပေါလုသည် တစ်မြို့ပြီးတစ်မြို့ သတင်းကောင်းကို ဟောပြောသော အချိန်၌ အခက်အခဲများစွာရင်ဆိုင်ကြုံတွေ့ခဲ့ပါသည်။ ခရစ်တော်၏အမှုတော်ကြောင့် ပေါလုသည် သင်္ဘောပျက်ခြင်း၊ ရိုက်နှက်ခြင်း၊ ချုပ်နှောင်ခြင်း အကြိမ်ကြိမ် ခံရခဲ့ပါသည်။

ထို့ကြောင့်၊ ပေါလုသည် ဖိလိပ္ပိ ခရစ်ယာန်တို့ကို "ငါခံရသောကျေးဇူးတော်ကို သင်တို့အပေါင်းသည် ဆက်ဆံကြသည်" (ဖိ ၁း၇) ဟု အောက်မေ့ခဲ့ပါသည်။ ပေါလုသည် သူခံရသောအခက်အခဲတို့ကို ဘုရားသခင်ထံမှကျေးဇူးတော်ဖြစ်သည်ဟု မှတ်ယူထားပါသည်။ ထိုသို့အခက်အခဲကြုံတွေ့ရစဉ် ဖိလိပ္ပိမြို့ရှိသန့်ရှင်းသူတို့သည် မိမိနှင့်အတူ ရပ်တည်ခဲ့ကြသောကြောင့် ပေါလုသည် အလွန်ဝမ်းမြောက်ခြင်းရှိ၏။ သတင်းကောင်း၌မိသာဟာယဖွဲ့ကြခြင်းကြောင့် (ဖိ ၁း၅)၊ ပေါလုသည် ဘုရား သခင်၏နာမတော်ကို ချီးမွမ်း၍ "သင်တို့ကိုအောက်မေ့၏" (ဖိ ၁း၇) ဟုဆိုခဲ့ပါသည်။ သူတို့၏ဆက်ဆံရေးသည် အလွန်လေးနက်သည်ဖြစ်၍ ဝေးသောအခါ၌ပင် ဝိညာဉ်ရေးရာ၌၎င်း၊ ပစ္စည်းဥစ္စာ၌၎င်း အားပေး ထောက်ပံ့ကြ၏။ ထို့ကြောင့် သူတို့သည် ပေါလု၏အခက်အခဲနှင့်ဆိုင်သော ကျေးဇူးတော်ကို အတူမျှဝေခံစားကြရ၏။

အခက်အခဲရင်ဆိုင်ရသောအခါ၊ ကျွန်ုပ်တို့၏ခေါင်းဆောင်တို့သည် သူတို့နှင့်အတူ သင်တို့ရပ်တည်မည်ဟု ယုံကြည်စိတ်ချခြင်းရှိကြပါမည်လော။ အမှုတော်ကြောင့် သူတို့ရင်ဆိုင် ကြုံတွေ့ရသော အခက်အခဲ၌ ကျွန်တော်တို့ကို သူတို့အောက်မေ့ကြပါမည်လော။ ကျွန်တော်တို့သည် သူတို့ခံစားရသော ကျေးဇူးတော်ကို အတူမျှဝေခံစားရပါမည်လော။ ထိုသို့သော ချစ်ခြင်းမေတ္တာ ရှိသော အသင်းတော်သည် ခက်ခဲ ပျော်ရွှင်သောအချိန်၌ အတူတကွ ရင်ဆိုင်ကျော်ဖြတ်နိုင်ကြပါလိမ့်မည်။

**ဆင်ခြင်ရန်** - ကျွန်တော်ကြုံတွေ့သော အခက်အခဲအပေါင်းတို့သည် ဘုရားသခင်၏ ဆုကျေးဇူးတော် ဖြစ်ပါသလား။

**ဆုတောင်းချက်**- အခက်အခဲ ကျေးဇူးတော် အကြောင်းကို သဘောပေါက်နားလည်ခြင်းငှာ ဉာဏ်အလင်း ပေးသနားတော်မူပါ။

*"ငါသည်သင်တို့အပေါင်းကို . . . အဘယ်မျှလောက်လွမ်းသည်"*

# ဝိညာဉ်ရေးရာ မိသာဟာယဖွဲ့ခြင်းကို တမ်းတလွမ်းဆွတ်ခြင်း

၂၀၂၀ နှင့် ၂၀၂၁ ခုနှစ် ၌ ကိုဗစ် ကပ်ရောဂါကြောင့် ကာလကြာရှည်စွာ အိမ်ပြင်မထွက်ရဘဲ ကျွန်တော်တို့နေခဲ့ကြသောအချိန်တွင် ဤကမ္ဘာတခုလုံး တယောက်နှင့်တယောက် သီးခြားဝေးကွာခဲ့ကြပါသည်။ ဝတ်ပြုကိုးကွယ်ခြင်းကို online ဖြင့်ပြုခဲ့ကြရပြီး၊ မိသာဟာယဖွဲ့ခြင်းကိုလည်း ရပ်နားခဲ့ကြရပါသည်။ ထိုအချိန်၌သင်မည်ကဲ့သို့ခံစားခဲ့ပါသနည်း။

"ပေါင်းစည်းခြင်း ချစ်ခြင်းမေတ္တာကျူး" ချီးမွမ်းခြင်းသီချင်း၏ စတုတ္ထစာကြောင်းတွင်ဤသို့ဆိုထားပါသည် -

*ကျွန်တော်တို့ဝေးကွာသောအခါ၊ နာကျင်ခံစားရပါ၏*
*သို့သော်လည်း ကျွန်တော်တို့သည် စိတ်ချင်းဆက်လျက်ရှိပြီး၊ ပြန်လည်ဆုံတွေ့ကြပါလိမ့်မည်။*

ဤသည်ကား ခရစ်ယာန်မိသာဟာယဖွဲ့ခြင်း၏ခွန်အားပင်ဖြစ်ပါသည်။ ခွဲခွါချိန်၌နာကျင်ခံစားရသော်လည်း မကြာမီ ပြန်၍ပေါင်းစည်းရမည်ဟု မျှော်လင့်ခြင်းရှိပါ၏။ ထိုသို့သော မျှော်လင့်တောင့်တခြင်းသင်ခံစားရပါသလား။

ဖိလိပ္ပိလူတို့ထံ စာရေးသောအချိန်၌ပေါလုသည်ထိုသို့သောစိတ်ခံစားမှုရှိခဲ့ပါသည်။ "ငါသည်သင်တို့အပေါင်းကို ယေရှုခရစ်တော်၏မေတ္တာဂရုဏာနှင့်အဘယ်မျှလောက်လွမ်းသည်" (ဖိ ၁း၈) ဟုဆိုခဲ့ပါသည်။

ပေါလုသည်ထောင်ထဲ၌ရှိနေစဉ် သူတို့နှင့်မိသာဟာယဖွဲ့ခြင်းကို အလွန်တောင့်တလွမ်းဆွတ်ခဲ့ပါသည်။ သူလွမ်းဆွတ်သော မိသာဟာယဖွဲ့ခြင်းသည် လူမှုရေးအရ စုရုံးခြင်း၊ စကားစမြည်ပြောခြင်းသက်သက် မဟုတ်ဘဲ၊ အရင်ကပြုခဲ့ကြသည်အတိုင်း ဝိညာဉ်ရေးရာ မိသာဟာယဖွဲ့ခြင်းနှင့်အချင်းချင်းခွန်အားပေးခြင်းပင်ဖြစ်ပါသည်။

"ယေရှုခရစ်၏မေတ္တာဂရုဏာ" ဖြင့်သူတို့အား လွမ်းဆွတ်ခြင်းဖြစ်ကြောင်း ပေါလုရေးသားခဲ့ပါသည် (ဖိ ၁း၈)။ ကျမ်းစာထဲ၌ ဂရုဏာ ဟူသော စကားလုံးကို ကျွန်ုပ်တို့၏ခံစားမှု အရင်းအမြစ်ဖြစ်သော စိတ်နှလုံးကိုရည်ညွှန်း၍ အသုံးပြုလေ့ရှိပါသည်။ ထို့ကြောင့် ပေါလု၏လွမ်းဆွတ်သတိရခြင်းသည် ကျွန်တော်တို့အပေါ် ခရစ်တော်ထားရှိသော ဂရုဏာတော်ကဲ့သို့သော စစ်မှန်သည့် ဝိညာဉ်ရေးရာသတိရခြင်းပင်ဖြစ်ပါသည်။ ခရစ်တော်သည် အသင်းတော်ကိုချစ်သကဲ့သို့ ပေါလုသည် သူတို့ကိုချစ်ပါ၏။

ထိုသို့သော မိသာဟာယဖွဲ့ခြင်းမျိုး သင်ခံစားဖူးပါသလား။ ကျွန်တော်တို့သည် ခရစ်တော်ကိုချဉ်းကပ်၍ ခရစ်တော်ချစ်ခြင်းမေတ္တာ၌ကြီးထွားခြင်းရှိသောအခါ ယုံကြည်သူများနှင့်လည်းအလိုလိုရင်းနှီးကျွမ်းဝင်ခြင်းရှိလာမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ယုံကြည်သူနှင့်ပေါင်းဘော်ခြင်း (သို့) မယုံကြည်သောသူနှင့် ပေါင်းဘော်ခြင်း၊ အဘယ်ပေါင်းဘော်ခြင်းကို ကျွန်တော် ပိုနှစ်သက်ပါသနည်း။

**ဆုတောင်းချက်**- အဖဘုရား၊ ယုံကြည်သူများ အပေါ် ထားရှိသော ကျွန်ုပ်၏ချစ်ခြင်းမေတ္တာကို တိုးပွားစေတော်မူပါ။

# တိုးပွါးခြင်းရှိသော ချစ်ခြင်းမေတ္တာ

ဖိလိပ္ပိအသင်းတော်သည်ချစ်ခြင်းမေတ္တာနှင့်ပြည့်ဝသောအသင်းတော်ဖြစ်ပါသည်။ ဤအသင်းတော်နှင့်ပေါလုအကြား၌ရှိသောချစ်ခြင်းမေတ္တာအကြောင်းကိုဤစာစောင်အစနှင့်အဆုံး၌ရှင်းလင်းစွာတွေ့ရပါသည်။ သို့သော်လည်း ပေါလုကဤစာစောင်ကိုရေး၍သူတို့ကို ခွန်အားပေးသော အခါ သူတို့၏ချစ်ခြင်းမေတ္တာတိုးပွါးခြင်းရှိရန် ပေါလုဆုတောင်းပေးခဲ့ပါသည်။

"တိုးပွါး" (ဖိ ၁း၉) ဆိုသည်မှာ များပြားခြင်း၊ ပိုလျှံခြင်းကိုဆိုလို၏။ ပေါလုဆုတောင်းပေးချက်သည် ထိုမေတ္တာတော်၌သူတို့သည်အရေအတွက်နှင့်အရည်အချင်း၌ ကြီးထွားခြင်းရှိရန်ဖြစ်ပါသည်။ ဤအချက်ကို "ပြည့်စုံမည်အကြောင်း" (ဖိ ၁း၉) ဟူသော စကားစုက ပို၍လေးနက်စေခဲ့ပါသည်။ ပေါလု၏ဆန္ဒသည် သူတို့၏ချစ်ခြင်းတိုးပွါးခြင်းရှိ၍ ပိုပြီးပြည့်စုံခြင်းရှိစေရန်ဖြစ်ပါသည်။

ဤအကြောင်းကို သင်ဖတ်၍အံ့သြခြင်းရှိနိုင်ပါသည်။ အဘယ့်ကြောင့် ဤသို့ပေါလုဆုတောင်းရသနည်း။ ဖိလိပ္ပိအသင်းတော်သည် ချစ်ခြင်းမေတ္တာနှင့်ပြည့်ဝသော အသင်းတော်ဖြစ်သည် မဟုတ်သလော။ သစ္စာရှိသောအသင်းတော်ဖြစ်သောကြောင့် သူတို့သည် ဘုရားသခင်ကို အမှန်ချစ်ခဲ့ကြပါသည်။ သူတို့သည်ချစ်ခြင်းမေတ္တာအားဖြင့် ပေါလုကို ပြုစုစောင့်ရှောက်၍ ထောက်ပံ့ခဲ့ကြသည် မဟုတ်လော။ သို့ဆိုလျှင် အဘယ့်ကြောင့် ပေါလုက သူတို့၏ချစ်ခြင်းမေတ္တာ တိုးပွါးဖို့ရန် ဆုတောင်းပေးရပါသနည်း။

ထိုသို့ပေါလုဆုတောင်းရခြင်းမှာ သူတို့သည် ချစ်ခြင်းမေတ္တာ မရှိသောကြောင့် မဟုတ်ရပါ။ သူတို့၌ရှိသော ထိုချစ်ခြင်း ပို၍ကြီးထွားခြင်းရှိရန်ဖြစ်ပါသည်။ ယုံကြည်သူတိုင်းကျွန်ုပ်တို့၏ ချစ်ခြင်းတိုးပွါးခြင်းရှိရပါမည်။ ထိုသို့သောချစ်ခြင်းမေတ္တာတိုးပွါးခြင်းဆိုသည်မှာ ဘုရားသခင်နှင့်နှုတ်ကပတ်တရားတော်၌ ပို၍စိတ်အားထက်သန်လာခြင်း၊ ဘုရားသခင်၏ဘုန်းတော်ထင်ရှားဖို့ရန် အမှုတော်မြတ်၌ ပို၍ကြိုးစားအားထုတ်ခြင်း ကိုဆိုလိုပါသည်။ ချစ်ခြင်းမေတ္တာသည် ဘုရားသခင်နှင့်ကျွန်ုပ်တို့၏ မိသာဟာယဖွဲ့ခြင်း၌ အဓိကကျသော အရာဖြစ်ပါသည်။

ရိုးသားမှန်ကန်သောသူတိုင်းက မိမိသည် ချစ်ခြင်းမေတ္တာ၌ ကြီးထွားဖို့ရန် မလိုတော့ပါဟု ဘယ်တော့မှ ဆိုမည် မဟုတ်ပါ။ ကျွန်ုပ်တို့၏ချစ်ခြင်းမေတ္တာသည်လည်း ပို၍ပို၍ တိုးပွါးကြီးထွားခြင်း ရှိမည်အကြောင်း ဆုတောင်းကြပါစို့။

**ဆင်ခြင်ရန်** - ချစ်ခြင်းမေတ္တာ၌ မည်သို့ ကျွန်တော် ကြီးထွားနိုင်ပါမည်နည်း။
**ဆုတောင်းချက်**- "အို ခရစ်တော်၊ ကိုယ်တော်ကို ပို၍ပို၍ချစ်မည်အကြောင်း ကျွန်တော် အထူး တောင်းလျှောက်လိုပါ၏။

*"သင်တို့သည် ခြားနားသောအရာတို့ကို ပိုင်းခြား စေခြင်းငှါ ဉာဏ်ပညာအမျိုးမျိုးရှိလျက်"*

# ချစ်ခြင်းမေတ္တာနှင့် သမ္မာတရား

ပေါလုသည် ဖိလပ္ပိလူတို့၏ချစ်ခြင်းမေတ္တာတိုးပွါးဖို့ရန် ဆုတောင်းသောအခါ၊ "ခြားနား သောအရာတို့ကိုပိုင်းခြားစေခြင်းငှါ ဉာဏ်ပညာအမျိုးမျိုးရှိလျက်" (ဖိ ၁း၉) တိုးပွါးခြင်းငှါ ဆုတောင်း ခဲ့၏။

မှန်ပါ၏၊ ချစ်ခြင်းမေတ္တာ၌ကြီးထွားခြင်းသည်အရေးကြီးလှပါသည်။ သို့သော်လည်း ကျွန်ုပ်တို့၏ ချစ်ခြင်းအကြောင်း နားလည်မှုသည် မှားယွင်းခြင်းရှိပါ၏။ ကျွန်ုပ်တို့၏ချစ်ခြင်းမေတ္တာ သည် ဘုရားသခင်၏နှုတ်ကပတ်တရားပေါ်၌ မတည်ဘဲ၊ လူ့အတွေ့အကြုံ၌တည်လျှင် ကြီးမားသော ဆိုးကျိုးဖြစ်တတ်ပါသည်။

ထို့ကြောင့် ပေါလုသည် "ခြားနား သောအရာတို့ကိုပိုင်းခြားစေခြင်းငှါ ဉာဏ်ပညာအမျိုးမျိုး ရှိလျက်" သူတို့၏မေတ္တာပါရမီ တိုးပွါးမည်အကြောင်း ဆုတောင်းခဲ့ပါသည်။ ချစ်ခြင်းမေတ္တာသည် တိုးပွါးရပါမည်၊ သို့သော်လည်း ဘုရားသခင်နှင့်နှုတ်ကပတ်တရားတော် သိကျွမ်းခြင်း၌ အခြေခံ၍ တိုးပွါးရပါမည်။ ဤသိကျွမ်းခြင်းသည် သမ္မာတရားအကြောင်း ဦးနှောက်ဖြင့်သိခြင်းသက်သက် မဟုတ်ပါ။ ဘုရားသခင် ဖော်ပြတော်မူသော အရာအားလုံးကို အသက်တာ၌အမှန် သိနားလည်ခြင်း ပင်ဖြစ်ပါသည်။ သမ္မာမရားနှင့်ယုံကြည်ချက်တို့သည် ချစ်ခြင်းနှင့်စိတ်အားထက်သန်ခြင်း ကဲ့သို့ အရေးကြီးလှပါသည်။

သိနားလည်ခြင်း မရှိလျှင် မှန်ကန်စွာ ကျွန်တော်တို့ မချစ်နိုင်ပါ။ ထိုနည်းတူ၊ ချစ်ခြင်း မပါလျှင် သိနားလည်ခြင်း သည်လည်း အကျိုး မရှိပါ။ A. W. Pink က ဤသို့ရေးခဲ့ပါသည် - "နွေးထွေးသော အချစ်ကို သိနားလည်ခြင်းက အဖော်ပြု၍ လမ်းပြရပါမည်။ သို့မှသာ၊ ဝိညာဉ်ရေးရာ အသိဉာဏ်ရှိ၍ အဆိုးအကောင်းကို ခွဲခြားတတ်မည်၊ ချစ်မည့်အရာ နှင့် မုန်းမည့်အရာကို သိလိမ့် မည်၊ ဘာကိုရှာ၍ ဘာကိုရှောင်မည် ကိုသိကြမည်ဖြစ်ပါသည်"။ ထို့ကြောင့် အမှားအမှန်ကိုခွဲခြား သိနားလည်ခြင်းငှါ၊ ဘုရားသခင်ထံမှ အသိဉာဏ်ရှိခြင်းငှါ၊ ချစ်ခြင်းမေတ္တာနှင့်သမ္မာတရားကို ညီမျှ စွာကျွန်တော်တို့၌ ရှိရပါမည်။

ကျွန်ုပ်တို့၏ချစ်ခြင်းမေတ္တာသည် အသိဉာဏ်၌တည်၍ အဆိုးအကောင်းခွဲခြားခြင်းဖြင့် လက်တွေ့အသုံးပြုရပါမည်။ လမ်းမှားသော ချစ်ခြင်း မဟုတ်ရပါ၊ လက်တွေ့အသုံးမဝင်သော ဝါကြွား စရာသက်သက် အသိဉာဏ် မဟုတ်ရပါ။ ထို့ကြောင့် ပေါလုဆုတောင်းသည်နည်းတူ၊ ကျွန်တော်တို့ သည်လည်း စစ်မှန်သော ချစ်ခြင်းနှင့်အသိဉာဏ်ရှိခြင်းငှါ ဆုတောင်းကြရပါမည်။

**ဆင်ခြင်ရန်** - "ချစ်ခြင်းမေတ္တာသည် စည်းလုံးခြင်းကိုဖြစ်စေပြီး၊ ယုံကြည်ခြင်းတရားသည် သင်းကွဲခြင်းကိုဖြစ်စေ၏" ဟူသော မှတ်ချက်သည် မှားပါသလား။

**ဆုတောင်းချက်**- "ငါသည် အဘယ်သို့ဆုတောင်းသနည်းဟူမူကား၊ သင်တို့ (ငါ) သည် ခြားနား သောအရာတို့ကို ပိုင်းခြားစေခြင်းငှါ ဉာဏ်ပညာအမျိုးမျိုးရှိ" (ဖိ ၁း၉) ရန် ဖြစ်ပါသည်။

**ဖိ ၁း၉-၁၁**
၁ သက် ၅း၁၆-၂၄

*"သင်တို့သည် ခြားနားသောအရာတို့ကို ပိုင်းခြားစေခြင်းငှါ"*

# ပိုင်းခြားခြင်းနှင့်တည်ကြည်ခြင်း

သမ္မာတရားနှင့်ချစ်ခြင်းမေတ္တာအကြောင်း မှန်ကန်စွာနားလည်ဖို့ရန် ကျွန်တော်တို့ဆုတောင်းရမည်မှာ အလွန်အရေးကြီးလှပါသည်။ ထိုအရာသည် အဘယ့်ကြောင့် ခရစ်ယာန်အသက်တာ၌ အရေးကြီးရပါသနည်း။ ဖိ ၁း၉-၁၀ ထဲတွင်၊ ပေါလုက ကျွန်ုပ်တို့၏ချစ်ခြင်းသည် ပိုင်းခြားတတ်သော အသိဉာဏ်၌ တိုးပွါးခြင်းရှိလျှင် မည်သို့အကျိုးရှိသည်ကိုဖော်ပြခဲ့ပါသည်။

ပထမအချက်ကား၊ ကျွန်တော်တို့သည် "ခြားနားသောအရာတို့ကို ပိုင်းခြား" (ဖိ ၁း၉) နိုင်မည်ဖြစ်ပါသည်။ "ပိုင်ခြား" ဆိုသည်မှာ အမှားနှင့်အမှန်ကို ခွဲခြားခြင်း (သို့) ခြားနားသောအရာ၊ ကောင်းမွန်သောအရာကိုသိနားလည်ခြင်းဖြစ်ပါသည်။ ထိုပိုင်းခြားခြင်းအမှုသည် ခရစ်ယာန်ဖြစ်သော ကျွန်တော်တို့ နေ့စဉ်ပြုရမည့်အမှု၊ စိတ်အားထက်သန်စွာ ပြုရမည့်အမှုဖြစ်၏။ "ခပ်သိမ်းသောအရာကိုစုံစမ်း၍၊ ကောင်းသောအရာကို အမြဲစွဲကိုင်ကြလော့။ မကောင်းသောအမှုအမျိုးမျိုးရှိသမျှကို ရှောင်ကြလော့" (၁ သက် ၅း၂၁-၂၂)။ ကျွန်တော်တို့သည် ရွေးချယ်စရာများစွာ နေ့စဉ်ကြုံတွေ့ရတတ်၏။ ကျွန်တော်တို့ မည်သို့ပိုင်းခြား ရွေးချယ်ပါသနည်း။ ဘုရားသခင်၏အလိုတော်ကို မည်သို့သိနိုင်မည်နည်း။ ကျွန်တော်တို့သည် ချစ်ခြင်းမေတ္တာနှင့်သမ္မာတရားကို ကောင်းကောင်းနားလည်အသုံးချရပါမည်။

ဒုတိယအချက်မှာ၊ "ခရစ်တော်၏နေ့ရက်တိုင်အောင်" (ဖိ ၁း၁၁) တည်ကြည်ခြင်းရှိမည်ဖြစ်ပါသည်။ ကျွန်တော်တို့ ကြိုးစားအားထုတ်မှုတိုင်း၌၊ ချစ်ခြင်းမေတ္တာကြောင့် စိတ်ကြည်ဖြူ ရိုးသားခြင်းရှိသည်သာမက၊ ပိုင်းခြားတတ်သော အသိဉာဏ်ကြောင့် "တိမ်းလဲခြင်းအမှုနှင့်ကင်းလွတ်လျက်ရှိမည်" ဖြစ်ပါသည်။ ဝိညာဉ်အသက်တာ၌အစဉ်တည်ကြည်ခြင်းရှိမည်အကြောင်း ဤအချက်ကို ကျွန်တော်တို့လိုအပ်ပါ၏။ ထိုအခါ အပြစ်သွေးဆောင်ခြင်း၌ကျွန်တော်တို့ မလဲကျဘဲ၊ ခရစ်တော်၏နေ့ရက်တိုင်အောင် ယုံကြည်ခြင်း၌ မြဲမြံစွာ ရပ်တည်နိုင်မည်ဖြစ်ပါသည်။ ပေါလုကဲ့သို့ ကျွန်တော်တို့သည်လည်း ဤသို့ဆုတောင်းကြရပါမည် - "ငြိမ်သက်ခြင်း၏အရှင်ဘုရားသခင် ကိုယ်တော်တိုင်လည်း၊ သင်တို့ကို အကုန်အစင် သန့်ရှင်းစေတော်မူပါစေသော။ ငါတို့သခင်ယေရှုခရစ်ကြွလာတော်မူသောအခါ၊ သင်တို့၏ ကိုယ်ခန္ဓာ၊ စိတ်၊ ဝိညာဉ်အပေါင်းကို အပြစ်တင်ခွင့်နှင့်ကင်းလွတ်စေခြင်းငှါ စောင့်မတော်မူပါစေသော" (၁ သက် ၅း၂၃)။

ယုံကြည်သူအပေါင်းတို့သည် ဘုရားသခင်ရှေ့၌ ထိုကောင်းမြတ်သောအရာကိုသာရှာခြင်းငှါ ထိုပိုင်းခြားတတ်သော အသိဉာဏ်ရှိလျက်၊ သခင်ကြွလာတော်မူသည့်နေ့တိုင်အောင် အပြစ်တင်ခွင့်နှင့်ကင်းလွတ်သောအသက်တာ ပိုင်ဆိုင်ကြလျှင် ဘယ်လောက် မင်္ဂလာရှိလိမ့်မည်နည်း။

**ဆင်ခြင်ရန်** - ပိုင်းခြားတတ်သောဉာဏ် မရှိဘဲ ကျွန်တော် တည်ကြည်ခြင်း ရှိနိုင်ပါမည်လော။

**ဆုတောင်းချက်**- အဖဘုရား၊ ကိုယ်တော်နှစ်သက်သော၊ ထူးခြားကောင်းမွန်သောအရာ ကိုသာ ကျွန်တော် ရှာဖွေမည်အကြောင်း ကျွန်ုပ်စိတ်နှလုံးကို သန့်ရှင်းစေလျက် ဉာဏ်ပညာ ပေးသနားတော်မူပါ။

*"ဖြောင့်မတ်ခြင်းအကျင့်နှင့် သင်တို့သည် ပြည့်စုံ၍"*

# ဘုန်းအသရေတော်ကို ထင်ရှားစေတတ်သော ဖြောင့်မတ်ခြင်း

လယ်သမားသည်အပင်ကိုစိုက်သောအခါ၊ အသီးများစွာရိတ်သိမ်းဖို့ရန် မြော်လင့်ခြင်းဖြင့် စိုက်ပျိုး၏။ မြစ်နား၌စိုက်သောအပင်ကဲ့သို့ (ဆာ ၁)၊ ဘုရားသခင်၌တည်သော စပျစ်ခက်ကဲ့သို့ (ယော ၁၅း၁-၈)၊ ကောင်းသောမြေကဲ့သို့ (မသဲ ၁၃း၁-၉)၊ ဘုရားသခင်အတွက် ဖြောင့်မတ်ခြင်း အသီးများ သီးဖို့ရန် ကျမ်းစာက ဘုရား၏သားသမီးဖြစ်သော ကျွန်ုပ်တို့ကို အစဉ် တိုက်တွန်းလျက်ရှိပါသည်။

ဖိ ၁း၁၁ ထဲတွင်၊ ပေါလုက ကျွန်တော်တို့သည် "ဖြောင့်မတ်ခြင်းအကျင့်နှင့်ပြည့်စုံ" မည် အကြောင်း ဆုတောင်းခဲ့ပါသည်။ ခရစ်တော်အားဖြင့် ကယ်တင်ခြင်းခံရသော ယုံကြည်သူ၏အသက် တာ၌ပြောင်းလဲထူးခြားသော အကျင့်ရှိရပါမည်။ သူသည် အပြစ်ကို ထားရစ်ခဲ့ပြီး၊ ဖြောင့်မတ်ခြင်း တရား ကိုလိုက်၍ ကြိုးစားကျင့်ကြံရပါမည်။

နေ့စဉ် မှန်ကန်သော အရာကို ရွေးချယ်၍ ခရစ်တော် ကြွလာတော်မူသည်တိုင်အောင် ကျွန်တော်တို့သည် တည်ကြည်ခြင်းရှိလျှင် ဖြောင့်မတ်ခြင်းအကျင့်၊ အသီး နှင့် ပြည့်စုံကြလိမ့်မည်။ ဘုရားသခင်အတွက် ကျွန်တော်တို့ အသီး သီးနိုင်ကြပါလိမ့်မည်။ ထိုအသက်တာသည် ကယ်တင်ရှင်၏ဘုန်းတော်ကို ထင်ရှားစေသော၊ ကြွယ်ဝ စုံလင်သော အသက်တာဖြစ်ပါလိမ့်မည်။

ကျွန်ုပ်တို့ဖြောင့်မတ်ခြင်းအကျင့်၏ရည်ရွယ်ချက်မှာ - ဘုရားသခင်၏ဘုန်းတော်ထင်ရှား စေခြင်းပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့အသက်တာသည် သတင်းကောင်းကို သက်သေခံလျက်ရှိလျှင် ဘုရားသခင်၏ဘုန်းတော်ထင်ရှားစေပါလိမ့်မည်။ ဤဖြောင့်မတ်ခြင်းအကျင့်က အပြစ်သားကို သန့်ရှင်းသောသူ အဖြစ်သို့ပြုပြင်ပြောင်းလဲစေတော်မူသော ခရစ်တော်၏ ကြီးမြတ်တော်မူသော ကျေးဇူးကရုဏာတော်ကို ဖော်ပြ၍ ခရစ်ယာန်သန့်ရှင်းခြင်းအသက်တာ ၌ရောက်လှမ်းလျက်ရှိ ကြောင်း သက်သေဖြစ်ပါသည်။ မထိုက်တန်သော ကျွန်တော်တို့ကို မိမိထံခေါ်၍ အသီး သီးစေတော် မူသော ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်ကိုလည်း ချီးမြှောက်ရာရောက်၏။ ထိုသို့ ဖြောင့်မတ်သော အကျင့်ကို ကျွန်တော်တို့ကျင့်သောအခါ၊ ဘုရားသခင်သည် ဝမ်းမြောက်ခြင်းရှိ၍ ကျွန်တော်တို့သည် ဘုရားသခင်အတွက် အကျိုးရှိသော သက်သေဖြစ်ကြရ၏။ ကျွန်ုပ်တို့အသက်တာသည် အသက်ရှင် ခြင်းလက္ခဏာ၊ သန့်ရှင်းခြင်းလက္ခဏာ၊ ဘုရားသခင်နှစ်သက်တော်မူသောလက္ခဏာနှင့်ပြည့်စုံသော ယဇ်ကောင် ကဲ့သို့၊ ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေလျက်၊ လူဖြစ်ရခြင်း၏ အဓိကရည်ရွယ် ချက်ကို စုံလင်စေပါသည်။

ဤအသက်တာသည် ဘုရားသခင်အတွက် ကျွန်တော်တို့ပိုင်ဆိုင်လိုသော အသက်တာပင် ဖြစ်ပါသည်။ ပိုင်းခြားတတ်သော အသိဉာဏ်၌ ကျွန်ုပ်တို့၏ချစ်ခြင်းမေတ္တာ တိုးပွါးခြင်းရှိရန် ဘုရားသခင်ထံ ဆုတောင်းလျက် ကြိုးစားအားထုတ်လျှင် ထိုအသက်တာကို ပိုင်ဆိုင်နိုင်မည်ဖြစ်ပါ သည်။ သင်ဆုတောင်းနေပါသလား။

**ဆင်ခြင်ရန်** - ဥယျာဉ်မှူးသည် အသီးမသီးသော အပင်ကို မည်သို့ပြုမည်နည်း။
**ဆုတောင်းချက်**- အဖဘုရား၊ အကျွန်ုပ်အား ကိုယ်တော်အဘို့ အသီးများစွာသီးမည်အကြောင်း ပြုတော်မူပါ။

ဗုဒ္ဓဟူး၊ ဧပြီ (၁၂)
**ဖိ ၁း၁၂**
၂ တိ ၂း၈-၁၀

*“ဘုရားသခင်၏နှုတ်ကပတ်တရားတော်သည်
ချည်နှောင်ခြင်းနှင့်ကင်းလွတ်၏”*

# ဧဝံဂေလိတရား ပြုစုရာ

လွန်ခဲ့သောနှစ်များစွာ၌ စင်ကာပူမြို့တွင် ထူးကဲအရသာရှိသော ခေါက်ဆွဲများ ရောင်းချသည့် ဆိုင်တဆိုင် မထင်မှတ်ဘဲ ကျွန်တော်တွေ့ခဲ့ပါသည်။ တလုတ်သာ ကျွန်တော်စားရသေး၏ - “အို၊ နာမည်တောင်မေ့လောက်ပါလား” ဟုဆိုလျက်၊ ထိုအလွန်ကောင်းသော အရသာကို ကျွန်တော် စွဲမိခဲ့ပါသည်။ အလွန်နှစ်သက်သောကြောင့် ထိုဆိုင်၏ဖောက်သည် ဖြစ်လာခဲ့ပြီး၊ သူငယ်ချင်းများထံ မိတ်ဆက်၍ တခါတရံ ထိုအလွန်ကောင်းသော ခေါက်ဆွဲအရသာကို မြည်းစမ်းကြဖို့ရန် သူတို့ကို ခေါ်သွားတတ်ပါသည်။ ဤခေါက်ဆွဲ တစ်ပန်းကန်အတွက် ထိုသို့ပြုခြင်းသည် နဲနဲလွန်ရာရောက်နိုင်ပါသည်။ သို့သော်လည်း၊ ဤသည်ကား လူ၏သဘောသဘာဝ တစ်ခုဖြစ်ပါသည်။ သင်ကြုံတွေ့ခံစားရသော ဝမ်းမြောက်ခြင်းမျိုး သူတပါးသည်လည်း ခံစားရဖို့ရန် သင်ကြိုးစားတတ်သည်မဟုတ်လော။

ပေါလု၏ဝမ်းမြောက်ခြင်းသည် သတင်းကောင်းတရား၌တည်၏။ သူသည် ဒမာသက်မြို့သွားရာလမ်းတွင်၊ ခရစ်တော်သိကျွမ်းခြင်းဟူသော အသက်တာပြောင်းလဲခြင်းတရားကို ကြုံတွေ့ခံစားခဲ့ပါသည်။ ထို့နောက် သူ့ဘဝတခုလုံး၏တခုတည်းသော ရည်ရွယ်ချက်သည် သတင်းကောင်း ပျံ့နှံ့ခြင်းပင်ဖြစ်ပါသည်။ ထို့ကြောင့် သတင်းကောင်း ဟောပြောခြင်းနှင့် လူတို့ကယ်တင်ခံရခြင်းအမှု၌သူသည် အစဉ်ဝမ်းမြောက်ခြင်းရှိ၏။ ထို့ကြောင့် ပေါလုသည် (ဖိ ၁း၁၂-၁၈ ထဲ၌) ဖိလိပ္ပိမြို့ရှိ ခရစ်ယာန်တို့အား မိမိသည် ထောင်ထဲ၌ယခုရှိနေသော်လည်း စိုးရိမ်ခြင်း မရှိကြရန် ရေးသားခဲ့ပါသည်။ အကြောင်းမှာ၊ အဖြစ်အပျက်တိုင်း၌သူသည် ဘုရားသခင်၏လက်တော်ကို မြင်လျက်၊ ဤအမှုသည် “ဧဝံဂေလိတရားကို မမြစ်တားသည် သာမက၊ ပြုစုရာဖြစ်သည်” (ဖိ ၁း၁၂) ဟုဆိုခဲ့ပါသည်။

ပေါလုသည် ယေရှုအတွက် အသက်ရှင်သောကြောင့်၊ လောကီလူတို့က မကောင်းသောအရာဟု သိမှတ်သောအရာကိုပင် ခရစ်တော်အတွက် အကျိုးရှိသော အခွင့်အရေး အဖြစ် အသုံးချတတ်သောကြောင့်၊ မိမိကြုံတွေ့သော အမှု၌ ဝမ်းမြောက်ခြင်းရှိ၏။ ရောမ စစ်သားများ၏ နှစ်ဆယ့်လေး နာရီ ချည်နှောင်စောင့်ကြည့်ခြင်းကိုခံရသော်လည်း၊ သတင်းကောင်း ဟောပြောရသော အခွင့်ကို သူရရှိခဲ့ပါသည်။ ထို့ကြောင့်၊ နန်းတော်တခုလုံး ခရစ်တော်အကြောင်းကို ကြားသိရကြပြီး၊ ကဲသာ ဘုရင်၏မိသားစုဝင်များပင် ပြောင်းလဲခဲ့ကြပါသည် (ဖိ ၄း၂၂)။ များစွာသောသူတို့သည် ပေါလု၏အ ကြောင်း၊ သက်သေခံချက်နှင့်သခင်ဘုရားအတွက ကြိုးစား အားထုတ်မှုများကို ကြားသိခဲ့ပါသည်။ ဤသို့ ပေါလု ထောင်ချခံရခြင်းသည် ပြစ်မှုကျူးလွန်၍ မဟုတ်ဘဲ၊ သခင်ဘုရားအတွက် တရားဟော သက်သေခံသောကြောင့်ဖြစ်သည်ကို သိခဲ့ရကြ၏။

သတင်းကောင်း ပျံ့နှံ့ပြုစုခြင်းငှါ အသက်ရှင်ခဲ့သော လူတစ်ဦး၏အံ့ဖွယ် အသက်တာပင် ဖြစ်ပါသည်။ ထိုသို့သော ကြိုးစားအားထုတ်မှု၊ စိတ်အားထက်သန်မှု ကျွန်တော်တို့၌ရှိပါသလား။

**ဆင်ခြင်ရန်** - ဧဝံဂေလိတရားထက် “အသက်တာကို ပြောင်းလဲစေသော” အရာ ရှိပါသလား။
**ဆုတောင်းချက်**- အကျွန်ုပ်၏စိတ်အားထက်သန်မှုသည် သတင်းကောင်းဝေငှခြင်းဖြစ်ပါစေသော။

*"ခရစ်တော်၏တရားကို ဟောပြောခြင်းရှိ၏။
ထိုအကြောင်း ကြောင့် ငါသည် ယခု
ဝမ်းမြောက်ခြင်း ရှိ၏"*

# ခရစ်တော်၏တရား ဟောပြောကြခြင်း၌ ဝမ်းမြောက်လော့

ပေါလု ထောင်ကျခြင်း၏အကျိုးတခုမှာကား၊ များစွာသောလူတို့သည် သတင်းကောင်း ဟောပြောခြင်း၌ ပို၍ သတ္တိရှိလာကြ၏။ ခရစ်တော်၏တရားတော်ကြောင့် ပေါလုထောင်ချခံရ ကြောင်း ကြားသိကြသောအခါ၊ ခရစ်တော်အတွက် အဖမ်းခံခြင်း နှင့် လိုအပ်လျှင် အသေခံခြင်းပင် မကြောက်ကြတော့ဘဲ စိတ်အားထက်သန်ခြင်းရှိလာကြပါသည်။ အရင်ကသူတို့၏ စိုးရိမ်ကြောက်ရွံ့ မှုသည် လွန်၍ ယခုအခါ ယေရှုအတွက် မိမိတို့၏အသက်ကိုပင် စတေးဝံ့ခဲ့ကြ၏။ ပေါလုစတင်ခဲ့ သော သတင်းကောင်းဟောပြောခြင်းအမှုကို ရဲရင့်စွာ ဆက်လက်လုပ်ဆောင်ကြပါသည်။ ထို့ကြောင့် ပေါလု၏အသက်တာက အသင်းတော်ပြင်ပလူများသာမက အတွင်းလူများအတွက်ပင် ခွန်အားဖြစ် စေခဲ့ပါသည်။

ဝမ်းနည်းစရာကောင်းသည်မှာ၊ အခြားသူတို့သည် ပေါလု ထောင်ချခံရခြင်းကို အခွင့်အရေး ယူခဲ့ကြပါသည်။ ဤရန်သူတို့ကို အသင်းတော်ထဲ၌တွေ့ရ၏။ သူတို့သည် ဘုရားသခင်ကိုချစ်သော ကြောင့် မဟုတ်ဘဲ၊ မနာလို ဝန်တိုခြင်းဖြင့် တရားဟောသော သင်းအုပ်ဆရာများနှင့်တရားဟော ဆရာများဖြစ်ကြပါသည်။ သူတို့သည် ပေါလု၏ကျော်ကြားမှုနှင့်အောင်မြင်မှုကို မနာလိုသောသူ၊ သူထောင်ကျနေစဉ်အချိန်၌ သူ၏သိုးစုကို ခိုးယူရန် ကြိုးစားသောသူများ ဖြစ်နိုင်ပါသည်။ ပေါလုသည် ဤအကြောင်းကို သိသော်လည်း၊ မြည်တမ်းခြင်းကို မပြုဘဲ၊ ထိုအရာမှ ကောင်းသောအရာပေါ် ထွက် လာသည်ကို သိမြင်ခဲ့ပါသည်။

ဤအဖြစ်အပျက်အားလုံး၌ ပေါလုသည် ဝမ်းမြောက်ခြင်းရှိကြောင်း၊ ဆက်လက်၍ ဝမ်းမြောက်ခြင်းရှိမည်ဟု ဆိုနိုင်ခဲ့ပါသည်။ သူအဓိကထားသောအချက်မှုကား၊ ခရစ်တော်၏ နာမတော် ဟောပြောခံရခြင်းပေတည်း။ ထိုအမှု၌သူသည် ကျေနပ်ခြင်းရှိ၏။ သူ ထောင်ထဲ၌ရှိ မရှိ၊ သူ့နာမည် ပျက် မပျက်ကို ပေါလု ဂရုမစိုက်ပါ။ ခရစ်တော် အကြောင်း ဟောပြောခြင်းရှိလျှင် သူသည် ဝမ်းမြောက်ခြင်းရှိ၏။

သို့သော်လည်း၊ ပေါလုသည် ငြူစူ ရန်တွေ့ချင်သောစိတ်နှင့်တရားဟောသော ထိုသူတို့၏ အပြုအမူကို လက်ခံသဘောတူခြင်းရှိသည်ဟု မဆိုလိုပါ။ အမှန်မှာ၊ သူတို့၏အပြုအမူကို ပေါလု ရှုတ်ချခဲ့ပါသည်။ မိမိကို ဆန့်ကျင်သောစိတ်အားဖြင့် ဟောကြသည့်တိုင်၊ စစ်မှန်သော သတင်းကောင်း ဟောပြောခြင်းခံရလျှင်၊ ပေါလုသည် ဝမ်းမနည်းဘဲ ဝမ်းမြောက်ခြင်းရှိသည် ဟုဆိုလိုခြင်းဖြစ်ပါသည်။ ဤသည်ကား သတင်းကောင်း ပျံ့နှံ့ပြုစုခြင်း၌ အသက်ရှင်သောသူတဦး၏ စိတ်သဘောထားပင် ဖြစ်ပါသည်။ ကျွန်တော်တို့၌လည်း ထိုသို့သောစိတ်သဘောထား ရှိပါသလား။

**ဆင်ခြင်ရန်** - သတင်းကောင်းကို မိမိကိုယ်ကျိုးအတွက် ရည်ရွယ်၍ ကျွန်တော် ဟောခဲ့ဖူးပါ သလား။

**ဆုတောင်းချက်**- ခရစ်တော်၏တရား ဟောပြောကြခြင်းအမှု၌ ကျွန်တော် ဝမ်းမြောက်ခြင်း ရှိမည်အကြောင်း သင်ယူလိုပါ၏။

*"ငါ့ကိုယ်ခန္ဓာ၌ ခရစ်တော်သည်အစဉ်မပြတ် ဂုဏ်အသရေ ထင်ရှားတော်မူ သကဲ့သို့ ယခုပင် ထင်ရှားတော်မူမည်"*

# ဆုတောင်းခြင်းက ကျွန်တော်တို့ကို ခရစ်တော်အတွက် အသက်ရှင်ခြင်းငှါ မစတော်မူ၏

အသက်ရှင်ခြင်းအတွက် ရုန်းကန်နေရစဉ်၊ ယုံကြည်သူ ကျွန်ုပ်တို့၏အသက်ရှင်ခြင်း ရည်ရွယ်ချက်ကို အစဉ်အောက်မေ့ခြင်းသည် ခက်ခဲသော အရာဖြစ်နိုင်ပါသည်။ ယခုဘဝအတွက် ကြိုးစားနေရသောကြောင့်၊ ကျွန်တော်တို့ကယ်တင်ခံရခြင်း၏ရည်ရွယ်ချက်ဖြစ်သော ခရစ်တော်အတွက်အသက်ရှင်ခြင်းကို မေ့လျော့ခဲ့ကြပါသည်။ ကျွန်တော်တို့သည် မိမိအတွက်အသက် မရှင်ဘဲ၊ ကျွန်ုပ်တို့ကို ချစ်၍ မိမိအသက်ကို စတေးခဲ့သော ယေရှုအတွက် အသက်ရှင်ရမည်ကို မေ့လျော့ခဲ့ကြ၏။ ကျွန်တော်တို့သည် မိမိ၏ဇာတိတပ်မက်ခြင်းကိုကျေနပ်စေခြင်းငှါ ဤလောကီအရာတို့ကိုရှာဖွေခဲ့ကြပါသည်။

ထိုစိတ်သဘောသည် ပေါလု၏စိတ်သဘောမဟုတ်ပါ၊ သူ၏အသက်ရှင်ခြင်းသည် ခရစ်တော်ဖြစ်ပါသည်။ သေသည်ဖြစ်စေ၊ ရှင်သည်ဖြစ်စေ၊ သူ၏တခုတည်းသော ဆန္ဒသည် အရာခပ်သိမ်းကို ခရစ်တော်၏ဘုန်းတော်ထင်ရှားခြင်းအတွက် ပြုရန်သာဖြစ်ပါသည်။ ဤအမှုသည် "သင်တို့ဆုတောင်းသဖြင့်၎င်း၊ ယေရှုခရစ်တော်၏ဝိညာဉ်တော် မစသဖြင့်၎င်း" (ဖိ ၁း၂၀) တတ်နိုင်၏။ ဆိုလိုသည်မှာ၊ ဆုတောင်းခြင်းနှင့်သန့်ရှင်းသောဝိညာဉ်တော်၏မစတော်မူခြင်း အားဖြင့် ကျွန်တော်တို့သည် ခရစ်တော်အတွက် အသက်ရှင်နိုင်ကြပါသည်။

ဤအချက်အားဖြင့် ဆုတောင်းခြင်း အရေးပါမှုကို သင်ယူရပါသည်။ ဘုရားသခင်ကိုသာ စွဲလမ်းခြင်း ရှိဖို့ရန် ကျွန်တော်တို့သည် ဆုတောင်းကြရပါမည်။ ဆုတောင်းခြင်းဖြင့် ကျွန်တော်တို့ပိုင်ဆိုင်သမျှသည် ဘုရားသခင်ထံမှဖြစ်ကြောင်းကို၎င်း၊ ပြုသမျှကိုလည်း ဘုရားသခင် ဘုန်းတော်ထင်ရှားဖို့ရန် ပြုရမည်အကြောင်း ပြန်အမှတ်ရပါ၏။ သူတပါး အတွက်လည်း ကျွန်တော်တို့ဆုတောင်းကြရပါမည်။ အချင်းချင်းအတွက်ဆုတောင်းခြင်းဖြင့်၊ ခရစ်တော်၏ကိုယ်ဖြစ်သော ကျွန်တော်တို့အပေါင်းသည် ဘုရားသခင်အတွက်အသက်ရှင်နိုင်ဖို့ရန် ဘုရားသခင်၏မစတော်မူခြင်း လိုအပ်ကြကြောင်း သိမှတ်ခဲ့ကြပါသည်။ ခန္ဓာကိုယ်ကောင်းစွာအလုပ်လုပ်နိုင်ဖို့ရန် ဦးခေါင်း လိုအပ်သကဲ့သို့၊ ဘုရားသခင်ဘုန်းတော်ထင်ရှားဖို့ရန် အသက်ရှင်ခြင်း၌ ကျွန်တော်တို့၏ခေါင်းဖြစ်တော်မူသော သခင်ယေရှုခရစ်တော် လိုအပ်ပါ၏။ ပေါလုသည် ထောင်ထဲ၌မိမိခံရသော အခက်အခဲမှ ဝိညာဉ်ရေးရာ ကယ်တင်လွတ်မြောက်ခြင်းခံဖို့ရန် "သူတို့၏ဆုတောင်းခြင်း" လိုအပ်ကြောင်း သိခဲ့ပါသည်။ သူသည် ဖိလိပ္ပိ ခရစ်ယာန်တို့အား အချင်းချင်းဆုတောင်းပေးခြင်း အရေးပါမှုကို သင်ပေးခဲ့ပါသည်။ ထောင်ထဲ၌နေစဉ် ဘုရားသခင်အတွက် ဆက်လက်အသက်ရှင်နိုင်ဖို့ရန် ဘုရားသခင်၏မစတော်မူခြင်းကို မိမိ လိုအပ်သောအချိန်၌ ရရှိခြင်းငှါ ပေါလုအတွက် သူတို့သည်ဆက်လက်ဆုတောင်းကြဖို့ လိုပါသည်။

**ဆင်ခြင်ရန်** - ဆုမတောင်းလျှင် ခရစ်တော်အတွက် ကျွန်တော်အသက်ရှင်နိုင်ပါမည်လော။
**ဆုတောင်းချက်**- အကျွန်ုပ်၏ဆုတောင်းချက်သည် ယခုဘဝ၏ဝိညာဉ်ရေးရာအမှုကို ဦးစားပေးပါစေသော။

စနေ၊ ဧပြီ (၁၅)
**ဖိ ၁း၁၉-၂၁**
လုကာ ၁၁း၉-၁၃

*"သင်တို့ဆုတောင်းသဖြင့်၎င်း၊ . . . ဝိညာဉ်တော်မစသဖြင့်၎င်း"*

# သန့်ရှင်းသောဝိညာဉ်တော်က ကျွန်တော်တို့ကို ခရစ်တော်အတွက် အသက်ရှင်ခြင်း၌ မစတော်မူ၏

ခရစ်တော်အတွက် ကျွန်တော်တို့အသက်ရှင်နိုင်ဖို့ရန် လိုအပ်သောအခြားအရာမှုကား သန့်ရှင်းသောဝိညာဉ်တော်၏မစတော်မူခြင်းပင်ဖြစ်ပါသည်။ "မစ" (ဖိ ၁း၂၀) ဟူသော စကားလုံး၏ အနက်သည် "စုံလင်ပြည့်လျှံသော မစခြင်း" ဖြစ်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝခြင်း၌ ဆုတောင်းဖို့ရန် ကျွန်တော်တို့သည် သွန်သင်ခံရသောအခါ၊ ထိုဝိညာဉ်တော်၏မစခြင်းကို ဂတိပေးတော်မူ၏။

ကြုံတွေ့ရသော အခက်အခဲအကြား၌ ခရစ်တော်အတွက်မိမိအသက်ရှင်နိုင်ဖို့ရန် မစခြင်းသည် ဘုရားသခင်၏ကျေးဇူးတော်ကြောင့် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဖြစ်သည်ကို ပေါလု သိခဲ့ပါသည်။ ထိုဝိညာဉ်တော်၏လမ်းပြခွန်အားပေးခြင်းကြောင့် များစွာသော ဆန့်ကျင်သူများအကြား၌ စိတ်ဓါတ်မကျဘဲ နေနိုင်ခြင်းဖြစ်ပါသည်။ ထိုသူတို့သည် ပေါလုအပေါ် ငြူစူရန်တွေ့လိုသောစိတ်ဖြင့် တရားဟောခဲ့ကြ၏ (ဖိ ၁း၁၅-၁၆)။ ထောင်ထဲ၌မိမိကို စောင့်ကြပ်သောစစ်သားများထံ ရဲရင့်စွာ ခရစ်တော်၏အကြောင်း ပေါလု ဟောပြောနိုင်ခြင်းသည် ဝိညာဉ်တော်၏ခွန်အားပေးခြင်း ကြောင့်ဖြစ်ပါသည်။ ထိုနည်းတူ၊ ကျွန်တော်တို့အားလုံးသည်လည်း အောင်နိုင်သော ခရစ်ယာန် အသက်တာပိုင်ဆိုင်ဖို့ရန် သန့်ရှင်းသောဝိညာဉ်တော်၏မစခွန်အားပေးမှု လိုအပ်ကြပါသည်။

ယုံကြည်သူ ကျွန်တော်သည် ဆုတောင်းခြင်းဖြင့် ဘုရားသခင်ထံ တိုးဝင်ရသော အခွင့်ရှိကြောင်းကို၎င်း၊ ဝိညာဉ်တော်၏စုံလင်သောမစခြင်း ခံရမည်ဟူသော ဂတိတော်ကို၎င်း အောက်မေ့ကြရပါမည်။ သခင်ယေရှုခရစ်တော်က မိမိတပည့်တော်တို့ကို ဤသို့ မိန့်တော်မူ၏ - "သင်တို့သည် အဆိုးဖြစ်လျက်ပင် ကိုယ်သားတို့အား ကောင်းသောအရာကို ပေးတတ်လျှင်၊ ထိုမျှမက ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘသည် ဆုတောင်းသောသူတို့အား သန့်ရှင်းသောဝိညာဉ်တော်ကို သာ၍ ပေးတော်မူမည် မဟုတ်လော" (လု ၁၁း၁၃)။

အားငယ်သောအချိန်၊ ဘုရားသခင်နှင့်ဝေးကွာသည်ဟုခံစားရသောအချိန်တွင် ဆုတောင်းဖို့ ကျွန်တော်တို့ သတိရသင့်ပါသည်။ ဝိညာဉ်တော် မီးအရှိန် မငြိမ်းစေခြင်း၌ သတိပြုကြရပါမည်။ ဝိညာဉ်တော်၏လမ်းပြမှုအောက်၌နေလျက်၊ ကျွန်ုပ်တို့၏ လောကီစည်းစိမ် တပ်မက်ခြင်းကို ဖယ်ရှားစေပြီး၊ ခရစ်တော်အကြောင်းကို စွဲလမ်းခြင်းရှိရပါမည်။ ပေါလုကဲ့သို့ - "ငါ့အသက်ရှင်သည့်အရာမှာ ခရစ်တော်ဖြစ်၏။ သေလျှင်မူကား၊ သာ၍အကျိုးရှိ၏" (ဖိ ၁း၂၁) ဟုဆိုနိုင်ဖို့ရန်၊ ကျွန်တော်တို့သည် အသက်ရှင်ခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းစွာ သိမြင်မည်အကြောင်း သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝဖို့ရန် အစဉ်ဆုတောင်းကြရပါမည်။

**ဆင်ခြင်ရန်** - သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝခြင်း၌ မည်ကဲ့သို့ ဆုတောင်းရပါမည်နည်း။

**ဆုတောင်းချက်**- အဖဘုရား၊ ခရစ်တော်အတွက် နေ့စဉ် အသက်ရှင်ခြင်း၌ ကိုယ်တော်၏ ဝိညာဉ်တော်နှင့်အကျွန်ုပ်ကို ပြည့်ဝစေတော်မူပါ။

**ဖိ ၁း၁၈-၂၃**
၁ သက် ၄း၁၃-၁၈

*"စုတေ့၍ခရစ်တော်နှင့်အတူနေခြင်းငှါ တောင့်တလိုချင်သော စိတ်ရှိ၏"*

# သေလျှင်သာ၍အကျိုးရှိပါသလား

လူ့သဘာဝသည် အသက်ရှင်ခြင်းကို နှစ်သက်၍ သေခြင်းကို ကြောက်ရွံ့၏။ ဘယ်သူမှ သေခြင်းကို မကြုံတွေ့လိုကြပါ။ ဤကြောက်စရာကောင်းသော၊ သေချာလှသော သေခြင်းကို မြန်မြန် မကြုံရလေအောင် ကျွန်တော်တို့ကြိုးစားနေကြရပါသည်။ ကျန်းမာရေးစောင့်ရှောက်မှု၊ ခွန်အားဖြစ်စေသောအစားအစာ၊ လေ့ကျင့်ခန်း၊ ကျန်းမာရေးနှင့်ညီညွတ်သောနေထိုင်မှု စသည်တို့အတွက် အချိန်ပေးခဲ့ကြပါသည်။ သို့ဆိုလျှင်၊ အဘယ့်ကြောင့် ကျွန်တော်တို့သည် အသက်ရှင်ခြင်းကို အလွန် နှစ်သက်ကြပါသနည်း။ အဘယ့်ကြောင့် ကြာရှည်စွာ အသက်ရှင်ချင်ကြပါသနည်း။ ကျွန်တော်တို့ ကြောက်နေသော သေခြင်းဆိုသည့်အရာ ကားအဘယ်နည်း။

ပေါလုသည် အသက်ရှင်ခြင်းကို ဤသို့ ခရစ်တော်၌တည်လျက် အံ့ဩဖွယ်ဆိုခဲ့ပါသည်။ "ငါအသက်ရှင်သည်အရာမှာ ခရစ်တော်ဖြစ်၏။ သေလျှင်မူကား၊ သာ၍အကျိုးရှိ၏" (ဖိ ၁း၂၁)။ ဤအမြင်သည် လောကီလူတို့၏အမြင်နှင့် ဆန့်ကျင်ဖက်ဖြစ်ပါသည်။ လူအများစုက အသက်ရှည်ခြင်းကို ကောင်းကြီးမင်္ဂလာ ဟုသတ်မှတ်၍ အသက်တိုခြင်းကို "ကံမကောင်းမှု" ဟုဆိုလျက်၊ မလိုချင်ကြပါ။ ဘယ်သူမှ သေခြင်းကို မလိုချင်ကြ၊ "အကျိုးအမြတ်" ဟု မသတ်မှတ်ကြပါ။ သေခြင်းအကြောင်းကို မပြောလိုကြ၊ ကြောက်ရွံ့ခဲ့ကြပါသည်။

ခရစ်တော်အတွက် အသက်ရှင်မှသာလျှင် ကျွန်တော်တို့သည် သေလျှင် သာ၍အကျိုးရှိသည်ဟု ဆိုနိုင်မည်ဖြစ်ပါသည်။ ပေါလုသည် ဘုရားသခင်နှင့်အလွန်ကျွမ်းဝင်ခြင်းရှိပြီး၊ အရာခပ်သိမ်း ခရစ်တော်၌ဆက်ကပ်လျက် ခရစ်တော်သာလျှင် သူ၏အလုံးစုံဖြစ်ခဲ့ပါသည်။ သေသည်ဖြစ်စေ၊ ရှင်သည်ဖြစ်စေ သူသည် ခရစ်တော်အတွက်ဖြစ်ခဲ့ပါသည်။ ရှင်လျှင်၊ ခရစ်တော်အတွက် အသက်ရှင်၍၊ သေလျှင်လည်း မိမိချစ်သောသခင်နှင့်အတူ ထာဝရနေရသောအခွင့်ရမည်ဖြစ်သောကြောင့် သာ၍အကျိုးရှိပါသည်။ ခရစ်တော်နှင့်အတူနေရခြင်းကို ယခုဘဝထက် "သာ၍အလွန်ထူးမြတ်သော အကျိုး" (ဖိ ၁း၂၃) ဟုဖော်ပြခဲ့ပါသည်။ ဘုရားသခင်နှင့်အတူနေရခြင်းသည် ထာဝရဘုန်းတော် ဝင်စားခြင်းဖြစ်ပါသည်။ အပြစ်၏နှောင်ဖွဲ့ခြင်းမှၡင်း၊ ဤလောက၏ပင်ပန်းစရာကောင်းသော အမှုတို့မှလွတ်မြောက်ခြင်းဖြစ်ပါသည်။ "သခင်ဘုရားနှင့်အတူ အစဉ်မပြတ်နေရခြင်း" (၁ သက် ၄း၁၇) ဖြစ်ပါသည်။

ဤတရားကို သိမြင်သောကြောင့် ပေါလုသည် ဘုရားသခင်၏အကျိုးရှိသော ပုဂ္ဂိုလ်ဖြစ်ခဲ့ခြင်းဖြစ်ပါသည်။ ထောင်ထဲ၌ပင် ဝမ်းမြောက်ပျော်ရွှင်ခြင်း ရှိခဲ့၏။ သေခြင်းကို မကြောက်သည်သာမက၊ မိမိတောင့်တသောအရာ ဟုဆိုခဲ့ပါသည်။ ထိုသို့သော သဘောထား ကျွန်တော်တို့၌ရှိနိုင်ပါမည်လော။

**ဆင်ခြင်ရန်** - ခန္ဓာကိုယ်အတွင်းပိုင်းရောဂါ ခံစားလျက် ယနေ့ ကျွန်တော် ကုသမှုခံရလျှင် ကျွန်တော် မည်သို့နေရပါမည်နည်း။

**ဆုတောင်းချက်**- အဖဘုရား၊ သေခြင်းနှင့်အသက်ရှင်ခြင်းတရားကို သမ္မာတရားအတိုင်း မှန်ကန်စွာ ကျွန်တော် သိမြင်မည်အကြောင်း မစတော်မူပါ။

## မြော်လင့်ခြင်း၏အရေးကြီးမှု

ထိုသို့သောစကားကို မည်သို့ ပေါလု ဆိုနိုင်ပါသနည်း။ ထိုစိတ်သဘောထားနောက်ကွယ်၌ မည်သို့သော အတွေးရှိပါသနည်း။ ပေါလုသည် စိတ်ဓာတ်ကျသောသူမဟုတ်၊ မိမိကိုယ်ကို အဆုံးစီရင်လိုသောသူမဟုတ်ပါ။ သေခြင်းကို ယခုသူကြုံတွေ့နေသော ထောင်ကျခြင်းနှင့်အခက်အခဲမှ အလွယ်ကူဆုံးသော လွတ်မြောက်ရာ နည်းလမ်းဟု သူခံယူခြင်း မဟုတ်ပါ။ ထိုသို့လုံးဝမဟုတ်ပါ။

ထိုသို့သောဆန္ဒ၏အခြေခံအရင်းအမြစ်သည် "မြော်လင့်အားကြီး၍တောင့်တ(ခြင်း)" (ဖိ ၁း၂၀) ရှိခြင်းပင်ဖြစ်ပါသည်။ ဤမြော်လင့်ခြင်းသည်စိတ်ကူးယဉ်သက်သက် မဟုတ်ဘဲ၊ ထာဝရအသက်ရှင်ခြင်းတည်းဟူသော မြော်လင့်ခြင်းတရား၌တည်သော အားကြီးသည့် ယုံကြည်ခြင်းပင်ဖြစ်ပါသည်။ သေသောအခါ၊ သူသည် "ကိုယ်ခန္ဓာနှင့်ကွာဝေးရာအရပ်သို့သွား၍၊ သခင်ဘုရားထံတော်၌နေမြဲနေခြင်း" (၂ ကော ၅း၈) ခံရမည်အကြောင်းသိပါ၏။ ပေါလုသည် ခိုင်မာသောယုံကြည်ခြင်းဖြင့် ဤမြော်လင့်ခြင်းကို ယုံကြည်ခဲ့ပါသည်။ ဘုရားသခင်၏ဂတိတော်သည် အမှန်ပြည့်စုံခြင်းရှိမည်အကြောင်းသိခဲ့ပါ၏။ သေဆုံးပြီးနောက်တွင် မင်္ဂလာရှိသောဘဝ အသက်ရှင်ခြင်းရှိကြောင်း ပေါလု အမှန်ယုံကြည်ခဲ့ပါသည်။ ထို့ကြောင့်၊ "ငါအသက်ရှင်သည်အရာမှာ ခရစ်တော်ဖြစ်၏။ သေလျှင်မူကား၊ သာ၍အကျိုးရှိ၏" (ဖိ ၁း၂၁) ဟု ဆိုနိုင်ခြင်းဖြစ်ပါသည်။

ထိုသို့သော ယုံကြည်ခြင်း ကျွန်ုပ်တော်တို့၌ရှိပါသလား။ သေခြင်းကို စေ့စေ့ကြည့်ပြီး၊ "အိုသေမင်း၊ သင်၏လက်နက်သည် အဘယ်မှာရှိသနည်း။ အို မရဏာနိုင်ငံ၊ သင်၏အောင်ခြင်းသည် အဘယ်မှာရှိသနည်း" (၁ ကော ၁၅း၅၅) ဟု ကျွန်တော်တို့ ဆိုနိုင်ပါသလား။ သေခြင်းကို မကြောက်သည်သာမက၊ မြော်လင့်လျက် နေနိုင်ပါသလား။ ထိုသို့သော မြော်လင့်ခြင်းရှိနိုင်ခြင်းငှါ၊ ကျွန်တော်တို့သည်သေခြင်းကို သာ၍အကျိုးရှိသောအရာဖြစ်ကြောင်းကိုငှင်း၊ သေပြီးနောက် ဘယ်အရပ်၌ ထာဝရနေရမည်ကိုငှင်း၊ သေချာသိဖို့လိုပါသည်။ ဤမြော်လင့်ခြင်းကို ဟေဗြဲ ၆း၁၉ ထဲတွင်၊ "မြဲမြံခိုင်ခံ့သော စိတ်နှလုံး၏ကျောက်ဆူး" ဟုလှပစွာ ဖော်ပြခဲ့ပါသည်။

လောကီလူသားတို့သည် ဤဘဝ၌သာ မြော်လင့်ခြင်းရှိကြသည်ဖြစ်သောကြောင့်၊ သေခြင်းကို အလွန်ကြောက်ရွံ့ခြင်းရှိကြ၏။ သူတို့အတွက် ဤဘဝပြီးဆုံးလျှင် မြော်လင့်စရာ မရှိတော့ပါ။ ဤဘဝပြီးဆုံးပြီးနောက်တွင် ဘာဖြစ်လာမည်ကို မသိကြသောကြောင့် ကြောက်ရွံ့ ကြခြင်းဖြစ်ပါသည်။ ယုံကြည်သူ ကျွန်တော်တို့သည် ဘာမှကြောက်စရာ မလိုပါ၊ အရာရာတိုင်းကို ရဲရင့်စွာ ရင်ဆိုင်ကြရပါမည်။

**ဆင်ခြင်ရန်** - "အကျွန်ုပ်၏မြော်လင့်ခြင်းသည် ခရစ်တော်၏အသွေးတော်နှင့်ဖြောင့်မတ်ခြင်းတရား၌ သာလျှင်တည်တော်မူ၏။"

**ဆုတောင်းချက်**- အဖဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တော် ယုံကြည်ခြင်း နှင့် ခိုင်ခံ့မြဲမြံသော မြော်လင့်ခြင်း ကိုအကျွန်ုပ်အား ပေးသနားတော်မူပါ။

**ဖိ ၁း၂၄-၂၆**
ရောမ ၁း၈-၁၅

*"သင်တို့သည် ယုံကြည်ခြင်း၌ တိုးပွားဝမ်းမြောက်မည် အကြောင်း"*

# ဘယ်အရာများအတွက် သင်အသက်ရှင်နေပါသနည်း

နေ့တိုင်း ကျွန်ုပ်တို့နိုးထ၍ ကြုံဆုံရသောနေ့သစ်သည် ဘုရားသခင်ပေးသနားတော်မူသော အသက်ရှင်ခွင့်ပင်ဖြစ်ပါသည်။ ဤနေ့သစ်၌ သေနိုင်သော ဤခန္ဓာကိုယ်ဖြင့်ဆက်လက်အသက်ရှင် ရသောအခွင့်ကိုရကြ၏။ ဘယ်အရာအတွက် ကျွန်ုပ်တို့ အသက်ရှင်နေပါသနည်း ဟူသော အတွေးကို ကျွန်ုပ်တို့တွေးကြပါသလား။

ပေါလု၏စိတ်ဆန္ဒသည် ခရစ်တော်နှင့်အတူနေရန်ဖြစ်ပါသည်။ သို့သော်လည်း မိမိတာဝန်ကိုလျစ်လျူရှုပြီး သေဖို့ကိုသာဆန္ဒရှိသည် မဟုတ်ပါ။ ထိုသို့ပြုလျှင် အပြစ်ဖြစ်၍ တာဝန်မကျေပွန်ရာရောက်လိမ့်မည်။ ပေါလုသည် ဘုရားသခင်၏အလိုတော်ဖြစ်သော၊ မိမိအသက်ရှင်၍ ဘုရား၏အမှုတော်ဆောင်ရမည်ကို သိပါသည်။ မိမိအတွက် ဘုရားသခင်၏ဘဝအချိန်ဇယားကို သူလိုက်လျှောက်ရမည်အကြောင်း သိပါ၏။ သူသည် သေ၍ဘုရားသခင်နှင့်အတူ နေလိုခြင်းရှိ သော်လည်း၊ ဖိလိပ္ပိ ခရစ်ယာန်များ၏ယုံကြည်ခြင်း တိုးပွါးခြင်းနှင့်ဝမ်းမြောက်ခြင်း အတွက် ဆက်လက်အသက်ရှင်ဖို့သည် ပို၍လိုအပ်ကြောင်း သိပါသည်။ ပေါလု၏အသက်ရှင်ခြင်းသည် ဘုရားသခင်၏အမှုတော်နှင့်အလိုတော် ဆောင်ရွက်ခြင်းပင်ဖြစ်ပါသည်။ သူ၏ဆန္ဒသည် ဖိလိပ္ပိလူ တို့၏ ဝိညာဉ်ရေးရာကြီးထွားခြင်းဖြစ်ပါသည်။ သူတို့သည် မိမိမြဲမြံစမ်းသည်နည်းတူ၊ ယုံကြည်ခြင်း ဝမ်းမြောက်ခြင်းရှိ၍ နားလည်သဘောပေါက်ခြင်းရှိစေခြင်းငှါ အလိုရှိ၏။ သူတို့ကို ချစ်သောကြောင့် သူတို့ထံပြန်သွားပြီး၊ အသင်းတော်၏လိုအပ်ချက်ကို ဆောင်ရွက်လိုခဲ့ပါသည်။ ဤအသက်တာသည် ခရစ်တော်၌တည်သော အသက်တာ၊ ကိုယ်ကိုကိုယ် ငြင်းပယ်၍ လက်ဝါးကပ်တိုင်ကို နေ့တိုင်းထမ်းပြီး၊ ခရစ်တော်၏နောက်သို့လိုက်သော အသက်တာ (လု ၉း၂၃)၊ ကျွန်ုပ်တို့ကြိုးစားရမည့် အသက်တာပင်ဖြစ်ပါသည်။

ဘုရားသခင်ပေးသနားတော်မူသော ဘဝ၌ ကျွန်ုပ်တို့သည် ခရစ်တော်ကို နာခံလျက်၊ အလိုတော်ကို နေ့တိုင်း လိုက်လျှောက်ရပါမည်။ ကျွန်ုပ်တို့ အသက်ရှင်စဉ် ဘုရားသခင်၏အလိုတော်ကို ကြိုးစားရှာ၍ ခရစ်တော်အတွက် လိုအပ်သောအမှုကို ပြုရပါမည်။ ပိုကောင်းသော မိတ်ဆွေ၊ ပိုကောင်းသော မိသားစုဝင်၊ ပိုကောင်းသော လုပ်သားဖြစ်ဖို့ရန် ကြိုးစား၍၊ ခရစ်တော်၏နာမတော်နှင့်ဘုန်းတော်ထင်ရှားစေခြင်းငှါ ကောင်းသောအကျင့် ကျင့်လျက်၊ ကောင်းသော သက်သေထူရပါမည်။ ကျွန်ုပ်တို့သည် မိမိ၏လိုအင်ဆန္ဒနှင့်အကျိုးကို မကြည့်ဘဲ၊ ဇာတိ အလိုကိုမလိုက်ဘဲ၊ ဝိညာဉ်အရေးကို အဓိကထား အသက်ရှင်ကြရပါမည်။

ကျွန်ုပ်တို့၏ရည်မှန်းချက်သည် ခရစ်တော်အကြောင်းကို သိကျွမ်း၍ ဟောပြောခြင်း ဖြစ်ပါသလား။ ဘုရားသခင်လူတို့ကို ချစ်လျက် သူတို့အတွက် အသက်ရှင်လိုပါသလား။ သူတပါးအကျိုးအတွက် အသက်ရှင်လိုပါသလား။ ခရစ်တော်အတွက် အသက်ရှင်ဖို့ရန် ပြုနိုင်သမျှသော အမှုကို ပြုပါသလား (သို့) မိမိအတွက်ဘဲ အသက်ရှင်နေပါသလား။

**ဆင်ခြင်ရန်** - ဘုရားသခင်အတွက် ကျွန်ုပ်တော် ဒီနေ့ ဘယ်အမှုပြုရပါမည်နည်း။
**ဆုတောင်းချက်**- အဖဘုရား၊ မိမိကိုယ်ကျိုးအတွက် မဟုတ်ဘဲ၊ ကိုယ်တော်အတွက် အသက်ရှင်မည်အကြောင်း မစတော်မူပါ။

ဗုဒ္ဓဟူး၊ ဧပြီ (၁၉)
**ဖိ ၁း၂၇-၃၀**
ဖိ ၃း၂၀-၂၁

*"ခရစ်တော်၏ဧဝံဂေလိတရားနှင့် အထိုက်အလျောက် ဝတ်ကြီးဝတ်ငယ်များကိုပြု၍ သာနေကြလော့"*

## ဧဝံဂေလိတရား၏သားသမီးများ

လူများတို့သည် တိုးတတ်သော၊ US (သို့) UK ကဲ့သို့သောနိုင်ငံ၏ နိုင်ငံသားဖြစ်ခြင်းကို အခွင့်ထူးဟု သတ်မှတ်ကြပါသည်။ ထိုနည်းတူ၊ အချို့သည် ထိုနိုင်ငံသို့ဝင်ရောက် နေထိုင်ခြင်း၌ အိပ်မက် မက်ကြ၏။

ကျမ်းစာက ခရစ်ယာန်များကို နိုင်ငံသားအဖြစ်ဖေါ်ပြခဲ့ပါသည်။ ဖိ ၁း၂၇ ၌တွေ့ရသော "ဝတ်ကြီးဝတ်ငယ်များကိုပြု၍သာနေကြလော့" ဟူသော ဂရိစကားလုံး၏အဓိပ္ပါယ်သည် ဤလောကီ အဘယ်နိုင်ငံသားနှင့်မျှ ယှဉ်၍မရသော နိုင်ငံသားကိုဆိုလိုပါသည်။ ထိုနိုင်ငံသားဖြစ်ခြင်းကို ခရစ်တော်၏သတင်းကောင်း ယုံကြည်လက်ခံသော ယုံကြည်သူတိုင်းထံပေးအပ်ခဲ့ပါသည်။ ထိုနိုင်ငံသားသည် ဘုရားသခင်ဂတိထားတော်မူသော ထာဝရဘုန်းတော်ဝင်စားခြင်းတည်းဟူသော ကောင်းကင်ဘုံ၌ ထာဝရနေထိုင်ခွင့်ရခြင်း၊ ကောင်းကင်နိုင်ငံသားပင်ဖြစ်ပါသည်။

သို့သော်လည်း ထိုနိုင်ငံသားတို့သည် ဤဘဝ၌ လိုက်လျှောက်ရမည့် ဝတ္တရားများရှိပါသည်။ ဖိ ၁း၂၇ ထဲတွင်၊ ထိုကောင်းကင်နိုင်ငံသားတို့သည် နိုင်ငံသားကျင့်ဝတ်နှင့်အညီ နေထိုင်ရမည် အကြောင်း ပေါလုက တိုက်တွန်းထားပါသည်။ သူတို့သည် သတင်းကောင်းကို ကြားသိခဲ့ကြပြီး၊ နောင်တရ၍ ယေရှုကို မိမိတို့၏ကယ်တင်ရှင်အဖြစ် ယုံကြည်လက်ခံခဲ့သောသူဖြစ်ကြပါသည်။ ထို့ကြောင့် ထိုသတင်းကောင်းကို အသက်တာ၌လိုက်လျှောက်ကြရပါမည်။ ကောင်းကင်ဘုံသည် သူတို့၏နောက်ဆုံး ထာဝရအိမ်တော်ဖြစ်ပါသည်။ သူတို့သည် ဤလောကီ အရာနှင့်အပြစ်တို့ကို မစွဲလမ်းကြရတော့ပါ။ အထက်အရာတည်းဟူသော၊ ကောင်းကင်ဘုံနှင့်ဘုရားသခင်ကိုသာ အစဉ် စိတ်စွဲလမ်းခြင်းရှိရပါမည်။

ကျွန်တော်တို့အားလုံးသည် ခရစ်တော်၏သတင်းကောင်းကို လိုက်လျှောက်၍၊ ကျွန်ုပ်တို့၏ အကျင့်သည် သတင်းကောင်း၏သက်သေဖြစ်ရပါမည်။ ခရစ်တော်၏လူဖြစ်ကြသောကြောင့် ထိုဂုဏ်ပုဒ်နှင့်အညီ ကျင့်ကြံနေထိုင်ကြရပါမည်။ သခင်ဘုရားအပေါ် ကျွန်တော်တို့ သစ္စာရှိကြရ ပါမည်။ ဟောပြောသော သတင်းကောင်းအတိုင်း အမှန်နေထိုင်ကျင့်ကြံရပါမည်။ လောကီလူတို့ အတွက် ကျွန်တော်တို့ သက်သေဖြစ်ကြရပါမည်။ ခရစ်ယာန်ဆိုလျှင် ခရစ်ယာန်ကဲ့သို့ နေထိုင် ရပါမည်။

ကောင်းကင်နိုင်ငံသား ဖြစ်သော ကျွန်တော်တို့သည် ကယ်တင်ရှင် သခင်ယေရှုထံ သစ္စာ ရှိကြရပါမည်။ မိမိနိုင်ငံတော်ထဲသို့ ဝင်ရောက်ရသော အခွင့်ပေးတော်မူပြီဖြစ်ပါ၏။ သစ္စာရှိသော နိုင်ငံသားကဲ့သို့ သင်သည် ကိုယ်တော်အတွက် ဝမ်းမြောက်စွာ အမှုတော်ဆောင်ရွက်မည် မဟုတ်လော။

**ဆင်ခြင်ရန်** - နိုင်ငံသားဝတ္တရား မကျေပွန်သောသူကို မည်သို့ပြုရပါမည်နည်း။

**ဆုတောင်းချက်**- "အို အဖဘုရား၊ အကျွန်ုပ်၏စိတ်နှလုံးကို ကိုယ်တော်ထံ ကြည်ဖြူစွာ ယခု ဆက်ကပ်ပါ၏။" (John Calvin)

# ဘယ်သူမှမမြင်သောအချိန်၌

၂၀၂၀ နှင့် ၂၀၂၁၊ ကိုဗစ်-၁၉ အပြင်မထွက်ရ ကာလတွင်၊ အိမ်သည်အလုပ်ရုံဖြစ်လာခဲ့ပြီး၊ အလုပ်ရှင်များက မိမိအလုပ်သမားများကို အလုပ်လုပ်ချိန်အတွင်း သူတို့ကိုမြင်နိုင်ဖို့ရန် ကင်မရာဖွင့်ထားရန်ညွှန်ကြားထားကြောင်း သိရပါသည်။ အလုပ်ရှင်များက မိမိလက်အောက် ငယ်သားတို့ကို မယုံကြည်ကြသောကြောင့် ထိုသို့သူတို့ကို မြင်နိုင်ရန် လုပ်ဆောင်ခြင်းဖြစ်ပါသည်။

များစွာသောလူတို့သည် ထိုသို့ အသေးစိတ်စောင့်ကြည့်ခြင်းကို လွန်လွန်းသည်ဟု ထင်မှတ်နိုင်ပါသည်။ သို့သော်လည်း ထိုသို့ပြုကြရခြင်းအကြောင်းရင်းမှာ လူသည် သူတပါးစောင့်ကြည့်သောအချိန်တွင် ကျွန်တော်တို့၏အကျင့် ပြောင်းလဲတတ်သောကြောင့်ဖြစ်ပါသည်။ ဤပြဿနာသည် ကလေးသာမက၊ လူကြီး၌လည်းရှိသော အရာဖြစ်ပါသည်။ ဘယ်သူကမှ ကျွန်တော်တို့ကို မစောင့်ကြည့်ဟု သိသောအခါ၊ ကျွန်တော်တို့ ကြိုက်သလို နေနိုင် ပြုနိုင်သည်ဟု ထင်မှတ်ထားကြပါသည်။ ထိုအခါ ကျွန်တော်တို့သည် များသောအားဖြင့် မကောင်းမှုကို ပြုတတ်ကြ၏။

ဤအချက်က ကျွန်တော်တို့သည် လူ့အကြိုက်ကိုလိုက်သောသူ၊ လူ့မျက်နှာကိုကြည့်သောသူဖြစ်ကြောင်း ထင်ရှားစေပါသည်။ အလုပ်ရှင်၊ မိဘ၊ မိတ်ဆွေ၊ ခင်ပွန်း၊ ဆရာများ ရှိနေကြသောကြောင့်သာ ကျွန်တော်တို့သည် ကောင်းမွန်စွာနေထိုင်ကျင့်ကြံခဲ့ကြပါသည်။ မိမိအပေါ်၌အာဏာရှိသောသူကို ကြည့်၍ သူ့အကြိုက်ကို ကြိုးစားလုပ်ဆောင်ကြ၏။ သူတို့မရှိသော အချိန်တွင်၊ ကျွန်ုပ်တို့၏ အပြုအမူသည် ပြောင်းလဲခဲ့ပါသည်။

ခရစ်ယာန်သည် ထိုသို့ မပြုရပါ။ ပေါလုက ဖိလိပ္ပိလူတို့အား၊ မိမိရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ သူတို့၏အကျင့် အပြုအမူ ပြောင်းလဲခြင်း မရှိစေရန် တိုက်တွန်းခဲ့ပါသည်။ သူတို့သည် ဝိညာဉ်ရေးရာ၌ကောင်းမွန်စွာကျင့်ကြံ၍ ဘုရားသခင်နှင့်ရင်းနှီးစွာလျှောက်လှမ်းလျက် သတင်းကောင်းအတွက် မြဲမြံစွာရပ်တည်ပြီး ဆက်လက်ကြိုးစားအားထုတ်ကြရန် ပေါလုမျှော်လင့်ခဲ့ပါသည်။

ထိုနည်းတူ၊ ကျွန်တော်တို့၏ခရစ်ယာန်အသက်တာသည် လူမြင်တမျိုး၊ ကွယ်ရာတမျိုး မဖြစ်ရပါ။ သခင်ဘုရား၏စကားကို နာခံ၍ သတင်းကောင်းနှင့်ညီညွတ်ထိုက်တန်သော အကျင့်ကို ကျွန်တော်တို့ အစဉ်ကျင့်ရမည်ကို သတိပြုကြရပါမည်။ လူတို့၏ချီးမွမ်းခြင်းကို ခံလိုသောကြောင့် မဟုတ်ဘဲ၊ ဘုရားသခင်ကို ချစ်၍ သူ့အတွက် အသက်ရှင်လိုသောကြောင့် ထိုသို့သော ကောင်းသောအကျင့်ကို ကျင့်ရမည်ဖြစ်ပါသည်။ လူတို့ မြင်သည်ဖြစ်စေ၊ မမြင်သည်ဖြစ်စေ၊ ကျွန်တော်တို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်အတိုင်း၊ ဘုရားသခင်အတွက်၊ အစဉ်ကျင့်ကြံနေထိုင်ကြရပါမည်။

**ဆင်ခြင်ရန်** - ကျွန်တော်တယောက်တည်းရှိသောအချိန်၌ မည်သို့ကျင့်ကြံပါသနည်း။

**ဆုတောင်းချက်** - အဖဘုရား၊ ကျွန်ုပ်၏သန့်ရှင်းခြင်း အသက်တာသည် အပြင်ပန်းသာ မဟုတ်ဘဲ၊ ကိုယ်တော်အတွက် အသက်ရှင်လိုသော ကျွန်ုပ်၏ စစ်မှန်သော အသက်တာဖြစ်ပါစေသော။

သောကြာ၊ ဧပြီ (၂၁)
**ဖိ ၁း၂၇**
ဧဖက် ၄း၁-၆

*" . . . တပါးတည်းသော စိတ်ဝိညာဉ်၌တည်၍ . . . တညီတညွတ်တည်း ကြိုးစားအားထုတ်ကြသည်"*

# စည်းလုံးခြင်း၏အရေးကြီးမှု

အသင်းတော်တိုင်းသည် စည်းလုံးညီညွတ်သော အသင်းတော်ဖြစ်ဖို့ရန် အရေးကြီးလှပါသည်။ စိတ်သဘောညီညွတ်ခြင်းသည် ကျွန်တော်တို့ ကြိုးစားစောင့်ရှောက်ရမည့်အရာ ဖြစ်ပါသည် (ဧဖက် ၄း၃)။ ဖိလိပ္ပိလူတို့အား ပေါလု တိုက်တွန်းသည်မှာ "တပါးတည်းသော စိတ်ဝိညာဉ်၌တည်၍၊ ဧဝံဂေလိတရားနှင့်ဆိုင်သော ယုံကြည်ခြင်းအဘို့အလို့ငှါ တညီတညွတ်တည်း ကြိုးစားအားထုတ်ကြရန်" (ဖိ ၁း၂၇) ဖြစ်ပါသည်။ "တည်၍" ဟူသော စကားလုံးသည် မြဲမြံခြင်း၊ မယိမ်းယိုင်ခြင်းကို ဆိုလိုပါသည်။ နေရာတခုကို စောင့်ကြပ်ရန် တာဝန်ပေးခြင်းခံရသော စစ်သားတဦးသည် ထိုနေရာမှ အခြားနေရာသို့ လုံးဝမရွေ့ သကဲ့သို့ဖြစ်ပါသည် (ဥပမာ - ၁ ကော ၁၆း၁၃ တွင်၊ "သင်တို့သည် သတိနှင့်စောင့်နေကြလော့။ ယုံကြည်ခြင်း၌တည်ကြလော့။ ယောက်ျားအစွမ်းသတ္တိနှင့်တကွ ခွန်အားစုံလင်လျက်နေကြလော့")။ ခံနိုင်ရည်ရှိခြင်း၊ သစ္စာရှိခြင်း ကိုလည်းရည်ညွှန်းပါသည်။ သူတို့အပေါ် ပေါလု၏ဆန္ဒသည်၊ မိမိရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ သူတို့သည် ယုံကြည်ခြင်း၌တည်ကြည် မြဲမြံခြင်းရှိ၍ အဖြစ်နှင့် ဘယ်လိုမှ ရောနှောခြင်း မရှိရန်ဖြစ်ပါသည်။

ဤအမှုကို "တညီတညွတ်တည်း ကြိုးစားအားထုတ်ကြ" (ဖိ ၁း၂၇) ရပါမည်။ တဦးတည်း မဟုတ်ဘဲ၊ အတူတကွ ကြိုးစားအားထုတ်ဖို့ဖြစ်ပါသည်။ စည်းလုံးခြင်းသည် အင်အားဖြစ်ပါသည်။ အသင်းတော်အနေဖြင့် ကျွန်တော်တို့ တည်ကြည် မြဲမြံခြင်းငှါ အတူတကွ ကြိုးစားဖို့လိုအပ်ပါ၏။ အသင်းသားတိုင်းသည် သခင်ဘုရား၌ အချင်းချင်း စည်းလုံးခြင်းရှိပြီး အတူတကွ ရပ်တည်ကြရပါမည်။ အသင်းသားတို့သည် ခေါင်းဆောင်တို့ကို ထောက်မလျက်၊ သမ္မာတရားအတွက် အတူတကွ တိုက်ပွဲဝင်ကြရပါမည်။ အသင်းတော်၏အစီအစဉ်များ၌ တက်ကြွစွာ ပါဝင်လျက်၊ မည်သို့ ဘုရားသခင်အတွက် မိမိအသုံးဝင်မည်ကို အစဉ်တွေးတောရပါမည်။

အရေးမကြီးသော မတူကွဲပြားခြင်းကြောင့် အသင်းတော် ကွဲနေစရာ မလိုပါ။ အသင်းတော်ထဲ၌ မှားယွင်းသောအယူအဆနှင့်မာနထောင်လွှားခြင်းကြောင့် စိတ်ဝမ်းကွဲခြင်း ပေါ်ပေါက်နိုင်သောကြောင့် သတိထားကြရပါမည်။ ထိုသို့သော စိတ်သဘောထား ကွဲစေနိုင်သည့်အရာများကို ကျွန်တော်တို့ ကြိုးစား ပစ်ပယ်ကြရပါမည်။

ထိုသို့ အမှန်တည်ကြည် မြဲမြံခြင်းရှိသောအခါ၊ မင်္ဂလာရှိသော ညီညွတ်ခြင်းကို တွေ့ရမည်ဖြစ်ပါသည်။ သခင်ဘုရား၏အလိုတော်အတိုင်း အမှုပြုဖို့ရန် ကျွန်တော်တို့သည် စိတ်သဘော စည်းလုံးညီညွတ်ခြင်းရှိမည်ဖြစ်ပါသည်။ အချင်းချင်း အံ့ဖွယ် မိသာဟာယဖွဲ့ခြင်းရှိလိမ့်မည်ဖြစ်ပါသည်။ ထိုအရာသည် သင်တို့ ကြိုးစားထိန်းသိမ်း စောင့်ရှောက်လိုသောအရာ ဖြစ်ပါသလား။

**ဆင်ခြင်ရန်** - မညီညွတ်ခြင်းကို အဘယ်အပြစ်က အများဆုံးဖြစ်စေသနည်း။

**ဆုတောင်းချက်**- အဖဘုရား၊ ကျွန်ုပ်တို့အသင်းတော်ကို ကောင်းကြီးပေး၍၊ သခင်ဘုရား၌ စည်းလုံးခြင်းရှိလျက် တပါးတည်းသောစိတ်ဖြင့် နေထိုင်ကြမည်အကြောင်း မစတော်မူပါ။

# စည်းလုံးခြင်း၏ရည်ရွယ်ချက်

စည်းလုံးခြင်း၏ရည်ရွယ်ချက်ကား အဘယ်နည်း။ အဘယ့်ကြောင့် ကျွန်တော်တို့သည် အတူတကွ ကြိုးစားအားထုတ်မှုကို အလေးထားကြသနည်း။ ထိုသို့ပြုခြင်းသည် သတင်းကောင်းယုံကြည်ခြင်းနှင့်ခရစ်တော်၏အမှုတော် အတွက်ဖြစ်ရပါမည်။ ဝိညာဉ်ရေးရာ ရှင်းလင်းသော ရည်ရွယ်ချက် မရှိဘဲ၊ စည်းလုံးခြင်းရှိလျှင် ကျွန်တော်တို့သည် လူ့အဖွဲ့အစည်း တခုသာသာ ဖြစ်လိမ့်မည်။ ယုံကြည်ခြင်း၌တညီတညွတ်တည်း မရှိဘဲ၊ စည်းလုံးခြင်း အတုအယောင်သာဖြစ်လျှင်လည်း၊ ထိုစည်းလုံးခြင်းသည် အကျိုးမရှိပါ။ ကျွန်တော်တို့သည် တူညီသော ရည်ရွယ်ချက်ရှိပြီး၊ ယုံကြည်ခြင်း သတင်းကောင်း ကွယ်ကာ ဟောပြောခြင်းငှါဒင်း၊ သမ္မာတရားကို အတူတကွ မြဲမြံစွာ စွဲကိုင်ခြင်းငှါဒင်း၊ အမှန်တရားအတွက် တိုက်ပွဲဝင်ခြင်းငှါဒင်း၊ စည်းလုံးညီညွတ်ခြင်း (ဖိ ၁း၂၇) ရှိကြရပါမည်။

"တညီတညွတ်တည်း ကြိုးစားအားထုတ်ကြသည်" ဟူသော ဂရိစကားလုံး၏ အနက်အဓိပ္ပါယ်သည် အဖွဲ့လိုက် ပြိုင်ပွဲဝင်လျက် ကြိုးစားအားထုတ်သော အားကစားသမားများကို ရည်ညွှန်းပါသည်။ သူတို့သည် အဖွဲ့လိုက် လေ့ကျင့်၍ အချင်းချင်းနားလည်မှုတည်ဆောက်လျက်၊ အနိုင်ရရန် ဟူသော ရည်ရွယ်ချက် တခုသာ ရှိခဲ့ကြ၏။ သူတို့သည် အချင်းချင်းနားလည်၍ တဦးနှင့်တဦး အားသာချက် အားနည်းချက်ကို သိပြီး အချင်းချင်း ကူညီ အားဖြည့်ခဲ့ကြပါသည်။ သူတို့သည် မိမိတို့၏ကျရာ တာဝန်ကိုယ်စီကို ထမ်းရွက်၍ စည်းလုံးခြင်းရှိမှသာ အောင်မြင်မှု ရမည်ဖြစ်ပါသည်။ သို့သော်လည်း အသင်းသား တဦးဦးသည် မိမိ၏နာမည် ကျော်ကြားမှုကိုသာ ကြည့်၍သော်ဒင်း၊ အခြားအသင်း အောင်မြင်ခြင်းအတွက် ညစ်ပတ်ပါဝင်၍သော်ဒင်း ပြိုင်ပွဲဝင်ခဲ့လျှင် ထိုအသင်း အောင်မြင်မှု မရမည်မှာ သေချာလှပါသည်။ အသင်းသားတိုင်းသည် တခုတည်းသော ရည်ရွယ်ချက်ရှိပြီး အသင်းအတွက် အကောင်းဆုံး ကြိုးစားအားထုတ် ပေးဆပ်ကြရပါမည်။

ခရစ်ယာန်အသက်တာ၌လည်း ထိုသို့ဖြစ်ပါသည်။ အသင်းတော်သည် သတင်းကောင်း ယုံကြည်ခြင်းအတွက် တညီတညွတ် ကြိုးစားအားထုတ်ရပါမည်။ ကောင်းမွန်စွာ တိုက်ပွဲဝင်နိုင်ဖို့ရန် ကျွန်တော်တို့သည် တူညီသော ယုံကြည်ချက်၊ တူညီသော ရည်ရွယ်ချက်ရှိ၍ စစ်မှန်သော သတင်းကောင်း ဟောပြောခြင်းကို အဓိကထားလျက်၊ အပြစ်ကို ဖယ်ရှားကြရပါမည်။ ကျွန်ုပ်တို့ အကြား၌ သတင်းကောင်းအတွက် ကြိုးစားအားထုတ်လိုခြင်း မရှိသောသူ၊ မိမိကိုယ်ကျိုးကိုသာ ကြည့်သောသူ၊ မကောင်းသော ရည်ရွယ်ချက် ရှိသောသူ မပါဝင်ရပါ။ တညီတညွတ်တည်း ကြိုးစားအားထုတ်ခြင်းဆိုသည်မှာ ခရစ်တော်အတွက်သာ အသက်ရှင်လိုသော စိတ်သဘောထား တခုတည်းရှိလျက် ကျွန်တော်တို့ စည်းလုံးမှုရှိခြင်းပင်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - အသင်းတော်သည် ဧဝံဂေလိယုံကြည်ခြင်းအတွက် ကြိုးစားအားထုတ်ခြင်း မပြုလျှင် အဘယ်အရာအတွက် ကြိုးစားအားထုတ်မည်နည်း။

**ဆုတောင်းချက်**- အဖဘုရား၊ အသင်းတော်၌ မိမိ၏တာဝန်ကျေပွန်ခြင်းငှါ ကျွန်ုပ်ကို မစတော်မူပါ။

# ကြောက်စရာကောင်းသော ရန်သူများ

ပေတရုက ကျွန်တော်တို့ကို ဤသို့ သတိပေးခဲ့ပါသည် - “သမ္မာသတိရှိလျက် မအိပ်ဘဲ စောင့်နေကြလော့။ သင်တို့၏ရန်သူတည်းဟူသော မာရ်နတ်သည်၊ ဟောက်သော ခြင်္သေ့ကဲ့သို့ အဘယ်သူကို မျိုရမည်နည်းဟူ၍ လှည့်လည်ရှာဖွေလျက်ရှိ၏” (၁ ပေ ၅း၈)။ ခြင်္သေ့သည် သားကောင်ကို ကိုက်စားဖို့ရန် စောင့်ကြည့်နေသကဲ့သို့ စာတန်သည် ဘုရားသခင် အတွက်သက်သေခံနေသော သစ္စာရှိသော ခရစ်ယာန်တို့ကို စောင့်ကြည့်ရှာဖွေလျက်ရှိပါသည်။ ကြောက်စရာကောင်း လှပါသည်။ သို့သော်လည်း ဝိညာဉ်အရေး၌ ဤအရာသည် ကျွန်တော်တို့ကြုံတွေ့ရသော အမှန်တရားဖြစ်ပါသည်။ ဝိညာဉ်စစ်ပွဲသည် အစဉ်ဖြစ်ပွားလျက်ရှိပါသည်။ ခရစ်ယာန်တို့သည် ဘုရားသခင်၏အမှုတော်ကို ဆောင်ရွက်၍ သူတပါးကို ခရစ်တော်ထံ ခေါ်ဆောင်နေသရွေ့ စာတန်နှင့်သူ့တပည့် နတ်ဆိုးတို့သည် ဘယ်တော့မှ အနားယူကြမည် မဟုတ်ပါ။

ညှင်းပန်းနှိပ်စက်ခြင်းသည် ကနဦး အသင်းတော် (နှင့်ခရစ်ယာန်သမိုင်းတလျှောက်) ကြုံတွေ့ရသော ပြဿနာတခုဖြစ်ပါသည်။ ခရစ်တော်ကို မုန်းတီးသောသူတို့ကြောင့် နှိပ်စက်ခြင်း ပေါ်ပေါက်ခြင်းဖြစ်ပါသည်။ ထိုဆန့်ကျင်သောသူတို့က သစ္စာရှိသော ယုံကြည်သူတို့ကို ပြဿနာရှာကြခြင်းဖြစ်ပါသည်။ ထို့ကြောင့် ခရစ်ယာန်အသိုင်းအဝန်း၌ ကြောက်ရွံ့ခြင်းရှိခဲ့ပါသည်။

ဤရန်သူများကြောင့် ကြောက်လန့်ခြင်း မရှိကြရန် ပေါလုက ဖိလိပ္ပိလူတို့ကို တိုက်တွန်းခဲ့ပါသည်။ ဤအခက်အခဲသည် တမန် ၁၆ ထဲတွင်တွေ့ရသော၊ ဖိလိပ္ပိမြို့၌ ပေါလုကိုယ်တိုင်ကြုံတွေ့ခဲ့သည့်ပြဿနာ ပင်ဖြစ်ပါသည်။ ပေါလုက ဤဆန့်ကျင်သူတို့ပြုသော ပြဿနာက သူတို့ကိုယ်တိုင်သည် ပျက်စီးခြင်း၏သားများဖြစ်ကြောင်း သက်သေပြရာရောက်သည်ဟု ရှင်းပြခဲ့ပါသည်။ မိမိအား နာကျင်စေခဲ့သော နှိပ်စက်သောသူတို့ပြုသည့်အမှုသည် သူတို့၏အပြစ်နှင့် ကြုံတွေ့မည့် စီရင်ခြင်း နိမိတ်လက္ခဏာ (ဖိ ၁း၂၈) ဖြစ်သည်ဟု ပေါလုဆိုခဲ့ပါသည်။ ဤနှိပ်စက်ခြင်း အမှုပြုကြခြင်းဖြင့် သူတို့သည် မိမိ၏အပြစ်ကို သူတပါးထံဖော်ပြကြသည်ဖြစ်၍၊ တနေ့တွင် ပျက်စီးခြင်းသို့ ရောက်မည်အကြောင်းထင်ရှားစေကြ၏။

ထို့ကြောင့်၊ ကားတိုင်တော်၏ရန်သူတို့ကို ကြောက်စရာ မလိုပါ။ ဘုရားသခင်က သူတို့ကို အမှန်တကယ် ပြစ်ဒဏ်ချမှတ်တော်မူလိမ့်မည်။ ဘယ်အချိန်၌ တရားစီရင်မည်ကို ကျွန်တော်တို့ မသိသော်လည်း၊ သူတို့နှင့်ထိုက်တန်သော ပြစ်ဒဏ်ကို ဘုရားသခင် ခံစေတော်မူမည်ဖြစ်ပါသည်။ သူတို့ကို ကြောက်ရွံ့မည့်အစား၊ သူတို့ကို ကျွန်တော်တို့ ပိုသနားသင့်ပါ၏။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းကြောင့် ကျွန်ုပ်တို့ကို ညှင်းပန်းနှိပ်စက်သောသူတို့ထံ ကျွန်တော်တို့သည် သတင်းကောင်း ဟောပြောသင့်ပါသည်။

**ဆင်ခြင်ရန်** - မည်သို့သော နှိပ်စက်ခြင်းကို ကျွန်တော် ကြုံတွေ့ရပါသနည်း။
**ဆုတောင်းချက်**- အဖဘုရား၊ ကျွန်ုပ်ကို နှိပ်စက်သောသူတို့ထံ သတင်းကောင်း ဟောပြောခြင်းငှါ ရဲရင့်ခြင်း ခွန်အား ပေးသနားတော်မူပါ။

တနင်္လာ၊ ဧပြီ (၂၄)
**ဖိ ၁း၂၈-၃၀**
၁ ပေ ၄း၁၂-၁၃

*"ခရစ်တော်ကို ယုံကြည်ခြင်း အခွင့်မှတပါး၊*
*ခရစ်တော်အတွက်ကြောင့် ဆင်းရဲခံရခြင်းအခွင့်"*

# ကယ်တင်ခြင်း၏သက်သေလက္ခဏာ

ဖြောင့်မတ်ခြင်းတရားကြောင့် ယုံကြည်သူ ဒုက္ခဆင်းရဲခံရခြင်းကို "ကယ်တင်ခြင်း၏နိမိတ်လက္ခဏာဖြစ်၏" (ဖိ ၁း၂၈) ဟုဖော်ပြထားပါသည်။ ဆိုလိုသည်မှာ၊ ကျွန်တော်တို့သည် ညှင်းပန်းနှိပ်စက်ခြင်းခံရသောအခါ၊ ကျွန်တော်တို့သည် စစ်မှန်သော ယုံကြည်သူဖြစ်ကြောင်း သက်သေပြရာရောက်၏။ အကြောင်းမှာ၊ ယေရှုအတွက် အခက်အခဲခံထိုက်သောသူအဖြစ် ကျွန်တော်တို့ကို ဘုရားသခင် သတ်မှတ်တော်မူခြင်းဖြစ်ပါသည်။ ဤဆင်းရဲဒုက္ခသည် ဘုရားသခင်ထံမှလာသော၊ ယုံကြည်သူတို့ထံ ပေးတော်မူသော ကျေးဇူးတော်ဆုကျေးဇူး ပင်ဖြစ်ပါသည်။

ဒုက္ခဆင်းရဲသည် ဆုကျေးဇူးဖြစ်ပါသည်။ ဤတရားကို လက်ခံဖို့ခက်ခဲပါသည်။ သို့သော်လည်း သမ္မာကျမ်းစာ၏သွန်သင်ချက်ဖြစ်ပါသည်။ ဖြောင့်မတ်စွာနှင့်ဘုရားသခင်ကြောက်ရွံ့ခြင်းဖြင့် နေထိုင်ကျင့်ကြံသောသူအပေါင်းတို့သည် ညှင်းပန်းနှိပ်စက်ခြင်းကို ခံရကြမည် (၂ တိ ၃း၁၂၊ ၁ ပေ ၄း၁၂-၁၃)။ အဘယ့်ကြောင့်နည်း။ ကျွန်ုပ်တို့အတွက် ယေရှုကိုယ်တိုင် ဆင်းရဲဒုက္ခ ခံခဲ့ပါသည်။ သူ့တပည့်ဖြစ်သော ကျွန်တော်တို့သည် အခက်အခဲ မကြုံဘဲနေခြင်းငှါ မျှော်လင့်သင့်ပါသလား။ ကျွန်တော်တို့သည် အခက်အခဲနှင့်နှိပ်စက်ခြင်း ကြုံတွေ့ရသောအခါ၊ ထိုအရာက ကျွန်တော်တို့သည် ဝိညာဉ်စစ်ပွဲ၌ ရှေ့ဆုံးမှပါဝင်ကြသောကြောင့် စာတန်၏တိုက်ခိုက်ခြင်းခံရခြင်း ဖြစ်ကြောင်း သက်သေပြသည်ဖြစ်၍ စိတ်သက်သာခြင်းကို ပေးပါ၏။ ကျွန်တော်တို့သည် ဘုရားသခင်အတွက် အကျိုးရှိကြောင်း သက်သေလည်းဖြစ်ပါသည်။

ပေါလုကိုယ်တိုင်ကလည်း များစွာသောအခက်အခဲကို ကြုံတွေ့ခဲ့ဖြစ်၍ ယုံကြည်သူတို့အား ထိုသို့သော အခက်အခဲကြုံရသောအခါ၊ ကြောက်ရွံ့တုန်လှုပ်ခြင်း မရှိမည်အကြောင်း၊ ထိုအရာသည် သူတို့၏ကောင်းကျိုးအတွက်ဖြစ်ကြောင်း နှိမ့်သိမ့်ခဲ့ပါသည်။ အရေးကြီးသော အချက်ဟူမူကား၊ သူတို့သည် ဘုရားသခင်ဘက်၌အမြဲရပ်တည်လျက် ကောင်းသောအကျင့် ကျင့်ဖို့ပင်ဖြစ်ပါသည်။

ယခုခေတ် လူနေမှုအခြေအနေကိုကြည့်လျှင် ခရစ်ယာန်ယုံကြည်ချက်တို့ကို တဖြည်းဖြည်း မုန်းတီးခြင်းရှိသော ခေတ်ကာလဖြစ်ကြောင်း မြင်တွေ့ရလိမ့်မည်။ မှန်သောတရားအတွက် ကျွန်တော်တို့ ရပ်တည်လျှင် လောကီလူသားတို့၏မုန်းတီးခြင်းနှင့် မထီမဲ့မြင်ပြုခြင်းကို ခံရကြလိမ့်မည်။

ဘုရားတရားမဲ့သော ပတ်ဝန်းကျင်၌ နေထိုင် ကြီးပြင်းကြရသော ကျွန်ုပ်တို့၏သားသမီးတို့အတွက် ကျွန်တော်တို့ ကြောက်ရွံ့စိုးရိမ်ခြင်းရှိပါသလား။ ထိုကြောက်ရွံ့ခြင်းက ကျွန်ုပ်တို့၏ ဘုရားသခင်အတွက် သက်သေခံခြင်းကို ဆီးတားပါသလား။ ကြုံတွေ့ရသော အခက်အခဲသည် ဘုရားသခင်အတွက် ကျွန်တော်တို့ တိုက်ပွဲဝင်နေကြကြောင်း ဖော်ပြသော သက်သေဖြစ်သည် ကို သိလျက် နှိမ့်သိမ့်ခြင်းရှိပါလော့။ ကြုံတွေ့သောအခက်အခဲ အကြား၌ ဘုရားသခင်ကို ယုံကြည်ကိုးစားလျက်၊ အမှုတော်အတွက် ရဲရင့်ခြင်းရှိခြင်းငှါ ဆုတောင်းကြပါစို့။

**ဆင်ခြင်ရန်** - သစ္စာရှိသော ခရစ်ယာန် ဖြစ်လျက်၊ ဆင်းရဲဒုက္ခ မကြုံတွေ့ဘဲ ရှိနိုင်ပါသလား။
**ဆုတောင်းချက်**- အဖဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တရားတော်၌ စိတ်ချ ငြိမ်သက်ခြင်း တွေ့ရသောကြောင့် ကျေးဇူးတင်ပါ၏။

# ခရစ်ယာန်အသက်တာ၏မင်္ဂလာ (၁)

ပေါလုသည် ဖိလိပ္ပိလူတို့အား "တပါးတည်းသော စိတ်ဝိညာဉ်၌တည်၍၊ ဧဝံဂေလိတရားနှင့်ဆိုင်သောယုံကြည်ခြင်းအဖို့ အလို့ငှါ တညီတညွတ်တည်း ကြိုးစားအားထုတ်ကြ" (ဖိ ၁း၂၇) ဟု စည်းလုံးခြင်းရှိဖို့ရန် တိုက်တွန်းချက်ကို ဆက်လက်ဖော်ပြခဲ့ပါသည်။ ပေါလုသည် ထောင်ထဲ၌ ရှိသော်လည်း၊ သူတို့သည် မတူကွဲပြားခြင်းတို့ကို ဘေးဖယ်၍ "အချင်းချင်း ချစ်ကြ၍၊ စိတ်မကွဲပြားဘဲ တလုံးတဝတည်း ကြံစည်ခြင်းနှင့်တကွ၊ သဘောတညီတညွတ်တည်း ရှိ" (ဖိ ၂း၂) လျှင် ဝမ်းမြောက်ခြင်းရှိခဲ့ပါသည်။ ထိုသို့ စည်းလုံးခြင်းရှိရန် တိုက်တွန်းသောအခါ၊ ပေါလုသည် ခရစ်ယာန်တို့ တူညီကြုံတွေ့ရသော အရာပေါ်၌အခြေခံပြီး တိုက်တွန်းခြင်းဖြစ်ပါသည်။ ထိုသို့ သူတို့အပေါင်းသည် ဘုရားသခင်၏များစွာသော ကောင်းကြီးမင်္ဂလာ ခံစားကြလျှင် မိမိအတွက် မဟုတ်ဘဲ၊ ခရစ်တော်အတွက် အသက်ရှင်ကြပါလိမ့်မည်။

ထို့နောက် ပေါလုသည် စည်းလုံးခြင်းရှိရန် မိမိတိုက်တွန်းခြင်း၏အခြေခံတရား ဖြစ်သော ခရစ်ယာန်တို့ခံစားကြုံတွေ့ရသောအချက် လေးချက်ကို ဖော်ပြခဲ့ပါသည်။ "ရှိခဲ့လျှင်" ဟူသော ဂရိစကားလုံးသည် မသေချာသောအရာ မဟုတ်ဘဲ၊ သေချာသောအရာကို ဖော်ပြလျက်ရှိပါသည်။ "ရှိသောကြောင့်" ဟူသည့် အနက် ရှိပါ၏။

<u>သင်တို့သည် ခရစ်တော်၌သက်သာခြင်း ရှိသောကြောင့်၊</u> "သက်သာခြင်း" (ဖိ ၂း၁) ဆိုသည်မှာ "အတူရှိလျက် နှိမ့်သိမ့်ခွန်အားပေးခြင်း" ဖြစ်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်၏ နာမတော်ဖြစ်သော၊ နှိမ့်သိမ့်သောသူ ဟူသော စကားလုံးနှင့်တူပါ၏ (ယော ၁၄း၂၆၊ ၁၅း၂၆၊ ၁၆း၇)။ ဤသည်ကား ခရစ်ယာန်တိုင်း ကြုံတွေ့ခံစားရသော အရာဖြစ်ပါသည်။ ခရစ်တော်သည် ကျွန်ုပ်တို့ကို အားပေး တိုက်တွန်းတော်မူ၏၊ ကျွန်ုပ်တို့၏အသက်တာ ဘဝခရီး၌ အတူပါရှိလျက် မစတော်မူ၏။ မစတော်မူခြင်း လိုအပ်သော အချိန်တိုင်း၌ ယေရှုသည် အစဉ်ရှိတော်မူပြီး ကျွန်ုပ်တို့ကို လမ်းပြ အားပေးတော်မူလျက်ရှိပါသည်။

<u>သင်တို့သည် နှုတ်ကပတ်တော်အားဖြင့် ချစ်ခြင်းမေတ္တာ၏ချမ်းသာခြင်းကို ခံရသောကြောင့်၊</u> ဤ "ချမ်းသာခြင်း" ဟူသော စကားလုံးသည် အထက်က "သက်သာခြင်း" နှင့် အနည်းငယ်ခြားနားခြင်းရှိ၏။ ဤ ချမ်းသာစေခြင်းသည် နှုတ်စကားအားဖြင့် ခွန်အားပေးခြင်းကို ဆိုလိုပါသည်။ ထို့ကြောင့် ကောင်းကင်ဘုံ၌ရှိတော်အမူသော အဘက ကျွန်ုပ်တို့အား နှုတ်ကပတ်တော် ပေးသနားတော်မူခြင်းဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏နှုတ်ကပတ်တော်သည် အမှောင်မိုက်ဆုံးသော အချိန်၌ပင် ကျွန်တော်တို့ကို စိတ်ချမ်းသာခြင်း ပေးတော်မူနိုင်၏။

**ဆုတောင်းချက်**- အဖဘုရား၊ ကောင်းကင်ဘုံနှင့်ဆိုင်သောအရာတို့၌ ခပ်သိမ်းသောမေ့မင်္ဂလာတို့ကို ခရစ်တော် အားဖြင့် ပေးသနားတော်မူသောကြောင့် ကျေးဇူးတင်ပါ၏။

*“ဝိညာဉ်တော်နှင့်မိသာဟာယဖွဲ့ခြင်း၊ သနားစုံမက်ခြင်း တည်းဟူသောအရာ တစုံတခုရှိလျှင်”*

# ခရစ်ယာန်အသက်တာ၏မင်္ဂလာ (၂)

ဖိ ၂း၁ ၏ဒုတိယပိုင်းတွင်၊ အခြားမင်္ဂလာ နှစ်ပါးကို ပေါ်လုဖော်ပြခဲ့ပါသည်။

သင်တို့သည် ဝိညာဉ်တော်နှင့် မိသာဟာယဖွဲ့ခြင်း ခံရသောကြောင့်၊ ကျွန်တော်တို့ ပြောင်းလဲသောအချိန်၌ ယုံကြည်သူတိုင်းသည် သန့်ရှင်းသောဝိညာဉ်တော် ကိန်းဝပ်တော်မူခြင်း ဆုကျေးဇူးကို ခံရကြပါသည်။ ဤသည်ကား ကျွန်ုပ်တို့နှင့်အတူ ဘုရားသခင်ပါရှိတော်မူခြင်းဖြစ်၍ ထိုဘုရားသည် ကျွန်ုပ်တို့၌ အမှုပြုတော်မူ၏။ ထိုဘုရားသခင်၌ ကျွန်တော်တို့၏အသက်တာကို လမ်းပြ ဦးဆောင်ခြင်းငှါ “သန့်ရှင်းသောဝိညာဉ်တော်၏မိသာဟာယဖွဲ့ခြင်း” (၁ ကော ၁၃း၁၄) ကိုခံရကြပါသည်။ ဤလောက၌ကျွန်တော်တို့သည် အထီးမကျန်၊ ခြေလှမ်းတိုင်း၌ ပဲ့ပြင်ဦးဆောင်ဖို့ရန် ကျွန်တော်တို့နှင့်သန့်ရှင်းသောဝိညာဉ်တော်ဘုရား အတူပါရှိတော်မူကြောင်း သိခြင်းသည် အလွန် စိတ်သက်သာစရာကောင်းသော မင်္ဂလာတပါးဖြစ်ပါသည်။ ထိုဝိညာဉ်တော်သည် ကျွန်ုပ်တို့အား ဝိညာဉ်အရာတို့ကို သိနားလည်ဖို့ရန် မစတော်မူ၏၊ ခရစ်တော်အားဖြင့် သားအရာ၌ ခန့်အပ်ခံရခြင်းကို သိမှတ်စေ၏၊ ကျွန်ုပ်တို့အပြစ်ကို ဖော်ပြတော်မူ၏၊ သမ္မာတရားလမ်းသို့ ပို့ဆောင်တော်မူ၏၊ ဘုရားသခင်ထံ ချဉ်းကပ်စေတော်မူ၏။

သင်တို့သည် သနားစုံမက်ခြင်းကို ခံရသောကြောင့်၊ “စုံမက်ခြင်း” (ဖိ ၂း၁) သည် စိတ်ခံစားမှု အရင်းအမြစ်ဟုသတ်မှတ်ထားပါသည်။ စိတ်နှလုံးဟုလည်း သိထားကြပါသည်။ ထိုစကားလုံးကို သနားခြင်းနှင့်တွဲသုံးသောအခါ၊ သူတပါးအပေါ် ထားရှိသော စိတ်နှလုံးထဲမှသနားကျင်နာခြင်းနှင့် ဂရုစိုက်ခြင်းကို ဆိုလိုပါသည်။ ကျွန်တော်တို့သည် ဤသနားစုံမက်ခြင်းကို ဘုရားသခင်ထံမှ များစွာ ခံစားရကြပြီး၊ ထိုသို့အားဖြင့် ကယ်တင်ခြင်းကိုလည်း ခံရကြ၏။ ထို့ကြောင့် ထိုသနားကျင်နာခြင်းကို ကျွန်တော်တို့သည်လည်း သူတပါးထံ ဖော်ပြရပါမည်။ ထို့ကြောင့်သင်တို့သည် ဘုရားသခင်ရွေးကောက်သောသူ၊ သန့်ရှင်းသောသူ၊ ချစ်အပ်သောသူကဲ့သို့ သနားစုံမက်ခြင်း၊ ကျေးဇူးပြုခြင်း၊ စိတ်နှိမ့်ချခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ စိတ်ရှည်ခြင်းတို့ကို ယူတင်ဝတ်ဆောင်ကြလော့” (ကောလော ၃း၁၂)။

ထို ဘုရားသခင်၏မြတ်သော ကောင်းကြီးမင်္ဂလာတို့ကို သင်ခံစားရပြီးပြီလား။ သင်သည် အမှန်ကယ်တင်ခြင်းရ၍ ကယ်တင်ခြင်း အသီးတို့ကို ယခု သင်ခံစားနေရပါသလား။ အမှန်မှာ၊ ကျွန်တော်တို့ မထိုက်တန်သော ကောင်းကြီးမင်္ဂလာများစွာကို ဘုရားသခင်က ပေးသနားတော်မူ၏။ ထိုကောင်းကြီးမင်္ဂလာကို သူတပါးထံ သင် မဝေငှဘဲ နေမည်လော။ ခရစ်တော်အတွက် အသက်မရှင်ဘဲ သင်နေမည်လော။

**ဆင်ခြင်ရန်** - “ထာဝရဘုရားသည် ငါတို့ အဘို့ ကြီးသောအမှုကို ပြုတော်မူပြီ။ ငါတို့သည်လည်း ဝမ်းမြောက်လျက်နေကြပြီ” (ဆာလံ ၁၂၆း၃)။

**ဆုတောင်းချက်**- ကိုယ်တော်ပေးသနားတော်မူသော ကြီးမြတ်သည့်ကောင်းကြီးမင်္ဂလာတို့ကို သိမှတ်လျက်၊ ကိုယ်တော်အတွက် ကျွန်ုပ်၏အသက်တာကို အသက်ရှင်သော ယဇ်ကောင် အဖြစ် ဆက်ကပ်ခြင်းငှါ မစတော်မူပါ။

*“သဘောတညီတညွတ်တည်း ရှိသောအားဖြင့်၊ ငါ၀မ်းမြောက်စရာ အကြောင်းကို စုံလင်စေကြလော့”*

# စိတ်သဘောတညီတညွတ်တည်းရှိခြင်း

စိတ်သဘောတညီတညွတ်တည်းရှိခြင်းဆိုသည်မှာ အတွေးအမြင်တူညီခြင်းကို ဆိုလိုပါသည်။ စိတ်သည် တွေးတောဆင်ခြင်မှုကို ပြု၍ လိုအင်ဆန္ဒနှင့်သဘောထားကိုဖြစ်ပေါ်စေပါသည်။ ကျွန်တော်တို့အားလုံးသည် မည်သို့ စိတ်သဘောတူညီခြင်းရှိနိုင်မည်နည်း။

ခရစ်ယာန်ဖြစ်သော ကျွန်တော်တို့၏ဆင်ခြင်တွေးတောမှုသည် သန့်ရှင်းသသော ဝိညာဉ်တော်ပြုသောအမှု အားဖြင့်၊ ဘုရားသခင်နှုတ်ကပတ်တရားတော်၏ လမ်းပြစောင့်ရှောက်ခြင်းကို ခံရပါသည်။ စိတ်သဘောညီညွတ်ခြင်းဆိုသည်မှာ အချိန်တိုင်း တူညီသော အရာတွေးတောခြင်း၊ လိုချင်သောအရာနှင့်မလိုချင်သောအရာ အမြဲတမ်း တသွယ်မတိမ်း တူညီရမည်ဟု မဆိုလိုပါ။ တူညီသော ဥပဒေသနှင့်ရည်ရွယ်ချက် ရှိခြင်းပင်ဖြစ်ပါသည်။ ခရစ်ယာန်ဖြစ်သော ကျွန်တော်တို့သည် ကျမ်းစာကို ပုံမှန်လေ့လာပြီး၊ ထိုဘုရားသခင်၏နှုတ်ကပတ်တရားက ကျွန်ုပ်တို့၏စိတ်နှလုံးကို အုပ်စိုးသောအခါ၊ ကျွန်တော်တို့၏စိတ်သဘောထား အသစ်ပြောင်းလဲစေခြင်းအားဖြင့် စိတ်သဘောတညီတညွတ်တည်းရှိခြင်း အလိုလိုဖြစ်လာပါသည်။ ထိုသို့ဖြင့် ဘုရားတရား၌ ကျွန်တော်တို့သည် ကြီးထွားခြင်းရှိ၍ အပြုအမူနှင့် စိတ်သဘောထား၌ ခရစ်တော်နှင့် ပို၍ပို၍ တူလာခြင်းရှိ၏။

များစွာသော ခရစ်ယာန်တို့၏ပြဿနာမှာ ခရစ်ယာန်ဖြစ်ပြီးနောက်၌လည်း အရင်လူဟောင်း၏အတွေးအခေါ်နှင့်အမူအကျင့်များ ဆက်လက်စွဲကိုင်ကြခြင်းဖြစ်ပါသည်။ အချို့သည် ခရစ်ယာန်ဟု မိမိကိုယ်ကို ဆိုကြသော်လည်း၊ လောကီလူများကဲ့သို့ ဆင်ခြင်တွေးတောကြပါသည်။ အချို့သည် ဆင်ခြင်တုံ တရားမရှိဘဲ၊ စိတ်ခံစားမှုနောက်သို့လိုက်ကြ၏။ သူတို့သည် ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကို မလေ့လာကြဘဲ၊ စိတ်ခံစားမှု၏ဆုံးဖြတ်ချက် အတိုင်းနေထိုင်ကြပါသည်။ လေ့လာသင်ကြားခြင်းအမှု အလုံးစုံပြုပြီဟု ခံယူသောသူရှိသေး၏။ ပြုပြင်ပြောင်းလဲစရာမရှိ၊ မလို ဟုမိမိကိုယ်ကို ထင်သောသူများလည်း ရှိပါသည်။ ထိုစိတ်သဘောထားတို့သည် စစ်မှန်သော စည်းလုံးခြင်းအတွက် အဆီးအတားဖြစ်ကြပါသည်။

စိတ်သဘောတညီတညွတ်တည်းရှိသောသူတို့မှာ ဘုရားသခင်နှင့်နှုတ်ကပတ်တော်ကို ချစ်ခင်နှစ်သက်ခြင်းရှိ၍ ဘုရားသခင်အတွက် ကြိုးစားအားထုတ်ကြသော ညီအစ်ကိုတို့ပင်ဖြစ်ပါသည်။ တခါတရံ မတူညီသော အတွေးအမြင် ရှိနိုင်သောလည်း၊ ဘုရားသခင်၏နှုတ်ကပတ်တရားတော်သို့ နှိမ့်ချသောစိတ်ဖြင့် ဆက်ကပ်ကြခြင်းနှင့် သန့်ရှင်းသော ဝိညာဉ်တော်၏လမ်းပြုပြင်တော်မူခြင်းအားဖြင့်၊ ထိုဝိညာဉ်တော်က ကျွန်တော်တို့ကို “သမ္မာတရား အကြွင်းမဲ့သွန်သင်ပြသလိမ့်မည်” (ယော ၁၆း၁၃) ဖြစ်ပါသည်။ ဝိညာဉ်တော်၏လမ်းပြမှုကို ဆန့်ကျင်လျက် မိမိ၏အလိုဆန္ဒနောက်လိုက်သောအခါ၊ စည်းလုံးခြင်း မရှိနိုင်ပါ။ ဘုရားသခင်နှုတ်ကပတ်တော်၏ လမ်းပြမှုနှင့်သွန်သင်မှုကို မလိုက်လျှောက်၊ မသင်ယူဘဲနေသောအခါ၊ စိတ်သဘောထား မတူညီနိုင်ပါ။

**ဆင်ခြင်ရန်** - သဘောတညီတညွတ်တည်း မရှိဘဲ စည်းလုံးခြင်းရှိနိုင်ပါမည်လော။

**ဆုတောင်းချက်**- အကျွန်ုပ်သည် ကိုယ်တော်၏နှုတ်ကပတ်တော်ကို နှိမ့်ချသောစိတ်နှင့်နာခံလိုက်လျှောက်လိုပါ၏။

# စိတ်သဘောတညီတညွတ်တည်းရှိခြင်း၌ လိုအပ်သောအချက်များ (၁)

စိတ်သဘောတညီတညွတ်လည်းရှိခြင်းသည် အလွန်ခက်ခဲသောအမှုဖြစ်ပါသည်။ ကျွန်ုပ်တော်တို့အားလုံးသည် မတူညီသောအသိုင်းအဝန်းမှလာကြပြီး၊ မတူညီသော အကျင့်နှင့်အတတ်ပညာများရှိကြ၏။ သို့သော်လည်း၊ ကျမ်းစာက သဘောတညီတညွတ်တည်းရှိရန် တိုက်တွန်းသောကြောင့် မဖြစ်နိုင်သောအရာ မဟုတ်ကြောင်းထင်ရှားပါသည်။

ဖိ ၂း၂ ၏ဒုတိယပိုင်းတွင် ပေါလုက စိတ်သဘောတညီတညွတ်တည်းရှိခြင်းနှင့်ဆက်နွယ်နေသော အရာများကို ဖော်ပြခဲ့ပါသည်။

ပထမအချက်သည်၊ ကျွန်ုပ်တော်တို့၌ ဘုရားသခင်နှင့်ဆိုင်သော ကိုယ်ကျိုးမဲ့ စတေးခြင်းအချစ်ရှိရပါမည်။ ဤချစ်ခြင်းသည် ဘုရားသခင်၏နှုတ်ကပတ်တော်၌တွေ့ရသော အချစ်ဖြစ်ပါသည်။ ခရစ်ယာန်တိုင်းသည် ဘုရားသခင်ကို ချစ်ဖို့ရန်နှင့် အချင်းချင်းချစ်ဖို့ရန် ဖြစ်ပါသည်။ မိမိကိုယ်ကို ချစ်သည်နည်းတူ သူတပါးကိုလည်း ချစ်ရပါမည်။ ကိုယ်နှင့်သက်ဆိုင်သောသူ၏ ဝိညာဉ်အရေးကို ကျွန်ုပ်တော်တို့ အထူးဂရုစိုက်ရပါမည်။ ကျွန်ုပ်တော်တို့သည် ချစ်ခြင်းမေတ္တာရှိလျက် အချင်းချင်း၏အမှုကိုဆောင်ရွက်ကြရပါမည်။

ဤသို့သော ချစ်ခြင်းမေတ္တာ သင်၌ရှိပါသလား။ သင်နှင့်သက်ဆိုင်သောသူတို့၏ အားနည်းချက်တို့ကိုခွင့်လွှတ်နိုင်လောက်သော ချစ်ခြင်း သင်၌ရှိပါသလား။ စည်းလုံးခြင်းကို ဆီးတားသော မတူညီသော အတွေးအမြင်ကို ဖယ်ရှားလျက် အချင်းချင်းချစ်ခြင်း၌ သင်တို့ကြိုးစားမည်လော။ ဘုရားသခင်သည် မိမိ၏ရန်သူဖြစ်သော ကျွန်ုပ်တို့ကို တဖက်သတ်အချစ်နှင့် ချစ်တော်မူ၏။

ဤချစ်ခြင်းသည် အပြစ်ကို ဂရုမစိုက်ခြင်း မဟုတ်ပါ။ ချစ်ခြင်းမေတ္တာဖြင့် မှားသောသူကို ဆုံးမသွန်သင်လျက်၊ အမှားကို ဖော်ပြပြီး၊ ဘုရားသခင်ထံ ခေါ်ဆောင်ရမည်ဖြစ်ပါသည်။ ညီအစ်ကိုကြား၌ အမြင်မတူသော သွန်သင်ယုံကြည်ချက် ပေါ်ပေါက်လာလျှင် ချစ်ခြင်းမေတ္တာဖြင့် ထိုပြဿနာကို အတူတကွ ဖြေရှင်း၍ သမ္မာတရား၏ သွန်သင်ချက်ကို ပိုနားလည်သဘောပေါက်ဖို့ရန် ဆုတောင်းခြင်းဖြင့် နှုတ်ကပတ်တရားကို လေ့လာပြီး သန့်ရှင်းသောဝိညာဉ်တော်၏လမ်းပြမှုကို ကြိုးစားရှာကြရပါမည်။ သို့မှသာ ကျွန်ုပ်တော်တို့ စိတ်သဘောတညီတညွတ်တည်း ရှိနိုင်မည်ဖြစ်ပါသည်။ အကြောင်းမှာ၊ ကျွန်ုပ်တော်တို့သည် ဘုရားသခင်ကို အတူတကွ ချစ်ကြပြီး၊ သမ္မာတရားကို အတူတကွ နှစ်သက် သိလိုခြင်းရှိကြသောကြောင့်တည်း။

**ဆင်ခြင်ရန်** - "မုန်းသောစိတ်သည် ရန်တွေ့ရာသို့ တိုက်တွန်းတတ်၏။ ချစ်သောစိတ်မူကား၊ ခပ်သိမ်းသော အပြစ်တို့ကို ဖုံးအုပ် တတ်၏" (သု ၁၀း၁၂)။

**ဆုတောင်းချက်**- အဖဘုရား၊ အကျွန်ုပ်ကို ချစ်သည်နည်းတူ သူတပါးကို ကျွန်တော် ချစ်မည်အကြောင်း မစတော်မူပါ။

*"စိတ်မကွဲပြားဘဲ တလုံးတဝတည်း ကြံစည်ခြင်းနှင့် တကွ၊ သဘောတညီတညွတ်တည်း ရှိသောအားဖြင့်"*

# စိတ်သဘောတညီတညွတ်တည်းရှိခြင်း၌ လိုအပ်သောအချက်များ (၂)

ထိုချစ်ခြင်းမေတ္တာအပြင်၊ အချင်းချင်း စိတ်သဘောတညီတညွတ်တည်းရှိဖို့ရန် ကျွန်တော်တို့၌ ရှိဖို့လိုအပ်သောအရာ နှစ်ခုရှိသေး၏။

စိတ်မကွဲပြားဘဲ နေခြင်း၊ ဤသည်ကား တူညီသော စိတ်သဘော၊ တူညီသောရည်ရွယ်ချက်ရှိခြင်းပင်ဖြစ်ပါသည်။ စိတ်သဘောထား အချင်းချင်း ရင်းနှီးစွာ ဆက်နွယ်မှု ရှိသော စည်းလုံးခြင်းကို ပုံဆောင်ထားပါသည်။ ဝိညာဉ်အရေး၌ထိုသို့သောစည်းလုံးမှု၊ တူညီသော စိတ်ဆန္ဒ၊ တူညီသော စိတ်သဘောထား ကျွန်တော်တို့၌ ရှိရပါမည်။ ကျွန်တော်တို့သည် သတင်းကောင်းကျယ်ပြန့်စွာပျံ့နှံ့ခြင်း၊ ဘုရားသခင်၏နာမတော်နှင့်ဘုန်းတော်ထင်ရှားခြင်းကို လိုချင် နှစ်သက်သောသူဖြစ်ကြရပါမည်။ မိမိကိုယ်ကျိုးကိုသာ ကြည့်သောသူသည် အသင်းတော်၌ စိတ်ဝမ်း ကွဲမှုကို ဖြစ်ပေါ်စေသောသူဖြစ်၏။ အခြားသူအပေါင်းတို့သည် တူညီသော ဦးတည်ချက်ရှိကြပြီး၊ သူတဦးသာလျှင် မိမိလိုအင်ဆန္ဒနောက်သို့လိုက်ခဲ့ပါသည်။ ထိုအခါ စိတ်ဝမ်းကွဲမှုနှင့်ပြဿနာ ပေါ်ပေါက်လာပါသည်။

တလုံးတဝတည်း ကြံစည်ခြင်း၊ စိတ်သဘော ညီညွတ်ခြင်း ဟူသော စကားလုံးနှင့်တူသော၊ တလုံးတဝတည်း ကြံစည်ခြင်းသည် အလွန်အရေးကြီးကြောင်း ပေါလု ထပ်၍ဖော်ပြခဲ့ပါသည်။ ခရစ်ယာန်၏စိတ်အကြံအစည်သည် ဘုရားသခင်၏နှုတ်ကပတ်တော်က အုပ်စိုးရပါမည်။ ကျွန်ုပ်တို့၏နှလုံးသည် သမ္မာတရားနှင့်ပြည့်ဝလျှင် ထိုတရားက ကျွန်ုပ်တို့၏အတွေးကို သန့်ရှင်းစေလျက်၊ ကျွန်တော်တို့ပြုသောအမှုကိုလည်း ပြုစုစောင့်ရှောက်၍ သန့်ရှင်းစေလိမ့်မည်ဖြစ်ပါသည်။ ထိုသို့သော စိတ်သဘောသည် ဤလောကီအရာနှင့်မရောနှောသော၊ ဘုရားသခင်နှုတ်ကပတ်တော်၏ပြုပြင်ပြောင်းလဲစေခြင်းကို ခံရသော (ရောမ ၁၂း၂)၊ ကျွန်တော်တို့၌ရှိရမည့် စိတ်သဘောပင်ဖြစ်ပါသည်။

ကျွန်တော်တို့သည် တူညီသော ကယ်တင်ခြင်းကို ခံရကြပြီး၊ သန့်ရှင်းသော ဝိညာဉ်တော်နှင့် ဘုရားသခင်နှုတ်ကပတ်တော်၏ လမ်းပြစောင့်ရှောက်ခြင်းကို ခံရကြသောကြောင့်၊ ကျွန်ုပ်တို့၏ စိတ်သဘောသည် ဘုရားသခင်၏အလိုတော်နှင့် ကိုက်ညီမှုရှိရပါမည်။ ကျွန်ုပ်တို့၏ အကြံအစည်နှင့်ရည်ရွယ်ချက်သည် ခရစ်တော်၏ဘုန်းတော်ထင်ရှားဖို့ရန်သာ ဖြစ်ရပါမည်။ ထိုအရာက ကျွန်ုပ်တို့၏စိတ်နှလုံးကို လွှမ်းမိုးရပါမည်။ ကျွန်ုပ်၏အလို၊ အတွေးအခေါ် မဟုတ်တော့ဘဲ၊ ဘုရားသခင်နှစ်သက်သောအရာနှင့်အလိုတော်အတိုင်း ဖြစ်ရပါမည်။ ထိုသို့သော စိတ်သဘော ကျွန်တော်တို့အားလုံး၌ ရှိလျှင်၊ စစ်မှန်သော စည်းလုံးခြင်းနှင့် စိတ်သဘောတညီတညွတ်တည်းဖြင့် ရှေ့ဆက်လျှောက်လှမ်းနိုင်မည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ကျွန်တော်တို့သည် တူညီခြင်း၌ မဟုတ်ဘဲ၊ စည်းလုံးခြင်း၌ ကြိုးစားကြ၏။
**ဆုတောင်းချက်**- သခင်ဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တော်ဖြင့် ကျွန်ုပ်ကို သန့်ရှင်းစေတော်မူပါ၊ ကိုယ်တော်၏နှုတ်ကပတ်တော်သည် သမ္မာတရား ဖြစ်ပါသည်။

*"ရန်တွေ့လိုသော စိတ်၊ အချည်းနှီး ကျော်စော ကိတ္တိကို တပ်မက်သော စိတ်ရှိ၍ အဘယ်အမှု ကိုမျှ မပြုကြနှင့်"*

# မာနထောင်လွှားခြင်းပြဿနာ

မာနထောင်လွှားခြင်းကို လူတဦး၌နည်းအမျိုးမျိုးဖြင့်ပေါ်ပေါက်နိုင်ပါသည်။ ဤမာနထောင်လွှားခြင်းသည် ပြဿနာအမျိုးမျိုးနှင့် ရန်တွေ့ခြင်းများ၏အကြောင်းရင်းလည်းဖြစ်ပါသည်။ ကျွန်တော်တို့အားလုံးသည် အနည်းအများ မာနထောင်လွှားသောသူများဖြစ်ကြ၏။ ထို့ကြောင့် ပေါလုက ဖိလိပ္ပိလူတို့အား ခရစ်တော်၌စည်းလုံးဖို့ရန် တိုက်တွန်းသောအခါ၊ သူတို့၏မာနထောင်လွှားခြင်းကို ဘေးဖယ် လျက် နှိမ့်ချသောစိတ်ရှိကြရန် မိန့်တော်မူခဲ့ပါသည်။

"ရန်တွေ့ခြင်း" (ဖိ ၂း၃) ဟူသော စကားလုံးသည် "ရာထူးအတွက် မမှန်ကန်သောနည်းဖြင့် ကြိုးစားအားထုတ်မှု" ကိုဖော်ပြပါ၏။ ခေါင်းဆောင်ရာထူးအတွက် နိမ့်ကျသော၊ လူမဆန်သောနည်းကိုအသုံးပြုတတ်ကြသော၊ နိုင်ငံရေး နောက်ကွယ် လှုပ်ရှားမှု၌တွေ့ရလေ့ရှိသောအရာဖြစ်ပါသည်။ ဝမ်းနည်းစရာကောင်းသည်မှာ၊ အသင်းတော်၌လည်း "အချည်းနှီး ကျော်စောခြင်း" ဟူသော၊ လူ၏ချီးမွမ်းခြင်းနှင့်အသိအမှတ်ပြုခြင်း ကိုသာရှာသောတို့ကြောင့် ဤ "ရန်တွေ့လိုသောစိတ်" ကိုတွေ့ရတတ်ပါသည်။ မိမိ ကျော်ကြားမှုအတွက် ကြိုးစားအားထုတ်ခြင်းသည် မိုက်မဲမှုဖြစ်ပါသည်။ ထိုသို့သော၊ နာမည် ကျော်ကြားလိုသောစိတ် ကျွန်ုပ်တို့၌ပေါ်ပေါက်လာပါက ချက်ချင်း ချိုးပစ်လျက်၊ အချည်းနှီးသောအရာ၊ ပြဿနာဖြစ်ပွားစေသောအရာဖြစ်ကြောင်း သတိပြုရပါမည်။

ကျွန်တော်တို့သည် နှိမ့်ချသောစိတ်နှလုံးရှိ၍ သူတပါးကို လေးစားရပါမည်။ "နှိမ့်ချသောစိတ်" (ဖိ ၂း၃) ဆိုသည်မှာ မိမိကိုယ်ကို မချီးမြှောက်လိုခြင်းပင်ဖြစ်ပါသည်။ ဘာမှ မလုပ်နိုင်လောက်အောင်၊ မိမိကိုယ်ကို ယုံကြည်မှု မရှိခြင်းနှင့်အားငယ်ခြင်း မဟုတ်ပါ။ ကျွန်ုပ်တို့၏လုပ်နိုင်စွမ်းနှင့်ရရှိသော ဆုကျေးဇူးကို ကောင်းကောင်း သိမှတ်လျက်၊ ဘုရားသခင်အတွက် အသုံးချရပါမည်။ ကျွန်တော်တို့သည် လက်တွေ့ကျကျ ပြုမူဆောင်ရွက်ရပါမည် - တဘက်တွင်၊ မိမိတို့၏ အားနည်းချက်များကို သိမှတ်ပြီး၊ တဘက်တွင်၊ ဘုရားသခင်၏မစတော်မူခြင်းကို ကိုးစားလျက် မိမိပိုင်ဆိုင်သောဆုကျေးဇူးဖြင့် ဘုရားသခင်၏အမှုတော်ကို ကြိုးစားဆောင်ရွက်ရပါမည်။

ထိုသို့သော စိတ်သဘောရှိလျှင်၊ ကျွန်တော်တို့သည် သူတပါးကို မိမိထက် ကောင်းသည်ဟု သိမှတ်တတ်လာ၏။ သူတပါးတို့၌ ကျွန်တော်တို့ထက် သာသောအချက်များ ရှိကြောင်းကို သိမှတ်ကြရပါမည်။ အချင်းချင်း ဆက်ဆံရေး၌ လေးစားမှု ရှိရပါမည်။ ကျွန်တော်တို့သည် အပြစ်သား၊ ကျေးဇူးတော်အားဖြင့်သာ ကယ်တင်ခြင်းခံရသောသူ ဖြစ်ကြောင်းကို အစဉ်အောက်မေ့ သတိရကြရပါမည်။ အစဉ် လမ်းပြသွန်သင် မစမှု လိုအပ်သောသူများဖြစ်ကြပါ၏။ မိမိကိုယ်ကို မောက်မာစွာ ကြွားဝါခြင်း မပြုရပါ။ ကျွန်တော်တို့သည် သူတပါးကို လေးစားမှုရှိ၍၊ ထောင်လွှားသော စိတ်ဖြင့်မဟုတ်ဘဲ၊ နှိမ့်ချသော စိတ်သဘောဖြင့် အစဉ် ဆက်ဆံပြောဆိုရပါမည်။

**ဆင်ခြင်ရန်** - အချည်းနှီးကျော်စောခြင်းသည် မိုက်မဲခြင်း ဖြစ်လျှင်၊ အဘယ့်ကြောင့် များစွာသောလူတို့သည် ထိုအရာနောက်ကို လိုက်ကြပါသနည်း။

**ဆုတောင်းချက်**- အဖဘုရား၊ နူးညံ့သောစိတ်နှင့်နှိမ့်ချသောစိတ် ရှိခြင်းငှါ မစတော်မူပါ။

*"ကိုယ်အမှုအရာကိုသာ မရှုမမှတ်ဘဲ"*

# သူတပါးအမှု၌ဝင်ရှုတ်ရမည်လော

ကိုယ်နှင့်မဆိုင်သောအမှု၌ ရောနှောသောသူသည် သူတပါးအမှု၌ ဝင်ရောက်စွက်ဖက်ခြင်းကို သဘောကျ၏။ ထိုသို့မိမိနှင့်မဆိုင်သောအမှု၌ ဝင်ရောက်စွက်ဖက်သောကြောင့် သူတပါးကို အမျက်ထွက်စေ၏။ ထိုသို့သောအကျင့်ကို သမ္မာကျမ်းစာက ဤသို့ ရှုတ်ချထားပါသည် - "တစ်အိမ်မှ တစ်အိမ်သို့လည်၍ ပျင်းရိတတ်ကြ၏။ ပျင်းရိသည်သာမက စကားများ၍ မပြောအပ်သောအရာကို ပြောသဖြင့် ကိုယ်နှင့်မဆိုင်သောအမှု၌ ရောနှောသောသူဖြစ်တတ်ကြ၏" (၁တိ ၅း၁၃)။ ဖိလိ ၂း၄ သည် အပေါ်ယံအားဖြင့် ထိုသို့သောအကျင့်ကို အားပေးသည်ဟု ထင်ရပါသည်။ သို့ဆိုလျှင် သူတပါးအမှု၌ ကောင်းမွန်သောဝင်ရောက်ပတ်သက်ခြင်းအကျင့်ဟူ၍ ရှိပါသလား။

ဖိလိ ၂း၄ သည် ဖိလိပ္ပိခရစ်ယာန်တို့အား အချည်းနှီးသော ကျော်စောမှုကို မရှာဖွေဘဲ ခရစ်တော်၏ နှိမ့်ချသောစိတ်သဘောရှိခြင်းငှါ ရှာဖွေကြရန် ရှင်ပေါလုတိုက်တွန်းခြင်းအကြောင်း၌ ပါဝင်သောကျမ်းပိုဒ်ဖြစ်ပါသည်။ ထို့ကြောင့် ကိုယ်အမှုအရာကိုသာ မရှုမမှတ်ဘဲ သူ့အမှုအရာကို ရှုမှတ်ကြခြင်းငှါ တိုက်တွန်းသောအခါ ဝင်ရောက်စွက်ဖက်ခြင်းမျိုးကိုမဆိုလိုပါ။ သူတပါးအမှုကို အလေးထားရန် တိုက်တွန်းခြင်းဖြစ်ပါသည်။

"ရှုမှတ်" ဟူသော ဂရိစကားလုံး၏အဓိပ္ပာယ်သည် ဂရုစိုက်ခြင်းကို ဆိုလို၏။ ထို့ကြောင့် ပေါလုသည် ကျွန်ုပ်တို့အား မိမိ၏ဆန္ဒ၊ မိမိနှစ်သက်သည့်အရာကိုသာ အလေးထားသောစိတ်မျိုး မရှိခြင်းငှါ တိုက်တွန်းခြင်းဖြစ်ပါသည်။ ထိုသို့သော မိမိကိုယ်ကျိုးရှာခြင်းအကျင့်သည် ဘုရားသခင်နှစ်သက်သောအရာမဟုတ်ပါ။

ကျွန်တော်တို့သည် သူတပါးအမှုကို အလေးထား၊ ဂရုစိုက်ရပါမည်။ မိမိအကျိုးထက် သူတပါးလိုအပ်ချက်ကို ရှေ့တန်းတင်ခြင်းငှါ ကြိုးစားသင်ယူရပါမည်။ သို့သော်လည်း သူတပါးအမှု၌ ဝင်ရောက်စွက်ဖက်ခြင်းကိုမူ ကျွန်တော်တို့ရှောင်ကျဉ်ရပါမည်။ ထို့ပြင် သူတပါး၏အမှုတွင် သေချာမသိဘဲ မိမိထင်မြင်ချက်ကို မပေးသင့်ပါ။ သူတို့၏ကိုယ်ရေးကိုယ်တာကိစ္စ၌ အတင်းမပြောသင့်ပါ။ သူတပါး၏အမှု၌ လိုအပ်သောအရာများကို ကူညီပေးခြင်းငှါ ချစ်ခြင်းမေတ္တာဖြင့် ဂရုစိုက်ရမည်အကြောင်း တိုက်တွန်းခြင်းဖြစ်ပါသည်။ ကျွန်တော်တို့သည် ကျဉ်းမြောင်းသော မိမိ၏ကမ္ဘာ၌ မကျင်လည်ဘဲ၊ ခရစ်ယာန်စိတ်နှလုံးဖြစ်သော သနားကြင်နာခြင်းစိတ်ဖြင့် သူတပါးအပေါ် ဂရုစိုက်ခြင်းပြသရပါမည်။ ထိုသို့သော စိတ်သဘောထား ကျွန်ုပ်တို့၌ရှိလျှင် ကျွန်ုပ်တို့၏အသင်းတော်သည် သူတပါးကို ဂရုစိုက်သော၊ သူတပါးကိုယုံကြည်ခြင်း၌ မြဲမြံခိုင်ခံ့စေသော အသင်းတော်ဖြစ်လိမ့်မည်။

**ဆင်ခြင်ရန်** - အကျိုးရှိသော ပတ်သက်မှု နှင့် ဝင်ရှုတ်ခြင်းကို ကျွန်တော်မည်သို့ ခွဲခြားရပါမည်နည်း။

**ဆုတောင်းချက်**- အဖဘုရား၊ သူတပါး အတွက် အကျိုးရှိသော ပတ်သက်မှုကို ကျွန်တော် သိမည်အကြောင်း အသိဉာဏ် ပေးသနားတော်မူပါ။

အင်္ဂါ၊ မေ (၂)
**ဖိ ၂း၁-၈**
၁ ကော ၂း၆-၁၆

*"ယေရှုခရစ်၌ရှိသော ထိုစိတ်သဘောကို သင်တို့၌လည်း ရှိစေကြလော့"*

# ခရစ်တော်၏စိတ်သဘော

ခရစ်တော်၏စိတ်သဘောကား အဘယ်နည်း။ အပြစ်ရှိသောကျွန်ုပ်တို့၌ ထိုစိတ်သဘော ရှိနိုင်ပါမည်လော။ ဖိလိ ၂း၅ အရ ထိုစိတ်သဘောကို ကျွန်တော်တို့ပိုင်ဆိုင်နိုင်သည် ဖြစ်သောကြောင့် ကြိုးစားအားထုတ်ကြပါစို့။

စစ်မှန်သောနှိမ့်ချခြင်းသည် စိတ်နှလုံးမှစတင်ပါသည်။ ကျွန်ုပ်တို့၌ ဘုရားသခင်အကြောင်း၊ မိမိကိုယ်ကိုနှင့် သူတပါးအကြောင်း မှန်ကန်သောအမြင်ရှိရပါမည်။ မိမိ၏အကျိုးကို ဘေးဖယ်လျက် သူတပါးအကျိုးကို ကျွန်တော်တို့ ဦးစားပေးရပါမည်။ သူတပါးထက် မိမိ၏လိုအင်ဆန္ဒနှင့် မိမိ၏ ကိုယ်ကျိုးကို အလွန်အလေးထားသောအခါ မာနထောင်လွှားခြင်းဖြစ်တတ်၏။ အပြစ်ကြောင့် ကျွန်တော်တို့သည် ပုံမှန်အားဖြင့် မာနထောင်လွှားသောသူ၊ မိမိအကျိုးကိုရှာတတ်သောသူဖြစ်ကြ၏။ ကျွန်တော်တို့သည် ဘုရားသခင်အား နှုတ်ကပတ်တော်အားဖြင့် ကြိုးစားရှာဖွေ၍၊ ခရစ်တော် အကြောင်းကို များများသင်ယူလေ့လာသောအခါ၌သာ ပြောင်းလဲခြင်းရောက်လာတတ်၏။

ကျွန်တော်တို့သည် ခရစ်တော်ကိုသိရပါမည်။ နှိမ့်ချခြင်းအကြောင်း၌ စုံလင်သောသာဓကကို ခရစ်တော်၌တွေ့ရပါသည်။ ဖိလိ ၂း၅ နောက်ပိုင်းတွင် ပေါလုသည် ခရစ်တော်၏နှိမ့်ချခြင်း စိတ်သဘောကို လူ့ဇာတိခံယူခြင်းအားဖြင့် ရှင်းပြဖော်ပြခဲ့ပါသည်။ လူ့သမိုင်းတစ်လျှောက်၌ သခင်ယေရှုခရစ်တော်၏ သန့်ရှင်းသော၊ စတေးခြင်းနှင့်ဆိုင်သော နှိမ့်ချခြင်းစိတ်သဘောကဲ့သို့သော စိတ်သဘောရှိသောသူမရှိခဲ့ပါ။ ကယ်တင်ခြင်းအမှုပြုခြင်း၌ ယေရှုသည် နှိမ့်ချခြင်းနှင့်ဆိုင်သော အကြီးမြတ်ဆုံးသောသာဓကကို ပြခဲ့ပါသည်။ ဤလောကသို့ ကြွလာခြင်းငှါ ထားရစ်ခဲ့သောအရာ၊ လူသားအဖြစ် ခက်ခဲစွာအသက်ရှင်ခြင်းနှင့် ဝေဒနာခံလျက် အသက်ပေးခြင်းဟူသောအရာတို့ထက် ပို၍ကြီးမြတ်သောအရာမရှိနိုင်ပါ။ ယေရှုသည် အဘယ်သူအတွက် ထိုသို့ပြုခဲ့ပါသနည်း။ မာနထောင်လွှားသော၊ မိမိကိုယ်ကျိုးကိုသာကြည့်သော၊ အပြစ်သားကျွန်ုပ်တို့များအတွက်ဖြစ်ပါသည်။

ထို့ကြောင့် ခရစ်တော်၏စိတ်သဘော ကျွန်တော်တို့ပိုင်ဆိုင်လိုလျှင် ကျွန်ုပ်တို့အတွက် သူပြုခဲ့သောအမှုကို ကျွန်တော်တို့သိရပါမည်။ ထိုသို့ပြုရခြင်းအကြောင်းကိုလည်း နားလည်ရပါမည်။ ဖိလိ ၂း၅-၈ သည် ခရစ်တော်ဤလောကသို့ ကြွလာတော်မူခြင်းအကြောင်းတရား၏ နှိမ့်ချခြင်း စိတ်သဘောဖော်ပြသောကျမ်းပိုဒ်ဖြစ်ပါသည်။ ကျွန်တော်တို့ကယ်တင်ခြင်းရခြင်းငှါ ကျွန်ုပ်တို့အပေါ် ထားရှိသော ခရစ်တော်၏အနန္တမေတ္တာနှင့် အကြွင်းမဲ့စတေးခြင်းကို ဖော်ပြလျက်ရှိ၏။ ခရစ်တော်၏ စိတ်သဘော ကျွန်တော်တို့ပိုင်ဆိုင်နိုင်ခြင်းငှါ ဤကျမ်းပိုဒ်ကို သေချာစွာ ကျွန်တော်တို့လေ့လာ သင်ယူရပါမည်။

**ဆင်ခြင်ရန်** - ခရစ်တော်၏ စိတ်သဘော ပိုင်ဆိုင်ခြင်းသည် မရှိမဖြစ် လိုအပ်သောအရာ ဖြစ်ပါသည်။

**ဆုတောင်းချက်**- အဖဘုရား၊ ကိုယ်တော်စေခိုင်းသောအမှုကို သိခြင်းငှါ အသိဉာဏ် နှင့် ပြုလိုသော စိတ်ကို အကျွန်ုပ်အား ပေးသနားတော်မူပါ။

ဗုဒ္ဓဟူး၊ မေ (၃)
**ဖိ ၂း၅-၇**
သု ၂၂း၃-၅

*"မိမိအသရေကိုစွန့်၍"*

# စုံလင်သော နှိမ့်ချခြင်းစိတ်သဘော

လူ့ဇာတိခံယူခြင်း၌ ယေရှုသည် ကောင်းကင်ဘုံစည်းစိမ်ကိုထားခဲ့၍ ဤလောကသို့ ကြွလာတော်မူခဲ့၏။ ယေရှုသည် စိတ်မပါဘဲ ဤလောကသို့ကြွလာတော်မူသည်မဟုတ်ဘဲ၊ ချစ်ခြင်းမေတ္တာအားဖြင့် မိမိဆန္ဒအရ ကြွလာခြင်းဖြစ်ပါသည်။ ကိုယ်ကျိုးစွန့်ခြင်းနှင့် နှိမ့်ချခြင်းအရာ၌ စုံလင်သောသာဓကပေတည်း။

ယေရှုသည် "ဘုရားသခင်၏ သဏ္ဍာန်တော်နှင့် ပြည့်စုံတော်မူသည်" (ဖိလိ ၂း၆)။ ဆိုလိုသည်မှာ သူသည် ဘုရားသခင်ဖြစ်တော်မူ၏။ ဘုရားသခင်နှင့်တူညီသည်ဟု ဆိုလိုခြင်းမဟုတ်ပါ။ ယေရှုသည် တစ်ရာမှာတစ်ရာ ဘုရားသခင်ဖြစ်တော်မူ၏။ သူသည် ထာဝရ ဘုရားသခင် ဖြစ်ပါသည်။ သူသည် အနန္တတန်ခိုးရှင်၊ အရာခပ်သိမ်းသိတော်မူသောသူ၊ နေရာတကာ ရှိတော်မူသောသူ၊ အချိန်၏အုပ်စိုးခြင်းမခံရသောသူ၊ ဘုန်းအာနုဘော်နှင့်ပြည့်စုံတော်မူသောဘုရားသခင် ဖြစ်ပါသည်။ သူသည် စုံလင်သောသူဖြစ်ပါ၏။ ဘုရားသခင်၏ကြီးမြတ်တော်မူခြင်း၊ ဘုန်းအာနုဘော်နှင့် တန်ခိုးတော်တို့ကို စကားလုံးအားဖြင့် ပြည့်စုံစွာဖော်ပြ၍မရပါ။

"ဘုရားသခင်နှင့်ပြိုင်သောအမှုကို လုယူခြင်းအမှုဟူ၍ မထင်မမှတ်" (ဖိလိ ၂း၆)။ ဆိုလိုသည်မှာ ဘုရားသခင်နှင့်ဆိုင်သော လက္ခဏာအပေါင်းတို့ကို ပိုင်ဆိုင်သည်ဖြစ်သောကြောင့် ထိုအရာများကို ရရှိခြင်းငှါ ကြိုးစားအားထုတ်ဖို့မလိုအပ်ကြောင်း ဖော်ပြခြင်းဖြစ်ပါသည်။

ခရစ်တော်သည် ကောင်းကင်ဘုံရှိမိမိ၏ပလ္လင်တော်ကို မိမိအလိုအတိုင်း ထားခဲ့ခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့ကိုကယ်တင်ခြင်းငှါ ဤလောကသို့ "မိမိအသရေကို စွန့်၍" (ဖိလိ ၂း၇) ကြွလာခဲ့ခြင်းဖြစ်ပါသည်။ ချစ်ခြင်းမေတ္တာတော်အားဖြင့် မိမိကိုယ်ကိုစတေးလျက် ကျွန်တော်တို့ကိုကယ်တင်ခဲ့ပါသည်။ မိမိ၏ဘုရားဖြစ်ခြင်းကို စွန့်တော်မူခဲ့သည်မဟုတ်၊ သူသည် တစ်ရာမှာတစ်ရာဘုရားသခင်ဖြစ်၍၊ တစ်ရာမှာတစ်ရာလူသားဖြစ်ပါသည်။ ကောင်းကင်ဘုံ၌ရှိသော မိမိ၏ဘုရားဖြစ်ခြင်းဘုန်းအသရေနှင့် အခွင့်အာဏာများကို ထားခဲ့၍ ဤလောကသို့လူ့ဇာတိခံယူပြီး၊ ဘုရား-လူသားအဖြစ် နေထိုင်ခဲ့ပါသည်။ လူသားဖြစ်သောကြောင့် ယေရှုသည် ဤလောက၌ လူ့ခန္ဓာကိုယ်ပိုင်ဆိုင်လျက် တချိန်တည်းတွင် နေရာတကာ၌ရှိမနေနိုင်ဘဲ၊ တစ်နေရာတည်း၌သာရှိနေ၏။ အလုံးစုံကိုသိသောဉာဏ်ကိုစွန့်လွှတ်သည်မဟုတ်ဘဲ၊ နှိမ့်ချသောစိတ်ဖြင့် အစဉ်အသုံးမပြုဘဲ နေခဲ့၏။

အလွန်လှပသော နှိမ့်ချခြင်းစိတ်သဘော ပန်းချီကားချပ်ပါတကား။ ခရစ်တော်သည် ကျွန်ုပ်တို့အတွက် များစွာပေးဆပ်ခဲ့ပါသည်။ ကျွန်တော်တို့ပြန်၍မပေးဆပ်နိုင်သော နှိမ့်ချခြင်းစိတ်သဘောကို ခရစ်တော်၌တွေ့ရပါသည်။ ရှင်ပေါလုက ကျွန်ုပ်တို့အား ထိုသို့သောခရစ်တော်၏ စိတ်သဘောကို ပိုင်ဆိုင်ကြရန်တိုက်တွန်းထားပါသည်။ သူတပါးအတွက် ထိုသို့သောစတေးခြင်းမျိုး ကျွန်တော်တို့ ပေးဆပ်နိုင်မည်လော။ ခရစ်တော်သည်ကျွန်ုပ်တို့ကို ချစ်သကဲ့သို့ အချင်းချင်း ကျွန်တော်တို့ ချစ်နိုင်ပါမည်လော။

**ဆင်ခြင်ရန်** - ထိုကိုယ်ကျိုးစွန့်ပူဇော်ခြင်းနှင့်ထိုက်တန်သောအမှု တစုံတခု ကျွန်တော်ပြုခဲ့ပါသလား။

**ဆုတောင်းချက်**- ခရစ်တော်ချစ်ခြင်းမေတ္တာ၏ကြီးမြတ်မှုကို နားလည်မည်အကြောင်း သင်ပေးတော်မူပါ။

## ဝေဒနာခံရသောအစေခံ ယေရှု

ဗက်လင်မြို့၏တည်းခိုခန်း၌ အခန်းမရှိသောကြောင့် နွားစာခွက်ထဲ၌ နှိမ့်ချစွာ ယေရှုသည် ဖွားမြင်ခဲ့ပါသည်။ ချမ်းသာကြွယ်ဝစွာ ရှင်ဘုရင်ဘုန်းစည်းစိမ်ခံစားလျက် ကြွလာတော်မမူခဲ့ပါ။ သူသည် ကျွန်ုပ်တို့၏ရှင်ဘုရင်အမှန်ဖြစ်သော်လည်း ပထမအကြိမ်ကြွလာတော်မူခြင်း၏ ရည်ရွယ်ချက်သည် လူတို့၏အစေကို ခံရန်ဖြစ်ပါသည်။ သူသည် လက်သမားမိသားစု၌ ဖွားမြင်လာခဲ့ပါသည်။ သူ့မိဘတို့၏စကားကို နာခံရင်းမိမိကလေးဘဝကို ကျော်ဖြတ်အသက်ရှင်ခဲ့ပါသည်။

ဟေရှာယ ၅၃း၂-၃ ၌ ဤသို့ဟောထားခဲ့ပါသည် - "ထာဝရဘုရား၏ကျွန်သည် အညွန့်ကဲ့သို့၎င်း၊ သွေ့ခြောက်သောမြေ၌ပေါက်သော အတက်ကဲ့သို့၎င်း၊ ရှေ့တော်၌ကြီးပွား၏။ ပမာဏပြုစရာ အဆင်းတင့်တယ်ခြင်းမရှိ၊ ချစ်လိုဖွယ်သော မျက်နှာလက္ခဏာနှင့်မပြည့်စုံ။ မထီမဲ့မြင်ပြုခြင်းကို ခံ၍လူတို့တွင် အယုတ်ဆုံးသောသူဖြစ်၏။ ငြိုငြင်သောသူ၊ နာကျည်းခြင်းဝေဒနာနှင့် ကျွမ်းဝင်သောသူဖြစ်၏။ သူတပါးမျက်နှာလွှဲခြင်းကိုခံရသောသူကဲ့သို့ဖြစ်၏။ မထီမဲ့မြင်ပြုခြင်းကိုခံလျက်ရှိ၍ ငါတို့သည်မရိုသေကြ"။

သူသည် အစေခံကျွန်ဖြစ်၏။ အကြောင်းမှာ ခမည်းတော်ဘုရား၏ စကားကို နာခံလျက်၊ ကြွလာတော်မူခဲ့ခြင်းဖြစ်၏။ မိမိကို စေလွှတ်တော်မူသော ခမည်းတော်၏အလိုတော်ကို ပြုခြင်းသည် သူ၏အဓိကရည်ရွယ်ချက်ဖြစ်ပါသည်။ ယေရှုက ယောဟန် ၅း၃၀ ထဲတွင် ဤသို့ရှင်းပြခဲ့ပါသည်- "ငါသည် ကိုယ်အလိုအလျောက် အဘယ်အမှုကိုမျှမပြုနိုင်။ ငါသည် ကြားသည့်အတိုင်း တရားစီရင်၏။ ငါစီရင်ခြင်းသည်လည်း တရားတော်နှင့်ညီညွတ်၏။ အကြောင်းမူကား ငါသည် ကိုယ်အလိုသို့မလိုက်၊ ငါ့ကိုစေလွှတ်တော်မူသော ခမည်းတော်၏အလိုသို့လိုက်၏"။ ဤကမ္ဘာမတည်မရှိမီ ပြုတော်မူသော ဘုရားသခင်၏ ပဋိညာဉ်ကို ပြည့်စုံစေခြင်းငှါ ဤလောကသို့ လူ့ဇာတိခံကြွလာပြီး စုံလင်သောအသက်တာဖြင့်အသက်ရှင်ပြီးမှ ကျွန်ုပ်တို့၏အပြစ်များအတွက် အပြစ်ဖြေရာယဇ်အဖြစ် အသေခံခဲ့ပါသည်။

ထိုသို့ ယေရှုသည် နှိမ့်ချစွာလူတို့၏အမှုကို ဆောင်ရွက်ခဲ့ပါသည်။ ယေရှုက မိမိတပည့်တော်တို့အား မသဲ ၂၀း၂၈ ထဲတွင် ဤသို့ရှင်းပြတော်မူခဲ့၏ - "သူတပါးအစေကို ခံခြင်းငှါ၎င်း၊ မိမိအသက်ကိုစွန့်၍ လူများကိုရွေးခြင်းငှါ၎င်း ကြွလာသည်"။ ထို့ကြောင့် ယေရှုသည် အစေခံကျွန်က မိမိသခင်၏စကားကို နှိမ့်ချစွာနာခံသကဲ့သို့ လူတို့၏အမှုကို ဆောင်ရွက်ခြင်းငှါ အစေခံခဲ့ပါသည်။ ထိုအမှုကို ချစ်ခြင်းမေတ္တာအားဖြင့် မိမိဆန္ဒအလျောက် ဆောင်ရွက်ခဲ့ခြင်းဖြစ်၏။ မိမိကို ဆန့်ကျင်သော အပြစ်သားများအတွက် ထိုသို့အမှုပြုခဲ့ခြင်းဖြစ်၏။ ယေရှုထက် ပို၍ နှိမ့်ချသောအစေခံကျွန် ရှိနိုင်ပါမည်လော။

**ဆင်ခြင်ရန်** - ကျွန်ုပ်ကို ကဲ့ရဲ့သောသူတို့၏အမှုကို ကျွန်တော် ဆောင်ရွက်လိုပါမည်လော။

**ဆုတောင်းချက်**- အဖဘုရား၊ ခရစ်တော်၏စတေးခြင်းမေတ္တာကို ကျွန်တော်တွေးတောဆင်ခြင်သည်နှင့်အညီ ကိုယ်တော်ကဲ့သို့ နှိမ့်ချသောစိတ်သဘောရှိခြင်းငှါ သွန်သင်တော်မူပါ။

## လူသား ယေရှု

အလွန်ချမ်းသာကြွယ်ဝ၍ အာဏာရှိသောဖခင်တစ်ဦး၏ သားတစ်ဦးအကြောင်းကို ဆင်ခြင်ကြပါစို့။ တစ်နေ့တွင် ဤလောကရှိအဆင်းရဲဆုံးသောလူကို ရှာခြင်းငှါ ဆုံးဖြတ်ခဲ့ပါသည်။ ထို့ကြောင့် မိမိ၏ချမ်းသာကြွယ်ဝခြင်း အလုံးစုံကို ထားခဲ့ပြီး၊ လူတို့ငြင်းပယ်ခြင်းခံ၍ မြို့ပြင်၌နေသော လူဆိုးများထံသို့ လာရောက်နေထိုင်ခဲ့ပါသည်။ ထိုအရပ်၌ ထိုသူတို့နှင့်အတူ ဘဝအခက်အခဲများကို ခံ၍နေထိုင်ခဲ့ပါသည်။ ထိုသို့ သူတို့နှင့်အတူနေထိုင်ရခြင်း၏ရည်ရွယ်ချက်မှာ သူတို့၏အသက်တာကို ပြုပြင်ပြောင်းလဲ၍ တိုးတက်စေခြင်းငှါ ကူညီပေးရန်ဖြစ်ပါသည်။ ဤလူ၏စတေးခြင်းသည် အလွန်မွန်မြတ်သည်ဟုထင်ရသော်လည်း၊ လူ့ဇာတိခံမွေးဖွားလာသော ယေရှု၏စတေးခြင်းနှင့် နှိုင်းယှဉ်လျှင် လုံးဝမပြောပလောက်ပေ။

ယေရှု၏လူ့ဇာတိခံယူခြင်းတရား၌ သူသည် ဤလောကလူသားကဲ့သို့ နေထိုင်ကျင်လည်ခဲ့ပါသည်။ လူတို့ကြုံတွေ့ခံရသော အခက်အခဲဒုက္ခများကိုလည်း ရင်ဆိုင်ကြုံတွေ့ခဲ့ရပါသည်။ သူသည်လည်း အစားအသောက်၊ အိပ်စက်ခြင်း၊ အနားယူခြင်းများ လိုအပ်သည်။ မောပန်း၍ ဆာလောင်နိုင်၏။ ပျော်ရွှင်ဝမ်းမြောက်ခြင်း၊ ဝမ်းနည်းခြင်းနှင့် အမျက်ထွက်ခြင်းဟူသော ခံစားချက်များရှိ၏။ ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာသောသူမဟုတ်ခဲ့ပါ။ အမှုတော်ဆောင်ရွက်သောကာလ၌ မိမိနေစရာ အိမ်ဟူ၍ အတည်တကျမရှိခဲ့ပါ။ မိမိသွန်သင်ချက်များကို လိုက်နာဖို့ရန်ပျက်ကွက်တတ်သော ယုံကြည်ခြင်းမရှိသော တပည့်တော်များ၏ ဝန်းရံခြင်းကို ခံသော်လည်း၊ သူသည် သူတို့ကိုစိတ်ရှည်စွာ ချစ်ခြင်းမေတ္တာနှင့် လမ်းပြဦးဆောင်ခဲ့ပါသည်။ ကျမ်းတတ်ပုဂ္ဂိုလ်၊ ဖာရိရှဲတို့နှင့် ဘာသာရေးခေါင်းဆောင်များက အစဉ်မထိမဲ့မြင်ပြု၍ ဆန့်ကျင်ခဲ့ကြ၏။ ထိုအရာတို့ကို သည်းခံကျော်ဖြတ်ခဲ့ပြီး၊ ကျွန်ုပ်တို့လိုအပ်သော ဖြောင့်မတ်ခြင်းကို ကျွန်ုပ်တို့ကိုယ်စား ရယူပေးခဲ့ပါသည်။

သို့သော်လည်း သခင်ယေရှုသည် အရာခပ်သိမ်း၌ စုံလင်သောသူဖြစ်၏။ သူသည် လူတို့ခံရသော ဒုက္ခဆင်းရဲအပေါင်းကိုခံရသော်လည်း အပြစ်မပြုခဲ့ပါ - "ငါတို့ခံရသည်နည်းတူ အမျိုးမျိုးသော စုံစမ်းနှောက်ယှက်ခြင်းတို့ကို ခံဘူးသောသူဖြစ်တော်မူ၏" (ဟေဗြဲ ၄း၁၅)။ ထိုသို့ ခံရသော်လည်း သူသည် "ဒုစရိုက်အပြစ်နှင့် ကင်းလွတ်တော်မူ၏"။ ယေရှုသည် သွေးဆောင်ခြင်းအမျိုးမျိုးကြုံတွေ့ခဲ့သော်လည်း အပြစ်ထဲသို့ လုံးဝမလဲကျခဲ့ပါ။ ထိုသို့အပြစ်ကင်းစင်လျက် စုံလင်သောသူဖြစ်တော်မူသောကြောင့် ကျွန်ုပ်တို့၏ ဖြောင့်မတ်ခြင်းတရားအတွက် အပြစ်ကင်းစင်သောဘုရားသခင်၏ သိုးသငယ်ကဲ့သို့ မိမိကိုယ်ကို ပူဇော်နိုင်ခဲ့ခြင်းဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ခရစ်တော်၏အမှုအတွက် ကျွန်တော် မစွန့်လွှတ်လိုသောရာ ရှိပါသလား။
**ဆုတောင်းချက်**- အဖဘုရား၊ ကိုယ်တော်၏သားတော်၊ သိုးသငယ်ကို စေလွှတ်တော်မူသောကြောင့် ကျေးဇူးတင်ပါ၏။

*"အသေခံခြင်းတိုင်အောင် အစေကျွန်ခံ၍ ကိုယ်ကိုကိုယ် နှိမ့်ချတော်မူ၏"*

# နာခံခြင်းရှိသော သိုးသငယ်ယေရှု

ယေရှု၏နှိမ့်ချခြင်းစိတ်သဘောကို လူ့ဇာတိခံယူခြင်း၌သာ တွေ့မြင်ရသည်မဟုတ်ဘဲ၊ ကာရာနီကားတိုင်ပေါ်၌ နာကျင်ခြင်းဝေဒနာခံစားလျက် အသေခံခြင်းငှါ မိမိကိုယ်ကို ပူဇော်ခြင်း၌လည်း မြင်တွေ့ရပါသည်။

ယေရှု၏လူ့ဇာတိခံယူခြင်းရည်ရွယ်ချက်မှာ ကျွန်ုပ်တို့၏အပြစ်များအတွက် ကိုယ်စားအသေခံဖို့ရန်ဖြစ်ပါသည်။ လူတို့သည်ကယ်တင်ခြင်းရမည်အကြောင်း သားတော်ဘုရားသည် ကားတိုင်၌မိမိကိုယ်ကို ပူဇော်ခြင်းငှါ၊ ဤလောကသို့ ကြွလာတော်မူခဲ့ခြင်းဖြစ်၏။ ထိုသို့လူတို့၏အပြစ်ဒဏ်ကို ခံ၍ သူတို့ကိုယ်စားအသေခံပေးခြင်းအားဖြင့်သာ အပြစ်ဒဏ်ကိုပေးဆပ်နိုင်မည်အကြောင်း သိတော်မူခဲ့၏။ "ယေရှုသည် ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် လူအပေါင်းတို့အတွက်ကြောင့် အသေခံရသော အခွင့်ရှိစေခြင်းငှါ ကောင်းကင်တမန်တို့အောက်၌ အနည်းငယ်နှိမ့်ပြီးမှ အသေခံရသောကြောင့် ခေါင်းတော်၌ ဘုန်းအသရေပတ်ရစ်လျက်ရှိသည်ကို ငါတို့မြင်ကြ၏" (ဟေဗြဲ ၂း၉)။

ဤယဇ်ပူဇော်ခြင်းအားဖြင့် ယေရှုသည် "လက်ဝါးကားတိုင်မှာ အသေခံခြင်းတိုင်အောင် အစေကျွန်ခံ၍ ကိုယ်ကိုကိုယ် နှိမ့်ချတော်မူ၏"။ ယေရှုသည် သေခြင်းကိုရှောင်လွှဲလိုလျှင် လွယ်ကူစွာ ရှောင်လွှဲနိုင်ကြောင်း သိမှတ်ပါလော့။ ထိုသို့အသေခံခြင်းမှာ ယုဒသည် ယေရှုထက် ပို၍ထက်မြက်သောကြောင့်မဟုတ်၊ ရောမစစ်သားတို့သည် သူ့ထက်တန်ခိုးကြီးသောကြောင့် မဟုတ်ပါ။ ထိုသို့အသေခံရမည်အကြောင်း ယေရှုသိသော်လည်း ထိုအမှုကိုခံခြင်းငှါ နှိမ့်ချစွာနာခံလျက် မိမိကိုယ်ကိုပေးဆပ်ခဲ့ခြင်းဖြစ်ပါသည်။ ယေရှုက ယောဟန် ၁၀း၁၈ ထဲတွင် ဤသို့ရှင်းပြထားပါသည် - "ငါ့အသက်ကိုအဘယ်သူမျှ မလုမယူ၊ ကိုယ်အလိုအလျောက် ငါစွန့်၏၊ ကိုယ်အသက်ကို စွန့်ရသောအခွင့်နှင့် နောက်တဖန်ကိုယ်အသက်ကို ယူပြန်ရသောအခွင့်သည် ငါ၌ရှိ၏"။

မိမိအကျိုးကိုသာကြည့်သော မာနထောင်လွှားသောသူသည် ထိုသို့သောစတေးခြင်းကို ဘယ်တော့မှပြုမည်မဟုတ်ပါ။ ထိုသူသည် မိမိအသက်ကို အလွန်တန်ဖိုးထား၍ လုံးဝစွန့်လွှတ်မည်မဟုတ်။ မိမိအမြင်၌ မိမိအသက်ကိုစွန့်ရလောက်အောင် အဘယ်သူမျှ၊ အဘယ်အမှုမျှ ထိုက်တန်သည်ဟု မထင်ကြပါ။ ထိုနည်းတူ ကျွန်ုပ်တို့သည်လည်း အသက်ပေးခြင်းကို မဆိုထားနှင့်၊ သူတပါးအတွက် မိမိပိုင်ဆိုင်သောအရာ အပျော်အပါးကိုပင် မစွန့်လွှတ်လိုကြပေ။ ယေရှုသည် ထိုသို့ လုံးဝမတွေးမမြင်။ လူသားအတွက် မိမိအသက်ကိုပင် မနှမြောဘဲ ပေးတော်မူခဲ့၏။ ကျွန်တော်တို့အသက်ရှင်ခွင့်ရမည်အကြောင်း မထိုက်တန်သောအပြစ်သား ကျွန်ုပ်တို့များအတွက် နာကျင်ခြင်းဝေဒနာခံလျက် မိမိအသက်ကိုပေးတော်မူခဲ့၏။

**ဆင်ခြင်ရန်** - "ကိုယ်အဆွေတို့အဘို့အလို့ငှါ ကိုယ်အသက်ကို စွန့်ခြင်းမေတ္တာထက်သာ၍ မြတ်သောမေတ္တာသည် အဘယ်သူ၌မျှမရှိ" (ယော ၁၅း၁၃)။

**ဆုတောင်းချက်**- အဖဘုရား၊ ကယ်တင်ရှင်ယေရှုခရစ်တော်၏စုံလင်သော နာခံခြင်းကြောင့် ကျေးဇူးတင်ပါ၏။

# လက်ဝါးကပ်တိုင်၌အသေခံခြင်း

သခင်ယေရှုခရစ်တော်၏အသေခံခြင်းအကြောင်းကို ကျွန်တော်တို့ဆင်ခြင်သောအခါ သာမန်အသေခံခြင်းမျိုးမဟုတ်ဘဲ ကားတိုင်ပေါ်၌ လူဆိုးကဲ့သို့အလွန်နာကျင်ခြင်းဝေဒနာနှင့် မထိမဲ့မြင်ပြုခြင်းကိုခံလျက် အသေသတ်ခြင်းဖြစ်ပါသည်။

ယေရှုသည် မိမိ၏တပည့်အရင်းဖြစ်သော ယုဒရှင်ကာရုတ်၏အနမ်းဖြင့် သစ္စာဖောက်ခြင်းကို ခံခဲ့ပါသည်။ သူသည် အကျင့်ပျက်သောယဇ်ပုရောဟိတ်များနှင့် ဘုရားမသိသောရောမအာဏာရှိများ၏ စစ်ကြောခြင်းကိုခံခဲ့ပါသည်။ လူတို့ကိုကယ်တင်ခြင်းငှါ ကြွလာသော်လည်း ထိုလူများကပင် "လက်ဝါးကားတိုင်မှာ ရိုက်ထားခြင်းကိုခံပါလေစေ" ဟု ကြွေးကြော်ကြ၏။ ဆိုးသွမ်းသောစစ်သားများက သူ့ကိုကဲ့ရဲ့၍ တံထွေးထွေးလျက် ရိုက်နှက်ခဲ့ကြ၏။ ဦးခေါင်းတော်ပေါ်၌ ဆူးဦးရစ်ကို ဆောင်းစေကြ၏။ လူဆိုးတို့က ကားတိုင်ပေါ်၌ သူ၏လက်နှင့်ခြေတို့ကို သံမှိုဖြင့်ရိုက်လျက် သူ၏ဝတ်ရုံတော်ကို စာရေးတံချ၍ရယူခဲ့ကြ၏။ ကားတိုင်ပေါ်၌သံမှိုရိုက်ခြင်းခံရသောကြောင့် မိမိ၏ကိုယ်အလေးချိန်တစ်ခုလုံးကို ထိုသံမှိုက ဆွဲတင်သကဲ့သို့ဖြစ်၏။ မိမိအသက်ရှူတိုင်း၌ နာကျင်ခြင်းဝေဒနာကိုခံလျက် ခက်ခက်ခဲခဲ ကြိုးစားရှူခဲ့ရ၏။

ထိုကားတိုင်ပေါ်၌ ခန္ဓာကိုယ်နာကျင်ခြင်းဝေဒနာခံစားရသည်ထက် မိမိထမ်းရွက်သောအပြစ်ဝန်ထုပ်ကြောင့် ပို၍နာကျင်ခံစားရပါသည်။ ထို့ကြောင့် ခမည်းတော်ဘုရားက သားတော်ကို ကျောခိုင်းခဲ့ပြီး "အကျွန်ုပ်ဘုရား၊ အကျွန်ုပ်ဘုရား၊ အဘယ့်ကြောင့် အကျွန်ုပ်ကိုစွန့်ပစ်တော်မူသနည်း" (မသဲ ၂၇း၄၆)ဟု ကြွေးကြော်ခဲ့ပါသည်။ ၂ ကော ၅း၂၁ ထဲတွင် ဤသို့ရှင်းပြထားပါသည် - "ဘုရားသခင်သည် အပြစ်နှင့်ကင်းစင်သောသူကို ငါတို့အတွက်ကြောင့် အပြစ်ရှိသောသူဖြစ်စေတော်မူ၏။ အကြောင်းမူကား ငါတို့သည် ထိုသူအားဖြင့် ဘုရားသခင့်ရှေ့တော်၌ဖြောင့်မတ်သောသူဖြစ်မည်အကြောင်းတည်း"။

အဘယ့်ကြောင့် ထိုသို့ပြုပါသနည်း။ ချစ်ခြင်းမေတ္တာတော်ကြောင့်ဖြစ်၏။ လူတို့ကိုကယ်တင်ခြင်းငှါ ဤတစ်လမ်းသာရှိခဲ့ပါသည်။ ကျွန်တော်တို့အားလုံးသည် ဘုရားသခင်၏ပညတ်တရားတော်ကိုချိုးဖောက်သောသူဖြစ်၍ သေခြင်းနှင့်ထိုက်တန်သောသူဖြစ်ကြ၏။ အမိဝမ်းထဲကပင် အပြစ်ရှိသောသူဖြစ်၍ အပြစ်နှင့်မွေးဖွားလာပြီး အပြစ်နှင့်အသက်ရှင်လျက် အသေခံကြရမည်ဖြစ်ပါသည်။ ကျွန်တော်တို့သည် ကားတိုင်ပေါ်၌အသေသတ်ခြင်းကိုခံခဲ့သင့်ပါသည်။ မိမိကိုယ်ကိုကယ်တင်ခြင်းငှါ ကျွန်တော်တို့ဘာမှမတတ်နိုင်။ ထို့ကြောင့် ယေရှုသည် ကြွလာတော်မူ၍ကျွန်တော်တို့ကိုယ်စား အပြစ်ဒဏ်ကိုခံလျက် အသက်ပေးခဲ့ပါသည်။ အံ့ဖွယ်ချစ်ခြင်းမေတ္တာ၊ အံ့ဖွယ်နှိမ့်ချခြင်းပါတကား။

**ဆင်ခြင်ရန်** - "ငါတို့သည်အပြစ်ရှိစဉ်ပင်၊ ခရစ်တော်သည် ငါတို့မတွက်ကြောင့် အသေခံတော်မူသည် ဖြစ်၍၊ ဘုရားသခင်သည် ငါတို့ကို အဘယ်မျှလောက်ချစ်တော်မူသည်ကို ငါတို့အား ထင်ရှားစွာ ပြတော်မူ၏" (ရောမ ၅း၈)။

**ဆုတောင်းချက်**- အို အဖဘုရား၊ ကျွန်ုပ်အပြစ်အတွက် အသေခံတော်မူသော ခရစ်တော်၏ ကြီးမြတ်သော ပေးဆပ်မှုကို ဘယ်တော့မှ မမေ့လိုပါ။

**ဖိ ၂း၁-၁၁**
ဧဖက် ၁း၁၅-၂၃

*“ဘွဲ့နာမတကာတို့ထက်ကြီးမြတ်သော ဘွဲ့နာမကို ပေးတော်မူ၏”*

# နာမတကာတို့ထက်ကြီးမြတ်သောနာမ

လူ့သမိုင်း၌ အချို့သောနာမည်သည် တစ်ကမ္ဘာလုံးသိမှတ်သောနာမည်များဖြစ်ပါသည်။ အချို့သည် သူတို့ပြုသောမွန်မြတ်သည့်အမှုကြောင့် ထိုသို့သိမှတ်ကြခြင်းဖြစ်၍ အချို့သည် ဉာဏ်ပညာရှိခြင်းနှင့်ရိုးရာယဉ်ကျေးမှု၌ ပါဝင်ဆောင်ရွက်ခြင်းကြောင့် ဖြစ်ကြ၏။ အသင်းတော်သမိုင်း၌ ခရစ်တော်၏အမှုတော်အတွက် ကြိုးစားအားထုတ်ခဲ့သောသူများကို ကျွန်တော်တို့အောက်မေ့ကြပါသည်။ သို့သော်လည်း၊ ယေရှုခရစ်တော်၏နာမတော်နှင့် နှိုင်းယှဉ်လျှင် သူတို့သည် ဘာမှမပြောပလောက်ပေ။

ပထမအကြိမ်ကြွလာတော်မူသောအချိန်၌ ယေရှုသည် “မထီမဲ့မြင်ပြုခြင်းကိုခံ၍ လူတို့တွင် အယုတ်ဆုံးသောသူဖြစ်၏။ ငြိုငြင်သောသူ၊ နာကျည်းခြင်းဝေဒနာနှင့်ကျွမ်းဝင်သောသူဖြစ်၏။ သူတပါးမျက်နှာလွှဲခြင်းကို ခံရသောသူကဲ့သို့ဖြစ်၏။ မထီမဲ့မြင်ပြုခြင်းကိုခံလျက်ရှိ၍ ငါတို့သည် မရိုသေကြ” (ဟေရှာ ၅၃း၃)။ ဤသူသည် ဤလောကသို့ကြွလာတော်မူသောဘုရားသခင်ပင်ဖြစ်သည်။ သို့သော်လည်း လောကီလူသားတို့က လျစ်လျူရှု၍ ငြင်းပယ်ခဲ့ကြ၏။ အလွန်ဝမ်းနည်းစရာကောင်းလှပါသည်တကား။ “ထိုသူတို့သည် ဤလောက၌ရှိတော်မူပြီ။ ဤလောကကိုလည်း ဖန်ဆင်းတော်မူပြီ။ သို့သော်လည်း ဤလောကသည်ထိုသူကိုမသိ။ သူသည် မိမိဒေသအရပ်သို့ကြွလာသော်လည်း မိမိလူမျိုးတို့သည် သူ့ကိုလက်မခံဘဲနေကြ၏” (ယောဟန် ၁း၁၀-၁၁)။

ယနေ့တွင် ယေရှု၏နာမတော်ကို များစွာသောလူတို့က မထီမဲ့မြင်ပြုလျက် လွဲမှားစွာအသုံးပြုခဲ့ကြ၏။ လောကီလူသားများက ယေရှု၏နာမတော်ကို ရိုသေလေးစားခြင်းမရှိ။ ကျော်ကြားသောမင်းသားမင်းသမီးတို့ကို ပို၍နှစ်သက်ကြ၏။ အလွန်ကြီးမြတ်တော်မူသော သခင်ယေရှုကို လျစ်လျူရှုလျက် ဤအပြစ်သား “ကျော်ကြားသောသူ” တို့၏နာမည်များကို ချီးမြှောက်ကြ၏။

ကျွန်တော်တို့သိမှတ်ရမည်မှာ ယေရှုသည် အမြင့်ဆုံး၌ချီးမြှောက်ခြင်းခံခဲ့ပြီးဖြစ်ပါသည်။ သေခြင်းမှရှင်ပြန်ထမြောက်ခဲ့ပြီး ကောင်းကင်ဘုံသို့ကြွတော်မူပြီးနောက် ဘုန်းတန်ခိုးအာနုဘော်တော်ကိုခံလျက် အမြင့်ဆုံးသောအရပ်၌ ချီးမြှောက်ခြင်းခံခဲ့၏။ ယေရှုသည် ခမည်းတော်ဘုရား၏လက်ျာဘက်၌ထိုင်တော်မူပြီး၊ ကျွန်ုပ်တို့အတွက် တောင်းလျှောက်ခြင်းကိုပြုလျက် ဖန်ဆင်းထားသောအရာခပ်သိမ်းကို အုပ်စိုးတော်မူ၏။

လောကီလူတို့က ငြင်းပယ်ကြသော်လည်း ခရစ်ယာန်တို့သည် ယေရှုကိုကိုးကွယ်ကြရပါမည်။ ယေရှုသည် ဤလောကရှိခေါင်းဆောင်များထက် ပိုကြီးမြတ်တော်မူပြီး ပညာရှိများထက် ပို၍ပညာရှိလျက် ချစ်ခြင်းမေတ္တာနှင့်ပြည့်စုံသော မွန်မြတ်သောသူဖြစ်ပါသည်။ သူသည် မိမိအသက်ကိုပေးလျက် ကျွန်တော်တို့ကို ကယ်တင်တော်မူခဲ့သောကယ်တင်ရှင်ဖြစ်ပါသည်။ ကျွန်တော်တို့သည် ယေရှုကို ဘုရင်တကာတို့၏ဘုရင်၊ အရှင်တကာတို့၏အရှင်ဟု ချီးမြှောက်ကြရပါမည်။

**ဆင်ခြင်ရန်** - ယေရှု၏နာမတော်သည် အကျွန်ုပ်အတွက် ကြီးမြတ်တော်မူပါသလား။
**ဆုတောင်းချက်**- ခရစ်တော်၏နာမတော်ကို နှုတ်အားဖြင့်၄င်း၊ အပြုအမူအားဖြင့်၄င်း ကျွန်တော်အစဉ် ချီးမြှောက်ပါမည်။

အင်္ဂါ၊ မေ (၉)
**ဖိ ၂း၉-၁၁**
ဗျာ ၅း၁၁-၁၄

*"ခပ်သိမ်းသော သတ္တဝါတို့သည် . . . ယေရှုသည် သခင်ဖြစ်တော်မူ၏ဟု နှုတ်နှင့်ဝန်ခံသဖြင့်"*

# ထိုအရာတို့သည်ဘယ်အချိန်၌ဖြစ်မည်နည်း

ယုံကြည်သူကျွန်တော်တို့သည် ယေရှု၏နာမတော်ကိုအမြင့်ဆုံး၌ချီးမြှောက်ကြရပါမည်။ တခါတလေ ကျွန်တော်တို့သည် ထိုသို့ပြုလိုခြင်းမရှိ၊ ဘေးပတ်ဝန်းကျင်၌ရှိသောသူတို့ကလည်း ယေရှု အကြောင်းကို ဂရုမစိုက်ခဲ့ကြ။ အလွန်မွန်မြတ်တော်မူသောယေရှု၏နာမတော်ကို ခရစ်ယာန်တို့ပင် လျှင် တခါတရံ ရှက်၍မမြွက်ဆိုလိုကြပါ။

သို့ဆိုလျှင် အဘယ့်ကြောင့်ရှင်ပေါလုက ယေရှုရှေ့၌ လူတိုင်းဒူးထောက်လိမ့်မည်၊ ယေရှု ခရစ်တော်သည် သခင်ဖြစ်တော်မူ၏ဟု ဝန်ခံလိမ့်မည်ဟူ၍ ဆိုပါသနည်း။ ယုံကြည်သူဘဲမဟုတ်၊ ကောင်းကင်မြေကြီး၌ရှိသောသူတိုင်း၊ မြေကြီးအောက်၌ရှိသောသူ (သေသောသူများကိုဆိုလို၏) တိုင်း ကိုပင်ဆိုလိုပါသည်။ သို့သော်လည်း ထိုသို့ယေရှုခရစ်တော်ကို ကမ္ဘာတစ်ခုလုံး ဝတ်ပြုမည့်အချိန်ကို မဖော်ပြထားပါ။ သို့သော်လည်း တနေ့နေ့တွင် ဤလောကလူသားအပေါင်းတို့က ယေရှုကိုသိမှတ်နား လည်နားလည်ကြပါလိမ့်မည်။

ထိုသို့သော ဖော်ပြချက်ကို ဗျာဒိတ် ၅း၁၃ ထဲတွင်တွေ့ရပါသည်။ ကောင်းကင်တမန်နှင့် သန့်ရှင်းသူတို့က ဘုရားသခင်ကိုဝတ်ပြုကိုးကွယ်မည်အကြောင်း အနာဂတ်ကောင်းကင်မြင်ကွင်းကို ယောဟန်ထံ အရိပ်အမြွက်ဖော်ပြခြင်းဖြစ်ပါသည် (ဗျာဒိတ် ၅း၁၁-၁၂)။ အပိုဒ်ငယ် ၁၃ ထဲတွင် ဤသို့ ကြွေးကြော်သီဆိုကြ၏ - "ကောင်းကင်၊ မြေကြီး၊ မြေကြီးအောက်၊ သမုဒ္ဒရာအထဲ အရပ်ရပ်တို့ ၌ရှိသမျှသော ဝေနေယျသတ္တဝါအပေါင်းတို့က ပလ္လင်တော်ပေါ်မှာထိုင်တော်မူသောသူနှင့် သိုးသူငယ် သည် ကမ္ဘာအဆက်ဆက်ကောင်းကြီးမင်္ဂလာ၊ ဂုဏ်အသရေ၊ ဘုန်းအာနုဘော် အစွမ်းသတ္တိရှိတော်မူ စေသတည်းဟု ပြောဆိုကြသည်ကို ငါကြားလေ၏"။ ဤသည်ကား ယေရှုသည် အရာခပ်သိမ်းကို အုပ်စိုးတော်မူသော အနန္တတန်ခိုးရှင်ဘုရားသခင်ဖြစ်သည်ဟု လူတိုင်းဝန်ခံကြွေးကြော်မည့်အနာဂတ် နေ့ကိုဖော်ပြသောကျမ်းပိုဒ်ဖြစ်ပါသည်။

ဤအမှုသည် ယေရှုဒုတိယအကြိမ်ကြွလာတော်မူသောအချိန်၌ဖြစ်ပျက်လိမ့်မည်။ သူသည် ဘုန်းတန်ခိုးအာနုဘော်တော်နှင့် ဘုရင်တကာတို့၏ဘုရင် အရှင်တကာတို့၏အရှင်အဖြစ် ကြွလာ တော်မူလိမ့်မည်။ ဤလောကတစ်ခုလုံးကို တရားစီရင်၍အုပ်စိုးတော်မူသောအခါ သူ၏ဘုန်းတော် ကို လူတိုင်းသိမြင်ကြလိမ့်မည်။ သေသောသူ၊ ရှင်သောသူ၊ ဤလောကလူသားတိုင်းက ယေရှု အကြောင်းကို သိမှတ်နားလည်ကြမည့်နေ့တစ်နေ့ပင်ဖြစ်ပါသည်။

ယေရှုသည် သခင်ဖြစ်တော်မူ၏ဟု နောက်ဆုံးနေ့၌ဝန်ခံကြွေးကြော်ကြမည့်အချိန်ထိ ကျွန်တော်တို့ မစောင့်သင့်ပေ။ ယခုပင်လျှင် ယေရှုအား မိမိ၏ကယ်တင်ရှင်သခင်ဖြစ်သည်ဟု ဆိုလျက် ရှေ့တော်၌ ဝတ်ပြုကိုးကွယ်ကြပါစို့။

**ဆင်ခြင်ရန်** - ယေရှုခရစ်တော်သည်သခင်ဖြစ်တော်မူ၏ဟု ကျွန်တော်ယခုဝန်ခံပါသလား။
**ဆုတောင်းချက်**- ယေရှုသည် ကျွန်ုပ်ဘဝ၏သခင်ဖြစ်တော်မူကြောင်း ကျွန်တော် အစဉ်အောက် မေ့သတိရလိုပါ၏။

ဗုဒ္ဓဟူး၊ မေ (၁၀)
**ဖိ ၂း၁၂-၁၈**
၁ သက် ၁း၅-၁၀

*"ငါမျက်မှောက်၌နားထောင်သည်သာမက၊ မျက်ကွယ်၌လည်း အစဉ်နားထောင်ကြသည်နှင့် အညီ"*

# မှန်ကန်သော အကျင့်တရား

တခါတရံ သတင်းကောင်းကိုဝေငှသောအချိန်၌ "ခရစ်ယာန်အပေါင်းတို့သည် ဟန်ဆောင်သောသူများဖြစ်ကြသောကြောင့် ဘုရားကျောင်း ကျွန်တော်မသွားချင်ဘူး" ဟု ဆိုသောသူတို့နှင့် ကြုံတွေ့ရတတ်၏။ ဝမ်းနည်းစရာကောင်းသည်မှာ ထိုအမြင်၌အမှန်တရားတစ်ချို့ရှိ၏။ များစွာသောလူတို့သည် သူတို့ဟောပြောသောသတင်းကောင်းအတိုင်း အသက်မရှင်ကြဘဲ အကျင့်ပျက်တတ်ကြပါသည်။

ဤသည်ကား ဖိလိပ္ပိမြို့ရှိခရစ်ယာန်များအတွက် ပေါလုဂရုစိုက်သောအရာဖြစ်ပါသည်။ သူတို့၏အကျင့်သည် သူတို့ယုံကြည်သောသတင်းကောင်းနှင့်ကိုက်ညီမှုရှိစေကြခြင်းငှါ တိုက်တွန်းခဲ့ပါသည်။ သူတို့နှင့်အနီးကပ်နေထိုင်မိဿဟာယဖွဲ့ခဲ့သောကြောင့် မိမိ၏စကားကို နာခံတတ်ကြကြောင်းပေါလုသိခဲ့ပါသည်။ သို့သော်လည်း၊ မိမိရှိစဉ်နာခံရုံသာမက၊ မရှိသောအချိန်၌လည်း ပို၍နာခံခြင်းငှါ တိုက်တွန်းခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့၏နာခံခြင်းသည် လူကိုမဟုတ်ဘဲ ဘုရားသခင်၏စိတ်တော်နှင့်ထိတွေ့ခြင်းငှါ နာခံခြင်းဖြစ်ရပါမည်။ ကျွန်ုပ်တို့၏နာခံခြင်းသည် ပတ်ဝန်းကျင်၌ရှိသောလူတို့ကြောင့်မဟုတ်ဘဲ ဘုရားသခင်ကိုကြောက်ရွံ့သောသဘောအားဖြင့် အစဉ်နာခံခြင်းရှိရပါမည်။

ကျွန်ုပ်တို့၏နာခံခြင်းကို ဂရုမစိုက်သော မယုံကြည်သူပတ်ဝန်းကျင်၌၎င်း ၊ မိမိကိုယ်ကိုတစ်ဦးတည်းရှိသောအချိန်၌၎င်း ကျွန်တော်တို့မည်သို့ပြုမူနေထိုင်ပါသနည်း။ အပြစ်သွေးဆောင်ခြင်းထဲသို့ကျွန်တော်တို့လဲကျရမည်လော့။ လောကီလူတို့နည်းတူ ကျွန်တော်တို့ပြုမူနေထိုင်ရမည်လော။ သို့မဟုတ် ကျွန်တော်တို့သည် ဘုရားသခင်အတွက် ကောင်းသောအကျင့်ကိုကျင့်လျက် ဆက်လက်နေထိုင်နိုင်မည်လော့။

ကျွန်ုပ်တို့ဟောပြောသောတရားနှင့်ကျွန်ုပ်တို့၏အကျင့်သည် ကိုက်ညီမှုမရှိလျှင် ကျွန်တော်တို့သည် ဟန်ဆောင်သောသူများဖြစ်၍ လူ့အကြိုက်ကိုလိုက်သောသူများသာ ဖြစ်ပါသည်။ ကျွန်တော်တို့သည် အဘယ်သူမျှမမြင်သောအချိန်၌ပင် ဘုရားသခင်၏စကားကိုနာခံလျက် ရိုးသားမှန်ကန်စွာနေထိုင်ရပါမည်။ ဘုရားသခင်အတွက် သန့်ရှင်းသောအသက်တာဖြင့်အသက်ရှင်ပြီး၊ အစဉ်ကြိုးစားအားထုတ်ကြရပါမည်။ ထိုသို့အသက်ရှင်ခြင်းသည် အကျိုးရှိ၍ ကျွန်ုပ်တို့ကိုမြင်သောသူတို့သည် ဘုရားသခင်အတွက် ကျွန်တော်တို့အမှန်အသက်ရှင်ကြောင်းကို မြင်တွေ့ကြပါလိမ့်မည်။ ကျွန်တော်တို့သည် လူ့အကြိုက်မဟုတ်ဘဲ ဘုရားသခင်နှစ်သက်သောအရာကို ပြုမူကျင့်ကြံရပါမည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်၏နာခံခြင်းကို အဘယ်အရာက နှိုးဆော်ပါသနည်း။

**ဆုတောင်းချက်**- အဖဘုရား၊ အဘယ်အမှု၌မဆို ကိုယ်တော်၏စကားကို နာခံမည်အကြောင်း အကျွန်ုပ်အား သတ္တိ နှင့်ရဲရင့်ခြင်း ပေးသနားတော်မူပါ။

# ကိုယ်ကိုကယ်တင်ခြင်းငှါ ကြိုးစားအားထုတ်ကြလော့

"ကိုယ်ကိုကယ်တင်ခြင်းငှါ ကိုယ်တိုင်ကြိုးစားအားထုတ်ကြလော့" (ဖိလိ ၂း၁၂) ဟူသော စကားစုကို ခရစ်ယာန်တို့က မိမိကယ်တင်ခြင်းရမရဆန်းစစ်ခြင်းငှါဒင်း၊ ကျွန်ုပ်တို့ကယ်တင်ခြင်းအတွက် အမှုတစ်ခုခုပြုရမည်ဟူ၍ငင်း၊ မှားယွင်းစွာအသုံးပြုတတ်ကြရ၏။ ဤအနက်ဖွင့်ချက်တို့သည် ဤကျမ်းပိုဒ်၏ဆိုလိုရင်းမဟုတ်ပါ။

ရှင်ပေါလုက ကျွန်ုပ်တို့အား "ကြိုးစားအားထုတ်ကြလော့" ဟု တိုက်တွန်းခြင်းသည် ကယ်တင်ခြင်းရရန်မဟုတ်ဘဲ ရရှိသောကယ်တင်ခြင်းကို သက်သေပြရန်ဖြစ်ပါသည်။ အလုပ်အားဖြင့် ကျွန်တော်တို့ကယ်တင်ခြင်းမရနိုင်ပါ။ သို့သော်လည်း ကျွန်ုပ်တို့၏ကယ်တင်ခြင်းကို ကျွန်ုပ်တို့ပြုသော အမှုနှင့်အသက်တာအားဖြင့် သက်သေပြရပါမည်။ ထိုသို့ပြုခြင်းဖြင့် သတင်းကောင်းအားဖြင့် ပြောင်းလဲသောကျွန်ုပ်တို့အသက်တာကို ဖော်ပြရာရောက်၍၊ ဘုရားသခင်၏စကားကို နာခံခြင်းအားဖြင့် ကျွန်တော်တို့အသက်ရှင်လျက်ရှိကြောင်းဖော်ပြခြင်းဖြစ်ပါသည်။

ထိုသို့ပြုရာတွင် မာနထောင်လွှားခြင်းအားဖြင့်မဟုတ်ဘဲ၊ ကြောက်ရွံ့တုန်လှုပ်ခြင်းစိတ်သဘောဖြင့် ပြုရပါမည်။ ကြောက်ရွံ့တုန်လှုပ်ခြင်းသည် ကယ်တင်ခြင်းဆုံးရှုံးမည်ဟု ထင်မှတ်၍ မဟုတ်ဘဲ ဘုရားသခင်၏အမျက်တော်ထွက်စေမည်ကို ကြောက်ရွံ့ခြင်းဖြစ်ပါသည်။ ဤကြောက်ရွံ့ခြင်းသည် ရိုသေလေးစားခြင်းကို ရည်ညွှန်းပါ၏။ ကျွန်တော်တို့သည် ဘုရားသခင်ကိုသန့်ရှင်းသော ကြောက်ရွံ့ခြင်းနှင့်ကြောက်၍ မိမိ၏အားနည်းချက်များကိုအောက်မေ့လျက် နှိမ့်ချသောစိတ်သဘောဖြင့် အမှုတော်ဆောင်ရပါမည်။ ရှင်ဘုရင်ရှေ့၌နှိမ့်ချသောအစေခံကျွန်ကဲ့သို့ ကျွန်တော်တို့သည် ဘုရားရှေ့၌ ကြောက်ရွံ့ခြင်းရှိရပါမည်။ ချစ်ခြင်းမေတ္တာနှင့်ပြည့်စုံသော ဖခင်၏စကားကို သားသမီးသည် နာခံသကဲ့သို့ ကျွန်တော်တို့သည် ဘုရားသခင်ကိုကြောက်ရွံ့ရပါမည်။ ဘုရားသခင်၏ဒဏ်ခတ်ခြင်းကို ကြောက်ရွံ့၍မဟုတ်ဘဲ သူသည်ကျွန်ုပ်တို့၏အရှင်သခင်၊ ကြောက်ရွံ့ရိုသေခြင်းနှင့်ထိုက်တန်သောသူဖြစ်သောကြောင့် ကျွန်တော်တို့သည် ကြောက်ရွံ့ခြင်းနှင့်ဘုရားဝတ်ကိုပြုရခြင်းဖြစ်ပါသည်။

ကျွန်တော်တို့သည် နောင်တရ၍သခင်ယေရှုကိုယုံကြည်ခဲ့ပြီဖြစ်သောကြောင့် ထိုသခင်အတွက် နာခံခြင်းဖြင့် အသက်ရှင်လျက် ကျွန်တော်တို့ကယ်တင်ခြင်းခံရခြင်းအကြောင်းကို ဖော်ပြရန် တိုက်တွန်းထားခြင်းဖြစ်ပါသည်။ ဤအမှုကိုကျွန်တော်တို့သည် ဘယ်သူမှမမြင်သောအချိန်၌လည်း အစဉ်ပြုရမည့်အမှုဖြစ်ပါသည်။ ထိုသို့ပြုခြင်းအားဖြင့် ကျွန်တော်တို့သည် ဤလောက၌တောက်ပစွာလင်းလျှက် သခင်ယေရှုခရစ်တော်အတွက် သက်သေကောင်းဖော်ဆောင်လျှက်ရှိပါသည်။

**ဆင်ခြင်ရန်** - ကျွန်တော် အပြစ်လုပ်သောအခါ၊ ဘုရားသခင်၏အမျက်ဒေါသ ကိုပို၍ ကြောက်သလော (သို့) ဘုရားသခင်ကိုဝမ်းနည်းစေသောကြောင့် ပို၍ဝမ်းနည်းခြင်းရှိသလော။

**ဆုတောင်းချက်**- အဖဘုရား၊ ကိုယ်တော်ရှေ့၌ကြောက်ရွံ့ခြင်းရှိမည်အကြောင်း၊ နှိမ့်ချခြင်းစိတ်သဘော ပေးသနားတော်မူပါ။

*"သင်တို့အထဲ၌စေတနာတော်အားဖြင့် ပြုပြင်တော်မူသောသူကား ဘုရားသခင်ပေတည်း"*

# ဘုရားသခင်သည် သင်၌အမှုပြုတော်မူ၏

ကျွန်ုပ်တို့၏တာဝန်ကျေပွန်ခြင်းသည် အရေးကြီးသော်လည်း ထိုသို့လူ့ဝတ္တရားကျေပွန်စွာဆောင်ရွက်နိုင်ခြင်းသည် ဘုရားသခင်၏ဦးဆောင်လမ်းပြမှုအားဖြင့်သာ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏နာခံခြင်းသည် ကျွန်ုပ်တို့၌အမှုပြုတော်မူသော၊ ခွန်အားပေးတော်မူသော၊ ကျေးဇူးပြုတော်မူသော၊ ပြုလိုသောစိတ်ရှိစေတော်မူသော ဘုရားသခင်အားဖြင့်သာဖြစ်ပါ၏။ ထိုအမှုကိုပြုသောသူသည် သန့်ရှင်းသောဝိညာဉ်တော်ဖြစ်၍ သခင်ဘုရား၌ယုံကြည်သူအပေါင်းတို့ထံ ထိုသန့်ရှင်းသောဝိညာဉ်တော်ကိုပေးတော်မူခဲ့ပြီဖြစ်သည်။

သင့်အသက်တာ၌ ဤအမှုကိုကြုံတွေ့ခံစားပြီးပြီလား။ သင့်အသက်တာ၌ ဘုရားသခင်အမှုပြုတော်မူခြင်းကိုခံပါသလား။ အပြစ်ကိုရှောင်လွှဲလျက် သန့်ရှင်းစွာအသက်ရှင်ခြင်းငှါ နှိုးဆော်တော်မူသောသန့်ရှင်းသောဝိညာဉ်တော်၏ ဖြည်းညှင်းသောအသံကိုသင်ကြားရပါသလား။ သင့်ကိုလမ်းပြဦးဆောင်တော်မူသော ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကို သင်ခံစားရပါသလား။ ခရစ်တော်နှင့် စစ်မှန်သောမိဿဟာယဖွဲ့ခြင်းရှိပါသလား။ သခင်ဘုရားနှစ်သက်သောအရာကိုသာ ပြုလိုသောဆန္ဒသင့်၌ရှိပါသလား။ သင့်အသက်တာ၌ဝိညာဉ်တော်အသီးမြင်တွေ့ရပါသလား။ ဤလက္ခဏာတို့သည် ကျေးဇူးတော်အားဖြင့်ကယ်တင်ခြင်းခံရသောသူတိုင်း၏အသက်တာ၌ ရှိရမည့်သက်သေဖြစ်ပါသည်။

ဘုရားသခင်၏စကားကိုနာခံလျှက် သစ္စာရှိစွာကျွန်တော်တို့အမှုတော်ဆောင်ရွက်နိုင်ခြင်းသည် မိမိကြိုးစားအားထုတ်မှုကြောင့်မဟုတ်ဘဲ ဘုရားသခင်၏ခွန်အားကြောင့်သာ ဖြစ်ပါသည်။ ဘုရားသခင်နှစ်သက်သောအရာကို ပြုနိုင်ခြင်းငှါ ကျွန်တော်တို့ကိုထိုဘုရားသခင်ကပင် ခွန်အားပေးလျှက်ရှိ၏။ ခရစ်ယာန်နေ့စဉ်သန့်ရှင်းခြင်းအမှု၌ ကျွန်ုပ်တို့ကို ဘုရားသခင်က မိမိကိုယ်ကိုရုန်းကန်ခြင်းငှါ ပစ်ထားတော်မမူ။ ခရစ်တော်မပါဘဲ ကျွန်တော်တို့ဘယ်အမှုကိုမျှမပြုနိုင်ကြောင်း အောက်မေ့သတိရပါ။ သို့သော်လည်း၊ ကျွန်ုပ်တို့နှင့်အတူ ဘုရားသခင်ရှိတော်မူခြင်းနှင့်သန့်ရှင်းသောဝိညာဉ်တော်၏လမ်းပြခြင်းအားဖြင့် ဘုရားသခင်နှစ်သက်သောအရာကို ကြိုးစားရှာဖွေ၍နာခံခြင်းနှင့် ကျွန်တော်တို့အသက်ရှင်နိုင်ခြင်းဖြစ်ပါသည်။

ထို့ကြောင့်၊ ဘုရားသခင်၏အမှုတော်ဆောင်ရွက်ခြင်းနှင့်ဘုရားသခင်အတွက် ကျွန်တော်တို့အသက်ရှင်ခြင်းအမှု၌ကျွန်တော်တို့သည် လုံးဝဝါကြွားခြင်းမရှိရပါ။ တမန်တော်ပေါလုကဲ့သို့ ကျွန်တော်တို့ဤသို့ဆိုကြပါစို့ - "သို့သော်လည်း ဘုရားသခင်၏ကျေးဇူးတော်အားဖြင့်သာ ငါဖြစ်သည်အတိုင်း ငါဖြစ်၏ . . . ငါကြိုးစားသည်မဟုတ်၊ ငါနှင့်အတူရှိသောဘုရားသခင်၏ကျေးဇူးတော်သည် ကြိုးစားတော်မူ၏" (၁ ကော ၁၅း၁၀)။

**ဆင်ခြင်ရန်** - ကျွန်တော်ပြုသော ကောင်းသောအမှုတိုင်း၌ ကျွန်တော် မဝါကြွားရပါ။
**ဆုတောင်းချက်-** အဖဘုရား၊ ကိုယ်တော်၏အလိုတော်ကို ပြုလိုခြင်းငှါ အကျွန်ုပ်၌ အမှုပြုတော်မူပါ။

*"ပြုလေသမျှတို့၌ မြည်တမ်းခြင်း၊ ငြင်းခုံခြင်း မရှိဘဲ ပြုကြလော့"*

# မြည်တမ်းခြင်း

လူသားဖြစ်သောကျွန်တော်တို့သည် ညည်းတွားမြည်တမ်းတတ်သောသူများဖြစ်ကြပါသည်။ ဣသရေလလူမျိုးများကဲ့သို့ ကျွန်တော်တို့သည် အနည်းငယ်အဆင်မပြေဖြစ်လျှင် မြည်တမ်းတတ်ကြ၏။ ကျွန်ုပ်တို့လိုချင်သည်အတိုင်းမဖြစ်လျှင် စိတ်ပျက်၍ညည်းတွားတတ်ကြ၏။ မတရားသည်ဟု ထင်သောအမှု၌ ကျွန်တော်တို့သည်မိမိမှန်သည်ဟု ထင်သောအရာအတွက် တိုက်ခိုက်လိုသောစိတ် ရှိကြ၏။

သို့သော်လည်း ဖိလိပ္ပိ ၂း၁၄ ထဲတွင် ထိုသို့သောစိတ်သဘောကို ဆန့်ကျင်၍ "သင်တို့သည် ပြုလေသမျှတို့၌ မြည်တမ်းခြင်း၊ ငြင်းခုံခြင်းမရှိဘဲပြုကြလော့" ဟု တိုက်တွန်းထားပါသည်။ ဘဝ၌ ကျွန်တော်တို့ပြုသောအမှုတိုင်း၏ရည်ရွယ်ချက်သည် မိမိပျော်ရွှင်ဝမ်းမြောက်ခြင်းအတွက်မဟုတ်ဘဲ ဘုရားသခင်၏ဘုန်းတော်ထင်ရှားခြင်းအတွက်ဖြစ်သည်ကို အစဉ်အောက်မေ့ရပါမည်။ ဘုရားသခင်သည် အရာခပ်သိမ်းကိုထိန်းချုပ်အုပ်စိုးတော်မူပြီး၊ ဘယ်အရာမှမတော်တဆဖြစ်သည်မဟုတ်ကြောင်း သိမှတ်ရပါမည်။ အရာခပ်သိမ်းတို့သည် ဘုရားသခင်၏အလိုတော်အတိုင်း ဖြစ်ပျက်နေခြင်းဖြစ်ပါသည်။

ထို့ကြောင့်၊ ကျွန်တော်တို့ညည်းတွားမြည်တမ်းခြင်းပြုခြင်းသည် ဘုရားသခင်ကိုအပြစ်တင်သကဲ့သို့ဖြစ်၏။ ဘုရားသခင်သည် အဆုံးစွန်အာဏာရှိတော်မူသောသူဖြစ်ကြောင်း ကျွန်တော်တို့သိပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုပြုစုစောင့်ရှောက်ခြင်းငှါ ဂတိထားတော်မူ၍ ပြုသောအမှုတိုင်းသည် အမှားမပါဘဲ အစဉ်စုံလင်ခြင်းရှိကြောင်း ကျွန်တော်တို့သိပါ၏။ ထို့ကြောင့် ဖြစ်ပျက်သောအရာ၌ ကျွန်တော်တို့စိတ်မသာဝမ်းနည်းခြင်းရှိလျှင် ပတ်ဝန်းကျင်ရှိလူတို့အပေါ် မကျေနပ်ရာရောက်သည်သာမက ဘုရားသခင်အပေါ် မကျေနပ်ကြောင်းပြသရာရောက်၏။

ထို့ကြောင့် ကျွန်တော်တို့သည်မြည်တမ်းခြင်းမပြုဘဲ အသက်တာ၌ဘုရားသခင်၏ ကောင်းမြတ်တော်မူခြင်းကို ပို၍သိမှတ်ကြရပါမည်။ ဖြစ်ပျက်သောအရာတစ်ခုခု၌ မြည်တမ်းခြင်း၊ မကျေနပ်ခြင်းရှိတော့မည်ဆိုလျှင် ဟေဗြဲ ၁၃း၅-၆ ကို သတိရကြပါစို့- "သင်တို့၏ကျင့်ကြံပြုမူခြင်းသည် ငွေကိုတပ်မက်ခြင်းနှင့်ကင်းလွတ်၍ ကိုယ်၌ရှိသောဥစ္စာနှင့်ရောင့်ရဲခြင်းရှိကြလော့။ အကြောင်းမူကား၊ ငါသည်သင့်ကိုမစွန့်၊ သင့်ကိုအလျှင်းပစ်၍မထားဟု ဂတိတော်ရှိ၏။ ထို့ကြောင့် ထာဝရဘုရားသည် ငါ့ကိုမစတော်မူသည်ဖြစ်၍ လူသည်ငါ၌ပြုနိုင်သမျှကိုငါမကြောက် ဟု ငါတို့သည်ရဲရင့်သောစိတ်နှင့်ပြောဆိုရသောအခွင့်ရှိကြ၏"။

ထိုသို့ဆိုလျှင် ဘုရားသခင်၏အဆုံးစွန်အာဏာတော်ကို ကျွန်တော်တို့ယုံကြည်ကြောင်း သက်သေပြရာရောက်၏။ ထို့ကြောင့် အဘယ်အခက်အခဲဘဲကြုံရကြုံရ ဘုရားသခင်ကိုယုံကြည်ကိုးစားလျက်၊ အသက်တာ၌ပြုတော်မူသောအမှုအတွက် ကျေးဇူးတော်ချီးမွမ်းခြင်းငှါသတိရကြပါ။

**ဆင်ခြင်ရန်** - "ရောင့်ရဲသောစိတ်ပါလျှင်၊ ဘုရားဝတ်၌မွေ့လျော်ခြင်းသည် ကြီးစွာသော အကျိုးစီးပွါးမှန်၏" (၁ တိ ၆း၆)။

**ဆုတောင်းချက်**- အဖဘုရား၊ ကျွန်ုပ်ဘဝ၌ ဖြစ်ပျက်သောအရာအပေါင်းတို့တွင် မြည်တမ်းခြင်း မပြုဘဲ၊ ရောင့်ရဲခြင်း ရှိမည်မကြောင်း သင်ပေးတော်မူပါ။

တနင်္ဂနွေ၊ မေ (၁၄)
**ဖိ ၂း၁၂-၁၆**
မသဲ ၅း၁၃-၁၆

*"ထိုလူမျိုးအထဲ၌ ထွန်းလင်းကြလော့"*

# လောက၌အလင်း

ကျမ်းစာထဲ၌ ဤအပြစ်ကမ္ဘာလောကကို မှောင်မိုက်ခြင်းနှင့်ပုံဆောင်၍ ခရစ်တော်ကို ထိုအမှောင်၌လင်းလက်သောအလင်းကဲ့သို့ ဖော်ပြခြင်းခံရ၏ (ယော ၁း၁-၉)။ ခရစ်ယာန်တို့သည်လည်း ဤလောက၌လင်းလက်သောအလင်းကဲ့သို့ ဖော်ပြခြင်းခံရသောအခါ ကျွန်တော်တို့သည် မှောင်မိုက်ည၌ လင်းလက်သောလကဲ့သို့ ခရစ်တော်၏အလင်းကိုရောင်ပြန်ဟပ်စေရပါမည်။ လ၌ မိမိကိုယ်ပိုင်အလင်းမရှိသော်လည်း နေ၏အလင်း ရောင်ပြန်ဟပ်ခြင်းဖြင့် လင်းလက်ခဲ့ပါသည်။ ထိုနည်းတူ ဤရက်စက်ကြမ်းကြုတ်သောလောက၌ ကျွန်ုပ်တို့၏အကျင့်တို့သည်လင်းလက်သောအလင်းကဲ့သို့ဖြစ်ရပါမည်။ မိမိ၏ဘုန်းတော်အတွက်မဟုတ်ဘဲ ဤလောက၏အလင်းဖြစ်တော်မူသောယေရှု၏ဘုန်းတော်အတွက် ထိုသို့လင်းကြရပါမည် (ယော ၈း၁၂၊ ၉း၅၊ ၁၂း၄၆)။

ကျွန်တော်တို့သည် ကယ်တင်ခြင်းရရှိကြောင်း ကြောက်ရွံ့တုန်လှုပ်ခြင်းနှင့် သက်သေပြ၍ အရာရာတိုင်း၌ မြည်တမ်းငြင်းခုံခြင်းမရှိဘဲ နေသောအခါ ပတ်ဝန်းကျင်လူတို့က ထိုထူးခြားမှုကိုသိမှတ်ကြလိမ့်မည်။ ကျွန်ုပ်တို့၏ခရစ်ယာန်အသက်တာကို မြင်တွေ့ကြလိမ့်မည်။ ထိုအခါ ကျွန်တော်တို့သည် ဤဆိုးယုတ်သောလောကီလူသားများအလယ်၌ အပြစ်တင်ခွင့်နှင့်ကင်းလွတ်သော သူတပါးကိုအန္တရာယ်မပြုသောသူများဖြစ်ကြောင်း မြင်တွေ့ကြလိမ့်မည်။ ဘုရားသခင်၏သားသမီးအမှန်ဖြစ်ခြင်းကြောင့် ထိုဘုရား၏လက္ခဏာများကို ကျွန်ုပ်တို့အသက်တာ၌မြင်တွေ့ကြခြင်းဖြင့် ကျွန်တော်တို့သည် ဘုရားသခင်၏သားသမီးများဖြစ်ကြောင်း သိမှတ်ကြလိမ့်မည်။

ဤကမ္ဘာလောကသည် အပြစ်နှင့်ပြည့်နှက်နေသောနေရာဖြစ်၏။ သို့သော်လည်း ခရစ်တော်အားဖြင့် ကျွန်တော်တို့သည်ပြောင်းလဲခဲ့ပါသည်။ ကျွန်တော်တို့သည် ထိုအလင်းခရစ်တော်ကို မြင်တွေ့ခဲ့ပြီးဖြစ်သောကြောင့် ထိုခရစ်တော်အတွက် လင်းလက်ခြင်းငှါတိုက်တွန်းခြင်းခံရကြ၏။ ဤလောကီလူသားတို့၏ဆိုးသွမ်းသောအကျင့်များအတိုင်း ကျွန်တော်တို့မနေထိုင်သင့်တော့ပါ။ ကျွန်တော်တို့သည် ခြားနားမှုရှိရပါမည်။ သူတပါးနှင့်ဆက်ဆံခြင်းအမှု၌လည်း ထူးခြားရပါမည်။ ပြုသောအမှုနှင့်ဆုံးဖြတ်ချက်အရာ၌လည်း ထူးခြားမှုရှိရပါမည်။

ဤထူးခြားသောအသက်တာသည် ခရစ်တော်အတွက် ကျွန်တော်တို့လင်းလက်ခြင်းပင်ဖြစ်၏။ အလင်းသည် အမှောင်ကိုဆန့်ကျင်သကဲ့သို့ ကျွန်ုပ်တို့အသက်တာသည်လည်း ဤလောကီအကျင့်များနှင့်လုံးဝဆန့်ကျင်ရပါမည်။ ဤသည်ကား သူတပါးတို့သည်ခရစ်တော်ကို သိမြင်ကြရမည်အကြောင်း ခရစ်တော်အတွက် ကျွန်တော်တို့သက်သေပြရမည့်အသက်တာပင်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - "မှောင်မိုက်သော လောက၌ ကျွန်တော်တို့သည် လင်းလက်ကြရပါမည်"။
**ဆုတောင်းချက်**- အဖဘုရား၊ မှောင်မိုက်သော လောက၌ ကိုယ်တော်အဘို့ လင်းလက်မည်အကြောင်း မစတော်မူပါ။

# အသက်ရှင်ခြင်းနှင့်ဆိုင်သော နှုတ်ကပတ်တရားတော်ကိုပြသခြင်း

အသက်ရှင်ခြင်းနှင့်ဆိုင်သော နှုတ်ကပတ်တရားတော်ပြသခြင်းဆိုသည်မှာ အဘယ်နည်း။ ကျမ်းစာကို လက်ဖြင့်ကိုင်၍ပြသခြင်းကိုမဆိုလိုဘဲ၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကို အသက်တာ၌ လိုက်လျှောက်ခြင်းဖြင့် သူတပါးမြင်တွေ့အောင် ပြသခြင်းဖြစ်ပါသည်။

နှုတ်ကပတ်တရားတော်ကို နာခံလျက် ထိုတရားတော်အတိုင်း အသက်ရှင်ခြင်းသည် ထိုတရားတော်ပြသခြင်းပင်ဖြစ်ပါသည်။ ထိုတရားတော်သည် ကျွန်ုပ်တို့အသက်တာတည်ဆောက်ခြင်း ငှါ၎င်း၊ လမ်းပြခြင်းငှါ၎င်း တစ်ခုတည်းသောစံနှုန်းဖြစ်ပါသည်။ ကျွန်ုပ်တို့အသက်တာအားဖြင့် ဘုရားသခင်၏နှုတ်ကပတ်တော်မှန်ကန်ကြောင်းကို လောကီလူသားတို့အား ပြသရန် ကျွန်ုပ်တို့၌တာဝန်ရှိပါ၏။ လောကီလူတို့သည် နှုတ်ကပတ်တော်ကို မဖတ်မကြားနာဘဲလျက်၊ ကျွန်ုပ်တို့အသက်တာနှင့် အကျင့်အားဖြင့် ထိုနှုတ်ကပတ်တော်ကို မြင်တွေ့နိုင်ပါသည်။ သင်ပြုသောအမှု၊ သင်၏နာခံခြင်း၊ သင့်အသက်တာအားဖြင့် ဘုရားသခင်အမှန်ရှိတော်မူကြောင်း သူတို့ထံသက်သေပြနိုင်ပါသည်။ ထိုသို့အားဖြင့် သူတို့သည် အသက်ရှင်သော နှုတ်ကပတ်တော်၊ ယေရှုခရစ်တော်ကို သိမြင်နိုင်ကြပါသည်။

ထို့ကြောင့် ဘုရားသခင်၏နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့အသက်တာ၌ အဓိကကျသော အရာဖြစ်ပါသည်။ ထိုနှုတ်ကပတ်တော်ကို နာခံဟောပြော၍ ကွယ်ကာခြင်းအားဖြင့် ကျွန်တော်တို့သည် ထိုတရားတော်ကို အမှန်ပြသလျက်ရှိ၏။ ခရစ်တော်၏သဏ္ဍာန်တော်ကို ပတ်ဝန်းကျင်ရှိ လူတို့ထံ ပြသရာလည်းရောက်၏။

ရှင်ပေါလုအတွက် ထိုအမှုသည် မိမိ၏မျှော်လင့်ချက်နှင့်ဝမ်းမြောက်ခြင်းဖြစ်ပါသည်။ ဖိလိပ္ပိလူတို့က နှုတ်ကပတ်တရားတော်ကို အသက်တာ၌ပြသခဲ့ကြလျှင် သူတို့ထံ မိမိအမှုတော်ဆောင်ခြင်းသည် အချည်းနှီးမဟုတ်ကြောင်း ထင်ရှားလျက်ရှိ၏။ တရားစီရင်ခြင်းနေ့ရက်၌ ခရစ်တော်၏ပလ္လင်တော်ရှေ့တွင် ထိုအသက်တာတို့ကို ပြသလျက်၊ ပေါလုသည် ဝမ်းမြောက်ခြင်းရှိပါလိမ့်မည်။ သူကိုယ်တိုင်ကလည်း အသက်ရှင်ခြင်းကိုပေးသော နှုတ်ကပတ်တရားတော်ကို ပြသသောကြောင့် သူတပါးတို့သည် ခရစ်တော်ထံခေါ်ဆောင်ခြင်းခံရ၍ ထိုသူတို့ကလည်း အခြားသူတပါးတို့ကို ကယ်တင်ရှင်သိကျွမ်းခြင်းသို့ ခေါ်ဆောင်ခဲ့ကြ၏။ ထိုနည်းတူ ကျွန်တော်တို့သည်လည်း ထိုတရားကို သူတပါးက ပြသခဲ့ခြင်းဖြင့် ကယ်တင်ခြင်းရခြင်းဖြစ်ပါသည်။ ထို့ကြောင့် သင့်ပတ်ဝန်းကျင်၌ရှိသော လူတို့ထံသို့ ဤအသက်ရှင်ခြင်းနှင့်ဆိုင်သော နှုတ်ကပတ်တရားတော်ကို သင် ယခုမပြသဘဲ နေမည်လော။

**ဆင်ခြင်ရန်** - "သင့်အသက်တာသည် လူတို့ဖတ်သော စာအုပ်တစ်အုပ် ဖြစ်ပါသည်။ ထိုစာအုပ်က ကောင်းကင်ကို ညွှန်ပြပါသလား၊ သင့်အသက်တာ၌ ယေရှုကို မြင်တွေ့ကြပါသလား"။

**ဆုတောင်းချက်**- အဖဘုရား၊ သူတပါးတို့သည် ကျွန်ုပ်အသက်တာ၌ ခရစ်တော်ကို မြင်ကြရမည် အကြောင်း၊ နှုတ်ကပတ်တရားတော်၌ ကျွန်တော် သစ္စာရှိလိုပါ၏။

*"သင်တို့၏ယုံကြည်ခြင်းကို တင်လျှူပူဇော်သော ယဇ်အပေါ်မှာ ငါ့ကို လောင်းသော်လည်း"*

# ဝမ်းမြောက်ဖွယ်ပေးဆပ်ခြင်းယဇ်

ခရစ်ယာန်အသက်တာ၌ ပေးဆပ်ခြင်းကြုံတွေ့ရသောအချိန်ရှိတတ်ပါသည်။ ခရစ်တော်၏အကြောင်းကြောင့် ညှင်းဆဲခံရခြင်း (သို့) ခရစ်တော်၏အမှုတော်ဆောင်ရွက်ခြင်းအတွက် မိမိ၏အချိန်၊ ခွန်အားတို့ကို ပေးဆပ်ရသောအချိန် ရှိပါသည်။ ရှင်ပေါလုက ဤသို့ဖော်ပြခဲ့ပါသည် - "သင်တို့၏ယုံကြည်ခြင်းကို တင်လျှူပူဇော်သော ယဇ်အပေါ်မှာ ငါ့ကိုလောင်းသော်လည်း ဝမ်းမြောက်ခြင်းရှိ၏"။

ဤ "လောင်း" ဟူသော ဂရိစကားလုံးသည် တောလည် ၁၅း၅ ထဲမှ သွန်းလောင်းရာ ပူဇော်သက္ကာနှင့် အဓိပ္ပာယ်တူ၏။ ပေါလုသည် မိမိ၏အမှုတော်ဆောင်ခြင်းအသက်တာကို ဘုရားသခင်ရှေ့ယဇ်ပလ္လင်တော်ပေါ်၌ သွန်းလောင်းခံရခြင်းနှင့် နှိုင်းယှဉ်ခဲ့ခြင်းဖြစ်ပါသည်။ သူသည် ဘုရားသခင်၏အမှုတော်အတွက် မိမိ၏ဘဝတစ်ခုလုံးကို ဆက်ကပ်လျက် "ကိုယ်ဥစ္စာကိုငင်း၊ ကိုယ်ကိုငင်းကုန်စေခြင်းငှါ အလွန်စေတနာရှိ၏" (၂ ကော ၁၂း၁၅) ဟုဆိုခဲ့ပါသည်။

ထိုအမှုတော်ကို ဝမ်းမြောက်ခြင်းနှင့်ပြုခဲ့ခြင်းဖြစ်ပါသည်။ ထိုသို့ပေးဆပ်ခြင်း၌ သူသည် "သင်တို့ရှိသမျှနှင့်အတူ ငါဝမ်းမြောက်ခြင်းရှိ၏" ဟုဆို၏။ ထိုသို့ရှင်ပေါလုဝမ်းမြောက်ခြင်းကို မြင်တွေ့ခြင်းအားဖြင့် သူတို့သည်လည်း အပျော်ကူးစက်၍ဝမ်းမြောက်ခြင်းရှိပါလိမ့်မည်။ ကျွန်တော်တို့သည်လည်း ဘုရားသခင်၏ဘုန်းတော်ထင်ရှားခြင်းနှင့် သန့်ရှင်းသူတို့အသက်တာ တည်ဆောက်ခြင်းကို အဓိကထားကြလျှင်၊ ကျွန်ုပ်တို့၏ ဝိညာဉ်နှင့်ဆိုင်သော ရည်ရွယ်ချက်များတူခဲ့ကြလျှင် ထိုသို့ အတူတကွဝမ်းမြောက်နိုင်ကြမည်ဖြစ်ပါသည်။

အဘယ်အရာက သင့်ကိုစစ်မှန်သောဝမ်းမြောက်ခြင်းဖြစ်စေပါသနည်း။ သင့်ကိုပျော်ရွှင်စေသောအရာအတွက် သင်သည် ပေးဆပ်လိုခြင်းရှိ၍ထိုအရာကို ရခြင်းငှါ ကြိုးစားအားထုတ်လိုခြင်းရှိပါ၏။ ကျွန်တော်တို့သည် ဤလောကီအရာကိုရှာဖွေခဲ့ကြလျှင် ထိုအရာအတွက် ကျွန်ုပ်တို့၏အချိန်နှင့်ခွန်အားကို ရင်းနှီးမြှုပ်နှံရလိမ့်မည်။ ခရစ်တော်ကို ရှာဖွေခဲ့ကြလျှင် ထိုခရစ်တော်အတွက် အမှုတော်ဆောင်ခြင်းသည် ကျွန်ုပ်တို့၏ပျော်ရွှင်ဝမ်းမြောက်ခြင်းဖြစ်၍ ဝတ္တရားအရသာမဟုတ်ဘဲ၊ စိတ်ပါဝင်စားစွာ ထိုအမှုကို ကျွန်တော်တို့ပြုကြပါလိမ့်မည်။

သခင်ဘုရားအတွက် ကောင်းသောသက်သေဖော်ဆောင်နိုင်ခြင်းငှါ ကျွန်တော်တို့သည် ဝမ်းမြောက်စွာ အမှုပြုရပါမည်။ ဝန်ထုပ်ဝန်ပိုးကဲ့သို့မထင်မှတ်ရပါ။ ဝမ်းမြောက်စရာအမှုဟု သတ်မှတ်ကြရပါမည်။ အမှန်မှာ ကျွန်တော်တို့သည် မထိုက်တန်သောအပြစ်သားများဖြစ်ကြသော်လည်း အမြင့်ဆုံးသောဘုရားသခင်၏အမှုတော်ကို ဆောင်ရွက်ခြင်းငှါ အခွင့်ထူးပေးခြင်းခံရသောကြောင့် ဝမ်းမြောက်ခြင်းရှိကြရပါမည်။

**ဆင်ခြင်ရန်** - သားသမီးကို အမှန်ချစ်သော မိဘသည် သားသမီး ပျော်ရွှင်ခြင်း အတွက် ပေးဆပ်လိုသောသူဖြစ်ကြ၏။

**ဆုတောင်းချက်**- အဖဘုရား၊ ကိုယ်တော်အဘို့ ကျွန်ုပ်အသက်တာ ပေးဆပ်ရသော အခွင့်ထူးကို ကျွန်တော်နားလည်မည်အကြောင်း မစတော်မူပါ။

*"သင်တို့ အကြောင်းအရာများကိုငါသိ၍ စိတ်သက်သာခြင်းငှါ"*

# ကိုယ်ကျိုးမဲ့ဂရုစိုက်ခြင်း

ဖိလိပ္ပိအခန်းကြီး ၂ အဆုံးပိုင်းတွင် ပေါလုသည် အခြားအကြောင်းကို ရေးသားခဲ့ပါသည်။ သူသည် တိမောသေနှင့်ဧပဖြောဒိတ်အကြောင်းကို ရေး၍ သူတို့ကိုချီးမွမ်းခဲ့ပါသည်။ ဤကျမ်းပိုဒ်ထဲတွင် ဘုရားသခင်၏ ထိုအစေခံကျွန်များအကြောင်းကို တိုတိုတုတ်တုတ်တွေ့ရပြီး၊ ဖိလိပ္ပိမြို့သို့ သူတို့နှစ်ဦးကိုစေလွှတ်ခြင်းငှါ ရှင်ပေါလုဆုံးဖြတ်ချက်ကိုလည်း တွေ့ရပါ၏။

ပေါလုသည် သူတို့ထံ ဤစာကိုထောင်ထဲမှ ရေးခြင်းဖြစ်ကြောင်းအောက်မေ့ပါလော့။ သူသည် အပြင်လောကနှင့်အဆက်အသွယ်သိပ်မရှိဘဲ၊ အမှုတော်မြတ်၌ အကူအညီပေးသော လုပ်ဖော်ဆောင်ဖက်အနည်းငယ်သာ ရှိခဲ့ပါသည်။ အမှုတော်ဆောင်ရွက်ခြင်း၌ ယုံကြည်အားကိုးထိုက်သောသစ္စာရှိသော ဤလုပ်ဖော်ဆောင်ဖက်တို့ကို စေလွှတ်ခြင်းသည် ပေါလုအတွက် ကြီးမားသောပေးဆပ်ခြင်းဖြစ်ပါသည်။ သို့သော်လည်း သူတို့၏အကျိုးအတွက် ဤလူနှစ်ဦးကို သူတို့ထံစေလွှတ်ခြင်းသည် လိုအပ်သောအရာဖြစ်သည်ဟု ပေါလုသိမြင်၏။

ပေါလုသည် အသင်းတော်ကို အလွန်ဂရုစိုက်သည်ဖြစ်သောကြောင့် သူတို့၏အကြောင်းကို ပို၍သိလိုခြင်းရှိခဲ့၏။ ထိုရည်ရွယ်ချက်ဖြင့် တိမောသေကို စေလွှတ်၍ အသင်းတော်အကြောင်းကို ဦးစွာ တင်ပြစေခဲ့ပါသည်။ ထိုအချက်က ပေါလုကို စိတ်သက်သာရာရစေခဲ့၏။ ဆိုလိုသည်မှာ ပေါလုသည် ပျော်ရွှင်ဝမ်းမြောက်ခြင်းရှိ၏။ ဖိလိပ္ပိမြို့၌ရှိသောခရစ်ယာန်များ၏အကြောင်းကို ကြားသိလျှင် ထိုသို့ဝမ်းမြောက်ခြင်းရှိမည်ဟု ပေါလုယုံကြည်၏။ မိမိကိုယ်တိုင်သူတို့ကို သွားရောက် ကြည့်ရှုနိုင်မည်ဟု ထင်မှတ်သော်လည်း၊ သူတို့ထံသို့ တိမောသေအားအရင်စေလွှတ်ခြင်းငှါ စီစဉ်ခဲ့ပါသည်။

ဧပဖြောဒိတ်ကိုပြန်လည်စေလွှတ်ရခြင်းအကြောင်းမှာ သူတို့သည် ဖျားနာခြင်းမှ သက်သာခဲ့သော သူကိုမြင်လျက်၊ စိုးရိမ်ခြင်းနှင့်ကင်းဝေးစေခြင်းငှါဖြစ်ပါသည်။

ဤအမှု၌ ရှင်ပေါလု၏ကိုယ်ကျိုးမဲ့ဂရုစိုက်ခြင်းကို တွေ့ရပါသည်။ သူသည်အသင်းတော်ကို အလွန်ချစ်မြတ်နိုးသည်ဖြစ်၍ မိမိ၏ခန္ဓာကိုယ်လိုအပ်ချက်များထက် အသင်းတော်၏ ဝိညာဉ်လိုအပ်ချက်များကို ပို၍အလေးထားခဲ့ပါသည်။ ပေါလုသည် မိမိ၏သစ္စာရှိသော လုပ်ဖော်ဆောင်ဖက်ကို ဖိလိပ္ပိလူများအကျိုးအတွက် ပေးဆပ်လိုခြင်းရှိခဲ့၏။

ကျွန်တော်တို့ဆိုလျှင် မည်သို့ပြုမည်နည်း။ သူတပါး၏ဝိညာဉ်အကျိုးအတွက် ကျွန်ုပ်တို့ အလေးထားချစ်မြတ်နိုးသောသူများကို ကျွန်တော်တို့စွန့်လွှတ်ပေးဆပ်နိုင်ပါမည်လော။

**ဆင်ခြင်ရန်** - "သင့်အတွက် ငါ့အသက်ကို ပေးဆက်ခဲ့၏၊ ငါ့အတွက် သင်ဘာပေးဆပ်ပါသနည်း"။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်ကျိုးမဲ့ ချစ်မည်အကြောင်း သွန်သင်တော်မူပါ။

**ဖိ ၂း၁၉-၂၄**
တမန် ၁၆း၁-၁၅

*"သင်တို့အကျိုးကို ကြည့်ရှုချင်သော စေတနာစိတ်ရှိသောသူ"*

# စစ်မှန်သော ဂရုစိုက်ခြင်း

ပေါလုက တိမောသေအား မိမိနှင့်စိတ်သဘောချင်းတူညီသောသူ၊ ဝိညာဉ်အရေးကို အလေးထားသောသူဟု မြင်ခဲ့ပါသည်။ ထို့ကြောင့်သူတို့သည် အကျိုးရှိစွာ အတူတကွအမှုတော် ဆောင်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ ထိုသို့သောစိတ်သဘောတူညီမှုသည် အလွန်ရှားပါး၍ တန်ဖိုးကြီးသော အရာဖြစ်ပါသည်။ ထို့ကြောင့်ပေါလုက တိမောသေကဲ့သို့ စိတ်သဘောတူသောသူတစ်ယောက်မျှ ငါတို့၌မရှိဟုဆိုခဲ့ပါသည်။ ဤသည်ကား မွန်မြတ်သောချီးမွမ်းခြင်းပင်ဖြစ်ပါသည်။

ပေါလုက တိမောသေသည် ဖိလိပ္ပိလူတို့ကို အထူးဂရုစိုက်ကြောင်း အဓိကဖော်ပြခဲ့ပါသည်။ သူသည် ပေါလုက ဥရောပသို့သွားရန် မာကေဒေါနိခေါ် သံ မခံမီအချိန် (တမန် ၁၆း၁-၁၀) ဒုတိယ မြောက်သာသနာပြု ခရီးစဉ်၌ ပါဝင်ခဲ့ပါသည်။ ဖိလိပ္ပိမြို့သည် ပထမဆုံး သူတို့တရားဟောသော မြို့ကြီးဖြစ်ပါသည်။ ထို့ကြောင့် တိမောသေက ထိုမြို့ရှိအသင်းတော်ကို မိမိစိတ်ထဲ၌ အထူးဂရုစိုက် ခြင်းလည်းဖြစ်နိုင်ပါသည်။ ထိုသို့သောစိတ်သဘောထားရှိရန် ဘယ်အရာကမျှ တိမောသေကို အတင်းမတိုက်တွန်းပါ။ ဘုရားသခင်ကိုချစ်သောအချစ်မှပေါ် ပေါက်လာသော ဂရုစိုက်ခြင်းဖြစ်ပါ သည်။ ဘုရားသခင်ကိုကျွန်တော်တို့ချစ်မှသာလျှင် ဘုရား၏လူတို့ကို ကျွန်တော်တို့အလိုလိုချစ်နိုင် မည်ဖြစ်ပါသည်။

ပေါလုက လူအများစုသည် မိမိကိုယ်ကျိုးကိုသာ ရှာသောသူများဖြစ်သောကြောင့် သူတပါး အမှုကို ဂရုမစိုက်ဘဲနေတတ်ကြကြောင်း ရှင်းပြခဲ့ပါသည်။ ကျွန်တော်တို့သည် ခရစ်တော်နှင့်ဆိုင် သောအရာကိုမဟုတ်ဘဲ၊ မိမိကိုယ်ကျိုးကိုသာ ရှာဖွေဂရုစိုက်တတ်ကြ၏။ နှစ်ပေါင်းများစွာ မိမိနှင့် အတူ အမှုတော်ဆောင်ကြသော လူများတို့သည် မိမိကိုယ်ကျိုးကိုသာ ရှာသောသူများဖြစ်ကြသော ကြောင့် ပေါလုသည် စိတ်မသက်မသာဖြစ်ခဲ့ပါလိမ့်မည်။ ထိုသူတို့မှာ ဖိလိပ္ပိ ၁း၁၂-၁၇ ထဲ၌တွေ့ရ သော သူတို့ဟောပြောသောသတင်းကောင်းကို ဂရုမစိုက်ဘဲ ငြင်းခုံရန်တွေ့ခြင်းနှင့်ဟောပြောသော ဆရာများကို ရည်ညွှန်းခြင်းဖြစ်ပါလိမ့်မည်။ ထိုသူတို့နှင့်ဆန့်ကျင်လျက် တိမောသေသည် ဘုရား သခင်၏စစ်မှန်သောအစေခံကျွန်ဖြစ်၍ ပေါလုက အားကိုးလျက် ဖိလိပ္ပိလူတို့ထံ စေလွှတ်ခြင်းဖြစ်ပါ သည်။

ယနေ့အသင်းတော်၌ များစွာသောလူတို့သည် အမှုတော်ဆောင်ကြသော်လည်း၊ မှန်ကန် သောစိတ်သဘောဖြင့် အမှုတော်ဆောင်ကြပါသလား။ အချင်းချင်းဂရုစိုက်ကြပါသလား။ သို့မဟုတ် မိမိကိုယ်ကျိုးကိုသာ ရှာနေကြပါသလား။ သင်ရော မည်သို့သောစိတ်သဘောရှိပါသနည်း။ ကျွန်တော် တို့သည် ယေရှုခရစ်တော်နှင့်ဆိုင်သောအရာများကိုသာ ကြိုးစားရှာဖွေ၍ "ညီအစ်ကိုများကို ချစ် ယောင်မဆောင်၊ အမှန်ချစ်ခြင်း. . . စင်ကြယ်သောစိတ်နှင့်အချင်းချင်းအားကြီးသောချစ်ခြင်းမေတ္တာ" (၁ ပေ ၁း၂၂) ကို ပြုစုကြရပါမည်။

**ဆင်ခြင်ရန်** - ကိုယ်နှင့်စပ်ဆိုင်သောသူတို့ကို ကျွန်တော်မည်သို့ ပို၍ချစ်ရပါမည်နည်း။
**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်နှင့်စပ်ဆိုင်သောသူတို့ကို အမှန်ဂရုစိုက်မည်အကြောင်း အကျွန်ုပ်အား စစ်မှန်သောချစ်ခြင်း ပေးသနားတော်မူပါ။

# ကျွန်ုပ်တို့အမှုတော်၏သက်သေ

ဘုရားသခင်၏အမှုတော်ကျွန်တော်တို့ဆောင်ရွက်ခြင်း၌ အကျိုးသက်ရောက်မှုရှိမရှိသည် ကျွန်ုပ်တို့၏အသက်တာ၌ များစွာအခြေခံထားပါသည်။ လူတို့က ကျွန်ုပ်တို့ကို ယုံကြည်ကိုးစား၍ ကျွန်ုပ်တို့အသက်တာ၌ ကယ်တင်ခြင်းအသီးမြင်တွေ့ကြသောအခါ ကျွန်တော်တို့ဟောသောတရားကို နာခံခြင်းရှိကြပြီး၊ ကျွန်တော်တို့စီစဉ်သော အစီအစဉ်၌ ပါဝင်လိုကြ၏။

ပေါလုကလည်း ဖိလိပ္ပိလူတို့အား တိမောသေ၏အမှုတော်ကို သူတို့ကိုယ်တိုင်သိမြင်ခဲ့ကြပြီဖြစ်ကြောင်း မိမိနှင့်အတူ ဖိလိပ္ပိမြို့သို့ ပထမအကြိမ်ရောက်လာသောသူဖြစ်ကြောင်းကို ပြန်လည်အမှတ်ရစေခဲ့ပါသည်။ ပေါလုက တိမောသေအား "အဘနှင့်အတူ အမှုတော်ဆောင်သောသားကဲ့သို့" ဖော်ပြခဲ့ပါသည်။ ပေါလုက တိမောသေကို လုပ်ဖော်ဆောင်ဖက်အဖြစ်သာ မသတ်မှတ်ဘဲ မိမိထံမှ သင်ယူသောတပည့်ကောင်းဖြစ်သည့်အလျောက် သစ္စာရှိသောသားကဲ့သို့ မှတ်ယူခဲ့ပါသည်။ ထိုခေတ်ကာလ၌ အဘနှင့်သား၏ ဆက်နွယ်မှုသည် ခြားနားမှုရှိ၏။ အဘပြုသောအမှုကို သားသည် ဆက်လက်ဆောင်ရွက်လျက်ရှိ၏။ ဥပမာအားဖြင့် ယေရှုသည် လက်သမား၏သားဟု သိမှတ်ကြသောကြောင့် (မသဲ ၁၃း၅၅) လက်သမားအတတ်ပညာကို သင်ယူခဲ့ပါလိမ့်မည်။ ထိုနည်းတူ ယာကုပ်နှင့် ယောဟန်တို့သည်လည်း သူတို့အဘကဲ့သို့ တံငါသည်များဖြစ်ခဲ့ကြပါသည်။ တိမောသေသည် ဝိညာဉ်ရေးရာအမှု၌ သားဖြစ်သကဲ့သို့ သတင်းကောင်းဟောပြောခြင်း၌ ပေါလုနှင့်အတူ အမှုတော်ဆောင်သည်ဖြစ်သောကြောင့် အလွန်ယုံကြည်ကိုးစားထိုက်သောသူဖြစ်ပါသည်။

ထို့ကြောင့် ပေါလုက ဖိလိပ္ပိလူတို့နှင့်အတူ တိမောသေရှိခြင်းသည် မိမိကိုယ်တိုင်ရှိခြင်းနှင့် တူသည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။ ဤသည်ကား သူတို့အတွက် ကောင်းသောအမှုကို တိမောသေသေချာပြုမူဆောင်ရွက်နိုင်မည်ဟု ပေါလုက အမှန်သိစေလျက်၊ အမှုတော်သက်သေပေးခြင်းဖြစ်ပါသည်။

ဘုရားသခင်အတွက် သင်၏အမှုတော်သက်သေကား အဘယ်နည်း။ သန့်ရှင်းသူတို့အလယ်၌ ထိုသို့သော ကောင်းသောအကျင့်သက်သေရှိ၍ သစ္စာရှိသောအမှုတော်ဆောင်၊ သူတပါး ယုံကြည်ကိုးစားသောသူ သင်ဖြစ်ပါသလား။ သင်သည် ယုံကြည်ကိုးစားထိုက်သောသူဖြစ်ကြောင်းကို သင်ပြုသောအမှုတော်၌ သက်သေပြပါလော့။ သို့ဆိုလျှင် သူတပါးသည်သင်၏သစ္စာရှိခြင်းကို သိမှတ်ကြလျက် ဘုရားသခင်ကလည်း သူ၏အမှုတော်အတွက် အခွင့်အရေးပေးလိမ့်မည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ကောင်းမွန်သော "ဝိညာဉ်အသက်တာ" သည် မည်ကဲ့သို့ရှိသနည်း။
**ဆုတောင်းချက်-** အဖဘုရား၊ ကြီးသောအရာ၌သစ္စာရှိမည်အကြောင်း၊ ငယ်သော အမှု၌ ကျွန်ုပ်ကို သစ္စာရှိစေတော်မူပါ။

# ချစ်ခြင်းနှင့်ဆိုင်သော ဂရုစိုက်ခြင်း

ဧပဖြောဒိတ်သည် ဖိလိပ္ပိအသင်းတော်၏ သင်းအုပ်ဆရာ (သို့) ဦးဆောင်သူတစ်ဦးဖြစ်ပါလိမ့်မည်။ “သင်တို့၏တမန်” ဟုဖော်ပြခြင်းခံရသော ဧပဖြောဒိတ်သည် ပေါလုအတွက် သူတို့ကောက်ခံရရှိသောလက်ဆောင်ပေးခြင်းငှါရင်း (ဖိ ၄း၁၈)၊ အသင်းတော်၏အကြောင်းကို အသိပေးခြင်းငှါရင်း ခရီးရှည်ပင်ပန်းစွာ နှင်ခဲ့ရပါသည်။

အတိအကျ ကျွန်တော်တို့မသိရသော်လည်း ရောမသို့ သူခရီးသွားစဉ် သေအံ့ဆဲဆဲဖြစ်သောဒဏ်ရာ (သို့) ရောဂါ သူရရှိခဲ့ပါသည်။ ထိုအကြောင်းကို ဖိလိပ္ပိခရစ်ယာန်တို့သည် ကြားသိလျက် အလွန်စိုးရိမ်ခဲ့ကြ၏။ ယခုခေတ်ကဲ့သို့ ဖုန်းအားဖြင့် လွယ်ကူစွာဆက်သွယ်မှုမပြုနိုင်ခဲ့ကြသော ကြောင့် သူ့အခြေအနေအတိအကျကို သူတို့မသိနိုင်ခဲ့ကြပါ။

ထိုသို့သောအခြေအနေ၌ပင် ဧပဖြောဒိတ်သည် မြည်တမ်းခြင်းမပြုဘဲနေခဲ့၏။ အသင်းတော်က မိမိအား စိုးရိမ်ကြကြောင်းကို သိ၍၊ သူသည် သူတို့ကို ပို၍စိုးရိမ်ခဲ့ပါသည်။ မိမိအတွက် သူတပါးစိုးရိမ်ခြင်းရှိသည်ကို မလိုလားသောကြောင့် သူသည် စိတ်မသာလျက်နေ၏။ ဤသည်ကား မိမိကိုယ်ကျိုးမကြည့်ဘဲ သူတပါးအကျိုးကို ဂရုစိုက်ခြင်းပင်ဖြစ်ပါသည်။

ဘုရားသခင်၏ဂရုဏာတော်အားဖြင့် ဧပဖြောဒိတ်သည် ပြန်၍သက်သာခဲ့ပါသည်။ ပေါလုက ဘုရားသခင်၏ ဤဂရုဏာတော်သည် သူ့အပေါ်၌သာမဟုတ်ဘဲ၊ မိမိအပေါ်၌လည်း တည်ရှိကြောင်းဖော်ပြခဲ့၏။ သူသေခဲ့လျှင် ပေါလုသည် အလွန်ဝမ်းနည်းခြင်းရှိပါလိမ့်မည်။ ဤဩဝါဒစာ ရေးသားသောအခါ ပေါလုက ဧပဖြောဒိတ်သက်သာခြင်းရှိကြောင်းကိုရင်း၊ သူ့ကို ဖိလိပ္ပိလူတို့ထံ အဘယ်ကြောင့် ပြန်ပို့သင့်သည်ကိုရင်း ရှင်းပြခဲ့ပါသည်။ ဧပဖြောဒိတ်၏အကျိုးရှိမှုကို ပေါလုသိခဲ့သော်လည်း ဖိလိပ္ပိမြို့သို့ သူ့ကိုပို့ခြင်းငှါ ဆုံးဖြတ်ခဲ့ပါသည်။ ထိုသို့ပို့ခြင်းဖြင့် သူတို့သည် ဧပဖြောဒိတ် ကျန်းမာကြောင်းကိုမြင်တွေ့၍ ဝမ်းမြောက်ခြင်းရှိပြီး စိုးရိမ်ခြင်းမရှိစေရန်ဖြစ်ပါသည်။

ဤအဖြစ်အပျက်အားဖြင့် ပေါလု၊ ဧပဖြောဒိတ်နှင့် ဖိလိပ္ပိအသင်းတော်တို့အကြားရှိ ချစ်စရာကောင်းသော ဆက်နွယ်မှုကို ကျွန်တော်တို့မြင်တွေ့ရ၏။ သူတို့သည် အချင်းချင်းအလွန် ချစ်ခင်ခဲ့ကြပြီး၊ မိမိကိုယ်ကျိုးကို မငဲ့ဘဲ၊ သူတပါးလိုအပ်ချက်ကို ကူညီခြင်းငှါ အဆင်သင့်ရှိခဲ့ကြ၏။ ဤသည်ကား ဘုရားသခင်ချစ်ခြင်းမေတ္တာ၌ အမြစ်တွယ်သော စစ်မှန်သည့် အချင်းချင်းဂရုစိုက်မှုပင်ဖြစ်ပါသည်။ ဤသို့သောချစ်ခြင်းမေတ္တာကို သင်ခံစားဖူးပါသလား။

**ဆင်ခြင်ရန်** - “ဝမ်းမြောက်သောသူတို့နှင့်အတူ ဝမ်းမြောက်ခြင်းကိုရင်း၊ ငိုကြွေးသောသူတို့နှင့်အတူ ငိုကြွေးခြင်းကိုရင်း ပြုကြလော့” (ရောမ ၁၂း၁၅)။

**ဆုတောင်းချက်**- အဖဘုရား၊ မိမိလိုအပ်ချက်ထက် သူတပါးလိုအပ်ချက်ကို အလေးထားမည် အကြောင်း ကျွန်ုပ်ကို သနားသောစိတ် ပေးသနားတော်မူပါ။

# ဆက်ကပ်သော ထာဝရဘုရား၏ အစေခံကျွန်

ပေါလုက ဧပဖြောဒိတ်ကို သူတို့ထံပြန်ပို့သောအခါ သူ့ကိုဝမ်းမြောက်စွာ ကြိုဆိုကြရန်နှင့် ဘုရားသခင်အတွက် သစ္စာရှိစွာအမှုဆောင်ခဲ့ခြင်းကြောင့် အထူးဂရုစိုက်ကြရန်မှာထားခဲ့ပါသည်။ သူ့ကို ပေါလုက ငြင်းပယ်ပြီး၊ အမှုတော်ဆောင်ခြင်းမှ ရပ်နားစေသည်ဟု သူတို့ထင်မည်ကို စိုးရိမ်ခြင်းလည်းဖြစ်နိုင်ပါသည်။ ထို့ကြောင့်ပေါလုက ထိုသို့သောအတွေးမရှိကြစေရန် ဘုရားသခင်အတွက် ဧပဖြောဒိတ်၏ဆက်ကပ်မှုကို ဖော်ပြခဲ့ပါသည်။ ထို့ကြောင့် သူတို့သည် သူ့ကိုဝမ်းမြောက်စွာ ကြိုဆိုလျက် ဆက်ကပ်သောအစေခံကျွန်ဖြစ်ခြင်းကြောင့် တန်ဖိုးထားကြရန် တိုက်တွန်းခဲ့ပါသည်။

ရောမမြို့၌ ဧပဖြောဒိတ်သည် ပေါလု၏လိုအပ်ချက်များကို ကူညီခြင်းဖြင့် မိမိသည် ဘုရားသခင်၏သစ္စာရှိသော အစေခံကျွန်ဖြစ်ကြောင်းကို သက်သေပြခဲ့ပါသည်။ ပေါလုက ဧပဖြောဒိတ်ပြုသောအမှုကို တန်ဖိုးထား၍ ခရစ်တော်၌မိမိ၏ညီအစ်ကို၊ လုပ်ဖော်ဆောင်ဖက်နှင့် သခင်ယေရှုခရစ်တော်၏ စစ်သူရဲကဲ့သို့ ဖော်ပြခဲ့ပါသည်။ ထို့ပြင် အပိုဒ်ငယ် ၃၀ ထဲတွင် ဧပဖြောဒိတ်ပြုသောအမှုကို ဤသို့ ချီးမွမ်းခဲ့ပါသည် - "ကိုယ်အသက်ကိုစွန့်စား၍ ခရစ်တော်၏အမှုကြောင့် သေခြင်းသို့ရောက်လုနီးပြီ"။ ကျွန်တော်တို့သိထားခဲ့သည်အတိုင်း သူသည် မိမိတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခြင်းငှါ မိမိအသက်ကို စွန့်စားခဲ့ပါသည်။ မိမိအကျိုးကို မငဲ့ဘဲ၊ အသင်းတော်က ပေးအပ်သောတာဝန်နှင့် ရှင်ပေါလု၏အရေးကိုသာ အလေးထားခဲ့ပါသည်။

ခရီးသွားစဉ် နာမကျန်း (သို့) ဒဏ်ရာရခဲ့သည်ဟု ထင်ရပြီး၊ ခရီးဆက်ရန် အန္တရာယ်ရှိသည်ဟုထင်ရပါသည်။ ဖိလိပ္ပိမှ ရောမမြို့သည် ကုန်းကြောင်းဖြင့် ၁၃၀၀ ကီလိုမီတာလောက်ကွာဝေးပြီး၊ ရေကြောင်းလမ်းဖြင့်သွားလျှင် ၂ လလောက် ကြာမြင့်ပါသည်။ ခက်ခဲသောခရီးဖြစ်သော်လည်း ဧပဖြောဒိတ်သည် ထောင်ထဲရှိပေါလုထံသို့ ထောက်ပံ့လက်ဆောင်များ ပေးပို့ခြင်းငှါ စွန့်စားခဲ့ပါသည်။ ဤအချက်က ဘုရားသခင်၏အမှုတော်အတွက် မိမိအသက်ကိုပင် စတေးလိုခြင်းရှိကြောင်း ပြသလျက်ရှိ၏။

ဘုရားသခင်၏အမှုတော်အတွက် သင်၏ဆက်ကပ်မှုသည် မည်သို့ရှိသနည်း။ သူတပါး၏ကောင်းကျိုးအတွက် ခက်ခဲသောလမ်းကို သင်လျှောက်လိုပါသလား၊ သင်တန်ဖိုးထားသောအရာကို စွန့်လွှတ်လိုပါသလား။ ဘုရားသခင်၏ ဆက်ကပ်သောအစေခံကျွန်သည် ခရစ်တော်၏အမှုတော်အတွက် မိမိ၏အသက်ကိုပင် မနှမြောကြပါ။ သင်ရော ထိုသို့ပြုနိုင်ပါမည်လော။

**ဆင်ခြင်ရန်** - "ယေရှုက အကုန်လုံး ဆပ်ပေးတော်မူပြီ"။

**ဆုတောင်းချက်**- အဖဘုရား၊ အကျွန်ုပ်၌ သတင်းကောင်း အကြွေးတင်သည်ကို နားလည်လျက်၊ ကိုယ်တော်၏အမှုတော် အတွက် မိမိကိုယ်ကို ပေးဆပ်လိုပါ၏။

တနင်္လာ၊ မေ (၂၂)
**ဖိ ၃း၁-၂**
ဂလာ ၃း၁-၁၄

*"မကောင်းသော အကျင့်ကို ကျင့်သောသူတို့ကို ရှောင်ကြလော့။ အရေဖျားလှီးခြင်းကို ခံယောင်ဆောင် သောသူတို့ကိုရှောင်ကြလော့"*

# သတိပြုကြလော့

ဖိလိပ္ပိအခန်းကြီး ၃ ထဲတွင် ပေါလုသည် ဖိလိပ္ပိလူတို့ကြုံတွေ့နိုင်သော အန္တရာယ် အကြောင်းကို သတိပေးခဲ့ပါသည်။ ခရစ်တော်ကိုမကြည့်ဘဲ မိမိပြုသောအမှုကို ကိုးစားယုံကြည်ခြင်း ငှါ လမ်းလွဲစေသော မှားယွင်းသည့်ဆရာများ ရှိခဲ့ပါသည်။ သူတို့သည် ကယ်တင်ခြင်းအတွက် ပညတ် တရားလိုက်လျှောက်ရန် လိုအပ်သည်ဟုဆိုသော ယုဒဘာသာဝင်များဖြစ်ပါသည်။ ပေါလုက သူတို့ ကို ပြင်းထန်စွာဆန့်ကျင်လျက် ဖိလိပ္ပိလူတို့အား မိမိကိုယ်ကို အားမကိုးဘဲ ခရစ်တော်ကိုသာ ယုံ ကြည်ကိုးစားရမည်အကြောင်း သတိပေးခဲ့ပါသည်။

သခင်ဘုရား၌ ဝမ်းမြောက်ခြင်းရှိခြင်းငှါ တိုက်တွန်းခဲ့ပြီး၊ တချိန်တည်းမှာပဲ ကြုံတွေ့နိုင် သော အန္တရာယ်ကိုသတိပြုရန် နှိုးဆော်ခဲ့ပါသည်။ ဤအကြောင်းအရာသည် အသစ်သောအကြောင်း အရာမဟုတ်၊ သူတို့ကြားခဲ့ဖူးသောအကြောင်းအရာဖြစ်သည်ဟု ရှင်းပြခဲ့ပါသည်။ သူသည် ရောမ ထောင်ထဲ၌ နေခဲ့ရသော်လည်း အဆင်မပြေမဖြစ်ကြောင်း ဆိုခဲ့၏။ သူတို့၏ကောင်းကျိုးနှင့် လုံခြုံမှု အတွက် ဤသို့သတိပေးစာရေးသားခြင်းသည် ပေါလုအတွက် အလွန်အရေးကြီးလှပါ၏။

ပေါလုသည် မှားယွင်းသောဆရာများကို ဆန့်ကျင်၍သတိပေးချက် ရေးသားခဲ့ပါသည်။ ပြင်းထန်သောစကားလုံးများကို အသုံးပြုလျက် ခွေးများ၊ မကောင်းသောအကျင့်ကို ကျင့်သောသူတို့ ကို သတိပြုကြဟု ဆိုခဲ့ပါသည်။ ဤအသုံးအနှုန်းသည် မိမိကိုယ်ကို အားကိုးရန် တရားဟောသော ယုဒဘာသာဝင်များကို ရည်ညွှန်း၍ဆိုခြင်းဖြစ်ပါသည်။

"<u>ခွေးများ</u>"၊ ဤအသုံးအနှုန်းသည် ယုဒလူတို့အတွက် အလွန်ခံပြင်းစရာကောင်းသော စကားဖြစ်ပါသည်။ အကြောင်းမှာ သူတို့အား လူတို့ရွံရှာသော မသန့်ရှင်းသောတိရိစ္ဆာန်ကဲ့သို့ ဖော်ပြ ခြင်းဖြစ်၏။

"<u>မကောင်းသောအကျင့်ကိုကျင့်သောသူ</u>"၊ သူတို့ပြုသောအမှုသည် မကောင်းသောအကျင့်၊ ဘုရားသခင်ကို ဆန့်ကျင်သောအပြစ်ဖြစ်၏။

"<u>အယောင်ဆောင်သောသူ</u>"၊ သူတို့ပြုသောအမှုသည် မိမိကိုယ်ကို လှည့်ဖြားခြင်းဖြစ်ပါ သည်။ ကယ်တင်ခြင်းအတွက် အရေဖျားလှီးခြင်းခံဖို့လိုအပ်သည်ဟု ဆိုသော ယုဒဘာသာဝင်တို့ သည် မိမိကိုယ်ကို လှည့်ဖြားနေကြခြင်းသာဖြစ်ပါသည်။

ခေတ်အဆက်ဆက်၌ သမ္မာသတိရှိဖို့နှင့် အဆိုးအကောင်းခွဲခြားနိုင်ခြင်းဉာဏ် လိုအပ်ပါ သည်။ ပေါလုက ဤအန္တရာယ်များကို သတိပြုရန် ခရစ်ယာန်များကို တိုက်တွန်းခဲ့သည်နည်းတူ ကျွန်ုပ်တို့သည်လည်း စာတန်၏လှည့်ဖြားခြင်းကို ယနေ့သတိပြုကြရပါမည်။

**ဆင်ခြင်ရန်** - ယနေ့ခေတ် မကောင်းသောအကျင့်ကိုကျင့်သောသူတို့ကား မည်သူတို့နည်း။
**ဆုတောင်းချက်**- အဖဘုရား၊ မှားယွင်းသော ဩဝါဒတရားကို အစဉ်သတိပြု ရှောင်ရှားခြင်းငှါ မစတော်မူပါ။

**ဖိ ၃း၃-၈**
ဂလာ ၆း၁၁-၁၈

*"ဇာတိ၌ကိုးစားခြင်းမရှိဘဲ၊ ယေရှုခရစ်၌သာ ဝါကြွား ဝမ်းမြောက် သောသူဖြစ်၍"*

# သင်သည်ဘယ်အရာကို ကိုးစားပါသနည်း

ပေါလုသည် ဘုရားသခင်ချမှတ်တော်မူသော အရေဖျားလှီးခြင်းအမှုကို မထီမဲ့မြင်ပြုသည် မဟုတ်။ မိမိကိုယ်တိုင်သည်လည်း အရေဖျားလှီးခြင်းခံသော ယုဒလူမျိုးဖြစ်ပါသည်။ သို့သော်လည်း ပြဿနာဟူမူကား ယုဒလူတို့က ကယ်တင်ခြင်းအတွက် အရေဖျားလှီးခြင်းခံဖို့လိုသည်ဟု သင်ပေး ခြင်းဖြစ်ပါသည်။ ဤသည်ကား ကယ်တင်ခြင်းသည် အလုပ်အားဖြင့်ဖြစ်သည်ဟု သင်ပေးရာရောက် ပြီး၊ ဇာတိ၌ကိုးစားခြင်းရှိခြင်းဟု ပေါလုဖော်ပြသောအရာဖြစ်၏။

ထိုမှားယွင်းသောအယူဝါဒကို ပေါလုသည် ထောက်ပြ၍ စစ်မှန်သောယုံကြည်သူသည် ဘုရားသခင်၏ အမှုတော်နှင့်ဝတ်ပြုကိုးကွယ်ခြင်းကို ဇာတိအားဖြင့်မဟုတ်ဘဲ၊ ဝိညာဉ်အားဖြင့် ပြု ရမည်ဟု သင်ပေးခဲ့ပါသည်။ "မှန်သောအရေဖျားလှီးခြင်းကိုခံသောသူ" ဟု ပေါလုဆိုရာတွင် အရေ ဖျားလှီးခြင်းမခံသော တပါးအမျိုးသားတို့နှင့်အတူ မိမိကိုယ်တိုင်လည်း ရည်ညွှန်းဆိုလိုလျက်၊ သတင်း ကောင်းကိုယုံကြည်ခြင်းဖြင့် စိတ်နှလုံးအရေဖျားလှီးခြင်းခံသောသူ (ရောမ ၂း၂၉) ကိုဆိုလိုခြင်း ဖြစ်၏။ ထို့ကြောင့် သူတို့၏ဝမ်းမြောက်ခြင်းသည် ယေရှုခရစ်တော်၌ဖြစ်၏။ ဤဝမ်းမြောက်ဟူသော စကားလုံး၏အဓိပ္ပာယ်သည် ဝါကြွားခြင်းဟူသော အဓိပ္ပာယ်သက်ရောက်၏။ ယုဒလူတို့သည် ဇာတိ အရာ၌ အချည်းနှီးဝါကြွားခြင်းရှိခဲ့ကြပါသည်။ သို့သော်လည်း ခရစ်ယာန်တို့မူကား ယေရှု၌ ဝါကြွား ဝမ်းမြောက်ခြင်းရှိ၏။

ဖိ ၃း၄ နောက်ပိုင်းတွင် ပေါလုသည် မိမိဟောသောတရားကို ရှင်းပြလျက် တချိန်တွင် မိမိကိုယ်တိုင် ဇာတိ၌ဝါကြွားခြင်းရှိခဲ့ခြင်းအကြောင်းကို ဖော်ပြခဲ့ပါသည်။ ထိုသို့ ဖော်ပြခြင်းမှာ ကြွားဝါလို၍မဟုတ်ဘဲ၊ ယခုတွင်မူ ရှက်စရာဖြစ်ကြောင်း သိစေလို၍ဖြစ်၏။ ထိုအသက်တာကို သူသည်အလွန်ရွံရှာသည်ဖြစ်၍၊ "မစင်" ဟု နောက်တွင်ဆိုခဲ့ပါသည်။

သို့သော်လည်း ကျွန်တော်တို့သည် မြင်နိုင်သောအရာကို အလွန်စိတ်ဝင်စားကြ၏။ သူတပါး၏ ဂုဏ်နှင့်အောင်မြင်မှုတို့ကို ကျွန်တော်တို့ကြည့်တတ်၏။ ဤသည်ကား လောကီလူတို့ ပြုသောအမှုဖြစ်သော်လည်း တခါတရံ အသင်းတော်ထဲ၌တွေ့ရသည်မှာ ဝမ်းနည်းစရာကောင်းလှ ပါသည်။

ပေါလုက ထိုဂုဏ်ပုဒ်တို့ကို ဝါကြွားလို၍မဟုတ်ဘဲ ယုဒဘာသာဝင်တို့၏ ယုံကြည်ခြင်း ဝါဒများကို မိမိကောင်းစွာနားလည်ကြောင်း သက်သေပြလိုသောကြောင့်ဖြစ်သည်။ ထိုအရာတို့ကို ယခုစွန့်လွှတ်လျက် ထိုအရာထက် အလွန်သာ၍ကြီးမြတ်သော ခရစ်တော်သိကျွမ်းခြင်းသဘောကို တန်ဖိုးထားကြောင်း ဖော်ပြခဲ့ပါသည်။

**ဆင်ခြင်ရန်** - ဘယ်သူကို ကျွန်တော် ပို၍အားကျပါသနည်း၊ ဥစ္စာကြွယ်ဝသောသူလော (သို့) ဘုရားသခင်၏သစ္စာရှိသော စိတ်နှိမ့်ချသော အစေခံကျွန်လော။

**ဆုတောင်းချက်**- အဖဘုရား၊ သခင်ယေရှုခရစ်တော်၏ကားတိုင်တော် မှတပါး အခြားဘယ်မရာ ၌မျှ မဝါးကြွားမည်အကြောင်း မစတော်မူပါ။

*"ငါ၏အကျိုးစီးပွါးကို ပြုစုသောအရာရှိသမျှတို့ကို ရှုံးစေသောအရာကဲ့သို့ ခရစ်တော်ကြောင့် ငါထင်မှတ်၏"*

# ကောင်းသောအမှု၌ ဝါးကြွားခြင်း

ပေါလု၌ယုဒလူတို့အထင်ကြီးလောက်သော "ဘာသာရေးဂုဏ်ထူးဆောင်မှုများ" ရှိခဲ့ပါသည်။ အကျင့်အားဖြင့် ကောင်းကင်နိုင်ငံဝင်ခွင့်ရမည်ဆိုလျှင် ပေါလုသည် တစ်ဦးအပါအဝင်ဖြစ်ပါလိမ့်မည်။ မိမိအောင်မြင်မှုနှင့်ဇာတိကို ကိုးစားခြင်း၌ ပေါလုသည် ဝါကြွားနိုင်လောက်သော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။

မျိုးရိုးအနေအားဖြင့် ပေါလုသည် ဟေဗြဲလူမျိုးမှဆင်းသက်လာသော ဟေဗြဲလူစစ်ဖြစ်ပါသည်။ ဆိုလိုသည်မှာ သူ၏မိဘတို့သည် တပါးအမျိုးသားနှင့်ရောနှောခြင်းမရှိသော ယုဒလူစစ်စစ်ဖြစ်ခဲ့ကြ၏။ ထို့ကြောင့် သူ့မိဘတို့က သူ့ကို ယုဒထုံးတမ်းစဉ်လာအရ ရှစ်ရက်မြောက်သောနေ့၌ အရေဖျားလှီးခဲ့ကြပါသည်။ ဤအချက်က သူ့မိဘတို့သည် စိတ်အားထက်သန်သောယုဒဘာသာဝင်များဖြစ်ခဲ့ကြသည်ဟု ဖော်ပြလျက်ရှိ၏။

သူသည် ယာကုပ်၏ချစ်လှစွာသော ဇနီး၊ ရာခေလ၏ဒုတိယမြောက်သားဖြစ်သော ဗယ်္ာမိန်အမျိုးမှ ဆင်းသက်ခဲ့ပါသည်။ ဤအမျိုးသည် ဣသရေလ၏ပထမဆုံးရှင်ဘုရင်ရှောလုနှင့် ဘုရင်မအက်စတာ၏ဦးလေးမော်ဒကဲတို့၏ အမျိုးလည်းဖြစ်၏။ ဤဗယ်္ာမိန်အမျိုးသည် စစ်ရေး၌လည်းကျော်ကြားသောသူဖြစ်ကြပြီး၊ ဘယ်သန်လောက်လွှဲစစ်သည်များရှိခဲ့ကြ၏ (သူကြီး ၂၀း၁၆)။ ဤအမျိုးသည် ကျော်ကြားသောအမျိုးဖြစ်၍ ဝါကြွားထိုက်သောအမျိုးလည်းဖြစ်၏။

ပေါလုသည် ဂါမလျေလ လက်အောက်၌ ပညာသင်ကြားခဲ့သော ဖာရိရှဲတို့တွင် ကျော်ကြားသောပုဂ္ဂိုလ်ဖြစ်ခဲ့ပါသည် (တမန် ၂၂း၃)။ ဖာရိရှဲဖြစ်သောကြောင့် သူသည် အလွန်ကြိုးစားအားထုတ်မှုရှိ၍ ဆက်ကပ်မှုလည်းရှိ၏။ သို့သော်လည်း မှားယွင်းခဲ့ပါသည်။ ပညတ်တရားကို ကာကွယ်ရမည့်အစား ဆန့်ကျင်ခဲ့ပါသည်။ သို့သော်လည်း ထိုအချိန်၌ သူသည်အသင်းတော်ကို နှိပ်စက်ခြင်းအမှုပြုလျက်၊ ထိုအမှုသည် ဘုရားသခင်၏အမှုတော်ဖြစ်သည်ဟု ထင်မှတ်ခဲ့ပါသည်။ ငယ်စဉ်ကတည်းက ပညတ်တရားကိုလိုက်လျှောက်သောကြောင့် ထိုဖြောင့်မတ်ခြင်းတရားအားဖြင့် ဘုရားသခင်၏ စိတ်တော်နှင့်ထိတွေ့မည်ဟု သူထင်မှတ်ခဲ့၏။

ဒမာသက်မြို့သို့သွားရာလမ်း၌ ဖြစ်ပျက်ခဲ့သောအကြောင်းကို ကျွန်တော်တို့သိခဲ့ကြပါသည်။ သူ၏ဝိညာဉ်မျက်စိသည်ပွင့်၍ ချက်ချင်း သူ၏အမြင်အားလုံးပြောင်းလဲခဲ့ပါသည်။ သူသည် ခရစ်တော်ကို လိုအပ်သောအပြစ်သားဖြစ်ကြောင်း သိမြင်ခဲ့၏။ သန့်ရှင်းစုံလင်တော်မူသော ဘုရားသခင်ရှေ့၌ သူဝါကြွားခဲ့သော အရင်အသက်တာသည် ဘာမျှမဟုတ်ကြောင်း သိမြင်ခဲ့၏။ ကောင်းသောအကျင့်အားဖြင့် ကယ်တင်ခြင်းမရနိုင်။ ခရစ်တော်တပါးတည်းသာလျှင် ကယ်တင်တော်မူနိုင်၏။

**ဆင်ခြင်ရန်** - " . . . ဖြောင့်မတ်သောသူမရှိ၊ တယောက်မျှမရှိ" (ရောမ ၃း၁၀)။
**ဆုတောင်းချက်**- အဖဘုရား၊ သခင်ယေရှုခရစ်တော်မှအပ အခြား ကယ်တင်ခြင်းလမ်း လုံးဝမရှိကြောင်း သိနားလည်စေတော်မူပါ။

*“သခင်ယေရှုခရစ်ကိုသိသောပညာသည် အဘယ်မျှလောက်
မြတ်သည်ကိုထောက်၍၊ ခပ်သိမ်းသောအရာတို့ကို
ရှုံးစေသောအရာကဲ့သို့ ငါထင်မှတ်၏”*

## ခရစ်တော်ကိုသိသောပညာဉာဏ်၏ကြီးမြတ်ခြင်း

ပေါလုသည် အတိတ်ကမိမိ၏မိုက်မဲသောအသက်တာကို စွန့်လွှတ်ခဲ့ပါသည်။ အရင်က သူဝါကြွားခဲ့သောအရာအားလုံးကို မစင်ကဲ့သို့ထင်မှတ်ခဲ့၏။ ထိုအရာတို့ကို အကျိုးရှိသောအရာ ဘုရားသခင်နှင့်မိမိကို ပို၍နီးစပ်စေသောအရာဟု သူထင်မှတ်ခဲ့၏။ ယခုတွင် ထိုအရာတို့ကို ခရစ်တော်အကြောင်းကြောင့် ရှုံးစေသောအရာဟု သတ်မှတ်ခဲ့ပါသည်။ ထိုအရင်ကအသက်တာ အားလုံးသည် ယခု သူ၏ဝိညာဉ်ရေးရာအသက်တာအတွက် အဘယ်အကျိုးမျှမပေးကြောင်း သိမှတ်ခဲ့ပါသည်။ မိမိအပြစ်ကိုမသိနိုင်အောင် ဆီးတားသောအရာများဖြစ်ကြပြီး အနန္တတန်ခိုးရှင်ဘုရားရှေ့၌ နှိမ့်ချခြင်းမရှိအောင် ဝါကြွားစေသောအရာများဖြစ်ကြ၏။

အရင်က သူဝါကြွားခဲ့သော ထိုအချည်းနှီးသောအမှုအလုံးစုံတို့ကို မိမိ၏သခင်ယေရှုခရစ်တော်သိကျွမ်းခြင်းအကြောင်းတရားအတွက် ယခုပစ်ပယ်ခဲ့ပါသည်။ ခရစ်တော်အတွက် ဇာတိကိုးစားခြင်းအရာကို ဘေးဖယ်၍ အချည်းနှီးသောအရာအဖြစ် သတ်မှတ်ခဲ့ပါသည်။ ယခု သူ၏ဆန္ဒဟူမူကား ခရစ်တော်၏အကြောင်းကို ပို၍သိရှိရန်ဖြစ်ပါသည်။ အရင်ကအကျိုးရှိသောအရာဟု သူထင်မှတ်သောအရာတို့ကို ရှုံးစေသောအရာဟု သတ်မှတ်လျက်၊ ခရစ်တော်၏အကြောင်းတရားသိကျွမ်းခြင်းငှါ ထိုအရာတို့ကို ဘေးဖယ်ခဲ့ခြင်းဖြစ်၏။

ဤသို့သော သူ၏အမြင်လုံးဝပြောင်းလဲခြင်းသည် ပညတ်တရားအားဖြင့် ဖြောင့်မတ်ခြင်းမရရှိနိုင်ကြောင်းနှင့် ယုံကြည်ခြင်းအားဖြင့်သာ ဖြောင့်မတ်ခြင်းတရားရရှိနိုင်ကြောင်းကို သိနားလည်သောကြောင့်ဖြစ်ပါသည်။ ယခုတွင် သူသည် အရင်က မိမိကြိုးစားအားထုတ်ခဲ့သမျှသည် ပညတ်တရားအားဖြင့်ဖြစ်သောကြောင့် အချည်းနှီးဖြစ်ကြကြောင်း သိခဲ့ပါ၏။ ထို့ကြောင့် ဘယ်လိုပဲ ကြိုးစားအားထုတ်နေပါစေ၊ မိမိကြိုးစားအားထုတ်မှုသည် အရာမရောက်ကြောင်း သူသိခဲ့၏။ ယခုတွင် ခရစ်တော်၌ ယုံကြည်ခြင်းအားဖြင့်သာ ဘုရားသခင်၏စုံလင်သော ဖြောင့်မတ်ခြင်းကို မိမိရရှိကြောင်း သူနားလည်ခဲ့ပါသည်။ ဖြောင့်မတ်စေခြင်းခံရသောအချိန်၌ ကျွန်တော်တို့သည် ဖြောင့်မတ်သောသူဖြစ်၍ ဘုရားသခင်၏နိုင်ငံတော်သို့ဝင်ရောက်ရန် ထိုက်တန်သောသူဖြစ်ပါ၏။ ထိုဖြောင့်မတ်ခြင်းတရား၌ သင်၏ ယုံကြည်ကိုးစားမှုတည်ပါသလား။

**ဆင်ခြင်ရန်** - ခရစ်တော်ကိုသိသောပညာထက် ပို၍ကြီးမြတ်သောပညာ ရှိပါသလား။

**ဆုတောင်းချက်**- ခရစ်တော်အကြောင်းကို ပို၍ပို၍ သိခြင်းငှါ နေ့စဉ် ကျွန်တော်ကြိုးစားအားထုတ်ပါမည်။

*“ငါပြုသောအမှု တခုဟူမူကား၊ . . . ပန်းတိုင်သို့ ငါလိုက်ပြေး၏”*

# ဝိညာဉ်နှင့်ဆိုင်သော ရည်မှန်းချက်

လူတစ်ဦး၏ရည်ရွယ်ချက်အကြောင်း ကျွန်တော်တို့ပြောဆိုသောအခါ ထိုသူ၏အလုပ်၊ ဘဝရည်မှန်းချက်နှင့် မျှော်လင့်ချက်ကို ဆိုလိုတတ်ကြ၏။ ကျွန်ုပ်တို့လိုချင်သောအရာကို ရရှိသောအခါ ပျော်ရွှင်ဝမ်းမြောက်ခြင်းရှိမည်ဟု ကျွန်တော်တို့ထင်မှတ်တတ်ကြ၏။ လူတစ်ဦး၏ရည်ရွယ်ချက်က မိမိလိုချင်သောအရာကို ရရှိရန် ကြီးမားသောပေးဆပ်မှုကိုလည်း ပေးဆပ်ရဲအောင် တိုက်တွန်းနှိုးဆော်တတ်၏။ တစ်ဖက်တွင် ရည်ရွယ်ချက်မရှိသောသူသည် ဤဘဝ၌ နှိုးဆော်မည့်သူမရှိ၊ ဦးတည်ရာမဲ့ဖြစ်တတ်၏။ ဟိုဘက် ဒီဘက် ယိမ်းယိုင်လျက် ပြုသောအမှု၌ အောင်မြင်မှုရလိမ့်မည်မဟုတ်ပါ။

ဝိညာဉ်ရေးရာအမှု၌လည်း ထိုကဲ့သို့ပင်ဖြစ်၏။ စစ်မှန်သောဝိညာဉ်ရေးရာ ရည်ရွယ်ချက်ရှိသောသူသည် ကြိုးစားအားထုတ်မှုရှိ၏။ ဘုရားသခင်အတွက် သူပြုသောအမှုတိုင်း၌ မှန်ကန်သောနှိုးဆော်မှု သူရရှိတတ်၏။ ဘုရားသခင်၏ ဘုန်းတော်ထင်ရှားစေရန်နှင့် အလိုတော်အတိုင်းအသက်ရှင်ခြင်းငှါ မိမိကိုယ်ကို ငြင်းပယ်လျက် အခက်အခဲများကို ရင်ဆိုင်ကျော်လွှားလိုခြင်းရှိ၏။ တစ်ဖက်တွင် မိမိကိုယ်ကိုခရစ်ယာန်ဟုခေါ်လျက် ဝိညာဉ်ရေးရာ၌ စိတ်အားထက်သန်ခြင်းမရှိသောသူများတွေ့ရတတ်ပါသည်။ ဘုရားသခင်နှင့်မိဿဟာယဖွဲ့ခြင်းကို သူတို့ဂရုမစိုက်။ မိမိအမြင်၌မှန်သည်ဟုထင်သောအရာကိုပြု၍ ဘုရားသခင်အတွက် မိမိတို့အသက်ရှင်၊ မရှင်ကိုပင် ဂရုမစိုက်တတ်ကြပါ။ ထိုသို့သောလူတို့ကို ဝိညာဉ်ရေးရာရည်ရွယ်ချက် ကင်းမဲ့သောသူဟု ကျွန်တော်တို့ဆိုနိုင်ပါသည်။ ထိုလမ်းအတိုင်း သူတို့ဆက်လျှောက်မည်ဆိုလျှင် သူတို့ဘဝသည် အချည်းနှီးသက်သက်ဖြစ်ပါလိမ့်မည်။

ဖိ ၃း၁၀-၁၄ ထဲတွင်ပေါလုက မိမိ ခရစ်ယာန်ဖြစ်ပြီးနောက် မည်သို့သော ရည်ရွယ်ချက်ပန်းတိုင်ရှိကြောင်းကိုဇင်း၊ ထိုအရာကို ရရှိခြင်းငှါ မည်သို့အမှုပြုသည်ကိုဇင်း ဖော်ပြခဲ့ပါသည်။ မိမိ၏အရင်ဘဝကို စွန့်လွှတ်၍ အသစ်သောပန်းတိုင်သို့ ကြိုးစားချီတက်လျက် ဆုရရှိအောင် ကြိုးစားအားထုတ်ခဲ့ပါသည်။ ခရစ်တော်ကို ဆင်ခြင်အောက်မေ့လျက် ဘုရားသခင်၏အကောင်းဆုံးသောသား ဖြစ်ခြင်းငှါ ကြိုးစားအားထုတ်ခဲ့ပါသည်။

ဤကျမ်းပိုဒ်ကို ဆင်ခြင်လေ့လာခြင်းအားဖြင့် ကျွန်တော်တို့သည်လည်း မိမိတို့၏စိတ်နှလုံးရည်ရွယ်ချက်ကို ဆန်းစစ်၍ ပေါလုကဲ့သို့ ထိုပန်းတိုင်သို့ ကျွန်တော်တို့ ကြိုးစားလျှောက်လှမ်းပါသလားဟူ၍ဇင်း၊ ဤလောကီအရာများကို မစွဲလန်းဘဲ ဝိညာဉ်အရာများကို ကျွန်တော်တို့စွဲလန်းခြင်းရှိမရှိကိုဇင်း ဆန်းစစ်ကြပါစို့။

**ဆင်ခြင်ရန်** - ဤဘဝ၌ အဘယ်ရည်မှန်းချက် ကျွန်တော် ရှိပါသနည်း။ ဇာတိနှင့်ဆိုင်သော အရာ လော၊ ဝိညာဉ်နှင့်ဆိုင်သော အရာ လော။

**ဆုတောင်းချက်**- အဖဘုရား၊ ဤလောကီအရာ မဟုတ်ဘဲ၊ အထက်အရာတို့ကိုသာ စွဲလမ်းမည်အကြောင်း မစတော်မူပါ။

# ဝိညာဉ်နှင့်ဆိုင်သော ပန်းတိုင်များ (၁)

ဖိ ၃း၁၀-၁၁ ထဲတွင်၊ ပေါလုက မိမိခရစ်ယာန်ဖြစ်ပြီးနောက် မိမိထားရှိသော ဝိညာဉ်ပန်းတိုင်ကို ဖော်ပြခဲ့ပါသည်။ အရင်က သူတန်ဖိုးထားသော၊ အချည်းနှီးသော လောကီ အောင်မြင်မှုများနောက်သို့ မလိုက်တော့ပါ၊ ထိုအရာတို့ကို မစင် ကဲ့သို့ ထင်မှတ်ခဲ့ပါပြီ (ဖိ ၃း၄-၆)။ ခရစ်တော်အကြောင်း သိကျွမ်းခြင်းနှင့်မိဿဟာယဖွဲ့ခြင်း၌ ကြီးထွားခြင်းရှိမည်ဟူသော အမှုကိုသာ ယခုစွဲလမ်းခြင်းရှိပါသည်။

ထိုသခင်ကို သိကျွမ်းခြင်းငှါ၊ ဤအချက်က စစ်မှန်သော ဘုရားသခင်နှင့် မိဿဟာယဖွဲ့ခြင်းကို ပေါလု တောင့်တလျက်ရှိကြောင်း ဖော်ပြပါ၏။ ဤသိကျွမ်းခြင်းသည် လက်တွေ့ကျကျ သိကျွမ်းရင်းနှီးမှုကို ဆိုလိုပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တရားတော်သိခြင်း၊ အစဉ်ဆုတောင်းခြင်းဖြင့် ဘုရားသခင်နှင့်မိဿဟာယဖွဲ့ခြင်း၊ ခရစ်တော်အတွက် အသက်ရှင်ခြင်းမှရလာသော သိကျွမ်း ရင်းနှီးမှုပင်ဖြစ်ပါသည်။ ဘုရားသခင်နှင့်အတူသွားလာခြင်းဖြင့် ပို၍သိကျွမ်းရင်းနှီးမှုရှိလာ၏။ ဘုရားသခင်၏အကြောင်း သိလိုမှုဖြင့် ကျွန်ုပ်တို့၏ဝိညာဉ်အသက်တာအစပြုခဲ့သည် မဟုတ်လော။ ဘုရားသခင်၏သားသမီးတိုင်း၌ ထိုဆန္ဒရှိရပါမည်။ ဘုရားသခင်ကို ချစ်လျှင်၊ ဘုရားသခင်နှင့်မိဿာ ဟာယဖွဲ့ခြင်းကို ကျွန်တော်တို့ နှစ်သက်ကြရပါမည်။

ထမြောက်တော်မူခြင်း၏တန်ခိုးကို သိကျွမ်းခြင်းငှါ၊ ယေရှုကို ထမြောက်စေတော်မူသော ဘုရားသခင်၏တန်ခိုးတော်ကိုလည်း ပေါလု ပို၍သိလိုခဲ့ပါသည်။ ကျွန်ုပ်တို့အတွက် ဘုရားသခင်ပြုတော်မူသောအမှုများကို ပို၍သိသောအခါ၊ ဘုရားသခင်၏တန်ခိုးတော်ကို ကျွန်တော်တို့ ပိုသိသဖြင့် ယုံကြည်ခြင်း ပို၍မြဲမြံခြင်းရှိ၏။ ခရစ်တော်ကို ထမြောက်စေတော်မူသော ဘုရားသခင်၏တန်ခိုးတော်သည် ကျွန်တော်တို့ကို အပြစ်၏ကျွန်ဘဝမှ လွတ်မြောက်စေပြီး၊ ခရစ်တော်နှင့်အတူ ကောင်းကင်အရပ်သို့ ပို့ဆောင်တော်မူမည့် တန်ခိုးတော်လည်းဖြစ်ပါသည်။ ရှင်ပြန်ထမြောက်ခြင်းသည် ဘုရားသခင်၏တန်ခိုးတော် စုံလင်စွာ ထင်ရှားရာဖြစ်၏။ ပေါလုက ဧဖက် ၁း၁၉-၂၀ ထဲတွင် ဤသို့ ဖော်ပြခဲ့ပါသည် - "ယုံကြည်သောငါတို့၌ ပြတော်မူသော အလွန်ကြီးလှစွာသောတန်ခိုးတော်ကား . . . ခရစ်တော်ကို သေခြင်းမှထမြောက်စေတော်မူ၍ . . . ကောင်းကင်အရပ်၌ မိမိလက်ျာတော်ဘက်မှာ အလွန်မြင့်မြတ်သောနေရာကို ခရစ်တော်အား ပေးတော်မူ၏။"

ဘုရားသခင်ကို သင်သိပါသလား။ အပြစ်နှင့်သေခြင်း အထက်၌ရှိသော ဘုရားသခင်၏တန်ခိုးတော်ကို သင်သိပါသလား။

**ဆင်ခြင်ရန်** - ဘယ်အရာသည် ပို၍ခက်ခဲပါသနည်း၊ လူသေကို ရှင်ပြန်ထမြောက်စေခြင်း လော (သို့) အပြစ်၏အခနှင့်တန်ခိုးမှ လူတဦးကို သန့်ရှင်းစေခြင်း လော။

**ဆုတောင်းချက်**- အဖဘုရား၊ နေ့စဉ် ကိုယ်တော်ကို ပို၍သိလျက် ပို၍ချစ်မည်အကြောင်း မစတော်မူပါ။

# ဝိညာဉ်နှင့်ဆိုင်သော ပန်းတိုင်များ (၂)

ဆင်းရဲခံတော်မူခြင်းကိုဆက်ဆံ၍ခံခြင်းကို သိကျွမ်းခြင်းငှါ၊ ပေါလုသည် ခရစ်တော်၏ ဆင်းရဲခံခြင်းကို သူကိုယ်တိုင်လည်း ဆက်ဆံ ခံစားလိုခြင်းရှိကြောင်း ဆိုခဲ့ပါသည်။ ဤဆင်းရဲဒုက္ခကို ယုံကြည်သူတိုင်း ကြုံတွေ့ခံစားရမည်ဖြစ်ကြောင်း ပေါလုက ၂ တိ ၃း၁၂ တွင် သတိပေးခဲ့ပါသည်၊ "ယေရှုခရစ်၏တရားတော်နှင့်အညီ၊ ဘုရားဝတ်၌ မွေ့လျော်၍နေခြင်းငှါ အလိုရှိသောသူအပေါင်းတို့သည် ညှဉ်းဆဲခြင်းကို ခံရကြလိမ့်မည်။" ခရစ်တော်၏အမှုကြောင့် ယုံကြည်သူကျွန်တော်တို့သည် ဆင်းရဲဒုက္ခ ခံရသောအခါ၊ ခရစ်တော်၏သေခြင်းကို ဆက်ဆံရာရောက်ကြောင်း သိမှတ်ကြပါစို့။ ကျွန်တော်တို့ခံရသော ဆင်းရဲဒုက္ခသည် ခရစ်တော်ခံခဲ့သောအမှုနှင့် နှိုင်းလျှင် လုံးဝ မပြောပ လောက်သော်လည်း၊ ထိုသို့ခံရသောအခါ ကျွန်တော်တို့အတွက် ခရစ်တော်ပြုတော်မူခဲ့သောအမှုကို ပြန်အမှတ်ရ၍ လေးစားမှုရှိပြီး၊ ခရစ်တော်ကို ပိုချစ်လျက်၊ သန့်ရှင်းခြင်းအသက်တာ၌ ကြီးထွားမှုရှိ ပါသည်။ "ကိုယ်ခန္ဓာ၌ခံသောသူသည် ဒုစရိုက်တို့နှင့်လွတ်ငြိမ်းသည်" (၁ ပေ ၄း၁)။

သေခြင်းမှ ထမြောက်သောအခွင့်ကို ရခြင်းငှါ၊ ပေါလု မြော်လင့်သောအရာမှုကား ကယ်တင်ခြင်း၏စုံလင်ခြင်း အသီးတည်းဟူသော သေခြင်းမှ ထမြောက်ခြင်း ပင်ဖြစ်ပါသည်။ "ရပြီ" ဟူသော စကားလုံးက ပန်းတိုင်သို့ရောက်ရှိခြင်းကိုဆိုလိုပါသည်။ ပေါလု တောင့်တသောအရာမှုကား၊ (ခရစ်တော်၌ သေသောသူအပေါင်းတို့သည် ဘုန်းတန်ခိုးနှင့်ပြည့်စုံသောခန္ဓာကိုယ် ရရှိမည့် ရှင်ပြန် ထမြောက်ခြင်းတည်းဟူသော) ခရစ်တော် ဒုတိယအကြိမ်ကြွလာတော်မူမည့် အချိန်၊ နောက်ဆုံး ပန်းတိုင်ပင်ဖြစ်ပါသည်။

ပေါလုသည် ရှင်ပြန်ထမြောက်ခြင်း၌ မြော်လင့်ခြင်း မရှိခြင်း မဟုတ်ပါ၊ ကယ်တင်ခြင်းခံရ ရန် အမှုပြုခြင်းလည်း မဟုတ်ပါ။ ဤမြော်လင့်ခြင်းသည် သူ့ဘဝတခုလုံး၏ရည်မှန်းချက် ပန်းတိုင် ဖြစ်ကြောင်း ဖော်ပြခြင်းပင်ဖြစ်ပါသည်။ ထိုအရပ်သို့ရောက်ဖို့ရန် မိမိ၏စိတ်နှလုံး အကြွင်းမဲ့စတေး လိုခြင်းရှိခဲ့ပါသည်။ သူသည် ခရစ်တော်က စုံလင်စွာ ပြုတော်မူခဲ့သောအမှုနှင့်သတင်းကောင်းအ ကြောင်းကိုသိခဲ့ပြီဖြစ်သောကြောင့်၊ မိမိ၏ဖြောင့်မတ်ခြင်းက ကောင်းကင်သို့ပို့ဆောင်မည် မဟုတ် ကြောင်း၊ ခရစ်တော်အကြောင်း၊ ဘုရားသခင်၏တန်ခိုးတော်နှင့် ခရစ်တော်၏ယဇ်ပူဇော်ခြင်း ကသာ ကောင်းကင်ဘုံသို့ မိမိကို ပို့ဆောင်ကြောင်း ပေါလုသိခဲ့ပါသည်။ သူသည် ဘုရားသခင်နှင့်အတူ ထာဝရနေမည့်အချိန်ကို အလွန်တောင့်တခြင်းရှိ၏။ ထို့ကြောင့် ယခုဘဝ၌ ခရစ်တော်အကြောင်း ပို၍သိခြင်းငှါ ပေါလု ကြိုးစားသမျှတို့သည် ဘုရားသခင်နှင့်အတူ ဘုန်းတော်ဝင်စားသော ခန္ဓာကိုယ် ဖြင့် ထာဝရနေရမည့် ထိုနေ့ရက်ကို မြော်လင့်လျက် ကြိုးစားနေခြင်းဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ခရစ်တော်အတွက် အဘယ်ဆင်းရဲဒုက္ခကို ကျွန်တော် ခံခဲ့ပါသနည်း။
**ဆုတောင်းချက်**- ခရစ်တော်၏ကြီးမြတ်သော ပေးဆပ်မှု ဆင်းရဲဒုက္ခကို နေ့စဉ် ကျွန်တော် ပို၍သိရှိနားလည်လိုပါ၏။

# ကျွန်ုပ်တို့၏ဝိညာဉ်လိုအပ်ချက်

မိမိသည် စုံလင်ခြင်းနှင့် အလှမ်းဝေးနေသေးကြောင်း ပေါလုသိပါ၏။ ကျွန်တော်တို့အားလုံးနည်းတူ သူသည်လည်း ကြိုးစားရုန်းကန်လျက်ရှိပါသည်။ စာဖတ်သူတို့အား မိမိသည် ခရစ်တော်အကြောင်း စုံလင်စွာသိကျွမ်းခြင်းတည်းဟူသော မိမိ၏ရည်မှန်းချက်သို့ သူတို့မထင်မိစေရန်၊ ပေါလုက ဝိညာဉ်စုံလင်ခြင်းသို့ မရောက်သေးကြောင်း၊ သူတို့ကဲ့သို့ မိမိသည်လည်း ခရစ်ယာန်သန့်ရှင်းခြင်းအသက်တာ ခရီးကို လျှောက်လှမ်းနေရကြောင်း ဖော်ပြခဲ့ပါသည်။

"ရပြီ" ဟု အပိုဒ်ငယ် ၁၂ နှင့် ၁၁ ၌ဘာသာပြန်ထားသော ဂရိစကားလုံးတို့သည် မတူညီကြပါ။ အငယ် ၁၂ ၌တွေ့ရသော စကားလုံးသည် ကြိုးစားအားထုတ်မှုကို ဆိုလိုပါသည်။ ပန်းတိုင်သို့ရောက်ရှိခြင်းကို မဆိုလိုဘဲ၊ ထိုပန်းတိုင်သို့ရောက်ရန် ကြိုးစားရုန်းကန်ခြင်းကို ရည်ညွှန်းပါသည်။ ပေါလု သည် ဝိညာဉ်ဆိုင်ရာသန့်ရှင်းခြင်းအသက်တာ အတွက် ကြိုးစားအားထုတ်မှုကို ဖော်ပြခြင်းဖြစ်ပါသည်။ ပေါလုသည် ပန်းတိုင်နှင့် အလှမ်းဝေးနေသေးကြောင်း သိလျက်၊ ဘဝတွင် သန့်ရှင်းခြင်းအသက်တာ၌ ကြီးထွားခြင်းရှိဖို့ရန် ကြိုးစားနေဖို့လိုကြောင်း ဖော်ပြခြင်းဖြစ်ပါသည်။

စုံလင်ခြင်းသို့ မရောက်သေးကြောင်း သိလျက်၊ ပေါလုသည် "ပြေး၍လိုက်သေး၏။" မူရင်း ဂရိစကားလုံး၏အနက်ကား၊ တစုံတရာကို ဖမ်းကိုင်ရဖို့ရန် အစွမ်းရှိသမျှဖြင့်ပြေး၍လိုက်ခြင်းပင်ဖြစ်ပါသည်။ တခါတရံတွင်၊ ဖမ်းဆီးနှိပ်စက်ခြင်းငှါ ပြေးလိုက်ခြင်းကို ဆိုလိုပါသည်။ ရည်ရွယ်ချက်ပန်းတိုင်သို့ရောက်ဖို့ရန် အပြင်းအထန် ကြိုးစားရုန်းကန်မှုကို ဖော်ပြလျက်ရှိ၏။ ဤကျမ်းပိုဒ်တွင်၊ ပေါလုက မိမိ၏ကြိုးစားအားထုတ်မှုကို အားကစားသမားတဦး၏အပြင်းအထန်လေ့ကျင့်ကြိုးစားပြိုင်ပွဲဝင်မှုနှင့် ခိုင်းနှိုင်းလျက် ထိုစကားလုံးကို အသုံးပြုခြင်းဖြစ်ပါသည်။ အပြေးသမားသည် အဆုံးပန်းတိုင်ဘက်သို့ အစွမ်းကုန်ကြိုးစားပြေးသကဲ့သို့ အားကစားသမားသည် အနိုင်ရဖို့ရန် ကြိုးစားအားထုတ်၍ ပြိုင်ပွဲဝင်သကဲ့သို့ ကြိုးစားအားထုတ်ခြင်းပင်ဖြစ်ပါသည်။ ခရစ်ယာန်တို့သည် အပြေးသမားကဲ့သို့ ကောင်းဆုံးကြိုးစားအားထုတ်ရမည်အကြောင်း ပေါလုက နှိုင်းယှဉ်ဖော်ပြလေ့ရှိပါသည်။ ထိုအပြေးပြိုင်ပွဲ၌အကောင်းဆုံးလုပ်ဆောင်နိုင်ဖို့ရန် ကျွန်တော်တို့သည် လွန်ခဲ့သမျှသောအရာ (မာနထောင်လွှားခြင်းနှင့်အချည်းနှီးသောချီးမြှောက်ခြင်း) ကို မေ့လျက်၊ ခရစ်တော်ကိုသာ မျှော်ကြည့်ပြီး ရှေ့သို့ ဆက်သွားကြရပါမည်။ ဤအချက်က ပေါလုကို နိုးဆော်တိုက်တွန်းလျက် ရှေ့၌ရှိသော ပြေးလမ်းပေါ်တွင် အစွမ်းကုန်ဆက်လက်ပြေးဖို့ရန် ခွန်အားပေးခဲ့ပါသည်။ စုံလင်ခြင်း မရှိသေးကြောင်း သိလျက်၊ ခရစ်တော်အတွက် အသက်ရှင်ဖို့ရန် ပေါလုသည် နေ့စဉ် ကြိုးစားအားထုတ်လျက်ရှိပါသည်။

ပေါလုနည်းတူ၊ ကျွန်တော်တို့အားလုံးသည် စုံလင်ခြင်းနှင့်အလွန်အလှမ်းဝေးသေးကြောင်းကိုရင်း၊ အသက်တာ၌ ပြုပြင်တိုးတက်ဖို့ လိုအပ်သောအရာများစွာရှိကြောင်းကိုရင်း သိမှတ်ကြရပါမည်။ ထို့ကြောင့် ဘုရားသခင်အတွက် ပို၍ကြိုးစားအားထုတ်ဖို့ လိုပါသည်။

**ဆင်ခြင်ရန်** - ကျွန်ုပ်တို့၏အဘယ်အသက်တာကို ကြီးထွားစေခြင်းငှါ ကျွန်တော်တို့ ကြိုးစားရပါမည်နည်း။

**ဆုတောင်းချက်**- အဖဘုရား၊ ကျွန်ုပ်၏အားနည်းချက်ကို သိမှတ်၍ ပြုပြင်ပြောင်းလဲခြင်းငှါ မစသနား တော်မူပါ။

# ဝိညာဉ်နှင့်ဆိုင်သောအမှုပြုဖို့ရန်ခေါ်တော်မူခြင်း

ပေါလုက ဘုရားသခင်ခေါ်ရခြင်းအကြောင်းကို ဖော်ပြလျက်၊ မိမိ၏ဝိညာဉ်လိုအပ်ချက်ကို ဆက်လက်ဖော်ပြခဲ့ပါသည်။ မိမိတောင့်တလိုချင်သောအရာသည် ခရစ်တော်ကသူ့အား ခေါ်၍ပြုစေလိုသောအမှုတည်းဟူသော၊ သန့်ရှင်းခြင်းအသက်တာရှိခြင်းကို ပိုင်ဆိုင်ဖို့ရန်ဖြစ်ပါသည်။ ဤသည်ကား၊ ကျွန်ုပ်တို့ကို ခရစ်တော် ကယ်တင်ရခြင်း၏ရည်ရွယ်ချက်ဖြစ်ပါသည်။ ခရစ်တော်ကျင့်သောအကျင့်တို့ကို ကျွန်တော်တို့ နေ့စဉ်ကျင့်ရမည်ဖြစ်ပါသည်။ ခရစ်တော်ခေါ်တော်မူရခြင်း၏ရည်ရွယ်ချက်ပန်းတိုင်နှင့် မိမိအလှမ်းဝေးနေသေးကြောင်း ပေါလုသိခဲ့ပါသည်။ ထို့ကြောင့်၊ မိမိအား အပြစ်သားဘဝမှ သန့်ရှင်းသောသူအဖြစ်သို့ ပြောင်းလဲစေတော်မူသော ခရစ်တော်ပေးအပ်တော်မူသောတာဝန်ကို ကျေပွန်စွာတမ်းရွက်ဖို့ရန် အစွမ်းကုန်ကြိုးစားအားထုတ်လျက်ရှိကြောင်း ပေါလု ရှင်းပြခဲ့ပါသည်။

ခရစ်ယာန်တိုင်းသည် ရည်ရွယ်ချက်ရှိရှိ ဘုရားသခင် ခေါ်တော်မူခြင်းဖြစ်ပါသည်။ ထိုသို့ကယ်တင်ခံရခြင်း၏ရည်ရွယ်ချက်မှာ ကျွန်တော်တို့သည် အပြစ်နှင့်ဇာတိတပ်မက်ခြင်း၏အလိုအတိုင်း အသက် မရှင်ဖို့ရန်ဖြစ်ပါသည်။ ဤကမ္ဘာမတည်မရှိမီကပင် ဘုရားသခင်သည် ကယ်တင်ခြင်း အစီအစဉ်ချမှတ်တော်မူခဲ့ပြီး၊ "ငါတို့သည် ဘုရားသခင့်ရှေ့တော်၌မေတ္တာအားဖြင့် သန့်ရှင်းလျက်၊ အပြစ်ကင်းလွတ်လျက်ဖြစ်မည်အကြောင်း" (ဧဖက် ၁း၃) စီမံတော်မူခဲ့၏။ ထိုရည်ရွယ်ချက်ကို ပေါလု သိသဖြင့် ဘုရားသခင်လက်ခံနှစ်သက်သော အသက်တာရှိဖို့ရန် ကြိုးစားအားထုတ်ခဲ့ပါသည်။ ဒမာသက်မြို့သွားရာလမ်း၌ ခရစ်တော်က ပေါလုအား မိမိ၏အစေခံကျွန်အဖြစ်ခေါ်တော်မူ၍ တာဝန်ပေးအပ်ခဲ့ပါသည်။ ထိုတာဝန်ကို ပြီးမြောက်စွာ ဆောင်ရွက်ဖို့ရန် ပေါလုသည် ကြိုးစားအားထုတ်လျက်ရှိပါသည်။

ဤကျမ်းပိုဒ်တွင်၊ ပေါလု၏စိတ်အားထက်သန်မှုကို တွေ့ရပါသည်။ ထိုသို့ ပေါလုရှေ့ဆက်နိုင်ဖို့ရန် တိုက်တွန်းနိုးဆော်သောအရာမှာ ခရစ်တော်အပေါ် ထားရှိသော ချစ်ခြင်းမေတ္တာနှင့် မိမိ၏မပြည့်စုံမှုကို သိမှတ်ခြင်းတို့ဖြစ်ပါသည်။ မိမိတာဝန်မပြီးမြောက်သေးကြောင်းသိလျက်၊ ပေါလုသည် သခင်ဘုရားအတွက် ပို၍ကြိုးစားအားထုတ်ခဲ့ပါသည်။ အတိတ် အောင်မြင်မှု၌ သာယာမနေခဲ့ပါ။ ထိုသို့သာယာနေခဲ့လျှင် ဘုရားသခင်အတွက် အကျိုးမရှိသောသူဖြစ်ပါလိမ့်မည်။ ပေါလုသည် မိမိ၏လက်အခြေအနေ၌ ကျေနပ်မနေဘဲ၊ ပို၍အောင်မြင်ဖို့ရန် ကြိုးစားလျက်ရှိပါသည်။ ကျွန်တော်တို့သည်လည်း ဝိညာဉ်ရေးရာ၌ ထိုသို့သောစိတ်သဘောထားနှင့်ရည်မှန်းချက် ရှိကြရပါမည်။

**ဆင်ခြင်ရန်** - စစ်မှန်သော ခရစ်ယာန်သည် ဝိညာဉ်ရေးရာ ရည်မှန်းချက် မရှိဘဲ ဖြစ်နိုင်ပါသလား။

**ဆုတောင်းချက်**- အဖဘုရား၊ ကိုယ်တော်ပြုစေလိုသောအမှုကို အကျွန်ုပ်သည် သိမှတ်အောက်မေ့မည်အကြောင်း မစတော်မူပါ။

# ကျွန်ုပ်တို့၏ဝိညာဉ်ရည်မှန်းချက်

စိတ်အားထက်သန်သောသူသည် မိမိ၏ရည်မှန်းချက်အောင်မြင်ဖို့ရန် မိမိလုပ်နိုင်သမျှ ကြိုးစားလုပ်ဆောင်တတ်၏။ အချိန်ကြာမြင့်စွာအလုပ်လုပ်ခြင်း၊ ကြီးမားသောပေးဆပ်ခြင်းနှင့်အစွမ်းကုန်ကြိုးစားခြင်းတို့ကို တွန့်ဆုတ်ခြင်း အရှိဘဲ ပြုတတ်ပါသည်။ မိမိလုပ်ရမည့်အလုပ်၌ စိတ်ရောကိုယ်ပါ မြုပ်နှံတတ်၏။ လောကီလူသားတို့သည် သူတို့၏လောကီရည်မှန်းချက် အောင်မြင်ဖို့ရန် ထိုသို့ပြုတတ်ကြပါသည်။

ယုံကြည်သူ ကျွန်တော်တို့၌ ထိုအရာထက်ပို၍ကြီးမြတ်သော တာဝန်ရှိပါသည်။ ကျွန်တော်တို့သည် အပြစ်၏ကျေးကျွန်ဘဝမှ ကယ်တင်ခြင်းခံရပြီး၊ သခင်ယေရှုခရစ်တော်အတွက် အသက်ရှင်ဖို့ရန်ခေါ်တော်မူခြင်းခံရပြီဖြစ်ပါသည်။ ကျွန်တော်တို့သည် ဘုရားသခင်၏ဘုန်းတော် ထင်ရှားစေခြင်းငှါ၎င်း၊ ဘုရားသခင်အတွက်သက်သေခံခြင်းငှါ၎င်း ဘုရား အလိုတော်ရှိ၏။ ထိုအမှုသည် ပေါလုကြိုးစားအားထုတ်လျက်ရှိသော မိမိ၏ရည်မှန်းချက်ဖြစ်ပါသည်။

ထိုဝိညာဉ်ရည်မှန်းချက် ပြီးမြောက်ဖို့ရန် မည်သို့ ပြင်းထန်စွာကြိုးစားအားထုတ်ကြောင်းကို ပေါလု ဖော်ပြခဲ့ပါသည်။ ဤသည်ကား၊ "ငါပြုသော အမှုတခု" ဖြစ်၏ဟုဖော်ပြထားပါသည်။ မူရင်းတွင်၊ ပြုခြင်းပြု ကြိယာ မပါဘဲ၊ "အမှုတခု" ဟုသာ ပါပါသည်။ ထို့ကြောင့် ပေါလုသည် ခရစ်တော်က မိမိအား ကိုင်ဖမ်းရခြင်း၏ရည်ရွယ်ချက်ကို သိသဖြင့်၊ ထိုအမှုတခု အတွက် ကြိုးစားအားထုတ်၍ ထိုအမှုတခု ကိုသာ စိတ်စွဲလမ်းခြင်းရှိကြောင်း ဖော်ပြခြင်းဖြစ်ပါသည်။

အပြေးသမားကဲ့သို့ ပေါလုသည် ထိုစိတ်တခုတည်းဖြင့် ပြေးလျက်ရှိ၏။ ပန်းတိုင်သို့ မိမိမရောက်သေးကြောင်း သိမှတ်လျက်၊ မရပ်မနား ကြိုးစားလျက် အစဉ်ပြေးနေခဲ့ပါသည်။ မိမိ၏ဘဝတခုလုံး ဤသန့်ရှင်းခြင်း အသက်တာ၌ အစဉ် ကြီးထွား တိုးတက်မှုရှိဖို့ရန် ပေါလုသည် အစွမ်းကုန်ကြိုးစားမည်ဖြစ်ပါသည်။ ဤလောကီအရာတို့က သူ့ကို အာရုံထွေပြားအောင် မလုပ်နိုင်ပါ။ မိမိ၌ ရည်မှန်းချက် တခုသာရှိပြီး၊ ထိုအရာကိုသာ စွဲလမ်းခြင်းရှိ၏။ သူသည် ယခု ခရစ်တော်၌တည်သည် ဖြစ်သောကြောင့် ထိုခရစ်တော်အမှုတော်ကိုသာ ဆောင်ရွက်လျက် အသက်ရှင်ဖို့ရန် မိမိကိုယ်ကို ဆက်ကပ်ခဲ့ပါသည်။

သင်၏ဘဝရည်မှန်းချက်ကား အဘယ်နည်း။ ပတ်ဝန်းကျင်၌ ရှိသောအရာများက ကျွန်ုပ်တို့၏အာရုံကို ဖမ်းစားလျက် ထွေပြားစေတတ်ပါသည်။ ကျွန်တော်တို့၏ အလေးထားသောအရာမမှန်လျှင်၊ ဤလောကီအရာတို့က ကျွန်တော်တို့ကို လမ်းလွဲစေမည်ဖြစ်ပါသည်။ ကျွန်တော်တို့၏စိတ်နှလုံးသည် ခရစ်တော်၌တည်၍၊ ခရစ်တော်အတွက် အသက်ရှင်ခြင်းကိုသာ နေ့စဉ်တွေးတောဆင်ခြင်ရပါမည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်ရည်မှန်းချက်ကို ခရစ်တော်ထံမှ လမ်းလွဲစေသော အရာတို့ကား အဘယ်နည်း။

**ဆုတောင်းချက်**- ကိုယ်တော်ကိုသာ ဆင်ခြင်နှလုံးသွင်းလျက်၊ နေ့စဉ် ကိုယ်တော်အတွက် အသက်ရှင်လိုပါ၏။

# အတိတ်ကိုမေ့လျော့ခြင်း

အတိတ်ကအရာများက ကျွန်ုပ်တို့ကို နောက်ပြန်ဆွဲထားနိုင်၏။ ကျွန်ုပ်တို့၏ဝိညာဉ်ရေးလျှောက်လှမ်းခြင်းကို အဟန့်အတားဖြစ်စေသောအပြစ်များကျူးလွန်ခြင်း၊ ဆိုးရွားသောအတွေ့အကြုံများ၊ လောကီဆန္ဒများ၊ သို့မဟုတ် ဇာတိပကတိစိတ်သဘောထားများရှိနိုင်ပါသည်။ ကျွန်ုပ်တို့ယ်စဉ်ကခရစ်ယာန်များမဟုတ်ကြကြောင်းနှင့်ဝိညာဉ်ရေးရာများတွင် ခိုင်မာသောအခြေခံအုတ်မြစ်မရှိခဲ့ဟုမြည်တမ်းမိပေမည်။ ကျွန်ုပ်တို့ကျူးလွန်ခဲ့ပြီး အပြည့်အဝမဖြေရှင်းနိုင်ခဲ့သည့် ကြီးလေးသောအပြစ်များကိုပြန်၍ ကြည့်ရှုနေပေမည်။ ကျွန်ုပ်တို့ကို ယနေ့တိုင်ခါးသီးမှုခံစားစေသေးသည့် ဆိုးရွားသောပေါင်းသင်းဆက်ဆံမှုမျိုးကြုံတွေ့ဖူးပေမည်။ ဤအရာများကြောင့် တခါတရံတွင် ကျွန်ုပ်တို့သည် ခရစ်တော်နှင့်အတူလျှောက်လှမ်းခြင်း၌ "ချို့တဲ့သည်" ဟုခံစားရပြီးတိုးတတ်ခြင်းမရှိဘဲ ခရစ်တော်၌ကလေးသူငယ်ဖြစ်နေသည်ဟု ခံစားကြပေမည်။

ပေါလုတွင်လည်းဝေငှစရာ "ဝန်ထုပ်"ရှိခဲ့သည်။ သူသည်ခရစ်ယာန်များကို မလွန်စိတ်အားထက်သန်စွာနှိပ်စက်ညှဉ်းပန်းခဲ့ပုံကို မကြာခဏသတိရပြီး သူ့ကိုယ်သူမပြစ်သားတို့၏အကြီးအကဲတစ်ဦးအဖြစ်ဖော်ပြခဲ့သည် (၁တိ ၁း၁၅)။ မိမိ၏ဇာတိကို ကိုးစားခဲ့သည့်မာနကြီးသော ဖာရိရှဲတစ်ဦးဖြစ်ခဲ့သည်ကိုသူရှက်ခဲ့သည်။ သို့သော်သူသည် ဆင်ခြေပေးဖို့ငြင်းဆန်ခဲ့သည်။ ကျန်ကြွင်းသောသူ့ဘဝကိုမဖြုန်းတီးဘဲ ရှိစေဖို့ရန် သေချာစွာကြိုးစားအားထုတ်ခဲ့ပြီး၊ သူ့ကိုအလွန်ကြင်နာစွာ ကယ်တင်ခဲ့သောသခင်အတွက် အသုံးဝင်သောသူဖြစ်ခဲ့သည်။

ထို့ကြောင့်သူသည် " နောက်၌ရှိသောအရာတို့ကိုမမှတ်" ထားပါ (ဖိ ၃း၁၃)။ သူပြုခဲ့ပြီးသောအပြစ်အနာအဆာတွေကို နောက်မှာချန်ထားပြီး သူဖြတ်သန်းမည့်ဘဝအပေါ် အာရုံစိုက်ရမည်ကိုသူသိခဲ့ပြီ။ " . . . ခပ်သိမ်းသောဝန်တို့ကိုလည်းကောင်း၊ နှောက်ယှက်တတ်သောဒုစရိုက်အပြစ်ကိုလည်းကောင်းပယ်ရှား" (ဟေဗြဲ ၁၂း၁) သောအပြေးသမားကဲ့သို့သူ့ကိုထိန်းထားမည့်အတားအဆီးမရှိပြေးဖို့ရန် ကြိုးစားခဲ့သည်။ သူသည်ထိုဝန်ထုပ်အားလုံးကို ဖယ်ထားပြီး၊ ၎င်းတို့ကို မစင်အဖြစ်သတ်မှတ်လျက် ဝိညာဉ်ရေးရာမတိုးတတ်ရခြင်းအတွက် ၎င်းတို့ကိုအကြောင်းပြစရာမဖြစ်စေပါ။

". . . "ဟု ရှင်လုကာ ၉း၆၂တွင် သခင်ယေရှုကတပည့်တော်များကို သွန်သင်ထားသကဲ့သို့ဖြစ်သည်။ ကျွန်ုပ်တို့သည်လည်း အတိတ်၏အပြစ်ဆန္ဒများ သို့မဟုတ် အတားအဆီးများကိုဘေးဖယ်ထားကာခရစ်တော်၌ ယခုကျွန်ုပ်တို့ရရှိထားသော အသက်တာကိုရှေ့ရှုရမည်ဖြစ်သည်။ ရှေ့၌စောင့်မျှော်စရာတွေများစွာ အမှန်တည်ရှိပြီး အသက်ရှင်စရာများစွာတည်ရှိသည်။

**ဆင်ခြင်ရန်** - ကျွန်ုပ်ဘဝ၌ မေ့ထားသင့်သောအရာတွေကအဘယ်အရာတွေနည်း။

**ဆုတောင်းချက်**- အဖဘုရား၊ ပစ္စုပ္ပန်၌ ကျွန်ုပ်၏ဝိညာဉ်ရေးလျှောက်လှမ်းခြင်းကို အဟန့်အတားဖြစ်စေသောအတိတ်မှ ပြဿနာရှိသမျှကိုဘေးဖယ်ထားရန်ကျေးဇူးတော်ပေးသနားပါ။

# ရှေ့သို့ချီတက်၊ အထက်သို့မျှော်ကြည့်လော့

ပေါလုသည် သူ၏အတိတ်ကိုသူ၏နောက်တွင်ထားခဲ့သကဲ့သို့ သူ၏တစ်ခုတည်းသောအာရုံစူးစိုက်မှုသည်ရှေ့သို့ ဆက်သွားရန်ဖြစ်သည်။ ခရစ်တော်၏လက်ဝါးကပ်တိုင်ပေါ်၌ သူ၏မျက်လုံးများကို စိုက်ကြည့်လျက်ခရစ်တော်ခေါ်တော်မူခဲ့သော ပန်းတိုင်ကိုအရောက်လှမ်းနိုင်ရန်နှလုံးသားကိုဆုံးဖြတ်ထားသည်။ အတိတ်တွင် နေမည့်အစား၊ သူသည် "ရှေ့၌ရှိသောအရာတို့ကို" (ဖိ ၃း၁၃) ဖြစ်သောခရစ်တော်၌ သူပိုင်ဆိုင်သည့်အသစ်သော အသက်တာဆီသို့ ကြည့်ရှုလျက် ပန်းတိုင်ဆီသို့ ဆက်လျှောက်ခဲ့သည်။

ဖိလိပ္ပိ ၃း၁၄တွင် ဖော်ပြသော "လိုက်ပြေး" ဟူသောစကားလုံးနှင့်အငယ် (၁၂)တွင်ဖော်ပြသော"ပြေး၍လိုက်" ဟူသောစကားတို့မှာ အတူတူပင်ဖြစ်၍သူပါဝင်ခဲ့သည့် အပြင်းအထန်အားထုတ်မှုကို ဖော်ပြသည်။ သူသည် ရှေ့တွင်သတ်မှတ်ထားသည့်ဆုံမှတ်ဆီသို့ ပြေးနေသည်။ သူ၏စိတ်ထဲတွင်ခရစ်ယာန်အသက်တာသည် အမြဲရှိနေခဲ့သည်။

အပြေးသမားသည်သူ၏ မျက်စိကိုနောက်ဆုံးသတ်မှတ်မျဉ်းပေါ်တွင် ထားသကဲ့သို့ ကျွန်ုပ်တို့၏မျက်စိသည် "ယေရှုခရစ်အားဖြင့်ဘုရားသခင်သည် အထက်အရပ်မှ ခေါ်တော်မူခြင်းနှင့်ဆိုင်သောဆုကို ရရှိခြင်းငှါ" (ဖိ ၃း၁၄) ထားရှိရပါမည်။ ဤဆုလာဒ်ကားအဘယ်အရာနည်း။ ၎င်းမှာဘုရားသခင်၏သားသမီးတို့အနေဖြင့် ကျွန်ုပ်တို့မျှော်လင့်နိုင်သည့် ဆုလဒ်ဖြစ်သည်။ ၎င်းမှာအသစ်တဖန်မွေးဖွားသော ကျွန်ုပ်တို့ယုံကြည်သူများ၏ ပြည့်စုံသောအဆင့်အတန်း သို့မဟုတ် ကျွန်ုပ်တို့သည် "ယေရှုခရစ်တော်၏ဖမ်းထားခြင်း" (ဖိ ၃း၁၂) ကိုခံစားရပြီး ဘုရားသခင်နှင့်အတူ ကောင်းကင်ဘုံ၌နေခွင့်ရခြင်းဖြစ်သည်။

ဤအရာမှာယုံကြည်သူတိုင်းအား ရှေ့သို့ပြေးဖို့ရန်ကောင်းကင်ဘုံမှ ခေါ်ခြင်းဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဤဘဝတွင်မြေကြီးပေါ်၌ရှိသောအရာများကို မဟုတ်ဘဲ အထက်အရာများကိုချစ်ရပါမည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား သူ့ဆီသို့ဦးတည်ပြေးသွားစေပြီး လောက၌ရှိသောအရာများနှင့်ကင်းဝေးစေလိမ့်မည်။ ကျွန်ုပ်တို့သည် တစ်ချိန်ကအလွန်မက်မောခဲ့သော လောကီရည်မှန်းချက်များကို အကောင်အထည်ဖော်ရန်အချည်းနှီး ကြိုးစားနေမည့်အစား၊ ကျွန်ုပ်တို့ဝိညာဉ်ရေးရည်မှန်းချက်များအတွက် ပို၍ဂရုစိုက်ပြီးလုပ်ဆောင်ကြလိမ့်မည်။ ကျွန်ုပ်တို့၏ ယုံကြည်ခြင်းကိုအစပြု၍ အဆုံးသတ်ပေးသောအရှင်သခင်ယေရှုအားမျှော်ကြည့်လျက် ပြိုင်ပွဲသို့စိတ်ရှည်စွာ ပြေးကြလိမ့်မည် (ဟေဗြဲ ၁၂း၁-၂)။

ဤပြိုင်ပွဲသည် ဘယ်သောအခါမှပြီးမြောက်မည်မဟုတ်ပါ။ ၎င်းသည် ကျွန်ုပ်တို့အားအိမ်တော်သို့ခေါ်ခြင်း သို့မဟုတ် သခင်ဘုရားပြန်လည်ကြွလာမှသာ ပြီးသွားလိမ့်မည်။ ကျွန်ုပ်တိုပသည် ခွန်အားရှိသရွေ့ပြေးခြင်း၊ တွန်းခြင်း၊ လိုက်ခြင်း၊ ရုန်းခြင်းနှင့်ပြိုင်ဆိုင်ခြင်းလုပ်ရမည်။ ၎င်းအရာမှာပင်ပန်းလိမ့်မည်မှာအမှန်ပင်။ တခါတရံတွင် အရှုံးပေးဖို့စဉ်းစားချိန်ရှိပေလိမ့်မည်။ သို့သော်၊ ကျွန်ုပ်တို့သည် ပန်းတိုင်နှင့်ဝိညာဉ်ရေးရာ ရည်မှန်းချက်များ၏စေ့ဆော်မှုကိုအမြဲသတိရပြီး အရှေ့ဘက်နှင့်အထက်ဘက်သို့ ဆက်လက်သွားကြရမည်။

**ဆင်ခြင်ရန်** - ခရစ်ယာန်သည် မပြေးဘဲ ရပ်နေလျှင် ဘာဖြစ်ပါမည်နည်း။
**ဆုတောင်းချက်**- အဖဘုရား၊ ပန်းတိုးတိုင် ဘက်သို့ ဆက်လက် ပြေးခြင်းငှါ ကျွန်ုပ်အား ခွန်အားနှင့် ကြိုးစားအားထုတ်လိုသောစိတ် ပေးသနားတော်မူပါ။

# ထိုသို့သောစိတ်သဘော ရှိကြလော့

ကျွန်ုပ်တို့အသက်ရှင်နေသရွေ့ခရစ်ယာန်အပြေးပြိုင်ပွဲသည် ဘယ်တော့မှပြီးဆုံးမည်မဟုတ်ပေ။ ထို့နောက်ကျွန်ုပ်တို့မေးနိုင်သည်မှာ ကျွန်ုပ်တို့သည် ဆက်လက်၍ဖွံ့လုံ့လမည်သို့ရှိနိုင်မည်နည်း။ ကျွန်ုပ်တို့သည် ဝိညာဉ်ရေးရာ၌လျှောက်လှမ်းရာတွင် ခံနိုင်ရည်ရှိပြီး ကြီးထွားလာမည့် မြင်သာထင်သာရှိ၍ ထိရောက်သောတိုးတတ်မှုကို မည်သို့ရရှိနိုင်မည်နည်း။ အောက်ဖော်ပြပါအခန်းငယ်များတွင် ရှင်ပေါလုက ခရစ်တော်က " ယုတ်ညံ့သောငါတို့၏ကိုယ်ခန္ဓာကိုပင်၊ ဘုန်းအသရေနှင့်ပြည့်စုံသောသူ၏ကိုယ်ခန္ဓာတော်နည်းတူ ဖြစ်စေခြင်းငှါ အသစ်ပြု ပြင်ဆင်" (ဖိ ၃း၂၁) သောနေ့ရက်ကို ကျွန်ုပ်တို့စောင့်မျှော်နေကြစဉ်အတောအတွင်း လုပ်ဆောင်ရမည့်အရာများကို ရှင်းပြခဲ့သည်။

ထို့နောက် ပေါလုသည် "စုံလင်သောသူ" အပေါင်းတို့ကို ပန်ကြားခဲ့သည် (ဖိ ၃း၁၅)။ ဤအချက်ကအပြစ်ကင်း၍ ပြီးပြည့်စုံမှုကို ဆိုလိုခြင်းမဟုတ်၊ အကြောင်းမှာသူသည် ထိုသို့မစုံလင်ခဲ့ကြောင်းဦးစွာဝန်ခံခဲ့သည် (ဖိ ၃း၁၂)။ ယင်းအစား၊ ပေါလုကသူမှာ ရှိခဲ့ပြီးသောဤစုံလင်သောဆန္ဒသို့မဟုတ် ဝိညာဉ်ရေးကြွယ်ဝခြင်းကို ရှိသောသူတို့အားပန်ကြားခဲ့ခြင်းဖြစ်သည်။ ကျွန်ုပ်တို့အားလုံးသည်စိတ်တူကိုယ်တူ ရှိ၍ သူ့မှာရှိခဲ့ပြီးသော ရည်မှန်းချက်နှင့် ပန်းတိုင်တို့ကို မျှဝေခံစားကြဖို့တိုက်တွန်းခဲ့သည်။ ကျွန်ုပ်တို့သည် သခင်ဘုရားကို တတ်ကြွစွာရှာဖွေပြီး ကိုယ်တော်၏အလိုတော်ကို နာခံလိုသောဆန္ဒရှမှသာလျှင် ဤအရာသည်ဖြစ်ပေါ်လာနိုင်သည်။ နောက်ပိုင်း ဤအမှု၌ဆက်လက်တည်တံ့ပြီးကျွန်ုပ်တို့အတွက်ချမှတ်ထားသော လမ်းစဉ်ကနေ ဘယ်တော့မှသွေဖယ်မသွားစေကြရန် သူတို့ပန်ကြားခဲ့သည်။ ကျွန်ုပ်တို့သည် ဝိညာဉ်ရေးရာရည်ရွယ်ချက်မှ အာရုံမလွဲစေရန် သို့မဟုတ်" တနည်းတစ်ဖုံစိတ်ထား" ဖိုမှားယွင်းသောဦးတည်ချက်သို့ ပြေးသွားရန်သွေးဆောင်မခံရပါစေနှင့်။ ကျွန်ုပ်တို့လမ်းလွဲသွားလျှင် ဘုရားသခင်သည်ကျွန်ုပ်တို့အား လမ်းပြပြီး တည့်မတ်ပေးမည့်အရှင်ဖြစ်ကြောင်းကိုလည်း သူအာမခံချက်ပေးခဲ့သည်။ ကိုယ်တော်သည် ကျွန်ုပ်တို့၏ရိုင်းစိုင်းမှုကို ဖော်ပြပြီး သူ၏အလိုတော်သို့ စိတ်ရှည်စွာလမ်းညွှန်ပေးလိမ့်မည်။ မည်သို့ပင်ဆိုစေကာမူ၊ ကျွန်ုပ်တို့သည် လက်ရှိအခြေအနေတွင်ဝိညာဉ်ရေးရာ၌ မည်သို့သောအခြေအနေဖြစ်ပါစေ ကျွန်ုပ်တို့ရရှိပြီးသောအဆင့်မှာဘယ်အဆင့်ဖြစ်ပါစေ၊ ခရစ်တော်အပေါ်ကျွန်ုပ်တို့၏စိတ်နှလုံးကို စွဲမြဲစွာ ထားရှိရန်ကျွန်ုပ်တို့အားတိုက်တွန်းထားသည်။

" နှေးကွေး၍ တည်ငြိမ်သောသူကအပြိုင်ပွဲကို အောင်နိုင်သည်" ဟူသောရှေးဆိုရိုးစကားက ကျွန်ုပ်တို့ကြုံတွေ့နေရသော ဤဝိညာဉ်ရေးရာပြိုင်ပွဲတွင် မှန်ကန်ပါသည်။ ကျွန်ုပ်တို့သည် ဖွဲ့ရှိ၍ မြဲမြံစွာ အားယူလျက်ဖြေးဖြေးလျှောက်လှမ်းရမည်။ ဘယ်တော့မှ အရှုံးမပေးရပါ။ ဘယ်တော့မှမနားရပါ။ ကျွန်ုပ်တို့သည်တိုးတက်မှုကို အမြဲမမြင်ရသော်လည်း၊ ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် ကျွန်ုပ်တို့ကို ဆက်လက်ချီတက်စေဖို့ ကျေးဇူးတော်အားပေးသနားတော်မူမည်ကို သိရှိကြပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင် လျှောက်လှမ်းစေသောလမ်း၌ ကျွန်ုပ်ကို နှေးကွေးစေသော အရာတို့ကား အဘယ်နည်း။

**ဆုတောင်းချက်**- အဖဘုရား၊ ပြေးလမ်းပေါ်၌ အစဉ်ရှိလျက်၊ လမ်းမလွဲမည်အကြောင်း မစတော်မူပါ။

တနင်္ဂနွေ၊ ဇွန် (၄)

**ဖိ ၃း၁၇**

ဖေက် ၅း၁-၁၄

*"ညီအစ်ကိုတို့၊ ငါကျင့်သည်နည်းတူ သင်တို့သည် တညီတညွတ်တည်း ကျင့်ကြလော့"*

# လိုက်ကျင့်ကြလော့

" တနည်းတည်းကျင့်၍၊ တသဘောတည်း" (ဖိ ၃း၁၆) မည်သို့ရှိနိုင်မည့်အကြောင်းကို အမှန်တကယ်နားလည်ဖို့ရန် ကျွန်ုပ်တို့အတုယူနိုင်သည့်ဘုရားတရားလူများ ကျွန်ုပ်တို့ပတ်လည်၌ရှိခြင်းက အမှန်အကူအညီဖြစ်စေသည်။ ကျွန်ုပ်တို့သည် ခရစ်တော်ကဲ့သို့လက်တွေ့ကျကျဖြစ်ခြင်း၏ အဓိပ္ပါယ်ကို ကိုယ်တိုင်အားဖြင့် အမြဲမသိနိုင်ကြပေ။ ဟုတ်ပါ၏။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် အဆုံးစွန်သောလမ်းညွှန်သူဖြစ်ပြီး ထိုကျမ်းစာတွင်များစွာသော စံပြတွေရှိကြသည်။ တစ်ချိန်တည်းတွင်၊ ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိ လက်တွေ့ဘဝစံပြများသည်လည်း အသုံးဝင်ကြသည်။ အကြောင်းမှာသူတို့သည် မြင်သာထင်သာရှိ၍ မြင်နိုင်၊ သင်ယူနိုင်သောလူများ ဖြစ်သောကြောင့်ဖြစ်သည်။ ထို့ပြင်၊ သူတို့သည် ပစ္စုပ္ပန်တွင် နေထိုင်ကြပြီး၊ ကျွန်ုပ်တို့ခေတ်တွင် ဘုရားရေးရာအသက်တာတွင် မည်သို့နေထိုင်ရမည်ကို ပြသသောခေတ်ပြိုင်သက်သေများဖြစ်ကြသည်။ ထို့ကြောင့် ပေါလုသည် ဖိလိပ္ပိလူတို့ကို တညီတညွတ်တည်း "နောက်လိုက်များ" ဖြစ်ကြဖို့တိုက်တွန်းခဲ့သည် (ဖိ ၃း၁၇)။ သူ၏အသက်တာကို ဆန်းစစ်ကြပြီး သူသည်ခရစ်တော်ကို နာခံသကဲ့သို့ သူတို့သည်သူ့နောက်သို့ လိုက်ကြဖို့ ဖန်ကြားခဲ့သည်။

ဟုတ်ပါ၏၊ ကျွန်ုပ်တို့တွင် အတုယူရန်တမန်တော်ပေါလုကိုယ်တိုင် ကျွန်ုပ်တို့နှင့်အတူ မရှိတော့ပါ။ ထို့ကြောင့် ပေါလုက သူတို့အား ထိုနည်းအတိုင်းလျှောက်လှမ်းသောသူတိုင်းကို "မှတ်သား" ဖို့ (ဆိုလိုသည်မှာ သတိထားဖို့) တိုက်တွန်းထားပြီး၊ ထိုသို့သောသူတို့ကို အတုယူဖို့ မိန့်ကြားခဲ့သည်။

ကျွန်ုပ်တို့အသက်တာတွင် ဘုရားရေးရာစံနမူနာများရှိနိုင်သည့်အကျိုးသက်ရောက်မှုများကို လျှော့မတွက်သင့်ပေ။ ကျွန်ုပ်တို့သည် မှန်ကန်သောဝိညာဉ်ရေးရာအကျင့်များရှိသော တရားတရားလူတို့က ဝန်းရံခြင်းခံရလျှင် ကျွန်ုပ်တို့သည်သူတို့၌ရှိသောဆန္ဒများ၊ စိတ်အားထက်သန်မှုများနှင့် မျှော်လင့်ချက်များရရှိခံစားကြပါမည်။ တစ်ဖက်တွင် ကျွန်ုပ်တို့သည် လောကစည်းစိမ်ကိုတပ်မက်သောသူ၊ ဇာတိပကတိလူနှင့်အပြစ်ရှိသောသူများက ဝန်းရံလျှင် ကျွန်ုပ်တို့သည်လည်း ထိုသူတို့ကဲ့သို့ သင်ယူကြလိမ့်မည်။

ကျွန်ုပ်တို့သည် မိမိကိုယ်ကိုမေးသင့်သည်မှာ - ကျွန်ုပ်တို့သည် မည်သူနှင့်အချိန်အများဆုံးကုန်ဆုံးသနည်းဟူ၍ ကျွန်ုပ်တို့၏ဘဝတွင် ဩဇာအကြီးဆုံးသောသူများသည် မည်သူများဖြစ်သနည်းဟူ၍ဖြစ်သည်။ ကျွန်ုပ်တို့၏အကောင်းဆုံးမိတ်ဆွေများကို အသင်းတော်တွင်တွေ့ရှိသင့်သည်။ အကြောင်းမှာ ထိုသူတို့သည် ကျွန်ုပ်တို့အတွက် ထာဝရမိတ်ဆွေများဖြစ်ကြလိမ့်မည်။ သူတို့သည် ကျွန်ုပ်တို့၏လက်ရှိလမ်းလျှောက်ရာတွင် အားပေးကာ ကျွန်ုပ်တို့ဘဝတွင် အပြုသဘောဆောင်သော ပုံသက်သေများအဖြစ် ထမ်းဆောင်ပေးမည့်သဘောထားတူမိတ်ဆွေများဖြစ်ကြသည်။ တစ်ဖန်၊ ကျွန်ုပ်တို့သည် သခင်ဘုရား၌ ကြီးထွားလာသည်နှင့်အမျှ ထိုမိတ်ဆွေတို့၏ဘဝတွင် အပြုသဘောဆောင်သောလွှမ်းမိုးမှုရှိနိုင်ရန် သူတို့အားစံနမူနာကောင်းပြနိုင်ရန် ကြိုးပမ်းရပါမည်။

**ဆင်ခြင်ရန်** - ကျွန်ုပ်အသက်တာ၌ ခံရသော ဘုရားတရားလူတို့၏လမ်းပြတော်မူခြင်း ကြောင့် ကျွန်တော် ကျေးဇူးတင်ပါသလား။

**ဆုတောင်းချက်**- အဖဘုရား၊ ကိုယ်တော်ကို ကြောက်ရွံ့သောလူတို့၏အကျင့်ကို လိုက်ကျင့်၍၊ သူတို့ကို လေးစားခြင်းငှါ လမ်းပြတော်မူပါ။

# ခရစ်တော်လက်ဝါးကပ်တိုင်၏ရန်သူများ

ပေါလုသည် ဖိလိပ္ပိလူတို့ကို သခင်ဘုရား၌ကောင်းစွာကျင့်ဆောင်၊ သူတို့၏နောက်လိုက်များ ဖြစ်ရန်အားပေးသကဲ့သို့ ခရစ်တော်၏လက်ဝါးကားတိုင်၏ရန်သူများဖြစ်ကြသော ကောင်းစွာမကျင့် သူများကိုလည်း သတိထားရန်သတိပေးခဲ့သည်။ သူက အစောပိုင်း၌ဖော်ပြထားသော မနာလိုခြင်းနှင့် ရန်လိုခြင်းအားဖြင့် ခရစ်တော်၏အကြောင်းကို ဟောပြောသောသူတို့(ဖိလိ ၁း၁၅-၁၆)၊ (သို့) ဖိလိပ္ပိ လူတို့အား ခရစ်တော်ကိုမကိုးစားဘဲ မိမိ၏လုပ်ဆောင်မှုအပေါ်တွင်သာ ကိုးစားဖို့ရန်ဟောကြားသော သူတို့ကို (ဖိ ၃း၂-၃) သတိပေးခြင်းဖြစ်နိုင်သည်။ ဤအရာများမှာ ပေါလုသတိပေးထားသောအချက် များဖြစ်ပြီး ယခုတွင် သူသည်ထိုသူတို့အကြောင်းကို မျက်ရည်ကျလျှက်ရေးထား၏။ အကြောင်းမှာ ထိုသူတို့မှာ ဖိလိပ္ပိမြို့၌ရှိသောခရစ်ယာန်တို့ သတိထားရမည့်ရန်သူများဖြစ်ကြသည်။ သူတို့၏နည်း လမ်းများသည် ဘုရားသခင်အားဆန့်ကျင်ပြီး သူတို့၏ပတ်ဝန်းကျင်ရှိ လူများ၏အသက်တာကို ထိခိုက် နစ်နာစေခဲ့သည်။ သူတို့၏အဆုံးသည် ပျက်စီးခြင်းသို့ရောက်ကြောင်းကို သတိပေးခဲ့သည်။ သူတို့က ပစ္စုပ္ပန်အတွက် အောင်မြင်မှုအချို့ရှိပုံပေါ်သည်။ သို့သော် သူတို့၏အဆုံးသည် မနာလိုစရာကောင်း သောအရာ (သို့) သာယာသောအရာမဟုတ်ကြောင်း သေချာလှသည်။

ထိုလူတွေက ဘာတွေမှားနေတာလဲ၊ အမှန်ကတော့ သူတို့ဟာ မိမိကိုယ်ကိုသာ ဂရုစိုက်ပြီး မိမိကိုယ်ကိုသာ ရှာဖွေနေသောသူများဖြစ်ကြသည်။ သူတို့ကိုးကွယ်သောဘုရားများမှာ သူတို့၏ရမ္မက်၊ ဝါသနာနှင့် တောင့်တမှုတို့သာဖြစ်သည်။ ဤဘဝ၌ သူတို့လုပ်သမျှသောအရာအားလုံးသည် သူတို့ ဇာတိကိုကျေနပ်စေဖို့သာဖြစ်ကြသည်။ သူတို့သည်စိတ်သည် မြေကြီးနှင့်ဆိုင်သောအရာများ၌သာ ထားရှိကြသည်။ သူတို့သည် သူတို့၏အချည်းနှီးသောလုပ်ဆောင်ချက်များအပေါ်တွင်သာ ဂုဏ်ယူ နေကြသည်။ ထိုအရာတို့သည် သူတို့ကိုအရှက်ကွဲစေခြင်းနှင့် ပျက်စီးခြင်းကိုသာဖြစ်ပေါ်စေလိမ့်မည် ကို သဘောမပေါက်ကြပေ။ ထိုသို့သောသူများသည် မိမိကိုယ်ကိုခရစ်ယာန်များဟုပင် ဖော်ပြကြပြီး အသင်းတော်များတွင် တွေ့နိုင်သည်။ သို့သော် သူတို့သည် ဘုရားသခင်အားမရှာလို၊ အလိုတော်ကို နာခံခြင်းလည်းမရှိကြပေ။ သူတို့၏စိတ်အလိုကို ကျေနပ်စေဖို့သာစိတ်ဝင်စားကြသည်။

ဤအရာသည် လောက၏အတွေးအခေါ်နှင့်စိတ်နေစိတ်ထားဖြစ်သည်။ ကျွန်ုပ်တို့သည် ထိုသို့သောသူတို့၏နောက်သို့လိုက်လျှင် သူတို့၏လွှမ်းမိုးမှုကိုခံရပြီး မကြာမီတွင် သူတို့လိုအဆုံးသတ် ကြလိမ့်မည်။

ဤသတင်းစကားသည် အလွန်ရိုးရှင်းလှ၏။ ထိုလူတွေကို ကျွန်ုပ်တို့ရှောင်ကြဉ်ရမည်။ သူတို့၏လွှမ်းမိုးမှုက ကျွန်ုပ်တို့ကိုထိခိုက်နိုင်၏။ လမ်းလွဲစေနိုင်၏။ ကျွန်ုပ်တို့၌ရှိသင့်သည့် ဝိညာဉ်ရေး ဦးစားပေးလုပ်ငန်းတွေမှ ကျွန်ုပ်တို့ကိုဝေးကွာသွားစေနိုင်သည်။ ထိုအစား ကျွန်ုပ်တို့သည် ဘုရားသခင် ကို ရှာဖွေပြီး သမ္မာတရားနှင့်သခင်ဘုရားကိုစိတ်ရင်းဖြင့်ရှာသောသူတို့နောက်သို့ လိုက်ကြရမည်။

**ဆင်ခြင်ရန်** - လက်ဝါးကပ်တိုင်၏ရန်သူတို့ကို ကျွန်တော် အဘယ်အကူအညီ ပေးနိုင် ပါသနည်း။

**ဆုတောင်းချက်**- အဖဘုရား၊ ခရစ်တော်၏လက်ဝါးကပ်တိုင်ကို ရန်ဘက်ပြုသောသူတို့ကို မည်သို့ ကိုင်တွယ်ရမည်အကြောင်း ကျွန်ုပ်ကို သင်ပေးတော်မူပါ။

**ဖိ ၃း၂၀-၂၁**

၁ ကော ၁၅း၅၁-၅၈

*"ငါတို့ကျင့်သောအကျင့်မူကား၊ ကောင်းကင်ဘုံနှင့်စပ်ဆိုင်လျက်ရှိ၏"*

## ကျွန်ုပ်တို့၏အကျင့်သည် ကောင်းကင်ဘုံနှင့်စပ်ဆိုင်၏

ဘုရားတရားမဲ့သူတို့မတူဘဲ ကျွန်ုပ်တို့၏ဘုန်းကျက်သရေရှိသော ကယ်တင်ခြင်းနှင့်မျှော်လင့်ချက်ကို ပေါလုသတိပေးခဲ့သည်။ "စကားပြောဆိုမှု" ဟူသောစကားလုံး (ဖိ ၃း၂၀) politeuma က ကျွန်ုပ်တို့ထာဝရနေထိုင်ရမည့်နေရာဖြစ်သောအထက်အရာများကို ကျွန်ုပ်တို့ချစ်ခင်တွယ်တာဖို့ရန် ပေါလုညွှန်ကြား၏။ ကျွန်ုပ်တို့စိတ်နှလုံးသည် ထာဝရကိုအာရုံစိုက်သောအခါ ကျွန်ုပ်တို့၏အမြင်များ ပြောင်းလဲသွားလိမ့်မည်။ မြေကြီးပေါ်၌ရှိသောအရာများသည် ခဏတာဖြစ်ပြီး အချည်းနှီးဖြစ်ကြကြောင်းကို ကျွန်ုပ်တို့သဘောပေါက်ကြမည်။

ထိုအစားသခင်ယေရှုခရစ်တော်ကို ကျွန်ုပ်တို့အာရုံစိုက်ကြလိမ့်မည်။ ကျွန်ုပ်တို့၏မျှော်လင့်ချက်သည်သူ၌သာရှိကြလိမ့်မည်။ အကြောင်းမှာ သူသည်ကျွန်ုပ်တို့၏ကယ်တင်ခြင်းအသီးအပွင့်ကိုယူဆောင်ပေးမည့်သူဖြစ်သည်။ သူသည်ကျွန်ုပ်တို့၏ညစ်ညူး၍ အပြစ်ရှိသောဇာတိပကတိကိုယ်ခန္ဓာကိုပြောင်းလဲစေ၍ အသေနိုင်၊ မပုပ်ပျက်နိုင်ဘဲ ဘုန်းတော်နှင့်ပြည့်သောခန္ဓာကိုယ်အဖြစ်ပြောင်းလဲပေးလိမ့်မည်။ ထိုသို့သူလုပ်ဆောင်နိုင်၏။ အကြောင်းမှာ သူသည်အရာခပ်သိမ်းကိုအုပ်စိုး၍ သူ့အတွက်ထိန်းချုပ်နိုင်သော အချုပ်အခြာအာဏာပိုင်သခင်ဖြစ်သည်။

ကျွန်ုပ်တို့သည် မိမိကိုယ်ကို၊ လောကုတ္တရာ၊ ပစ္စုပ္ပန်မှာသာအာရုံပြုလျှင်အမှန်ကျရှုံးလိမ့်မည်။ သို့သော်၊ ကျွန်ုပ်တို့သည် ကောင်းကင်ဘုံကိုမျက်မှောက်ပြု၍ ကျွန်ုပ်တို့အားစောင့်မျှော်နေသောဘုန်းအသရေကိုစိတ်အားထက်သန်စွာ မျှော်လင့်လျှင် ကျွန်ုပ်တို့သည်ပေါလုကဲ့သို့ "ငါအသက်ရှင်သည်အရာမှာခရစ်တော်ဖြစ်၏။ သေလျှင်မူကား၊ သာ၍အကျိုးရှိ၏" (ဖိ ၁း၂၁) ဟု ဟစ်ကြွေးနိုင်လိမ့်မည်။

ဝမ်းနည်းစရာမှာ ခရစ်ယာန်များစွာအတွက် ကောင်းကင်ဘုံသည် ယခုဤနေရာတွင်ရှိနေပုံရသည်။ သူတို့သည် ဤလောက၌ရှိသော အသက်မွေးဝမ်းကျောင်းအရာ၊ မိသားစုအရာ၊ ပျော်ရွှင်မှုနှင့် ဤဘဝ၌အောင်မြင်ခြင်း အရာတို့အပေါ်တွင်အာရုံစိုက်ကြသည်။ ကြာနိုင်သမျှအသက်ရှင်ဖို့ကိုမျှော်လင့်ချက်နှင့်အိပ်မက်တွေအားလုံးကို ပစ္စုပ္ပန်မှာဘဲ ပုံအပ်ထားကြသည်။

မှန်ကန်သောဝိညာဉ်ရေးကိုပြည့်ဝလိုသောကျွန်ုပ်တို့ခရစ်ယာန်များအနေဖြင့် ထိုအရာတွေထက် ကျော်လွန်၍ကြည့်တတ်ရမည်။ ကျွန်ုပ်တို့သည် ကောင်းကင်နိုင်ငံသားများဖြစ်ကြသည်ကိုသတိရပြီး ထိုနိုင်ငံသားတစ်ဦးကဲ့သို့ စတင်ကျင့်ကြံရပါမည်။

ထို့ကြောင့်၊ မိမိကိုယ်ကိုမေးသင့်သည်မှာ- ဘုရားသခင်သည် ကျွန်ုပ်အတွက်ရှိထားသည့်အမှတ်ကိုရောက်ရှိနိုင်ဖို့ သေချာစေသောအရာကို လုပ်ဆောင်ဖို့ရန်ဆန္ဒရှိနေသလား။ ရှေ့သို့ဆက်ဖို့မှန်ကန်သောစိတ်ဆန္ဒ ရှိရပြီးမှန်ကန်သောပန်းတိုင်ဖြင့်စတင်ရပါမည်။ ထို့နောက်လောက၏အပြစ်နှင့် ဇာတိပကတိစိတ်သဘောထားများရှိသောသူတို့မဟုတ်ဘဲ ဘုရားတရားရှိသော လူတို့များ၏လွှမ်းမိုး ခြင်းခံရပါမည်။ ထိုအရာများအားဖြင့် ကျွန်ုပ်တို့စိတ်နှလုံးသည် မြေကြီးပေါ်ရှိအရာများအပေါ်၌မထား ဘဲ ကောင်းကင်အရာများပေါ်တွင်ထားရှိရပါမည်။ ဤအရာကိုကျွန်ုပ်လုပ်နိုင်ပါသလား။ ဒီအရာဖြစ် မြောက်အောင်လုပ်ဖို့ ကျွန်ုပ်ဘဝ၌ လိုအပ်သော အပြောင်းအလဲတွေလုပ်ချင်စိတ်ရှိသလား။

**ဆင်ခြင်ရန်** - ကောင်းကင်ဘုံ၊ ထာဝရအိမ်တော်ကို ကျွန်တော် မျှော်လင့်ခြင်း ရှိပါသလား။

**ဆုတောင်းချက်**- အဖဘုရား၊ "ကျွန်ုပ်မျက်စိအမြင်အာရုံ၌ ထာဝရနှင့်ဆိုင်သောအရာတို့ကိုတံဆိပ်ခတ်တော်မူပါ" (Jonathan Edwards)။

ဗုဒ္ဓဟူး၊ ဇွန် (၇)
**ဖိ ၄း၁**
၁ သက် ၂း၁၉-၂၀

*“ငါဝမ်းမြောက်ခြင်းအကြောင်း၊ ငါ့ဦးရစ်သရဖူ တည်းဟူသော၊ ငါချစ်၍ အလွန်လွမ်းသော ညီအစ်ကိုတို့”*

# ငါ့ဝမ်းမြောက်ခြင်းနှင့်ငါ့ဦးရစ်သရဖူ

နောက်ဆုံးအခန်း၏အခန်းငယ်အစတွင် ပေါလုကဖိလိပ္ပိလူတို့အား အနူးညွှံ့ဆုံးနှင့် ချစ်ခြင်းမေတ္တာဖြင့်ဟောပြောခဲ့သည်။ သူတို့ကို “ငါချစ်၍အလွန်လွမ်းသောညီအစ်ကိုတို့” ဟူ၍သူခေါ်ခဲ့သည်။ ဤသည်မှာသူတို့အားသခင်ဘုရား၌ မိသားစုအဖြစ်ရှုမြင်ကြောင်း ဖော်ပြသောအံ့ဩဖွယ်ကောင်းသောချစ်ခြင်းမေတ္တာစကားဖြစ်သည်။ သူတို့ကိုအလွန်ချစ်ခင်မြတ်နိုးပြီး သူတကယ်လွမ်းသောအပေါင်းအသင်းများအဖြစ်သူသတိရခဲ့ပါသည်။

သူတို့ကို “ ငါ၏ဝမ်းမြောက်ခြင်းနှင့်ဦးရစ်သရဖူ” ဟူ၍လည်း သူဖော်ပြခဲ့သည်။ အထူးသဖြင့်သူရင်ဆိုင်နေရသော ပတ်ဝန်းကျင်အခြေအနေကြားမှာ သူတို့ကိုသူ၏ပျော်ရွှင်မှုအရင်းအမြစ်အဖြစ်ရှုမြင်ခဲ့သည်။ သူသည်သူတို့အတွက် “ဝမ်းမြောက်သောစိတ်နှင့်” ဆုတောင်းခဲ့ပြီး (ဖိ ၁း၄)၊ သူတို့သည် “ယုံကြည်ခြင်း၌ဝမ်းမြောက်မည်အကြောင်း” ကိုယ်ခန္ဓာဖြင့်အသက်ရှင်ဖို့သူဆန္ဒရှိခဲ့သည် (ဖိ ၁း၂၆)။ စိတ်တူကိုယ်တူစည်းလုံးညီညွတ်ကြလျှင်၊ သူ၏ရွှင်လန်းမှုပြည့်စုံလိမ့်မည် (ဖိ ၂း၂)ဟူ၍ ၎င်း၊ သူတို့ကိုအစေခံရခြင်းနှင့်သူတို့ကိုယ်စားယဇ်ကောင်အဖြစ်ပူဇော်ရသော်လည်း “သူတို့နှင့်အတူ ဝမ်းမြောက်ခြင်းရှိ” (ဖိ ၂း၁၇) အကြောင်းကိုသူမိန့်ဆို၏။ သူတို့ဝိညာဉ်အသီးကိုသီးကြခြင်းအားသူကြားသည်နှင့်သူသည် “သခင်ဘုရား၌ အလွန်ဝမ်းမြောက်ခြင်း” ရှိ၏(ဖိ ၄း၁၀)။

အာကစားသမားသည် ပြိုင်ပွဲတွင်အောင်ပွဲခံသည့်အခါဆုကို မျှော်လင့်ထားသည့်အတိုင်း သူတို့ကိုသူ၏ဦးရစ်သရဖူ အဖြစ်သူဖော်ပြခဲ့သည်။ ရှင်ပေါလုကသူတို့၏ ကယ်တင်ခံရခြင်းကို စိတ်ချမှုရှိသောကြောင့် သူသည်သခင်ဘုရားရှေ့တော်၌ ရပ်ရသောနေ့ရောက်အခါတွင် သူအစေခံခဲ့သော ဖိလိပ္ပိမြို့၌ရှိသော ခရစ်ယာန်တို့သည်လည်း သခင်ဘုရားရှေ့တော်၌ရောက်ရှိကြမည်ကို မျှော်လင့်နေ၏ (၁သက် ၂း၁၉-၂၀)။ ၎င်းမှာ သူလိုချင်သောကြီးမြတ်သောဆုလာဘ်ဖြစ်မည်ဖြစ်ပြီး လက်ရှိတွင် ဆက်လက်အမှုဆောင်ရန် တွန်းအားပေးသောအရာဖြစ်သည်။

တမန်တော်ပေါလုသည် သခင်ဘုရား၏ပေးဆပ်သောအစေခံကျွန်တစ်ဦးအမှန်ဖြစ်ခဲ့သည်။ အခြားသူများ၏ ဝိညာဉ်ရေးအကျိုးအတွက် ထိုသို့ရွှင်လန်းခြင်းရှိခဲ့သည်။ သူ့အတွက် အရေးကြီးဆုံးမှာ အခြားသူများ၏ကယ်တင်ခြင်းနှင့် သခင်ဘုရားရှေ့တော်၌ သူတို့၏အသက်ရှင်နေထိုင်ပုံဖြစ်သည်။ ၎င်းသည်သူ၏အကြီးမားဆုံးသော ပျော်ရွှင်မှုဖြစ်စေခဲ့သည်။ ငါတို့အတွက်ကော ထိုသို့သော အရာဖြစ်ကြောင်းပြောနိုင်ကြသလား။

**ဆင်ခြင်ရန်** - ဤဘဝ၌ ဘယ်အရာက ကျွန်ုပ်တို့ကို အမြင့်ဆုံးသော ဝမ်းမြောက်ခြင်း ပေးပါသနည်း။

**ဆုတောင်းချက်**- အဖဘုရား၊ ကိုယ်တော်၏အမှု၌ အမြင့်ဆုံးသော ဝမ်းမြောက်ခြင်း တွေ့ရမည်အကြောင်း၊ အကျွန်ုပ်၏ရည်မှန်းချက်နှင့်အလေးထားသောအရာများသည် မှန်ကန်သောအရာများ ဖြစ်စေတော်မူပါ။

# သခင်ဘုရား၌တည်နေကြလော့

လူတွေရှိသောနေရာတိုင်း၌ ပဋိပက္ခရှိမည်။ အဘယ်ကြောင့်နည်း။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည်မာနကြီး၍၊ တစ်ကိုယ်ကောင်းဆန်သောသူတွေဖြစ်သည်။ ကျွန်ုပ်တို့သည် ကယ်တင်ခြင်းသို့ရောက်သော်လည်း ကျွန်ုပ်တို့၏ ဇာတိပကတိဟောင်းကို အခွင့်ပေးတတ်ကြသည်။ ငြိမ်းချမ်းခြင်းသည်ခရစ်ယာန်များအတွက်ပင်လျှင်၊ သဘာဝအတိုင်းဖြစ်လာမည်မဟုတ်ပေ။ ဤအရာမှာ အသင်းတော်၌ ကျွန်ုပ်တို့ကြိုးပမ်းရမည့်အရာဖြစ်သည်။ ကျွန်ုပ်တို့၏သဘာဝဖြစ်သောအကျင့်များကို ချန်လှပ်ထား၍ မဋ္ဌိပက္ခများမကြာခဏ ဖြစ်ပေါ်တတ်သည်။ အချို့သောသဘောထားကွဲလွဲမှုများသည် အစတွင်အသေးအဖွဲ့ဟုထင်ရသော်လည်း မှန်ကန်စွာမဖြေရှင်းပါက၊ အသင်းတော်၏စည်းလုံးညီညွတ်မှုနှင့် ထိရောက်မှုကိုနှောင့်ယှက်မည့် ပြင်းထန်သောပဋိပက္ခများဆီသို့ လျှင်မြန်စွာကြီးထွားလာစေနိုင်သည်။

များစွာသောအချိန်တွင် ပဋိပက္ခများဖြစ်ပွားရခြင်း၏အကြောင်းရင်းမှာလူတို့သည် မိမိတို့၏ဆန္ဒများ၊မာနများ သို့မဟုတ် မိမိ၏ခေါင်းမာသောသစ္စာခံခြင်းအပေါ် စွဲစွဲမြဲမြဲရပ်တည်နေကြခြင်းကြောင့်ဖြစ်သည်။ သူတို့သည် ခေါင်းမာကြပြီးအရှုံးပေးဖို့ငြင်းဆန်ကြသည်။ နားလည်မှုလွဲမှားခြင်းသို့မဟုတ် ကွဲလွဲမှုဖြစ်ပေါ်လာသောအခါ နှစ်ဖက်စလုံးကနောက်မဆုတ်ချင်ကြသောကြောင့် ပြဿနာများဖြစ်ပေါ်လာသည်။

(ဖိလိပ္ပိ ၄း၁)တွင်၊ ပေါလုသည်အသင်းတော်ကို “သခင်ဘုရား၌တည်တံ့” ရန်တောင်းဆိုခဲ့သည်။ ဤ“တည်တံ့” ဟူသောအသုံးအနှုန်းမှာ တိုက်ပွဲကြားတွင်အရှုံးမပေးဘဲ မိမိနေရာတွင်ခိုင်မြဲစွာရပ်တည်ရန် စစ်ဘက်ဆိုင်ရာကိစ္စရပ်များတွင် အသုံးပြုလေ့ရှိသည့် အဓိပ္ပါယ်ဖြစ်သည်။ ၎င်းကခိုင်မာခြင်း၊ ပြတ်သားခြင်းနှင့်မယိမ်းမယိုင်ဘဲ ရပ်တည်ခြင်းကိုဖော်ပြသည်။ (ဖိလိပ္ပိ ၁း၂၇)တွင် ပေါလုက သူတို့အား “ဧဝံဂေလိတရားနှင့်ဆိုင်သော ယုံကြည်ခြင်းအဘို့အဘိုင်ငါတညီတညွတ်တည်း ကြိုးစားအားထုတ်ကြဖို့” တောင်းဆိုခဲ့ပြီးဖြစ်သည်။ ထိုနေရာတွင်သူတို့သည်ဝိညာဉ်ရေးရာသခင်ဘုရား၌တည်ကြည်ကြကြောင်းသေချာစေကြဖို့သူ၏ဆန္ဒကို ပဲ့တင်ထပ်စေခဲ့သည်။ သူတို့၏သစ္စာခံခြင်းမှာခရစ်တော်တပါးတည်းအပေါ်၌သာ တည်နေရမည်ဖြစ်သည်။ သူတို့အားလုံးသည် သခင်ယေရှုခရစ်၏ခိုင်မာသောအုတ်မြစ်ပေါ်တွင် ရပ်တည်ကြရမည်။ အကြောင်းမှာ သူတို့အစေခံသောသူနှင့်သူတို့တိုက်ပွဲဝင်ရေးရခြင်းမှာ ခရစ်တော်ဖြစ်သည်။

ကျွန်ုပ်တို့သည်လည်း ကျွန်ုပ်တို့၏အလိုဆန္ဒအပေါ်တွင်မဟုတ်ဘဲ သခင်ဘုရား၌ စွဲစွဲမြဲမြဲရပ်တည်ရပါမည်။ ကျွန်ုပ်တို့တွင်တူညီသောဝိညာဉ်ရေးရာပန်းတိုင်များရှိကြလျှင် ငြိမ်းချမ်းမှုနှင့်စည်းလုံးခြင်းရရှိရန် လွယ်ကူမည်ဖြစ်သည်။ ကျွန်ုပ်တို့၏အသေးအမွှားကိစ္စကြောင့်ငြင်းခုံခြင်းများက အလွန် မိုက်မဲကြောင်းနှင့်မရင့်ကျက်ခြင်းကို သဘောပေါက်လာကြပြီး၊ သခင်ဘုရား၏အမှုတော်၌ စည်းလုံးကြလိမ့်မည်။ စစ်မြေပြင်တွင် အတူတကွရပ်တည်သော၊ ထက်မြက်သောတပ်ဖွဲ့တစ်ခုကဲ့သို့ဖြစ်၍ မာရ်နတ်၏မာယာများကို ဆန့်ကျင်ရာ၌ ခိုင်မာစွာရပ်တည်ကြပြီး သခင်ဘုရားအတွက်အောင်ပွဲရယူနိုင်ကြမည်ဖြစ်သည်။

**ဆင်ခြင်ရန်** - စည်းလုံးခြင်းမရှိသောစစ်တပ်၌ ဘက်အမှုကျရောက်လိမ့်မည်နည်း။
**ဆုတောင်းချက်**- အဖဘုရား၊ ကိုယ်တော်၌အစဉ်တည်နေမည်အကြောင်း ကျွန်ုပ်ကို မစတော်မူပါ။

သောကြာ၊ ဇွန် (၉)
**ဖိ ၄း၁-၂**
၁ ပေ ၃း၈-၁၁

*“သခင်ဘုရား၌ သဘောတညီတညွတ်တည်း ဖြစ်ရကြမည်”*

# ပြဿနာကိုအောင်နိုင်ခြင်း

ဤစာ၏နောက်ဆုံးအခန်းတွင်၊ ပေါလုသည်ကိုယ်ရေးကိုယ်တာနှင့် အလွန်သိမ်မွေ့သော ကိစ္စရပ်အချို့ကို ကိုင်တွယ်ဖြေရှင်းခဲ့ပါသည်။ ဖိလိပ္ပိမြို့၌ရှိသော ခရစ်ယာန်များထံဝိညာဉ်ရေးအကြံဉာဏ်များပေးစဉ်ဖခင်ပုံစံဖြင့် ရေးသားခဲ့ပါသည်။ သူတို့နှင့်ရင်းနှီးသောဆက်ဆံရေးရှိခြင်းကြောင့် သူတို့ကို ဖျန်ဖြေပေးနိုင်သော အနေအထားကောင်းရှိခဲ့ပါသည်။ သူသည် သူတို့အပေါ် မည်မျှမြတ်နိုးကြောင်းကို စိတ်ရင်းမှန်သောအသိပေးချက်ဖြင့် သူ၏မေတ္တာရပ်ခံချက်ကို စတင်ခဲ့ပါသည်။ သူသည် သူတို့ကိုအလွန်ချစ်ပြီး၊ သူတို့အတွက် အကောင်းဆုံးကိုအမှန်တကယ်လိုချင်သော မိတ်ဆွေတစ်ဦးအဖြစ်ချဉ်းကပ်ခဲ့ပါသည်။

ပေါလုသည် သူတို့၏အသင်းတော်ပြဿနာကို မိန့်ကြားပြီး အဖွဲ့နှစ်ခုကိုဦးဆောင်သော “ဧဝေါဒိနှင့် သုန္တုတ်” တို့၏နာမည်ကို ဖော်ပြခဲ့သည်။ သို့ရာတွင်သူသည် အခွင့်အာဏာဖြင့်မပြုဘဲ “တောင်းပန်ခြင်း” သို့မဟုတ် “အသနားခံခြင်း” ဖြင့်ပြုမူခဲ့သည်။ ဤသူတို့မှာ ဖိလိပ္ပိမြို့မှအမျိုးသမီးနှစ်ဦးဖြစ်ကြပြီး ပဋိပက္ခ၏အဓိကလူတွေဖြစ်ဖွယ်ရှိသည်။ ထိုသူတို့နှစ်ဦး၏သဘောထားကွဲလွဲရခြင်းအကြောင်းရင်းကို မသိရသော်လည်း သူတို့နှစ်ဦးသည် အသင်းတော်မှာတာဝန်ထမ်းဆောင်နေသော ခရစ်ယာန်နှစ်ဦးဖြစ်ကြောင်းကို ကျွန်ုပ်တို့အမှန်သိရသည်။ သူတို့သည် သဘောထားကွဲလွဲပြီး၊ တစ်စိတ်တစ်ဝမ်းတည်း မရှိတော့ပုံထင်ရသည်။ သူတို့သည်အမျိုးမျိုးသောအမြင်များနှင့် လက်ထဲတွင်ရှိသမျှသောကိစ္စအပေါ်တွင် သဘောထားကွဲပြားကြ၍ ထိုအရာကြောင့်အသင်းတော်ထဲတွင် လူအချို့ကြားအကွဲအပြဲတွေ ဖြစ်ပေါ်စေသည်။

သူတို့ထံပေါလု၏သတင်းစကားမှာ “သူတို့သည်သခင်ဘုရား၌ တညီတညွတ်တည်းဖြစ်ရကြမည်“ ဟူ၍ဖြစ်သည်။ သူတို့အားသခင်ဘုရား၌ မိမိတို့၏သဘောတူညီမှုကို နားလည်သဘောပေါက်စေလိုသည်။ သူတို့အားလုံးသည် ခရစ်ယာန်များဖြစ်ကြသောကြောင့် စိတ်တခုတည်းရှိရပါမည်။ ယုံကြည်သူတိုင်းအကြိုက်သဘောထားခြင်း တူညီဖို့မျော်လင့်ပါသည်။ ဤအချက်မှာအသစ်အဆန်းမဟုတ်ပါ။ အကြောင်းမှာရင်းကို ပေးစာများတွင်အကြိမ်များစွာ ထပ်ခါတလဲလဲရေးခဲ့သောညွှန်ကြားချက်ဖြစ်သည် (ဖိ ၁း၂၇၊ ၂း၂-၅၊ ၃း၁၅-၁၆)။

တညီတညွတ်တည်းရှိခြင်းနှင့် သာတူညီမှုရှိခြင်းကြား ခြားနားချက်ရှိကြောင်းကိုသတိပြုပါ။ ပေါလုသည်သူတို့အား ကိုယ်ပိုင်မှုမရှိဖို့ သို့မဟုတ် စံသတ်မှတ်ချက်တခုတည်းကို သတိမဲ့စွာလိုက်နာကြဖို့မတောင်းဆိုပါ။ သူတို့နှစ်ဦးစလုံးသည် သခင်ဘုရား၌ရှိကြသည် ဟူသောအချက်နှင့် ထိုအချက်ကြောင့် ဘုံရည်မှန်းချက်များ၊ ပန်းတိုင်များနှင့်ဆန္ဒများရှိသင့်ကြောင်း ပေါလုအလေးပေးတောင်းဆို၏။ သူတို့၏အသက်တာသည် ဘုရားသခင်၏နှုတ်ကပတ်တော်နှင့်အညီ အသက်ရှင်ပြီး၊ ဘုရားသခင်ကိုအစေခံရန်နှင့် ဘုန်းတော်ထင်ရှားစေရန်ရည်မှန်းထားရပါမည်။ အကယ်၍သာ တူညီမှုဖြစ်ကြလျှင် ပဋိပက္ခနည်းပါးပြီး အသင်းတော်တွင် ပိုမိုချိုမြိန်သော မိတ်သဟာယများ ရှိလာမည်မှာ သေချာပါသည်။

**ဆင်ခြင်ရန်** - ဤဩဝါဒစာစောင်ထဲ၌ ပေါလုက “စိတ်သဘော” နှင့်ဆိုင်၍ မည်သို့ သွန်သင်ခဲ့ပြီးပါသနည်း။

**ဆုတောင်းချက်**- အဖဘုရား၊ အကျွန်ုပ်၏စိတ်သဘောကို ကိုယ်တော်၏နှုတ်ကပတ်တော်ဖြင့် ပဲ့ပြင်လမ်းပြတော်မူပါ။

စနေ၊ ဇွန် (၁၀)
**ဖိ ၄း၁-၃**
ဂလာ ၆း၁-၁၀

*"အသက်စာရင်းဝင်သော အခြားသော ငါ၏လုပ်ဘော်ဆောင်ဘက်"*

# စစ်မှန်သော လုပ်ဘော်ဆောင်ဘက်

ပေါလုသည်အသင်းတော်၌ရှိသော ပဋိပက္ခများသည် မည်မျှကွဲလွယ်သောအရာဖြစ်ခြင်းနှင့် သတိကြီးစွာ ထားရန်လိုအပ်သောအရာဖြစ်နိုင်ကြောင်းကို သိရှိ၍ အခြေအနေအရပ်ရပ်ကို ကူညီရန်အသင်းတော်ရှိ အခြားသူများကို ပန်ကြားခဲ့သည်။

ပေါလုသည် ထိုကိစ္စကို ကူညီဖြေရှင်းပေးရန်အတွက် "စစ်မှန်သော လုပ်ဖော်ဆောင်ဘက်" ကို အဓိကပုဂ္ဂိုလ်အဖြစ် ပန်ကြားခဲ့သည်။ ထိုသူ၏အကြောင်းကို အနည်းငယ်သာသိရသည်။ သူသည် ပေါလု၏လုပ်ဖော်ကိုင်ဘက်တစ်ဦးဖြစ်ကောင်းဖြစ်နိုင်ပြီး၊ "လုပ်ဖော်ဆောင်ဘက်စစ်" ဟူသော နာမဖြင့်သာ သိရှိရသည်။ ဤစာသားက တိရိစ္ဆာန်နှစ်ကောင် အတူတူလယ်ထွန်ပြီး၊ ထမ်းပိုးထားသကဲ့သို့ သူနှင့်အတူ ဝန်ထုပ်ဝန်ပိုးကို ထမ်းထားသူတစ်ဦးအကြောင်း ဖော်ပြခြင်းဖြစ်သည်။ ထိုသူကို ပေါလုက သူ၏ရဲဘော်ရဲဘက်၊ လုပ်ဖော်ကိုင်ဖက်၊ သခင်ဘုရား၏ အစေခံကျွန်ချင်းအဖြစ် မှတ်ယူထား၏။ ထိုအမျိုးသမီးနှစ်ဦးတို့သည် ခရစ်တော်၏ ချည်နှောင်ခြင်း၌ တဖန်ပြန်လည်စည်းလုံးကြဖို့လိုကြောင်း ပေါလုတောင်းဆိုခဲ့သည်။

ပေါလုက အသင်းတော်၏စည်းလုံးညီညွတ်မှုကို သေချာစေရန်အတွက် အသင်းတော်၌ရှိသော အခြားလုပ်ဖော်ဆောင်ဖက်နှင့် ကလေမင် ကိုတောင်းဆိုခဲ့သည်။ ငြိမ်းချမ်းရေးနှင့် သဟဇာတဖြစ်အောင်လုပ်ဖို့ တစုံတရာကွယ်ဝှက်ထားသောအချက်မရှိဘဲ အားလုံးတကွ လုပ်ဆောင်ခြင်းက ဤပဋိပက္ခကို ဖြေရှင်းနိုင်မည်ဖြစ်သည်။

ပေါလုက သူတို့အားလုံးကို အတူတကွစုပေါင်းဖို့ရန်နှင့် အချင်းချင်းစည်းလုံးကြဖို့ ပြောဆိုခဲ့သည်။ အကြောင်းမှာ သူတို့အားလုံးသည် သခင်ဘုရားကို စိတ်ရင်းအမှန်ဖြင့် အစေခံခဲ့ကြကြောင်း ပေါလုသိခဲ့၏။ အမှန်မှာ ပေါလုသည် ယခင်ကထိုအမျိုးသမီးနှစ်ဦးနှင့် အတူတူအမှုဆောင်ခဲ့ဖူး၏။ သူတို့၏ ပုဂ္ဂိုလ်ရေးငြင်းခုံမှုများနှင့် ကွဲပြားမှုများကို ဘေးဖယ်၍အတူတကွ အမှုဆောင်ကြဖို့ ပေါလု ပန်ကြားခဲ့သည်။

ကျွန်ုပ်တို့အားလုံးပေါင်းစည်းရမည့် အကြောင်းရင်းနှင့်ပတ်သက်၍ ပေါလုပြောခဲ့သည့် နောက်ထပ်အချက်မှာ သူတို့အားလုံးမှာ ကယ်တင်ခြင်းရရှိပြီး၊ အသက်စာစောင်တွင် သူတို့၏ နာမည်များရေးထားခံရပြီးဖြစ်သည်ဟူသောအချက်ဖြစ်သည်။ ခရစ်ယာန်အားလုံးတွင် တူညီသော ဦးတည်ရာနှင့်မျှော်လင့်ချက်ရှိသည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့သည် ကောင်းကင်ဘုံသို့ ဦးတည်နေကြသည်။ သို့ဖြစ်လျှင် ကျွန်ုပ်တို့သည် အတူတကွထာဝရနေရမည်ကို သိမြင်လျှင် မြေကြီးပေါ်တွင် မပေါင်းနိုင်သလော။ ကျွန်ုပ်တို့သည် ထာဝရအသက်ရှင်ဖို့ မျှော်လင့်ချက်တစ်ခုတည်းကို စောင့်ဆိုင်းနေသကဲ့သို့ မြေကြီးပေါ်၌ရှိသော ကျွန်ုပ်တို့၏ဆန္ဒများနှင့် စိတ်ဝင်စားမှုများသည်လည်း ညီညွတ်သင့်သည်။

တနည်းအားဖြင့် ခရစ်ယာန်အားလုံးသည် လုပ်ဘော်ဆောင်ဘက်စစ်ဖြစ်သင့်သည်။ ကျွန်ုပ်တို့အားလုံးသည် တပါးတည်းသော သခင်ဘုရား၏အမှုတော်၌ အတူတကွချည်နှောင်ခြင်းခံရသည်။ ကျွန်ုပ်တို့သည်အချင်းချင်းဝန်ထုပ်ဝန်ပိုးကို ထမ်းရွက်ရန်နှင့် သခင်ဘုရား၌စည်းလုံးကြဖို့ရန် လက်တွဲနိုင်သင့်သည်။

**ဆင်ခြင်ရန်** - လုပ်ဘော်ဆောင်ဘက်တဦးက မိမိ၏ဝန်ကို မထမ်းသောအခါ၊ ဘယ်အမှုဖြစ်လာနိုင်သနည်း။

**ဆုတောင်းချက်**- အဖဘုရား၊ ကိုယ်တော်၌ သူတပါးတို့နှင့်တညီတညွတ်တည်း ရှိမည်အကြောင်း၊ သေးငယ်သော ခြားနားချက်ကို ဘေးဖယ်ခြင်းငှါ မစတော်မူပါ။

တနင်္ဂနွေ၊ ဇွန် (၁၁)
**ဖိ ၄း၄-၇**
၁ သက် ၅း၁၆-၂၂

*"သခင်ဘုရား၌အစဉ်မပြတ် ဝမ်းမြောက်ခြင်း ရှိကြလော့"*

## ဝမ်းမြောက်ခြင်းရှိလော့

ဖိ ၄း၄-၇ တွင် ပေါလုသည် ဖိလိပ္ပိမြို့၌ရှိသော ခရစ်ယာန်များအား မိမိတို့ပတ်ဝန်းကျင်ရှိ ပဋိပက္ခများကြားတွင် ငြိမ်သက်ခြင်းနှင့်ရွှင်လန်းမှုကို မည်သို့ရရှိနိုင်ကြောင်းကို သွန်သင်ဖို့ အရေးကြီးသောအချက်များကို ဆက်တိုက်ပေးခဲ့သည်။ ဤတိုက်တွန်းချက်များသည် အောင်မြင်ရန်ကျွန်ုပ်တို့ဘက်မှ အားထုတ်မှုလိုအပ်ကြောင်း ပညတ်တော်များဖြင့် ရောက်လာသည်။

ပထမပညတ်တော်မှာ ကျွန်ုပ်တို့သည် သခင်ဘုရား၌အစဉ်မပြတ်ဝမ်းမြောက်ခြင်းရှိဖို့ အားထုတ်ရမည်ဖြစ်သည်။ "တဖန်ငါဆိုသည်ကား ဝမ်းမြောက်ကြလော့" (ဖိ ၄း၄) ဟူ၍ အလေးပေးဖို့ ထပ်ခါတလဲလဲပြောထားသည်။ ဤစာ၏အဓိကအကြောင်းအရာမှာ ဝမ်းမြောက်ဖို့ရန်ဖြစ်၏။ ဤနေရာ၌ ဖော်ပြချက်မှာ စိတ်ကူးသစ်မဟုတ်ပါ။ ပေါလုသည် သူကြုံတွေ့ရသော ပတ်ဝန်းကျင်အခြေအနေများကြားတွင် ဝမ်းမြောက်ခြင်းတည်မြဲစေခြင်းဖြင့် ပုံသက်သေပြခဲ့ပြီးဖြစ်၍ ယခုတွင် ဖိလိပ္ပိမြို့ရှိ ခရစ်ယာန်များအား အလားတူ လုပ်ဆောင်ရန်ညွှန်ကြားသည်။

ဤအချက်ကိုတွေကြည့်လျှင် "သခင်ဘုရား၌" ဝမ်းမြောက်ခြင်းဖြစ်သောကြောင့် ခရစ်ယာန်တို့သာ ဤအချက်နှင့်သက်ဆိုင်ပါသည်။ သခင်ယေရှုခရစ်အားဖြင့် ကျွန်ုပ်တို့သည် ကယ်တင်ခြင်းသို့ရောက်ကြပြီ။ ကျွန်ုပ်တို့၏အပြစ်များ ခွင့်လွှတ်ခြင်းခံရပြီး၊ ကျွန်ုပ်တို့တွင် ဘုန်းတော်နှင့်ပြည့်သော ထာဝရကောင်းကင်ဘုံကို မျှော်လင့်စရာရှိသည်။ လက်ရှိတွင် ကျွန်ုပ်တို့အား စောင့်ရှောက်ပေးဖို့ရန် ကတိပြုထားသော အမြင့်မြတ်ဆုံးသော မေတ္တာရှင်ဘုရားသခင်ထံ ယုံကြည်စိတ်ချမှုရှိကြသည်။ ဤဘဝတွင် ကျွန်ုပ်တို့၏ ရည်ရွယ်ချက်မှာ ဘုရားသခင်၏ ဘုန်းတော်ထင်ရှားစေရန်နှင့် ကိုယ်တော်ကို ထာဝစဉ်ပျော်မွေ့စေဖို့ရန်ဖြစ်သည်ကို ကျွန်ုပ်တို့ သိကြ၏။ ကျွန်ုပ်တို့နှလုံးသားထဲတွင် စွဲစွဲမြဲမြဲကိုင်ထားရမည့်အဖိုးတန်အမှန်တရားဖြစ်သည်။ ကျွန်ုပ်တို့သည် ခရစ်တော်၌ရှိသရွေ့ဝမ်းမြောက်စရာအကြောင်းရင်း အမြဲရှိသည်ကို ကျွန်ုပ်တို့သိသည်။

ဝမ်းမြောက်ခြင်းသည် အခြားအရာများတွင်မဟုတ်ဘဲ သခင်ဘုရား၌ဖြစ်ကြောင်းကိုလည်း သတိပြုပါ။ များစွာသောအချိန်တွင် ကျွန်ုပ်တို့၏ပတ်ဝန်းကျင်တွင် ပြောင်းလဲနေသောအခြေအနေများက ကျွန်ုပ်တို့၏ပတ်ဝန်းကျင်တွင် ပြောင်းလဲနေသောအခြေအနေများက ကျွန်ုပ်တို့၏ဘဝအပေါ် စိတ်ခံစားမှုနှင့်ရှုမြင်ပုံများတွင် များစွာသက်ရောက်မှုရှိသည်။ အရာရာအဆင်ပြေသောအခါ ပျော်ရွှင်သောအမှုအရာနှင့် ဝမ်းမြောက်သောအနေအထားရှိဖို့ရန် လွယ်ကူ၏။ သို့သော် တစုံတရာအဆင်မပြေမှုများ၊ ကြေကွဲစရာကြုံတွေ့လာသောအခါ ကျွန်ုပ်တို့၏ကမ္ဘာကြီးတစ်ခုလုံးပြိုကျလာပြီး အသက်တာတွင် ပျော်ရွှင်မှုမခံစားနိုင်ကြပါ။

ဘယ်အရာဖြစ်ဖြစ် ဘုရားသခင်၏ကတိတော်များနှင့် သူသည်အရာခပ်သိမ်းကို ထိန်းချုပ်ထားသောအရှင်ဖြစ်ကြောင်း၊ ဖြစ်ပျက်လာသည့် အရာတိုင်း၌ အကြောင်းတရားအမြဲရှိကြောင်း သတိပြုရပါမည်။ ခရစ်ယာန်များအနေဖြင့် အမြဲဝမ်းမြောက်သင့်ပါသည်။ အရုပ်ဆိုင်ရှိ ကလေးငယ်တစ်ယောက်၏ခဏတာပျော်ရွှင်မှုမျိုးမဟုတ်ဘဲ၊ ကျွန်ုပ်တို့သည် သခင်ဘုရားအပေါ်၌ တည်တည်ငြိမ်ငြိမ်ဖြင့် ယုံကြည်ကိုးစားကာ ကိုယ်တော်၏ကောင်းမြတ်ခြင်း၌ အမြဲဝမ်းမြောက်ခြင်းရှိနိုင်ပါသည်။

**ဆင်ခြင်ရန်** - သခင်ဘုရား၌မတည်ဘဲလျက်၊ သခင်ဘုရား၌ကျွန်တော် ဝမ်းမြောက်ခြင်း ရှိနိုင်ပါမည်လော။

**ဆုတောင်းချက်**- အဖဘုရား၊ ကိုယ်တော်၌အစဉ် ဝမ်းမြောက်ခြင်း ရှိမည်အကြောင်း မစတော်မူပါ။

**ဖိ ၄း၅**
၂ ပေ ၃း၈-၁၃

*"လူအပေါင်းတို့ရှေ့၌ သင်တို့၏ဖြည်းညှင်းခြင်း သဘောကို ထင်ရှားစေကြလော့"*

# ဖြည်းညှင်းခြင်းသဘောရှိလော့

နောက်ထပ်ပညတ်ချက်မှာ သူတို့၏ဖြည်းညှင်းမှုကို လူအားလုံးသိဖို့ရန် ဖြစ်သည်။ သူတို့၏ စိတ်ပြင်းပြမှုကိုငင်း၊ သူတို့၏မိတ်ဆွေများနှင့် ပေါင်းသင်းဆက်ဆံမှုကိုငင်း၊ သူတို့၏လောကီအရာများ လိုက်စားမှုကိုငင်း အသင့်အတင့်ဖြစ်စေဖို့ရန် ညွှန်ကြားချက်ဖြစ်သည်။ သူတို့သည် သခင်ဘုရား အပေါ် သူတို့၏စိတ်ပြင်းပြမှုနှင့်ပတ်သက်၍မှတပါး သူတို့၏အပြုအမူမှန်သမျှတွင် လွန်ကဲစွာ မဖြစ်သင့်ပါ။ အခြားအခြေအနေများတွင် ဆိုးရွားသောအခြေအနေများနှင့် ပေါင်းသင်းရခက်ခဲ သော လူများကို ပြန်လည်တုံ့ပြန်ရာတွင်ငင်း၊ လောကီအရာများကို ရှာဖွေရာတွင်ငင်း၊ ငြိမ်သက်တည်ငြိမ် ခြင်းနှင့် နူးညံ့သိမ်မွေ့ခြင်းကို ကျင့်သုံးရမည်။

ထိုအရာသည် အဘယ်ကြောင့်အရေးကြီးသနည်း။ အဖြေမှာ ဒုတိယစာကြောင်းတွင်ရှိပြီး၊ ထိုအရာမှာ သခင်ဘုရားသခင် အနီးအနားတွင် ရှိတော်မူသောကြောင့်ဖြစ်သည်။ သခင်ဘုရား ပြန်လည်ကြွလာမည့်အချိန်နှင့် နီးကပ်ကြောင်းကို သူတို့အားသတိပေးခြင်းဖြစ်၏။

သခင်ဘုရားသည် မကြာမီ ကြွလာမည်ဟု ကျွန်ုပ်တို့သတိပေးခံရသောအခါ ဤအချက်က အရာဝတ္ထုပစ္စည်းများကို ရှုမြင်ပုံသတ်မှတ်ရန်ဖြစ်သည်။ ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိအရာအားလုံးသည် ယာယီသာဖြစ်ပြီး၊ မကြာမီကွယ်ပျောက်တော့မည်ကို ကျွန်ုပ်တို့သိကြသည်။ ကျွန်ုပ်တို့သည် ဤ လောက၌ရှိသောအရာများကို မရှာဖွေတော့ဘဲ အထက်အရာများအပေါ်တွင် ကျွန်ုပ်တို့၏ချစ်ခြင်း မြတ်နိုးမှုကို ထားနိုင်ပြီဖြစ်သောကြောင့် ကျွန်ုပ်တို့ဦးစားပေးသောအရာများသည် ပြောင်းလဲသွားမည်။ ကျွန်ုပ်တို့ပတ်ဝန်းကျင်တွင်ဖြစ်ပျက်နေသည့်အရာများနှင့် ပတ်သက်၍ ပိုမိုတည်ငြိမ်အေးဆေးသော အမြင်ရှိမည်ဖြစ်သည်။ ကျွန်ုပ်တို့၏အသက်မွေးဝမ်းကျောင်း၊ လေ့လာသင်ယူမှုများ၊ ဝါသနာများနှင့် ကြီးမားသောအစီအစဉ်တို့မှာ အလွန်အရေးကြီးသောအရာများမဟုတ်ကြသောကြောင့် အလွန်စိတ် အားထက်သန်စွာဖြင့်၊ ၎င်းတို့နောက်သို့မလိုက်သင့်ပါ။ မကြာမီကြွလာမည့် သခင်ဘုရား၏အမှုတော် မှတပါး အလွန်ဆွဲဆောင်မှုရှိပြီး ကျွန်ုပ်တို့၏ခွန်အားရှိသမျှနှင့် အစွမ်းရှိသမျှအားလုံးကို သွန်းလောင်း ဖို့ ဤလောကတွင် ဘယ်အရာမှ မရှိသင့်ပါ။ ကျွန်ုပ်တို့၏ရည်ရွယ်ချက်မှာ မိမိပျော်မွေ့ဖို့ရန်၊ ဤဘဝ၌ ဇိမ်ခံဖို့ရန်မဟုတ်ကြောင်းကို သတိရပါ။ အကြောင်းမှာ ကျွန်ုပ်တို့သည် ခရစ်တော်၏ပြန်ကြွလာ ခြင်းကို စောင့်မျှော်သောကြောင့်ဖြစ်သည်။

ထို့ကြောင့် ကျွန်ုပ်တို့စိုးရိမ်ပူပန်နေသည့်အရာများစွာသည် ကျွန်ုပ်တို့မစိုးရိမ်သင့်သောအရာ ဖြစ်သည်ကိုသဘောပေါက်ကြသည်။ ယင်းအစား၊ အရေးကြီးဆုံးဖြစ်သည့် သခင်ဘုရားနှင့် ကျွန်ုပ် တို့၏ဆက်ဆံရေးနှင့် ကိုယ်တော်အတွက် ကျွန်ုပ်တို့၏သက်သေခံချက်ကို အာရုံစိုက်ရပါမည်။

**ဆင်ခြင်ရန်** - ကျွန်ုပ်အသက်တာ၏ဘယ်အကျင့်ကို ကျွန်တော်ပြုပြင်၍ ဖြည်းညှင်းသော သဘောရှိဖို့လိုပါသနည်း။

**ဆုတောင်းချက်**- အဖဘုရား၊ ဤလောကီအရာတို့နောက် မလိုက်ဘဲ၊ ထာဝရနှင့်ဆိုင်သောအရာ တို့ကိုသာ စွဲလမ်းမည်အကြောင်း မစတော်မူပါ။

အင်္ဂါ၊ ဇွန် (၁၃)
**ဖိ ၄း၆**
မသဲ ၆း၂၅-၃၄

*“အဘယ်အမှုကိုမျှစိုးရိမ်ခြင်းမရှိဘဲ အရာရာ၌ . . .*
*ဆုတောင်းပဌနာပြုသောအားဖြင့်၊ သင်တို့တောင်းပန်လိုသော*
*အရာများကို ဘုရားသခင်အား ကြားလျှောက်ကြလော့”*

# စိုးရိမ်ခြင်းကိုရပ်လျက် ဆုတောင်းခြင်းစလော့

သင်သည်စိုးရိမ်ပူပန်သောသူလား။ ညဘက်အိပ်ပျော်ဖို့အခက်အခဲရှိပြီး၊ တနေ့တာလုံး စိတ်ပူစရာတွေအမြဲရှိနေသလား။ သခင်ဘုရားက ကျွန်ုပ်တို့အား “ရပ်လော့၊ ဘယ်အရာမျှ မစိုးရိမ်နှင့်” ဟူ၍မိန့်ဆို၏။ ဤအရာက ကျွန်ုပ်တို့သည် စိုးရိမ်မှုမရှိဘဲ ဆုတောင်းခြင်းဖြင့် ကိုယ်တော်ကို ယုံကြည်ဖို့ ကျွန်ုပ်တို့၏စိတ်ပိုင်းဖြတ်ချက်ကို ခိုင်ခံ့စေသင့်ပါသည်။

ဤနေရာတွင် ရိုးရှင်းသောတိုက်တွန်းချက်မှာ ကျွန်ုပ်တို့သည် စိုးရိမ်ပူပန်ခြင်းကို ရပ်တန့်ရန်ဖြစ်သည်။ သောကရောက်သည်ကိုရပ်လိုက်ပါ၊ စိတ်ပူတာကို ရပ်လိုက်ပါ၊ သတင်းဆိုးလေးတွေတိုင်းဟာ ကြေကွဲစရာနှင့် ကပ်ဘေးဆိုးကြီးဟူ၍ တွေးနေသည်ကိုရပ်လိုက်ပါ။ ပေါလုသည် ဖိလိပ္ပိမြို့ရှိ ခရစ်ယာန်များအား ၎င်းတို့၏ခက်ခဲသောအခြေအနေများကြားတွင် ပူပန်ခြင်းမရှိဘဲ ကိစ္စတိုင်းကို သခင်ဘုရားထံ ဆုတောင်းခြင်းဖြင့် အပ်နှံဖို့ရန် တိုက်တွန်းခဲ့သည်။

စိတ်ပူပင်သောကဖြင့် ကျွန်ုပ်တို့နစ်မွန်းနေမည့်အချိန်များတွင် ကျွန်ုပ်တို့၏လိုအပ်ချက်များကို ဘုရားသခင်ထံ ဆုတောင်းခြင်းနှင့် ကျေးဇူးတော်ချီးမွမ်းခြင်းနှင့်တကွ ကြားသိစေရပါမည်။ ထိုသို့ လုပ်ဆောင်ခြင်းဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်အပေါ် မှီခိုအားထားမှုကိုပြသခြင်းဖြစ်သည်။ ယင်းမှာ ကျွန်ုပ်တို့၏အခြေအနေအပေါ် သူ၏အချုပ်အခြာအာဏာနှင့် ပံ့ပိုးစောင့်ရှောက်မှုကို ယုံကြည်ရာရောက်ပြီးသူသည် ကျွန်ုပ်တို့အတွက် ပြည့်စုံသောအဖြေတကယ်ရှိကြောင်းကို သိရှိရာရောက်၏။

ဤအရာ၏ဆန့်ကျင်ဘက်မှာ ကိစ္စရပ်များကို ကျွန်ုပ်တို့ကိုယ်တိုင်ကြိုးပမ်းအဖြေရှာရန်ဖြစ်၏။ ကျွန်ုပ်တို့သည် ပြဿနာများကို ကျွန်ုပ်တို့ကိုယ်ပိုင်ဉာဏ်နှင့်အားထုတ်မှုဖြင့် ဖြေရှင်းနိုင်သည်ဟု မကြာခဏတွေးထင်ကြသည်။ ရလဒ်မှာ ဖြစ်ပေါ်လာသောအကျိုးရလဒ်တိုင်းသည် ကျွန်ုပ်တို့၏ စွမ်းဆောင်နိုင်မှုနှင့် လုပ်ဆောင်ချက်များတွင် မူတည်လာသည်ဟု တွေးပြီး အလွန်စိတ်ဖိစီးလာကြ၏။ ထိုအရာသည် ကျရှုံးမှုဖြင့်အဆုံးသတ်မည့် ကြိုးစားမှုသာဖြစ်သည်။ ကျွန်ုပ်တို့ပြဿနာများကို ကိုယ်တိုင်ဖြေရှင်းဖို့ကြိုးစားလေ၊ စိုးရိမ်ပူပန်ခြင်းနှင့် ဒုက္ခပိုရောက်လေဖြစ်ပြီး၊ ပို၍ဆုတောင်းလေ ကျွန်ုပ်တို့လိုအပ်ချက်များကို ဖြည့်ဆည်းပေးဖို့ရန် ဘုရားသခင်အား ပိုကျေနပ်စေလေဖြစ်သည်။ အချုပ်အခြာအာဏာပိုင်၍ မေတ္တာနှင့်ပြည့်ဝသော ကျွန်ုပ်တို့ဘုရားသခင်ကို ပို၍စိတ်ချယုံကြည်မှု ရရှိလေဖြစ်သည်။

ကျွန်ုပ်တို့ဆုတောင်းချက်များတွင် ကျေးဇူးတော်ချီးမွမ်းခြင်းပါဝင်ခြင်းကိုလည်း သတိပြုရန် အရေးပါသည်။ ဘုရားသခင်ထံ ကျေးဇူးတော်ချီးမွမ်းသောအခါ ကျွန်ုပ်တို့လုပ်ဆောင်နေသော အရာမှာ ကျွန်ုပ်တို့အသက်တာတွင် ဘုရားသခင်၏လက်တော်ကို အသိအမှတ်ပြုခြင်းဖြစ်ပြီး၊ သူ၏ပြည့်စုံသောအစီအစဉ်ထဲမှတစ်ခုဖြစ်ကြောင်းကို အသိအမှတ်ပြုခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် အရာခပ်သိမ်း၌ ကျေးဇူးတော်ကိုချီးမွမ်းနိုင်လျှင်၊ ဘုရားသခင်သည် အရာခပ်သိမ်းကို ထိန်းချုပ်သောအရှင်ဖြစ်ကြောင်း သိရှိပြီး၊ သူ၏ဖြေရှင်းချက်သည် အမြဲတမ်းအကောင်းဆုံးဖြစ်မည်ဟု စိတ်ချယုံကြည်ရာရောက်သည်။

**ဆင်ခြင်ရန်** - ဆုတောင်းခြင်းများလေ၊ စိုးရိမ်ခြင်းကင်းလေ ဖြစ်ပါသည်။
**ဆုတောင်းချက်**- အဖဘုရား၊ အစဉ်ဆုတောင်းလျက် ယုံကြည်ခြင်းဖြင့်ဆုတောင်းခြင်း၌ မစတော်မူပါ။

# ဘယ်သူမှကြံ၍မမှီနိုင်သော ငြိမ်သက်ခြင်း

ဆုတောင်းခြင်းနှင့် အသနားခံခြင်းအားဖြင့် ကျွန်ုပ်တို့၏စိုးရိမ်ပူပန်မှုများအားလုံးကို သခင်ဘုရားထံအပ်နှံလျှင် "အဘယ်သူမျှကြံ၍မမှီနိုင်သော ဘုရားသခင်၏ငြိမ်သက်ခြင်းသည် ယေရှုခရစ်အားဖြင့် သင်တို့၏စိတ်နှလုံးကို စောင့်မလိမ့်မည်" ဟူသောအရာမှာ ကျွန်ုပ်တို့အတွက်ဖြစ်၏။

ဤအရာသည် သူ၏သားသမီးတိုင်းအတွက် ဘုရားသခင်ပေးသည့် ကတိတော်ငြိမ်သက်ခြင်းဖြစ်သည်။ လောကီသားတို့နားမလည်နိုင်သော ဘုရားသခင်၏ငြိမ်သက်ခြင်းပေတည်း။ ဘုရားသခင်သည် ခရစ်တော်၌ရှိသောသူများကိုသာ ပေးသနားသောငြိမ်သက်ခြင်းဖြစ်သောကြောင့် လောကီသားတို့နားမလည်နိုင်ခြင်းဖြစ်သည်။

ဘုရားသခင်မပါသောလောကသည် ရှုပ်ထွေးမှုများ၌ ပျောက်ဆုံးတတ်ကြသည်။ သူတို့အသက်တာတွင် အချုပ်အခြာအာဏာပိုင်သောဘုရားသခင်၏ အာမခံချက်မရှိသောကြောင့် သူတို့သည် အမြဲတမ်းရုန်းရင်းဆန်ခတ်မှုနှင့် ပဋိပက္ခများရှိနေကြသည်။ သူတို့သည် အနာဂတ်အတွက် မသေချာသကဲ့သို့၊ ပစ္စုပ္ပန်တွင်လည်း ယုံကြည်စိတ်ချမှုမရှိကြပေ။ သူတို့သည် အပြစ်ဒုစရိုက်ကို အစဉ်အမြဲပြု၍ သူတို့စိတ်ဝိညာဉ်၌ရှိသော အပြစ်အတွက် ဖြေရှင်းမည့်နည်းမရှိကြပေ။ ၎င်းမှာ အမှန်တကယ်ကြောက်မက်ဖွယ်ကောင်းသော အခြေအနေတစ်ခုဖြစ်သည်။ ဟေရှာယ ၄၈း၂၂ တွင် သတိပေးသည်မှာ "မတရားသောသူတို့၌ ငြိမ်သက်ခြင်းမရှိဟု ထာဝရဘုရားမိန့်တော်မူ၏"။

ယုံကြည်သူအတွက်မှာ ကွဲပြားခြားနား၏။ ကျွန်ုပ်တို့သည် ဘုရားသခင်ကို၎င်း၊ သခင်ယေရှုခရစ်ကို၎င်း သိကြ၏။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ကယ်တင်ရှင်နှင့် ဖန်ဆင်းရှင်နှင့်အတူ ချစ်ခင်ပြီး၊ တည်မြဲသော ဆက်ဆံရေးရှိနိုင်ကြသည်။ ကျွန်ုပ်တို့၏စိတ်နှလုံးကို စောင့်ရှောက်ကာကွယ်ပေးနိုင်မည့် ငြိမ်သက်ခြင်းကို သခင်ဘုရား အာမခံပေးသည်။ ဤဘဝတွင် အခက်အခဲနှင့်စိန်ခေါ်မှု ကြုံတွေ့ရသောအခါ အတွေးနှင့်စိတ်ခံစားချက်တွင် ရိုင်းစိုင်းဖို့လွယ်ကူ၏။ သို့သော် ဘုရားသခင်၏ငြိမ်သက်ခြင်းသည် ကျွန်ုပ်တို့အား သူ့ကိုယုံကြည်ခြင်း၌ ခိုင်ခံ့ပြီး၊ ပြတ်သားစွာ ရပ်တည်နိုင်စေမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ မေတ္တာရှင်ဘုရားသခင်သည် ကျွန်ုပ်တို့၏ဆုတောင်းချက်များကို ကြားနာတော်မူ ကြောင်း သိသောကြောင့် ကျွန်ုပ်တို့ငြိမ်သက်စွာနေရမည်။

ခရစ်ယာန်တိုင်းက ဤငြိမ်သက်ခြင်းကို ရရှိနိုင်သည်။ ကျွန်ုပ်တို့၏ အပြစ်များကို ခွင့်လွှတ်ပြီး၊ ဘုရားသခင်နှင့်ပြန်လည်သင့်မြတ်ခြင်းရှိကြောင်းကို သိကြသည်။ ကျွန်ုပ်တို့အားလုံးသည် ခရစ်တော်အားဖြင့် ဤမတည်ငြိမ်မှုကို ရရှိနိုင်ပြီး၊ ကျွန်ုပ်တို့၏ပတ်ဝန်းကျင်တွင် အမြဲပြောင်းလဲ၍ မကြာခဏကြောက်မက်ဖွယ်အခြေအနေများကြောင့် တုန်လှုပ်ခြင်းရှိကြမည်မဟုတ်ပါ။ တစ်ကမ္ဘာလုံး ကျွန်ုပ်တို့ပတ်လည်တွင် ပြိုကျပျက်စီးပြီး၊ အဆိုးရွားဆုံးသော အခြေအနေများတွင် ကျွန်ုပ်တို့ ရောက်ရှိနိုင်သော်လည်း၊ သခင်ဘုရားကို ခိုင်မြဲစွာ ယုံကြည်စိတ်ချနိုင်သည်။ ကျွန်ုပ်တို့သည် ဝမ်းမြောက်ခြင်းရှိဖို့ သခင်ဘုရားကိုဆက်၍ အားကိုးနိုင်ပြီး၊ ဒုက္ခများကြားတွင် ငြိမ်သက်စွာနေထိုင်ကြသည်။

**ဆင်ခြင်ရန်** - "သင်တို့စိတ်နှလုံးပူပန်ခြင်း၊ စိုးရိမ်တုန်လှုပ်ခြင်းမရှိစေနှင့်" (ယော ၁၄း၂၇)။
**ဆုတောင်းချက်**- အဖဘုရား၊ ငြိမ်သက်ခြင်းနှင့်ဆိုင်သော ဤအံ့ဖွယ် ဂတိတော်ကြောင့် ကျေးဇူးတင်ပါ၏။

# ဤအရာတို့ကို နှလုံးသွင်းကြလော့ (၁)

လူတဦး၏အတွေးအခေါ် အရေးပါမှုကို ကျွန်ုပ်တို့သိနားလည်ကြသည်။ Ralph Waldo Emerson ၏ ဤကိုးကားချက်ကို သင်ကြားဖူးပါလိမ့်မည် - "အတွေးကိုစိုက်ပြီး၊ အမူအကျင့်ကို ရိတ်သိမ်းလိုက်ပါ။ အမူအကျင့်ကိုစိုက်ပြီး အလေ့အကျင့်ကိုရိတ်သိမ်းပါ။ အလေ့အကျင့်ကို စိုက်ပြီး အကျင့်စာရိတ္တကို ရိတ်သိမ်းပါ။ အကျင့်စာရိတ္တကိုစိုက်ပြီး ကံကြမ္မာကိုရိတ်သိမ်းပါ။" သူသည် ခရစ်ယာန်တဦးဖြစ်ချင်မှဖြစ်မည်။ သို့သော်ဤကိစ္စနှင့်ပတ်သက်၍ သူ၏လေ့လာတွေ့ရှိချက်မှာ တိကျလှပါသည်။

ဘုရားသခင်၏ဘုန်းတော်ကိုထင်ရှားစေသောအသက်တာဖြင့် အသက်ရှင်လိုသော ခရစ်ယာန်များအနေဖြင့် ကျွန်ုပ်တို့၏အတွေးအခေါ်များကို အလွန်သတိထားရပါမည်။ စည်းမစောင့်သော အတွေးအခေါ်မှုအသက်တာသည် ကျွန်ုပ်တို့ကိုအပြစ်များစွာထဲသို့ ပို့ဆောင်လိမ့်မည်။ ကျွန်ုပ်တို့သိသည့်အတိုင်း ဘုရားသခင်သည် ကျွန်ုပ်တို့၏အပြုအမူနှင့် အပြင်ပန်းသဏ္ဌာန်မျှကိုသာ စိတ်ဝင်စားသည်မဟုတ်။ ကျွန်ုပ်တို့၏အတွေးအခေါ်၊ ဆန္ဒများ၊ မျှော်လင့်ချက်များနှင့် ပြင်းပြသော စိတ်များကိုလည်း သူစိတ်ဝင်စားသည်။

ဤစာစောင်တစ်ခုလုံးတွင် ပေါလုပြောဆိုခဲ့သော အဓိကအကြောင်းအရာတစ်ခုမှာ လူတဦး ၏ စဉ်းစားတွေးခေါ်မှုအရေးပါမှုဖြစ်သည်။ တူညီသောစိတ်ရှိရန်၊ တဦးနှင့်တဦး စိတ်တူကိုယ်တူ ရှိရန်နှင့် ခရစ်တော်၏စိတ်ထားရှိရန် ၎င်းတို့အား အစဉ်မပြတ်တိုက်တွန်းနှိုးဆော်ခဲ့ပါသည်။ ယခု နောက်ဆုံးပိုင်းတွင် သူသည် ယုံကြည်သူတို့၏ အတွေးအခေါ်များကို တဖန်အာရုံစိုက်လျက်၊ သူ အလွန်ချစ်သော အသင်းတော်ကို သူဖြစ်ချင်သောအရာများအား ဖခင်တဦး၏နောက်ဆုံး အကြံဉာဏ်အချို့ကို သူပေးခဲ့သည်။

ခရစ်ယာန်များသည် မိမိတို့စိတ်ထဲတွင် အမြဲတွေးထားဖို့ရန်နှင့် ခိုင်မြဲစွာ ကိန်းအောင်းစေရမည့်အချက်ရှစ်ချက်ကို သူပေးခဲ့သည်။ "ဤအရာများကိုတွေးတောကြလော့" ဟူသောစကားစုသည် ပစ္စုပ္ပန်ကာလဖြင့် ဖော်ပြ၍ ကျွန်ုပ်တို့၌ ဆက်လက်ရှိသင့်သည် တွေးခေါ်မှုကို ဖော်ပြသည်။ "တွေးတောခြင်း" အတွက် ဂရိစကားလုံးသည် ဤအကြံဉာဏ်ရှိနေခြင်းထက် ပို၍အဓိပ္ပာယ်ရှိပြီး၊ သေချာစွာလေ့လာခြင်း၊ ကိစ္စတစ်ခုကို ချင့်ချိန်တွက်ချက်ခြင်းကိုဆိုလိုသည်။

ဤအရာများသည် ကျွန်ုပ်တို့အားလုံးအတွက် အလွန်ကောင်းမွန်သော လမ်းညွှန်ချက်များ ဖြစ်ပြီး၊ ကျွန်ုပ်တို့စိတ်ထဲတွင် တွေးတောဆင်ခြင်သင့်သည့်အရာများနှင့်ပတ်သက်၍ ရှင်းလင်းသော နယ်နိမိတ်များကို သတ်မှတ်ထားသည်။ ဤစာရင်း၏ပြင်ပတွင် ကျရောက်နေသည့် (သို့) ၎င်းနှင့် ဆန့်ကျင်နေသည့်အရာသည် ခရစ်ယာန်များ ငြင်းပယ်ရမည့်အရာဖြစ်သည်။ သို့သော် သမ္မာတရားနှင့်ဆိုင်သော လျောက်ပတ်သော၊ ဖြောင့်မတ်သော၊ စင်ကြယ်သော၊ သူတပါးနှစ်သက်ဖွယ်သော၊ ချီးမွမ်းဖွယ်သော အကျင့်ရှိသမျှတို့ကိုငှင်း၊ ပါရမီတပါးပါး၊ ကောင်းသောသိတင်းတပါးပါးနှင့်ဆိုင်သော အကျွန်ုပ်တို့ကိုငှင်း ကျွန်ုပ်တို့စဉ်းစားတွေးတောကြရပါမည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်အတွေးကို ဘယ်အရာက တနေ့လုံး လွှမ်းမိုးထားပါသနည်း။
**ဆုတောင်းချက်**- အဖဘုရား၊ အကျွန်ုပ်အတွေးတို့သည် ကိုယ်တော်နှစ်သက်သောအရာ ဖြစ်မည် အကြောင်း၊ ထိုကျွန်ုပ်အတွေးတို့ကို စောင့်ရှောက်ပေးတော်မူပါ။

# ဤအရာတို့ကို နှလုံးသွင်းကြလော့ (၂)

ခရစ်ယာန်တို့သည် မိမိတို့၏စိတ်ကိုပြင်ဆင်သင့်သည့်အရာတစ်ခုစီကို ဆန်းစစ်ကြပါစို့။

မှန်သောအရာဟူသမျှကို- မှားသောအရာနှင့်ဆန့်ကျင်ဘက်ဖြစ်သောအရာသည် အမှန်တရားဖြစ်သည်။ ဤလောကတွင် လုံးဝမှန်ကန်သော အရာမှာ ဘုရားသခင်၏နှုတ်ကပတ်တော် သမ္မာတရားသာဖြစ်ကြောင်းကို သတိရပါ။ ကျွန်ုပ်တို့၏အတွေးသည် ဘုရားသခင်နှင့် သူ့နှုတ်ကပတ်တော်အပေါ်တွင်သာ ထားရှိရပါသည်။ အကြောင်းမှာ "ကိုယ်တော်၏နှုတ်ကပတ်သည် သမ္မာတရားဖြစ်ပါ၏" (ယော ၁၇း၁၇)။ ထိုနှုတ်ကပတ်တော်ကို အဆက်မပြတ်တွေးတောဆင်ခြင်ရပါမည်။ အတင်းအဖျင်းများ၊ အချို့တဝက်သာမှန်သောအမှန်တရားများ၊ ကောလဟာလများနှင့် လှည့်စားမှုများအပေါ် ဆင်ခြင်သုံးသပ်ခြင်းမပြုပါနှင့်။ ဤအရာကလည်း မသိသောအရာနှင့် အတည်မပြုရသေးသည့်အရာကို ကြောက်ရွံ့မှုနှင့် စိုးရိမ်မှုများမှ ကျွန်ုပ်တို့ကို ကာကွယ်ပေးသည်။ ရိုးသားဖြောင့်မတ်ခြင်းနှင့်စစ်မှန်ခြင်းနှင့်ပြည့်စုံသော အရာများဖြစ်သည့် သမ္မာတရား၌တည်နေကြလော့။

လျောက်ပတ်သောအရာဟူသမျှကို - ဤစကားလုံးကို ၁ တိ ၃း၈ တွင် "တည်ကြည်သော" ဟု အနက်ပြန်ထားပြီး သင်းထောက်တို့၌ရှိသင့်သော ယဉ်ကျေးသိမ်မွေ့သည့်အမူအကျင့်ကို ရည်ညွှန်းထားသည်။ သင်းထောက်တို့သည် လေးစားထိုက်၍ ရိုးသားဖြောင့်မတ်သောသူဖြစ်ရမည်ဟု ဖော်ပြထားသည်။ ဤအရာက ကြည်ညိုဖွယ်ကောင်းသောသူ၊ တည်ကြည်သောသူ၊ ရိုသေလေးစားထိုက်သောသူကို ဖော်ညွှန်းသည်။ ထိုအရာက ပေါ့ပေါ့တန်တန်ဖြစ်သော အမူအကျင့်များ၊ အလုပ်များနှင့် ဆောင်ရွက်ချက်များကိုမဟုတ်ဘဲ ရိုးသားမှု၊ သင့်တင့်လျောက်ပတ်မှုနှင့် ယဉ်ကျေးသိမ်မွေ့မှုကို ရည်ညွှန်းထားသည်။ ၎င်းမှာ ရိုးသားဖြောင့်မတ်ခြင်းနှင့်သစ္စာတရားထက် သာ၍မြင့်မားသော ကိုယ်ကျင့်တရား၊ သိက္ခာနှင့်ဝိညာဉ်ရေးဆိုင်ရာ အရေးပါမှုတို့ဖြစ်သည်။

ဖြောင့်မတ်သောအရာဟူသမျှကို- ဤအရာက ဖြောင့်မတ်မှန်ကန်သောအရာများ (လုံးဝမှန်သောကိုယ်ကျင့်တရား) ကိုရည်ညွှန်းသည်။ ဘုရားသခင်၏ပြီးပြည့်စုံသော ဖြောင့်မတ်ခြင်းနှင့် သူ၏တရားမျှတခြင်းနှင့် ဖြောင့်မတ်ခြင်းပေတံဖြစ်သော၊ သူ၏စုံလင်သောပညတ်တော်နှင့် ကိုက်ညီသည့်အရာများဖြစ်ကြ၏။ ဆန့်ကျင်ဘက်အနေဖြင့် ကျွန်ုပ်တို့သည် မတရားသော၊ အပြစ်ရှိသော၊ ဆိုးယုတ်သောအရာများကို ရှောင်ကြဉ်ရပါမည်။ ထိုအရာများအပေါ် ကျွန်ုပ်တို့၏စိတ်ကို စူးစိုက်ခြင်းက ကျွန်ုပ်တို့၏စိတ်နှလုံးကို လျင်မြန်စွာပျက်စီးစေပြီး၊ အပြစ်သို့ပို့ဆောင်တတ်၏။

ခရစ်ယာန်သည် ဘဝကိုဖြတ်သန်းစဉ်တွင် ဤအရာများသည် ဘုရားသခင်ရှေ့တော်၌ မှန်သော၊ လျောက်ပတ်သောအရာနှင့် ဖြောင့်မတ်သောအရာများ ဟုတ်သလားဟူ၍ အမြဲမေးခွန်းထုတ်ရပါမည်။ ထိုအရာများသည် ဟုတ်မှန်လျှင် စဉ်းစားတွေးတောရပါမည်။ မဟုတ်မှန်လျှင် ကျွန်ုပ်တို့၏ တွေးတောမှုကို ထိန်းကျောင်းလျက် ဘုရားသခင်၏အရာများဘက်သို့ ပြန်လှည့်ရပါမည်။

**ဆင်ခြင်ရန်** - ကျွန်တော်ကြည့်၍နားထောင်နေသော မီဒီယာတို့သည် မှန်ကန် ရိုးသားကြပါသလား။

**ဆုတောင်းချက်**- အို အဖဘုရား၊ မမှန်ကန် မရိုးသားသော အရာတို့မှ ကျွန်ုပ်ကို ကွယ်ကာတော်မူပါ။

စနေ၊ ဇွန် (၁၇)
**ဖိ ၄း၈**
သု ၁၅း၂၆-၃၃

*"စင်ကြယ်သောအကျင့်၊ သူတပါး
နှစ်သက်ဖွယ်သောအကျင့်၊ ချီးမွမ်းဘွယ်သောအကျင့်"*

# ဤအရာတို့ကို နှလုံးသွင်းကြလော့ (၃)

အောက်ဖော်ပြပါအချက်သုံးချက်ကို ကျွန်ုပ်တို့ဆင်ခြင်ကြပါစို့။

စင်ကြယ်သောအရာဟူသမျှကို- ဤအချက်က အကြွင်းမဲ့ကိုယ်ကျင့်တရားစင်ကြယ်မှု၊ မြင့်မြတ်မှု၊ အပြစ်ကင်းမှု၊ အလေးမြတ်ထားမှုနှင့် ဖြူစင်သော စစ်မှန်သော၊ သန့်ရှင်းသောအရာများအားလုံးကို ဖော်ပြသည်။ "စင်ကြယ်သော" ဟူသည့်စကားလုံးသည် "သန့်ရှင်းသူ" ဟူသောအသုံးအနှုန်းနှင့် မူရင်းစာတွင် တူညီသည်။ ၎င်းက ဖိလိပ္ပိ၌ရှိသောလူတို့အား ဝန်းရံထားသည့်အယူမှားခြင်း၊ မသန့်ရှင်းသောအရာနှင့် ဆိုးသွမ်းသောအရာများနှင့်ဆန့်ကျင်ဘက်ဖြစ်သည်။ အလားတူပင် ကျွန်ုပ်တို့၏ကမ္ဘာကြီးတွင် ကျွန်ုပ်တို့ကို အကျင့်စာရိတ္တပျက်စီးခြင်း၊ မသန့်ရှင်းခြင်းနှင့် ကာမဂုဏ်ခံစားခြင်းတို့က ဝန်းရံနေသည်။ ကျွန်ုပ်တို့သည် ထိုကဲ့သို့သော မကောင်းမှုမှန်သမျှကို ရှောင်ရှားပြီး၊ ဖြူစင်၍ကောင်းမွန်သောအရာကိုသာ တွေးတောကြရပါမည်။

နှစ်သက်ဖွယ်သောအရာဟူသမျှ- နှစ်သက်ဘွယ်သောအရာများဆိုသည်မှာ "ချစ်ခြင်းမေတ္တာဆီသို့" ရောက်စေသောအရာများကို ပြောခြင်းဖြစ်သည်။ တစုံတဦးကိုချစ်ခြင်းမေတ္တာဆီသို့ ဦးဆောင်လမ်းညွှန်ပေးသောအရာများကို ဆိုလိုသည်။ ဤအချက်က ဘုရားသခင်ကို နှစ်သက်ကျေနပ်စေသောအရာများ၊ စစ်မှန်သောဝိညာဉ်ရေးဆိုင်ရာအရာများအတွက် ကျွန်ုပ်တို့၏ ချစ်ခင်နှစ်သက်မှုကို တိုးပွားစေမည့်အရာများကို ဖော်ပြခြင်းဖြစ်သည်။ ၎င်းမှာ ဘုရားသခင် (သို့) တဦးနှင့်တဦးကို ပို၍ချစ်လာစေဖို့ရန် လှုံ့ဆော်ပေးသောအရာဟူသမျှကို ဆိုလိုခြင်းဖြစ်သည်။ ထိုအရာ၏ဆန့်ကျင်ဘက်မှာ ရန်တွေ့မှု၊ မုန်းတီးမှု၊ ဒေါသနှင့်ပဋိပက္ခများကို လှုံ့ဆော်ပေးသည့်အရာများဖြစ်သည်။ မှန်းစရာကောင်း၍ နာကျင်စရာကောင်းသောအရာများဖြစ်ပြီး၊ နှစ်သက်ဖွယ်လုံးဝမရှိသောအရာဖြစ်သည်။

ကောင်းသောသိတင်းတပါးပါးနှင့်ဆိုင်သောအရာဟူသမျှကို- ကောင်းသောဂုဏ်သတင်းရှိသောအရာတို့သည် အပြစ်တင်စရာမရှိသောအရာ၊ ရိုးရှင်းသောအရာနှင့် ကောင်းစွာအလေးထားမှု (သို့) ကောင်းမွန်စွာပြောဆိုသောအရာများကို ရည်ညွှန်းသည်။ ကျွန်ုပ်တို့သည်အကောင်းမြင်ဝါဒများ၊ ဘုရားသခင်အလိုရှိသောအရာများပေါ် တွင် ကျွန်ုပ်တို့စိတ်ကိုအမြဲထားရှိပြီး၊ အပြစ်နှင့် အဆိုးမြင်ဝါဒများ (မကောင်းသောအစီရင်ခံမှုရှိသည့်အရာများ) ကိုငြင်းပယ်ရပါမည်။ ကျွန်ုပ်တို့၏ခရစ်ယာန်အသက်တာနှင့်အတွေးအခေါ်များသည် ကဲ့ရဲ့ခြင်းကို ကျော်လွန်ရပါမည်။ သခင်ဘုရားအတွက် ကျွန်ုပ်တို့၏သက်သေကို အမြဲသတိပြုရပါမည်။ မကောင်းမှုအသွင်ဆောင်သော အရာဟူသမျှကို ရှောင်ကျဉ်ပြီး အခြားသူတို့အား သခင်ဘုရားကိုအလေးထားမှု၌ ကြီးပွားလာစေမည့်အရာကို ရှာဖွေကြ ရမည်။

ဤလောကသည် ကျွန်ုပ်တို့၏စိတ်ကိုညစ်ညမ်းသော၊ မုန်းတီးသောအရာများ၊ ဂုဏ်သိက္ခာမဲ့သောအရာများနှင့် လွှမ်းမိုးရန်ကြိုးစားသည်။ ကျွန်ုပ်တို့၏အတွေးများကိုဘုရားသခင်ထံမှ ဖယ်ကာ အပြစ်ဆီသို့ဦးတည်စေမည့် ဤအဆိုးမြင်ဝါဒ၏လွှမ်းမိုးစေခြင်းအားဖြင့် ကျွန်ုပ်တို့ကိုအဆက်မပြတ်တိုက်ခိုက်နေသည်။ ခရစ်တော်နှင့် သူ၏နှုတ်ကပတ်တော်တို့ကို တွေးတောဆင်ခြင်ခြင်းအားဖြင့် ကျွန်ုပ်တို့၏အတွေးများကို သန့်ရှင်းစေရပါမည်။

**ဆင်ခြင်ရန်** - "မတရားသောသူ၏အကြံအစည်တို့ကို ထာဝရဘုရား စက်ဆုပ်ရွံ့ရှာတော်မူ၏" (သု ၁၅း၂၆)။

**ဆုတောင်းချက်**- အဖဘုရား၊ စင်ကြယ်သောအရာ၊ နှစ်သက်ဘွယ်သောအရာ တို့ကိုသာ တွေးတော ဆင်ခြင်မည်အကြောင်း မစတော်မူပါ။

# ဤအရာတို့ကို နှလုံးသွင်းကြလော့ (၄)

သီလတပါးပါးရှိလျှင်- သီလဆိုသည်မှာ ကိုယ်ကျင့်တရားနှင့်ဝိညာဉ်ရေးဆိုင်ရာ ထူးချွန်သောအရာတစ်ခုခုကိုဆို၏။ သီလတပါးပါးက အကျင့်စာရိတ္တဖောက်ပြန်ခြင်းအရိပ်အမြွက်လုံးဝ မရှိပါ။ ကျွန်ုပ်တို့သည် ထိုကဲ့သို့သော မှန်မြတ်သောအတွေးကိုတွေး၍ သိက္ခာမဲ့သော (သို့) အကျင့်ပျက်သောအတွေးများကို ငြင်းပယ်ရပါမည်။

ချီးမွမ်းဖွယ်ရာတပါးပါးရှိလျှင် -ဤအရာသည် ချီးကျူးခြင်း၊ ကိုးကွယ်ခြင်းဟူသော စကားဖြစ်သည်။ ဖော်ပြထားသည့်အရာများသည် ဘုရားသခင်အား ဘုန်းကြီးစေပြီး၊ နာမတော်ကို ချီးမွမ်းစေသောအရာများဖြစ်သည်။ ချီးမွမ်းထိုက်သောအရာနှင့် ဘုရားသခင်ကိုဘုန်းတော်ထင်ရှားစေသောအရာတို့ကို ကျွန်ုပ်တို့စဉ်းစားရမည်။ ခရစ်တော်ကိုမချီးမွမ်းစေဘဲ အရှက်ရစေသောအရာများကို ကျွန်ုပ်တို့ငြင်းပယ်ရမည်။

ဤစာရင်းကိုကြည့်ခြင်းအားဖြင့် ဘုရားသခင်သည် ခရစ်ယာန်များအတွက် မြင့်မားသောစံနှုန်းများရှိကြောင်း ထင်ရှား၏။ သူသည် ကျွန်ုပ်တို့၏အတွေးများကို သန့်ရှင်းစင်ကြယ်စေလိုသည်။ ကျွန်ုပ်တို့အတွေးက ဘဝတလျှောက်လုံးတွင် ပိုမိုသန့်ရှင်းပြီး၊ ခရစ်တော်နှင့်ပိုတူလာစေရန် အမြဲတမ်းကူညီပေးမည့်အတွေးဖြစ်ရန် သူအလိုရှိသည်။ အကယ်စင်စစ် ကျွန်ုပ်တို့သည် ဤသို့သောအတွေးများဖြင့် မိမိတို့စိတ်ကိုပြည့်စေပြီး အပြစ်၊ အညစ်အကြေးများနှင့်လောက၏အတွေးအခေါ်များကို ငြင်းပယ်ပါက ဘုရားသခင်နှင့် ပိုမိုနီးကပ်သော ဆက်ဆံရေးသို့ ကျွန်ုပ်တို့ကို ပို့ဆောင်နိုင်မည်ဖြစ်သည်။

ကျွန်ုပ်တို့သည် မည်သို့သောအတွေးမျိုးကိုတွေးတောနေသနည်းဟု မိမိကိုယ်ကို အမြဲဆန်းစစ်ရပါမည်။ ကျွန်ုပ်တို့၏စိတ်ကို နေ့စဉ်မည်သို့ ဖြည့်ရမည်နည်း။ လောကီ၏အကျင့်ပျက်သောအရာများလား၊ စာရိတ္တဖောက်ပြန်သောအရာများလား၊ ကျွန်ုပ်သည် အမြဲတမ်းမနာလိုဖြစ်သလား (သို့) စည်းစိမ်ဥစ္စာကြွယ်ဝခြင်းကို အမြဲစိတ်ကူးယဉ်သလား။ အမြဲစိုးရိမ်ပူပန်၍ ကြောက်ရွံ့နေသလား။ မာနစိတ်နှင့် ကိုယ့်ကိုကိုယ် ချီးမြှောက်စိတ်ဖြင့် ပြည့်နေသလား။

ဖိလိ ၄း၈ ပါအရာများကို တွေးတောဆင်ခြင်ဖို့ရန် သခင်ဘုရားကူညီပေးတော်မူမည်အကြောင်း ကျွန်ုပ်တို့အားလုံး ဆုတောင်းကြပါစို့။

**ဆင်ခြင်ရန်** - တွေးတောဆင်ခြင်ခြင်း စိတ် ထိန်းသိမ်းစောင့်ရှောက်ခြင်း သည် အလွန်အရေးကြီးသော ဝိညာဉ်ရေးရာအမှု ဖြစ်ပါသည်။

**ဆုတောင်းချက်**- "အို ဘုရားသခင်၊ အကျွန်ုပ်ကို စစ်ကြော၍၊ အကျွန်ုပ်၏ နှလုံးကို သိမှတ်တော်မူပါ။ စုံစမ်း၍ စိတ်အထင်များကိုလည်း သိမှတ်တော်မူပါ။ ဆိုးသောလမ်းသို့ အကျွန်ုပ်လိုက်သည် မလိုက် သည်ကို ကြည့်ရှု၍၊ ထာဝရလမ်းထဲသို့ သွေးဆောင်တော်မူပါ" (ဆာ ၁၃၉း၂၃-၂၄)။

*"အထက်ကသင်ယူ၍ ငါ၌ကြားမြင်ခဲ့ပြီးသမျှတို့ကို ကျင့်ကြလော့"*

# ကျွန်တော်တို့သင်ယူပုံ

ဤအပိုင်းကိုအကျဉ်းချုပ်အားဖြင့် ပေါလုသည် ဖိလိပ္ပိမြို့၌ရှိသောခရစ်ယာန်များသည် သူ့သွန်သင်သမျှကို လက်တွေ့ကျင့်သုံးကြကြောင်း သေချာစေရန် တိုက်တွန်းချက်ပေးခဲ့သည်။ "လုပ်" ဖို့အမိန့်မပေးမီတွင် "ထိုအရာများ" နှင့်ပတ်သက်သည့် အသိပညာကို သူတို့ထံသို့ မည်သို့လွှဲပြောင်းပေးခဲ့ကြောင်း သတိပေးခဲ့သည်။ သင်ယူမှုဖြစ်စဉ်တစ်ခုလုံးကို ဖော်ပြရန် ရိုးရှင်းသော ကြိယာလေးခုကို အသုံးပြုခဲ့သည်။

<u>"သင်ယူခဲ့သည်"</u>- ဤအချက်က ပေါလုထံမှရရှိခဲ့သော သွန်သင်ချက်များနှင့် ညွှန်ကြားချက်များကို ဖော်ပြသည်။ ၎င်းက သူ့ပေးစာများကဖြစ်စေ၊ တိုက်ရိုက်တိုက်တွန်းမှုများက ဖြစ်စေ၊ သူတို့အားသွန်သင်ခဲ့ပြီးသောအရာအားလုံးကို သိရှိနားလည်ပြီး၊ လက်ခံခြင်းကိုရည်ညွှန်းသည်။

<u>"လက်ခံခဲ့သည်"</u>- တစုံတခုကို လက်ခံခြင်းဆိုသည်မှာ သင့်အားကမ်းလှမ်းထားသည့်အရာတစ်ခုကိုယူ၍ ၎င်းကို ကိုယ့်အတွက် သိမ်းဆည်းထားခြင်းကိုဆိုလိုသည်။ သင်ယူခြင်းနှင့်ပတ်သက်၍ သူတို့သည် ဦးနှောက်ဖြင့်သိရုံမျှသာမဟုတ်ဘဲ၊ စိတ်နှလုံးထဲ၌ပါ အပြည့်အဝထည့်သွင်းထားကြောင်းကို ပေါလုသေချာခဲ့သည်။ သွန်သင်ချက်များကို သူတို့သည် စွဲစွဲမြဲမြဲဆုပ်ကိုင်ထားသည်။

<u>"ကြားခဲ့သည်"</u>- ဤသင်ယူခြင်းနှင့်လက်ခံခြင်း မည်သို့ဖြစ်ပေါ်ခဲ့သနည်း။ ၎င်းသည် အဓိကအားဖြင့် ကြားနာခြင်းဖြင့်ဖြစ်သည်။ အကြောင်းမှာ ယုံကြည်ခြင်းသည် ကြားနာခြင်းအားဖြင့်ဖြစ်၍ ကြားနာခြင်းသည် ဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့်ဖြစ်သည်။ ဤအရာမှာ အရှင်းလင်းဆုံးသောသွန်သင်ခြင်းပုံစံဖြစ်သည်။ ပေါလုပြောခဲ့သော၊ ရေးခဲ့သောအရာကို သူတို့ကြားခဲ့သည်။

<u>"မြင်ခဲ့သည်"</u>- ဤအရာမှာ တိုက်ရိုက်ပြသညွှန်ကြားချက်ထက်ပိုပါ၏။ ၎င်းကို ပေါလုနှင့်သူ၏ပတ်ဝန်းကျင်၌ရှိသော ယုံကြည်သူများ၏အသက်တာတွင်လည်း ထင်ရှားခဲ့သည်။ သူတို့၏ စံနမူနာများမှ ဘုရားတရားတွင်အသက်ရှင်နေထိုင်ပုံနှင့် ခရစ်တော်အတွက်သက်သေဖြစ်ဖို့ နေထိုင်ပုံကို ဖိလိပ္ပိလူတို့မြင်တွေ့ခဲ့ကြသည်။

ဤအရာများမှ ယနေ့တွင် ကျွန်ုပ်တို့သင်ယူသည့်နည်းလမ်းနှင့်အတူတူပင်ဖြစ်သည်။ တရားဒေသနာနှင့်ကျမ်းစာလေ့လာခြင်းများသည် အရေးကြီးသကဲ့သို့ တပည့်ခံခြင်းနှင့် မိဿဟာယဖွဲ့ခြင်းလည်း အရေးကြီးသည်။ ကျွန်ုပ်တို့သည် တိုက်ရိုက်နည်းနှင့် သွယ်ဝိုက်သောနည်းဖြင့် သင်ယူကြသည်။ ၎င်းကိုသိရှိနားလည်ခြင်းဖြင့် ကျွန်ုပ်တို့သည် ခရစ်တော်၌ ပိုမို၍အသီးသီးသောအသက်တာသို့ လမ်းညွှန်ပေးနိုင်သည့် အရေးကြီးသောသမ္မာတရားကို သင်ယူ၍ လက်ခံရရှိနိုင်သည့်လမ်းကြောင်းများအားလုံးတွင် ကျွန်ုပ်တို့ကိုယ်တိုင် ကြိုးစားအားထုတ်ကြရပါမည်။

**ဆင်ခြင်ရန်** - သူတပါးထံမှ ကျွန်တော်သင်ယူသကဲ့သို့၊ သူတပါးအတွက် သင်ယူစရာဖြစ်ခြင်းငှါ ကျွန်တော် ကြိုးစား ရပါမည်။

**ဆုတောင်းချက်**- အဖဘုရား၊ အစဉ်ကြိုးစား သင်ယူမည်အကြောင်း မစတော်မူပါ။

# ထိုသို့ကျင့်ကြလော့

ဖိလိ ၄း၉ တွင်ပါသောမိန့်မှာချက်မှာ "လုပ်ပါ" ဟူသောစကားဖြစ်သည်။ ၎င်းသည် ကျွန်ုပ်တို့သင်ယူခဲ့သည့်အရာများကို လက်တွေ့လုပ်ဆောင်ရန် ညွှန်ကြားထားသည်။ မူရင်းဂရိစကားလုံးတွင် တစ်ကြိမ်ပြုရုံသာမဟုတ် (သို့) လုပ်ရိုးလုပ်စဉ်အတိုင်း လုပ်ဆောင်ရန်သာမက လေ့ကျင့်ရန်ဟူသောအဓိပ္ပာယ်ကိုဆောင်ပါသည်။ ကျွန်ုပ်တို့ဘဝ၏အစိတ်အပိုင်းတစ်ခုဖြစ်လာစေရန် ဤသွန်သင်ချက်များကို အမြဲလိုက်နာကျင့်သုံးရန် ဆက်ကပ်ခြင်းဖြစ်သည်။

ဤအရာသည် ဖိလိပ္ပိမြို့သားများအား ခရစ်တော်၌ ဘုရားတရားဖြင့် အသက်ရှင်နေထိုင်ဖို့ ကြိုးပမ်းနေချိန်တွင် ပေါလုရရှိစေလိုသော ဆက်ကပ်မှုအတိုင်းအတာဖြစ်သည်။ ၎င်းသည် သူတို့တသက်တာလုံးထမ်းဆောင်ရမည့် တာဝန်ဖြစ်ပြီး၊ ထိုအရာများကို တွေးတောဆင်ခြင်၍ ဆောင်ရွက်ဖို့ရန်မိမိကိုယ်ကို စဉ်ဆက်မပြတ်လေ့ကျင့်ရပါမည်။

အကယ်စင်စစ် ၎င်းမှာ ဘုရားတရားဖြင့် အသက်ရှင်ခြင်းပင်ဖြစ်သည်။ အားကစားသမားတစ်ဦးသည် မိမိ၏အားကစားတွင် အကောင်းဆုံးဖြစ်လာစေဖို့ရန် မိမိဘဝကိုမြှုပ်နှံထားသကဲ့သို့ လေ့ကျင့်ရေးမျိုးဖြစ်သည်။ အပြေးသမားအတွက် သူသည် အကွာအဝေးကို ဖြတ်ရန် ခြေလှမ်းမည်မျှလှမ်းရမည်ကိုင်း၊ အသက်မည်သို့ရှူရှိုက်ရမည်ကိုင်း အတိအကျမသိမချင်း တူညီသောအကွာအဝေးကို ထပ်ခါထပ်ခါပြေးခြင်းမျိုးကို ဆိုလိုသည်။ သူသည်မိမိ၏အစားအသောက်၊ နာလန်ထူခြင်းနှင့် အိပ်စက်ခြင်းတို့အတွက် အလွန်စည်းကမ်းကြီးပြီး၊ မိမိဘဝ၏အရာအားလုံးကို အမြင့်ဆုံးစွမ်းဆောင်နိုင်ဖို့ အကောင်းဆုံးနည်းလမ်းကို ရှာဖွေကြောင်း သေချာအောင်လုပ်ဆောင်ထားသည်။

ဝိညာဉ်ရေးရာနယ်ပယ်တွင် ကျွန်ုပ်တို့သည် ထိုသို့သော ဆက်ကပ်မြှုပ်နှံခြင်းနှင့် ဝိညာဉ်ရေးရာစည်းကမ်းရှိရပါမည်။ ကျွန်ုပ်တို့သည် ဘုရားတရားနှင့်ဆိုင်သောအရာများကို ဆက်လုပ်ရမည်၊ လေ့ကျင့်ရမည်၊ ဆက်လက်သင်ယူရမည်။ လက်တွေ့အားဖြင့်ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အတွေးများ၊ ပြောစကားများနှင့် လုပ်ဆောင်ချက်များကို စောင့်ရှောက်ရမည်ဟု ဆိုလိုခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ပို၍ဆုတောင်းခြင်းကိုင်း၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ပို၍လေ့လာခြင်းကိုင်း၊ ဘုရားသခင့်နှုတ်ကပတ်တော်၏ကဏ္ဍအားလုံးကို ကျွန်ုပ်တို့၏အသက်တာတွင် တင်းကြပ်စွာ လက်တွေ့ကျင့်ဆောင်ခြင်းကိုရှာဖွေကြရမည်။

ပေါလုသည် ကျွန်ုပ်တို့အားသွန်သင်ရန် ကျွန်ုပ်တို့အလယ်သို့ ရောက်ရှိလာမည်မဟုတ်သော်လည်း ပြီးပြည့်စုံသောဘုရားသခင်၏ နှုတ်ကပတ်တော်ကို အပတ်စဉ်တိုင်းသင်ယူကြရသည်။ ဤသွန်သင်ချက်များကို ကျွန်ုပ်တို့လက်တွေ့ကျင့်သုံးခဲ့ပါသလား။ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်ပိုမိုရင်းနှီးသော ဆက်ဆံရေးရှိဖို့ရန် ဤညွှန်ကြားချက်များကို တက်ကြွစွာနှင့်သတိရှိစွာ အကောင်ထည်ဖော်ရန် ကြိုးစားခဲ့ကြသလား။

**ဆင်ခြင်ရန်** - လေ့ကျင့်ခန်း ပုံမှန်မလုပ်သော အားကစားသမားသည် မည်သို့ ဖြစ်မည်နည်း။
**ဆုတောင်းချက်**- အဖဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တရားတော်မှ သင်ယူရရှိသော အရာမှန်သမျှကို အသက်တာ၌လိုက်လျှောက်ခြင်းငှါ မစတော်မူပါ။

ဗုဒ္ဓဟူး၊ ဇွန် (၂၁)
**ဖိ ၄း၉**
ဟေ ၁၃း၂၀-၂၁

*"ငြိမ်သက်ခြင်း၏အရှင်ဘုရားသခင်သည်
သင်နှင့်အတူရှိတော်မူလိမ့်မည်"*

# ငြိမ်သက်ခြင်း၏အရှင်ဘုရားသခင်

မှန်သောအရာကို တွေးတော၍၊ ဘုရားသခင်နှစ်သက်သောအမှုကို ပြုလျှင်၊ ဂတိတော်မူကား ငြိမ်သက်ခြင်းအရှင်ဘုရားသခင်သည် ကျွန်တော်တို့နှင့်အတူပါရှိတော်မူမည်ဖြစ်ပါသည်။

ဘုရားသခင်သည် ငြိမ်သက်ခြင်းကို ယူဆောင်လာသော ဘုရားဖြစ်တော်မူ၏။ ထိုငြိမ်သက်ခြင်း ဘုရားသခင် အတူပါရှိတော်မူခြင်းကို ကျွန်တော်တို့ လိုချင်ကြပါသည်။ ထိုသို့ ဘုရားသခင်အတူပါရှိတော်မူမှသာလျှင်၊ ဤဘဝ၌ ကျွန်တော်တို့ ငြိမ်သက်ခြင်းရှိနိုင်၏။ ဤငြိမ်သက်ခြင်းသည် စစ်ပွဲနှင့် ပြဿနာ ကင်းမဲ့ခြင်းကို မဆိုလို၊ ဘုရားသခင်အတူရှိတော်မူခြင်းကြောင့် စိတ်နှလုံး တည်ငြိမ်ခြင်းပင်ဖြစ်ပါသည်။ ဤငြိမ်သက်ခြင်းဘုရားသခင် အတူပါရှိတော်မူသောအခါ၊ ကျွန်တော်တို့သည် ဘယ်အမှုဘဲ ကြုံကြုံ၊ အဘယ်စစ်ကြောခြင်းဘဲ ခံရခံရ၊ အဘယ်သို့သောလူ နှင့်ဘဲတွေ့တွေ့ ပြဿနာ မဟုတ်တော့ပါ။ ငြိမ်သက်ခြင်းအရှင် ဘုရားသခင် အတူရှိတော်မူသောကြောင့်၊ ကျွန်တော်တို့၌ ငြိမ်သက်ခြင်းရှိပါ၏။

ထို ငြိမ်သက်ခြင်းဘုရားသခင် ယူဆောင်ပြုတော်မူသောအရာကို သိနားလည်ဖို့ရန် သမ္မာကျမ်းစာကို လေ့လာကြည့်ကြပါစို့။

ဟေဗြဲ ၁၃း၂၀-၂၁၊ "ထာဝရပဋိညာဉ်တရား၏အသွေးတော်အားဖြင့်၊ သိုးများကို ထိန်းသော သိုးထိန်းကြီးဖြစ်သော ငါတို့သခင်ယေရှုကိုသေခြင်းမှ နှုတ်ဆောင်တော်မူသော၊ ငြိမ်သက်ခြင်း၏ အရှင်ဘုရားသခင်သည် မိမိနှစ်သက်တော်မူသောအရာကို ယေရှုခရစ်အားဖြင့် သင်တို့၌ပြုတော်မူ၍၊ သင်တို့သည် အလိုတော်သို့လိုက်မည်အကြောင်း၊ ကောင်းသောအကျင့်အမျိုးမျိုး၌ သင်တို့ကို ပြုပြင် တော်မူပါစေသော။ ထိုသခင်ယေရှုခရစ်သည် ကမ္ဘာအဆက်ဆက် ဘုန်းကြီးတော်မူစေသတည်း။ အာမင်။"

၁ သက် ၅း၂၃-၂၄၊ "ငြိမ်သက်ခြင်း၏အရှင်ဘုရားသခင် ကိုယ်တော်တိုင်လည်း၊ သင်တို့ကို အကုန်အစင် သန့်ရှင်းစေတော်မူပါစေသော။ ငါတို့သခင် ယေရှုခရစ်ကြွလာတော်မူသောအခါ၊ သင်တို့၏ ကိုယ်ခန္ဓာ၊ စိတ်၊ ဝိညာဉ်အပေါင်းကို အပြစ်တင်ခွင့်နှင့် ကင်းလွတ်စေခြင်းငှါ စောင့်မတော်မူပါစေသော။ သင်တို့ကို ခေါ်တော်မူသောသူသည် သစ္စာနှင့်ပြည့်စုံသည်ဖြစ်၍၊ ထိုသို့ပြုတော်မူလိမ့်မည်။"

၂ သက် ၃း၁၆၊ "ငြိမ်သက်ခြင်း၏သခင်သည် ကိုယ်တော်တိုင် သင်တို့၌ အစဉ်မပြတ် ခပ်သိမ်းသောအမှုအရာအားဖြင့် ငြိမ်သက်ခြင်းကို ပေးသနားတော်မူပါစေသော။ သခင်ဘုရားသည် သင်တို့အပေါင်းနှင့်အတူရှိတော်မူပါစေသော။"

၂ ကော ၁၃း၁၁၊ "ကြွင်းသေးသောစကားဟူမူကား၊ ညီအစ်ကိုတို့၊ သင်တို့၌မင်္ဂလာရှိပါစေသော။ စုံလင်ခြင်း၊ သက်သာဝမ်းမြောက်ခြင်းရှိကြလော့။ စိတ်တညီတညွတ်တည်းဖြစ်၍၊ အချင်းချင်း အသင့်အတင့်နေကြလော့။ သို့ဖြစ်၍ မေတ္တာကိုငဲ့၊ အသင့်အတင့်နေခြင်း ချမ်းသာကိုငဲ့ ပေးတော်မူသော ဘုရားသခင်သည် သင်တို့နှင့်အတူရှိတော်မူလတ့်။"

**ဆင်ခြင်ရန်** - ငြိမ်သက်ခြင်း၏အရှင်ဘုရားသခင်သည် သင်နှင့်အတူရှိပါသလား။

**ဆုတောင်းချက်**- အဖဘုရား၊ ကိုယ်တော်သည် ငြိမ်သက်ခြင်း၏အရှင်သခင် ဖြစ်တော်မူကြောင်း သိလျက်၊ အတူပါရှိတော်မူခြင်း၏ငြိမ်သက်ခြင်းနှင့်နှိမ့်သိမ့်ခြင်းကို ပေးသနားတော်မူပါ။

**ဖိ ၄း၁၀-၂၀**
ဟေ ၁၃း၅-၆

*"ငါသည်တွေ့ကြုံသမျှသောအခြင်းအရာတို့၌ ရောင့်ရဲသောစိတ် ရှိအံ့သောငှါ သင်မိပြီ"*

# သင်ရောင့်ရဲသောစိတ်ရှိပါသလား

ခရစ်ယာန်ဖြစ်သော ကျွန်တော်တို့သည် တင်းတိမ်ရောင့်ရဲခြင်းရှိကြရပါမည်။ အရာခပ်သိမ်းအပေါ် ဘုရားသခင်၏အဆုံးစွန်အာဏာရှိတော်မူခြင်းကို သိမှတ်ခြင်းဖြင့်၊ ကျွန်တော်တို့ပိုင်ဆိုင်သောအရာအားလုံးသည် ဘုရားသခင်ထံတော်မှဖြစ်ကြောင်းနှင့်ကျွန်ုပ်တို့အတွက် ဘုရားသခင် ၏အလိုတော်သည် အကောင်းဆုံးဖြစ်ကြောင်း သိကြပါသည်။ ထို့ကြောင့် ကျွန်တော်တို့သည် မိမိတို့ အခြေအနေနှင့်ပိုင်ဆိုင်သောအရာ၌ အစဉ်ကျေးဇူးတင်လျက်၊ ဘုရားသခင် အကောင်းဆုံးပေးသနား တော်မူသောအရာ ထက်ပို၍လိုချင်တပ်မက်မှု မရှိသင့်ပါ။

သို့သော်လည်း ထိုသို့ သင်လက်တွေ့ ခံယူနိုင်ပါသလား။ တင်းတိမ်ရောင့်ရဲခြင်းနှင့်ဆန့်ကျင်ဘက်ဖြစ်သော အရာမှုကား၊ လောဘ၊ ပစ္စည်းဥစ္စာ တပ်မက်ခြင်းနှင့် ရောင့်ရဲခြင်း မရှိခြင်းတို့ဖြစ်ပါသည်။ ဤစိတ်သဘောထားတို့ကို လောကီလူတို့၌များသောအားဖြင့် တွေ့ရပြီး၊ ကျွန်တော်တို့၌ကော တွေ့ရပါသလား။

မွေးကတည်းမှစ၍ ကျွန်တော်တို့သည် ပိုလိုချင်သောကြောင့် အစဉ် တောင်းလျှောက်တတ်ကြ၏။ မိမိပိုင်ဆိုင်သော အရာနှင့် မကျေနပ်နိုင်ကြဘဲ၊ ပို၍လိုချင်သော စိတ်နှင့်အသက်ရှင်ကြသောကြောင့် ပျော်ရွှင်ဝမ်းမြောက်ခြင်း မရှိဖြစ်ကြရပါသည်။ ကလေး၊ လူကြီးနှင့်လူအိုအထိ၊ လူတိုင်း၌ ထိုသို့သော စိတ်သဘောထားကို တွေ့ရပါသည်။ ထိုသို့ သူတို့၏ မကျေနပ်ခြင်း၊ ရောင့်ရဲခြင်း မရှိခြင်းသည် များသောအားဖြင့် ဤလောကီအရာများ၌ဖြစ်ပါသည်။

လိုချင်တပ်မက်သောစိတ်ဖြင့် အစဉ်အသက်ရှင်ခြင်းသည် အလွန်ခက်ခဲလှကြောင်း ကျွန်တော်တို့သိကြပါသည်။ အကြောင်းမှာ ပျော်ရွှင်ဝမ်းမြောက်ခြင်း လုံးဝ မရှိနိုင်။ ဘဝ၌ ရောင့်ရဲတင်းတိမ်ခြင်းနှင့်ပြည့်စုံခြင်း ရှိမည်ဟု ထင်လျက် ကျွန်တော်တို့သည် တစုံတရာကို အစဉ် ကြိုးစားရှာဖွေတတ်ကြ၏။

ထို့ကြောင့် ပေါလု၏အသက်တာသည် အလွန်နှစ်သက်စရာကောင်းသော၊ လေးစားစရာကောင်းသော အသက်တာ ဖြစ်ပါသည်။ ပေါလုက "အကြောင်းမူကား၊ ငါသည် တွေ့ကြုံသမျှသော အခြင်းအရာတို့၌ ရောင့်ရဲသော စိတ်ရှိအံ့သောငှါ သင်မိပြီ" (ဖိ ၄း၁၁) ဟုဆိုခဲ့ပါသည်။ ဤအသက်တာသည် အတုယူသင့်သော စံပြအသက်တာ ပင်ဖြစ်ပါသည်။ ဤဘဝ၌ ပိုင်ဆိုင်သောအရာ ရှိသည်ဖြစ်စေ၊ မရှိသည် ဖြစ်စေ၊ ကျွန်တော်တို့သည် ခရစ်တော်ကို ပိုင်ဆိုင်ကြပြီ ဖြစ်သောကြောင့် ရောင့်ရဲတင်းတိမ်ခြင်း ရှိရပါမည်။

**ဆင်ခြင်ရန်** - "ရောင့်ရဲသောစိတ်ပါလျှင်၊ ဘုရားဝတ်၌မွေ့လျော်ခြင်းသည် ကြီးစွာသောအကျိုးစီးပွါးမှန်၏" (၁ တိ ၆း၆)။

**ဆုတောင်းချက်**- အဖဘုရား၊ ကိုယ်တော်၌ကျွန်တော် ရောင့်ရဲခြင်းရှိမည်အကြောင်း သွန်သင်တော်မူပါ။

သောကြာ၊ ဇွန် (၂၃)
**ဖိ ၄း၁၀-၁၂**
တမန် ၂၂း၁-၁၅

*"ငါသည် သခင်ဘုရား၌အလွန်ဝမ်းမြောက်ခြင်းရှိ၏"*

# ရောင့်ရဲတင်းတိမ်ခြင်းအသက်တာ

ပေါလု၏အသက်တာ၌ ဘုရားသခင်နှစ်သက်သောရောင့်ရဲခြင်းပုံရိပ်ကို မြင်တွေ့ရပါ သည်။ ပေါလုသည် ဖိလိပ္ပိ ခရစ်ယာန်တို့ထံမှ ငွေကြေးလက်ဆောင်ရရှိခဲ့ပြီး၊ သူတို့နှင့်အတူ ဝမ်းမြောက်ခြင်းရှိ၏။ နှစ်ပေါင်း များစွာကြာပြီးမှ သူတို့၏သတင်းကိုကြားသိရပြီး၊ သူတို့သည် သခင်ဘုရား၌ခိုင်ခံ့ မြဲမြံခြင်းရှိကြကြောင်း သိသောအခါ ပေါလုသည် အလွန်ဝမ်းမြောက်ခြင်းရှိပါသည်။ ထိုသို့အရင်က မစထောက်ပံ့မှု မပို့နိုင်ခြင်းမှာ "အခွင့်အရေး မရခဲ့ကြသောကြောင့်" ဖြစ်ပါသည်။ ယခုတွင်၊ ပေါလုသည် ရောမ၌ရှိကြောင်း သိကြသောအခါ၊ ဧပဖြောဒိတ် အားထောက်ပံ့ငွေပေးပို့ရန်နှင့် သူ့ကိုစောင့်ရှောက်ရန် စေလွှတ်ခဲ့ကြပါသည်။ ထို့ကြောင့်၊ ပေါလုသည် ထောင်ထဲ၌နေရသော်လည်း ဝမ်းမြောက်ခြင်းရှိခဲ့ပါသည်။

ထိုသို့ မိမိဝမ်းမြောက်ခြင်းအကြောင်းဖော်ပြခြင်းသည် နောက်ထပ် ထောက်ပံ့မစခြင်းလိုချင် သောကြောင့် မဟုတ်ကြောင်းကို ချက်ချင်း စကားခံခဲ့ပါသည်။ အမှန်မှာ မိမိလိုအပ်သောအရာ မရှိကြောင်း ဖော်ပြခဲ့ပါသည်။ အခြေအနေတိုင်း၌ မိမိရောင့်ရဲခြင်း ရှိကြောင်း သူတို့အား ပေါလု ဆိုခဲ့ပါသည်။

ပေါလု၏နောက်ခံသမိုင်းကြောင်းကို သတိရကြပါစို့။ သူသည် မွေးကတည်းက ရောမလူဖြစ်ခဲ့ပါသည်။ ငယ်ရွယ်စဉ်၊ ယေရုရှလင်မြို့တွင် ကျော်ကြားသောဆရာ ဂါမလျေလ လက် အောက်၌ ပညာဆည်းပူးခဲ့ပါသည်။ သူသည် ပညာရေး၊ အသိဉာဏ်နှင့်အကျင့်အရာတို့၌ လူတို့လေးစား အထင်ကြီးသော ဖာရိရှဲ တစ်ဦးဖြစ်ခဲ့ပါသည်။ သို့သော်လည်း၊ ခရစ်ယာန်ဖြစ်လာသောအခါ၊ ထိုအရာအားလုံးကို စွန့်လွှတ်ခဲ့ပါသည်။ လေးစားရသော ခေါင်းဆောင် မဖြစ်တော့ဘဲ၊ ယခုတွင် သူသည် ထွက်ပြေးနေရသောသူ ဖြစ်ခဲ့ပါသည်။ သူ့ဘဝတခုလုံး၌ သူသည်ညှဉ်းဆဲခြင်း၊ ကျောက်ခဲဖြင့် ပစ်ခြင်း၊ ရိုက်နှက်ခြင်းနှင့်ထောင်ချခြင်း ခံခဲ့ရပါသည်။ တခါတရံ၊ သူနှင့်အတူရှိသောသူတို့နှင့် မိမိအတွက် အလုပ်လုပ်၍ ကျွေးမွေးခဲ့ပါသည်။ သူဖြတ်သန်းရသောဘဝသည် ခက်ခဲကြမ်းတမ်းသော ဘဝဖြစ်ခဲ့ပါသည်။

သို့သော်လည်း၊ သူသည် ရောင့်ရဲခြင်းရှိရန် သင်မိပြီ ဟု အသေအချာ ဆိုနိုင်ခဲ့ပါသည်။ "သင်မိပြီ" ဆိုသော စကားလုံးသည် အတိတ်၌ဖြစ်ခဲ့၊ ကြုံခဲ့သော အမှုကို ရည်ညွှန်းပါသည်။ ဘယ်အချိန်၌ ဤအမှုဖြစ်ခဲ့ပါသနည်း။ သူကယ်တင်ခြင်းခံရသော အချိန်၊ ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် ထိတွေ့ခဲ့သော အချိန်ဖြစ်ပါသည်။ ခရစ်တော်အကြောင်းကို သိကျွမ်းသော အခါ၊ ဘုရားသခင်၏ကွယ်ကာ ပြုစုကျွေးမွေး စောင့်ရှောက်ခြင်းတရားကို သင်မိခဲ့ပါသည်။ ခရစ်တော်၏မြတ်သောတရား သိကျွမ်းခြင်းအတွက် ဤလောကီအရာအားလုံးကို မစင်ကဲ့သို့ ပေါလု မှတ်ခဲ့ပြီး၊ ထိုခရစ်တော်အတွက် အသက်ရှင်ခြင်းကိုသာ အဓိကထားသဖြင့်၊ ရောင့်ရဲခြင်းရှိနိုင်ခြင်းဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ကျွန်တော်တို့သည် ဤလောကီအရာတို့ကို စွဲလမ်းလျှင်၊ ဘယ်သောအခါမျှ ရောင့်ရဲခြင်း ရှိမည်မဟုတ်ပါ။

**ဆုတောင်းချက်**- အဖဘုရား၊ အကျွန်ုပ်နှစ်သက်သောအရာသည် ကိုယ်တော်သာလျှင်ဖြစ်မည် အကြောင်း မစတော်မူပါ။

စနေ၊ ဇွန် (၂၄)
**ဖိ ၄း၁၂**
၂ ကော ၆း၁-၁၀

*"ရှုတ်ချခြင်းကိုငင်း၊ ကြွယ်ဝခြင်းကိုငင်း ခံတတ်၏"*

# ရှုတ်ချခြင်းနှင့်ကြွယ်ဝခြင်း

ပေါလုသည် ရောင့်ရဲတင်းတိမ်ခြင်းတရားကို သင်ရခဲ့ပြီဖြစ်သော်လည်း၊ ထိုတရားကို နေ့စဉ် အသက်တာ၌ လိုက်လျှောက်လျက် ပြုစုဖို့လိုပါသည်။ ဘုရားသခင်၏အမှုတော်ကို ပေါလုဆောင်ရွက် စဉ် ကြုံတွေ့ရသော အခက်အခဲနှင့်ကောင်းကြီးမင်္ဂလာ တို့၌ရောင့်ရဲခြင်းရှိရန် အစဉ်သင်ယူ သတိ ထားရပါမည်။

အပိုဒ်ငယ် ၁၂ ၌တွေ့ရသော စကားလုံး ("ခံတတ်၏" နှင့် "သင်မိပြီ") တို့သည် စုံလင် ပြည့်စုံပြီးသောအမှုကို ရည်ညွှန်းကြပါသည်။ အတိတ်၌ဖြစ်ခဲ့သောအမှု၊ ယခုတွင်ဆက်လက် အကျိုးခံစားနေရခြင်းအရာကို ဖော်ပြခြင်းဖြစ်ပါသည်။ ဆိုလိုသည်မှာ၊ အတိတ်၌ ရောင့်ရဲခြင်းတရား ကို သင်မိခဲ့ပြီဖြစ်သော်လည်း၊ အမျိုးမျိုးသော ဘဝအတွေ့အကြုံတို့၌ ထိုရောင့်ရဲခြင်းအမှုသည် ဆက်လက် ကြီးထွားခြင်းရှိ၍ အဘယ်အခြေအနေ၌ပင် တင်းတိမ်ရောင့်ရဲခြင်း ဆက်လက်ရှိနေခြင်း ဖြစ်ပါသည်။

ပေါလုသည် ဘဝ၌ ရှုတ်ချခြင်း၊ နှိမ့်ချခြင်း၊ ဆာလောင်ခြင်းနှင့်နှိပ်စက်ခြင်း ခံရသောအချိန် များရှိခဲ့ပါသည်။ ခရစ်တော်ကို မုန်းတီးသောသူတို့က သူ့ကို ပြင်းထန်စွာ ညှင်းပန်းနှိပ်စက်၍ ကျောက်ခဲဖြင့် ပစ်ကြပြီး၊ သေအံ့ဆဲဆဲ ပစ်ထားခဲ့ကြပါသည်။ သို့သော်လည်း၊ ယုံကြည်သူ ညီအစ်ကို တို့၏ပြုစုကျွေးမွေးခြင်းကိုခံလျက် သာယာဝပြောသောဘဝကို ဖြတ်သန်းရသောအချိန်လည်း ရှိပါ သည်။ ထိုအချိန်သည် ဖိလိပ္ပိတွင် လုဒိ၏အိမ်၌နေရသောအချိန် (တမန် ၁၆း၁၅) နှင့်ကောရိန္သုမြို့၌ အာကုလ နှင့် ပြစ်ကိလ တို့၏ပေါင်းဘော်ခြင်း ခံရသောအချိန် (တမန် ၁၈း၂-၃) တို့ဖြစ်ပါလိမ့်မည်။ ထိုသို့ မတူညီသော အခြေအနေကြုံတွေ့ခြင်းက ရောင့်ရဲသောစိတ် ရှိခြင်းကို ပို၍ခက်ခဲစေတတ်ပါ၏။ ခက်ခဲသောအမှုကိုသာ အစဉ်ကြုံတွေ့ရလျှင် ကြွယ်ဝခြင်းကို သိမည်မဟုတ်ပါ။ ကြွယ်ဝခြင်းကို ခံစားပြီးနောက် ဆင်းရဲဒုက္ခကြုံရသောအခါ၊ ထိုအခြေအနေကို လက်ခံဖို့ ခက်ခဲပါသည်။ သို့သော် လည်း၊ ဆင်းရဲပြီးမှ ကြွယ်ဝလာသောအခါ၊ ကြွယ်ဝခြင်းအကျိုးကို ပို၍အလေးထားတတ်ကြ၏။

ဤအတွေ့အကြုံအားလုံး အားဖြင့် ပေါလုသည် သင်ကြားလျက်ရှိ၏။ ဤလောက၌ မိမိ သည် ဧည့်သည်တယောက်သာဖြစ်ကြောင်း အစဉ်အောက်မေ့လျက်၊ ဤလောကစည်းစိမ်နှင့်အပျော် ကျူးခြင်းကို မရှာဖွေခဲ့ပါ။ ကြုံတွေ့ရသောအခြေအနေအမျိုးမျိုး၌ မိမိကို ရှေ့ဆက်ခြင်းငှါ အစဉ်တွန်းပို့ သောခွန်အားသည်၊ အစားအစာနှင့်အဝတ်အစား မဟုတ်ဘဲ၊ သခင်ယေရှုခရစ်တော်နှင့်မိသာဟာယ ဖွဲ့ခြင်းပင်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ပို၍ကြွယ်ဝချမ်းသာလာလေလေ၊ ရောင့်ရဲခြင်းငှါ ပို၍ခက်လေလေ ဖြစ်ပါ၏။
**ဆုတောင်းချက်**- အဖဘုရား၊ ကိုယ်တော် ထားရှိသော အခြေအနေ၌ ဝမ်းမြောက်ခြင်း ရှိမည် အကြောင်း မစတော်မူပါ။

တနင်္ဂနွေ၊ ဇွန် (၂၅)
**ဖိ ၄း၁၀-၁၃**
ယော ၁၅း၁-၈

*"ငါ့ကိုခွန်အားနှင့်ပြည့်စုံစေတော်မူသော ခရစ်တော်အားဖြင့် ခပ်သိမ်းသောအမှုတို့ကို ငါတတ်စွမ်းနိုင်၏"*

# အရာခပ်သိမ်း ခရစ်တော်အားဖြင့်

ပေါလုသည် ရောင့်ရဲခြင်းအမှု၌ မယိမ်းမယိုင် မည်သို့တည်နေနိုင်ပါသနည်း။ ထိုသို့ပြောင်းလဲနေသော အခြေအနေ၌ ပေါလုသည် မည်သို့ မြဲမြံစွာရပ်တည်နိုင်ခဲ့ပါသနည်း။ ဖိ ၄း၁၃ ထဲတွင်၊ သူ၏ယုံကြည်ခြင်းသည် ခရစ်တော်၌မြဲမြံစွာ အမြစ်တွယ်သောကြောင့်ဖြစ်သည်ဟု ပေါလု ရှင်းပြခဲ့ပါသည်။ ခရစ်တော်ကို မျှော်ကြည့်ခြင်းဖြင့် လက်ရှိ သူကြုံတွေ့နေသော အခက်အခဲတို့သည် "ပေါ့ပါးသော ဆင်းရဲခြင်း" (၂ ကော ၄း၁၇) သာဖြစ်သည်ဟု ခံယူခဲ့ပြီး၊ "ငါတို့အား ပေါ်ထွန်းလတံ့သောဘုန်းကို ထောက်သော်၊ ယခုမျက်မှောက်ကာလ၌ ခံရသော ဆင်းရဲဒုက္ခကို ပမာဏ မပြုထိုက်" (ရောမ ၈း၁၈) ဟု ဆိုခဲ့ပါသည်။ ထို့ကြောင့်၊ ငါ့ကိုခွန်အားနှင့်ပြည့်စုံစေတော်မူသော ခရစ်တော်အားဖြင့် ခပ်သိမ်းသောအမှုကို ငါတတ်နိုင်၏ဟု ရဲရင့်စွာဆိုနိုင်ခြင်းဖြစ်ပါသည်။

ဤသည်ကား၊ မိမိ၏အရည်အချင်းကိုးစားခြင်း၊ မိမိကိုယ်ကိုဝါကြွားခြင်း လုံးဝ မဟုတ်ပါ။ သေချာသည်မှာ၊ ယခု သူကြုံတွေ့နေသော အခက်အခဲများကို ကျော်ဖြတ်နိုင်ဖို့ရန် ခွန်အား ပေးတော်မူသော ခရစ်တော်၏တန်ခိုးတော်ကို ယုံကြည်ကိုးစားလျက် ထိုသို့ ဆိုခြင်းဖြစ်ပါသည်။

အငယ် ၁၃ ကို ဤသို့လည်း ဆိုနိုင်ပါသည် - "အကျွန်ုပ်ကို ခွန်အား ပေးလျက်ရှိသော ခရစ်တော် အားဖြင့်၊ ကျွန်တော်သည် အရာခပ်သိမ်းအတွက် ခွန်အားရှိ၏။" အဘယ်အခြေအနေ၌ မဆို ခိုင်ခံ့မြဲမြံစွာ မိမိရောင့်ရဲခြင်း ရှိနိုင်ရခြင်းမှာ မိမိကိုကြံ့ခိုင်မှုနှင့်သည်းခံနိုင်ခြင်း ပေးတော်မူသော ခရစ်တော်၏ခွန်အားဖြစ်ကြောင်း ပေါလု ကောင်းကောင်း သိခဲ့ပါသည်။ ထိုခွန်အားသည် ခန္ဓာကိုယ် မဟုတ်ဘဲ၊ ဝိညာဉ်ခွန်အား ဖြစ်သည်မှာ သေချာလှပါသည်။ ထိုသို့ ဘဝစိန်ခေါ်မှုကို သတိရှိရှိ ရင်ဆိုင်နိုင်ခြင်း ခွန်အားသည် ခရစ်တော်နှင့်မိမိ၏မိသာဟာယဖွဲ့ခြင်း၌ အမြစ်တွယ်ခဲ့ပါသည်။

မှန်ပါ၏၊ ဤဘဝ၌ ကျွန်တော်တို့ အမှုပြုနိုင်ခြင်း ခွန်အားသည် ခရစ်တော်ထံမှဖြစ်ပါသည်။ ယေရှုက တပည့်တော်တို့အား၊ "ငါသည် စပျစ်နွယ်ပင် ဖြစ်၏။ သင်တို့သည် အခက်များဖြစ်ကြ၏။ အကျင်သူသည် ငါ၌တည်၍ ငါသည်လည်းသူ၌တည်၏၊ ထိုသူသည် များစွာသော အသီးကို သီးတတ်၏။ ငါနှင့်ကွာလျှင် သင်တို့သည် အဘယ်အမှုကိုမျှ မတတ်နိုင်ကြ" (ယော ၁၅း၅)။ ခရစ်တော် မပါလျှင်၊ ကျွန်တော်တို့သည် ဘာမှမတတ်နိုင်၊ သနားစရာသာ ဖြစ်ကြပါသည်။ သို့သော်လည်း၊ ကျွန်တော်တို့ကို ခွန်အား ပေးသော ခရစ်တော်အားဖြင့်၊ ထိုခရစ်တော်အတွက် အရာခပ်သိမ်း ကျွန်တော်တို့တတ်နိုင်ပါသည်။

ထို့ကြောင့်၊ အရာရာတိုင်း၌ ရောင့်ရဲခြင်းရှိရန် ကျွတော်တို့ကြိုးစားသောအခါ၊ အောင်မြင်ခြင်းသည် ခရစ်တော်၌တည်နေ မှသာလျှင် ဖြစ်နိုင်ကြောင်း သိထားရပါမည်။ ဤဘဝတွင်၊ ထို ခရစ်တော်၌သာလျှင်စစ်မှန်သော ကျေနပ် တင်းတိမ် ရောင့်ရဲခြင်း ရှိပါသည်။

**ဆင်ခြင်ရန်** - ခရစ်တော်အတွက် ကျွန်တော်အသက်ရှင်နိုင်ခြင်း ခွန်အားသည် ထိုခရစ်တော် ထံမှ လာ၏။

**ဆုတောင်းချက်**- အဖဘုရား၊ ပြုသောအရာတိုင်းသည် ကျွန်ုပ်ခွန်အားဖြင့် မဟုတ်ဘဲ၊ ခရစ်တော် ပေးတော်မူသော ခွန်အား အားဖြင့်သာ ပြုသည်ဖြစ်သောကြောင့်၊ အစဉ် နှိမ့်ချခြင်း ရှိမည်အကြောင်း မစတော်မူပါ။

တနင်္လာ၊ ဇွန် (၂၆)
**ဖိ ၄း၁၄-၁၆**
၂ ကော ၁၁း၇-၉

*"ဆင်းရဲဒုက္ခကိုငါခံရစဉ်အခါ၊ သင်တို့သည်ငါနှင့်ဆက်ဆံသောအားဖြင့်"*

# ခန္ဓာကိုယ်လိုအပ်ချက်ထောက်ပံ့ပေးခြင်းကြောင့် ကျေးဇူးတင်ခြင်း

ဖိ ၄း၁၄ မှစ၍ ပေါလုသည် မိမိ၏ခန္ဓာကိုယ်လိုအပ်ချက်များ မစထောက်ပံ့ပေးခြင်းကြောင့် ဖိလိပ္ပိလူတို့ကို ဆက်လက် ချီးမွမ်းခဲ့ပါသည်။ ပေါလုသည် ပစ္စည်းဥစ္စာကို တပ်မက်ခြင်း မရှိသော်လည်း၊ သူတို့၏လက်ဆောင်ကို သေးငယ်သောအရာဟု သတ်မှတ်ခြင်း မရှိပါ။ ဘယ်အခြေအနေ၌မဆို ပေါလုသည် ရောင့်ရဲခြင်း ရှိသည်ဖြစ်သောလည်း၊ မိမိ အခက်အခဲ ကြုံတွေ့စဉ် ပေးပို့သောလက်ဆောင်ကို အလွန်တန်ဖိုးထားခဲ့ပါသည်။ ရောမမြို့၌ အကျဉ်းကျခံရစဉ် သူတို့ပေးပို့သောလက်ဆောင်သည် မိမိအား သက်သာခြင်းရှိစေသည်သာမက၊ သတင်းကောင်းဟောပြောခြင်း၌လည်း များစွာ အကူအညီပေးခဲ့ပါသည်။

"ဆက်ဆံ" ဟူသော ဂရိစကားလုံးသည် "*koinonia*" ဖြစ်၍၊ မိသာဟာယဖွဲ့ခြင်း၊ အတူတကွလုပ်ဆောင်ခြင်း၊ ပေါင်းဘော်ခြင်း၊ မျှဝေခြင်း ကိုဆိုလိုပါသည်။ ထိုသို့ ထောက်ပံ့မစခြင်း အားဖြင့်သူတို့သည် ပေါလု၏ဒုက္ခဆင်းရဲကို မျှဝေခံစားရာရောက်၏။ ဤပေးကမ်းခြင်းသည် ပေးကမ်းခြင်းသက်သက် မဟုတ်ဘဲ၊ နွေးထွေးနူးညံ့သော မိသာဟာယဖွဲ့ခြင်းဖြစ်ပါသည်။ အတူတကွ ပေါင်းဘော်လုပ်ဆောင်ခြင်းလည်းဖြစ်ပါသည်။

သူတို့၏ရက်ရောမှုကို ပေါလု သိမှတ်လျက်၊ မိမိအမှုတော်ဆောင်သောကာလတလျှောက်သူတို့သည် အလွန်အကျိုးရှိသောသူများဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။ မာကေဒေါနိပြည် (ဖိလိပ္ပိမြို့ရှိသောပြည်) မှစတင်ထွက်ခွါသော အချိန်မှစ၍ သက်သာလောနိတ်မြို့၌နေစဉ် အထိ၊ မိမိအတွက်သူတို့ပြုခဲ့သောအရာအားလုံးကို ပေါလု မမေ့ခဲ့ပါ။ ပေါလု၏အမှုတော်အတွက် ငွေကြေးထောက်ပံ့ပေးသော၊ တပါးတည်းသော အသင်းတော်ဖြစ်ပါသည်။ ထို့ကြောင့် ပေါလုသည် အလွန်ဝမ်းမြောက်ခြင်းရှိ၏။

ဤဘဝ၌ ကျွန်တော်တို့အသက်ရှင်ဖို့ရန် စားဝတ်နေရေးသည် အမှန်တကယ် လိုအပ်သောအရာဖြစ်ပါသည်။ ထို့ကြောင့် သေးငယ်သော အထောက်အပံ့ဘဲဖြစ်ဖြစ် ကျွန်တော်တို့သည် ဝမ်းမြောက်ခြင်း ရှိကြရပါမည်။ ထို့ပြင်၊ ကျွန်တော်တို့ပိုင်ဆိုင်သော အရာများကို အလွဲသုံးစား မပြုရပါ။ မဝါကြွားရပါ။ နာမည်ကျော်ကြားဖို့ရန် စည်းစိမ် မစုဆောင်းသင့်ပါ။ ကျွန်ုပ်တို့၌ရှိသောအရာများ (နေစရာအိမ်၊ စားစရာနှင့်အဝတ်အစား) ကြောင့် ဘုရားသခင်ကို ချီးမွမ်းကြပါစို့။

**ဆင်ခြင်ရန်** - "ငါသည်အဝတ်မပါဘဲ အမိဝမ်းထဲကထွက်လာ၏။ မဝတ်မပါဘဲ အမိဝမ်းထဲသို့ ပြန်သွားတော့မည်။ ထာဝရဘုရား ပေးတော်မူ၏။ ထာဝရဘုရားလည်း ရုပ်သိမ်းတော်မူ၏။ ထာဝရဘုရား၏နာမတော်သည်မင်္ဂလာရှိပါစေသတည်း" (ယောဘ ၁း၂၁)။

**ဆုတောင်းချက်**- အဖဘုရား၊ အကျွန်ုပ်အား နေ့စဉ်လိုအပ်သော အစားအစာ ပေးသနားတော်မူသောကြောင့် ကျေးဇူးတင်ပါ၏။

အင်္ဂါ၊ ဇွန် (၂၇)
**ဖိ ၄း၁၇-၁၉**
၂ ကော ၈း၁-၅

*"သင်တို့၌ကြွယ်ဝသော အကျိုးကိုရှာ၏"*

# ဝိညာဉ်အသီးကြောင့် ကျေးဇူးတင်ခြင်း

သူတို့ပေးပို့သောထောက်ပံ့လက်ဆောင်အကြောင်း ပေါလု ဖော်ပြသောအခါ၊ သူတို့၏ ရက်ရောခြင်းသည် ဘုရားသခင်အတွက် အသီးသီးသော၊ ဝိညာဉ်အသီး၏သက်သေဖြစ်ကြောင်း ဆိုခဲ့ပါသည်။ ထို့ပြင်၊ ပေါလုအတွက် ပို၍အရေးကြီးသောအရာမှုကား၊ ဖိလိပ္ပိခရစ်ယာန်တို့သည် ရက်ရောသောသူ၊ အမှုတော်ကို အလေးထားသော အသင်းတော်၊ ဘုရားသခင်နှစ်သက်သောသူများ ဖြစ်ကြခြင်းပင်ဖြစ်ပါသည်။

ပေါလုသည် နောက်ထပ်ထောက်ပံ့မစခြင်း တောင်းဆို၍ရေးသားခြင်း မဟုတ်ကြောင်း သတိရှိရှိ ဖော်ပြခဲ့ပါသည်။ သူတို့သည် ဝိညာဉ်ရေးရာ၌ကြီးထွားခြင်းရှိသောကြောင့် ဝမ်းမြောက်၍ ပေါလုရေးသားခြင်းဖြစ်ပါသည်။ ဤပေးကမ်းခြင်းဖြင့် သူတို့သည် သတင်းကောင်း ပျံ့နှံ့စေ၍ ဝိညာဉ်အသီးသီးကြပါသည်။ သူတို့သည် ချမ်းသာကြွယ်ဝသော အသင်းတော် မဟုတ်ကြောင်း အောက်မေ့ကြပါစို့။ အမှန်မှာ၊ "ထိုအသင်းတော်တို့သည် ညှဉ်းဆဲခြင်းအားဖြင့်များစွာသော စုံစမ်းခြင်းကိုခံရသော်လည်း၊ အလွန်ကြီးသော ဝမ်းမြောက်ခြင်းနှင့်၊ ဥစ္စာပြုန်းတီးသော ဆင်းရဲခြင်းအကြောင်းသည်၊ သူတို့၏ စွန့်ကြဲပေးကမ်းခြင်းစည်းစိမ်ကို ဖြစ်စေ၍ ကြွယ်ဝပြည့်စုံ၏" (၂ ကော ၈း၂)။ သူတို့သည် အလွန်ဆင်းရဲသော်လည်း သူတို့၏ဆင်းရဲဒုက္ခထက် ပေါလု၏လိုအပ်ချက်နှင့် အမှုတော်သည် ပို၍အရေးကြီးကြောင်း သိခဲ့ကြပါသည်။ သူတို့သည် တတ်နိုင်သမျှထက်ပို၍ ပေးလိုချင်ရှိကြ၏ (၂ ကော ၈း၃)။ ထို့ပြင်၊ သူတို့၏လက်ဆောင်ကို လက်ခံဖို့ရန် ပေါလုအား သူတို့ တိုက်တွန်းသွေးဆောင်ခဲ့ကြပါသည် (၂ ကော ၈း၄)။ ဤသည်ကား သူတို့၏ရက်ရောမှုပင်ဖြစ်ပါသည်။

ထို့ကြောင့် ပေါလုက ထိုလက်ဆောင်ကို "မွှေးကြိုင်သောအနံ့နှင့်ပြည့်စုံ၍၊ ဘုရားသခင် နှစ်သက်တော်အားရတော်မူသော ယဇ်" (ဖိ ၄း၁၈) ဟုဖော်ပြခဲ့ပါသည်။ ဖိလိပ္ပိ ခရစ်ယာန်တို့ပြုသော အမှုကို ဘုရားသခင်နှစ်သက်တော်မူကြောင်း ပေါလု ဆိုလိုခြင်းဖြစ်ပါသည်။ ပေါလုထံ ပေးကမ်းခြင်းသည်၊ ဘုရားသခင်ထံ ပူဇော်သကဲ့သို့ဖြစ်၍၊ ဓမ္မဟောင်းထဲမှ လေဝိလူတို့၏ပူဇော်သက္ကာ ကဲ့သို့ "ထာဝရဘုရားအား . . . ဆက်ကပ်၍ မွှေးကြိုင်သော ပူဇော်သက္ကာ" (ဝတ် ၁း၁၇) ဖြစ်သတည်း။ ဤအသင်းတော်ကြောင့် ပေါလု၌ဝမ်းမြောက်စရာများစွာရှိပါသည်။ မိမိဆန္ဒရှိခဲ့သည်အတိုင်း ဘုရားသခင်အဖို့ သူတို့သီးသော အသီးသည် စုံလင်ခြင်းရှိခဲ့ပါသည်။

သူတပါးအသက်တာ၌ ဝိညာဉ်အသီးမြင်တွေ့ရသော အခါ၊ ကျွန်တော်တို့ ဝမ်းမြောက်ခြင်း ရှိပါသလား (သို့) သူတို့၏လောကအောင်မြင်မှုကိုဘဲ ကျွန်တော်တို့ ဂရုစိုက်ပါသလား။ ညီအစ်ကို ရာထူးတိုးခြင်း၊ အမှတ်ကောင်းရခြင်း အကြောင်း ကြားရခြင်း နှင့် ခရစ်တော်၌ကြီးထွားခြင်း၊ အမှုတော် ဆောင်ခြင်း၊ အပြစ်သွေးဆောင်ခြင်း အောင်နိုင်ခြင်း အကြောင်း ကြားရခြင်း တွင်၊ ဘယ်အရာ၌ ကျွန်တော်တို့ ပို၍ ဝမ်းမြောက်ခြင်းရှိပါသနည်း။

**ဆင်ခြင်ရန်** - အဘယ်အရာက ကျွန်ုပ်ကို ပို၍ဝမ်းမြောက်စေပါသနည်း၊ ဝိညာဉ်အသီးလော (သို့) ခန္ဓာကိုယ်လိုအပ်သော အစားအစာလော။

**ဆုတောင်းချက်**- အဖဘုရား၊ ကိုယ်တော်အတွက်ပြုသော အမှုတိုင်း၌ ဝိညာဉ်အကျိုးကို သိမြင်မည်အကြောင်း နားလည်သဘောပေါက်ခြင်း ပေးသနားတော်မူပါ။

*"ငါ၏ဘုရားသခင်သည် ဘုန်းအာနုဘော်တော်၌
စံပယ်တော်မူသောစည်းစိမ်ရှိသည်အတိုင်း၊ သင်တို့လိုအပ်သမျှတို့ကို
. . . ပြည့်စုံစေတော်မူလိမ့်မည်"*

# ဘုရားသခင်သည်သင်တို့လိုအပ်သမျှကိုဖြည့်ဆည်းပေးတော်မူမည်

ဆာလံဆရာက "ထာဝရဘုရားသည် ငါ၏သိုးထိန်းဖြစ်တော်မူ၏။ ငါသည် ဆင်းရဲမခံရ" (ဆာလံ ၂၃း၁) ဟုဆိုခဲ့ပါသည်။ ဤကျမ်းပိုဒ်သည် ခေတ်အဆက်ဆက် ယုံကြည်သူတို့၏စိတ်နှလုံးထဲ၌ ဘုရားသခင်၏နှိမ့်သိမ့်မှုပင်ဖြစ်ပါသည်။ သိုးထိန်းသည် မိမိသိုးစုကို သနားကြင်နာမှုဖြင့် ထိန်းကျောင်းသကဲ့သို့ ဘုရားသခင်ကလည်း ကျွန်တော်တို့ကို ဂရုစိုက်ပြုစုတော်မူကြောင်း ဖော်ပြခြင်းဖြစ်ပါသည်။ လိုအပ်သော အရာမှန်သမျှ၊ စိမ်းလန်းသော စားကျက်မြေ၊ သန့်ရှင်းသော ရေ၊ အန္တရာယ်နှင့်အခက်အခဲကြား၌ ကွယ်ကာခြင်းနှင့်နှိမ့်သိမ့်ခြင်း တို့ကိုပေးသနားတော်မူ၍၊ အနာဂတ်အတွက် အာမခံချက် ကိုပင် ဂတိပေးတော်မူ၏။ ရှေ့၌ အဘယ်အခက်အခဲဘဲရှိနေပါစေ၊ ကျွန်တော်တို့ကိုချစ်တော်မူသည့် သိုးထိန်းသည် ကျွန်တော်တို့နှင့်အတူ ရှိတော်မူ၏။

ပေါလုသည်လည်း မိမိ၏အမှုတော်ဆောင်ခြင်းကာလတလျှောက် ဘုရားသခင်၏ ကျေးဇူးတော်ဖြင့် စောင့်ရှောက်မစခြင်းခံရမှုကို ဖိ ၄း၁၉ ထဲတွင် ပြန်ဖော်ပြခဲ့ပါသည်။ ခက်ခဲသော အချိန်နှင့်ကြွယ်ဝသော အချိန်၌ မိမိလိုအပ်သောအရာတို့ကို ခရစ်တော်အားဖြင့်၊ ဘုန်းအာနုဘော်တော်၌စံပယ်တော်မူသော စည်းစိမ်ရှိသည်အတိုင်း မစပေးသနားတော်မူသောသူသည် ဘုရားသခင်ဖြစ်တော်မူကြောင်း ပေါလုသိပါသည်။ ထိုဘုရားသခင်၌မိမိယုံကြည်ကိုးစားခြင်း ရှိသည်အတိုင်း ဖိလိပ္ပိလူတို့လည်း ရှိကြရန် ပေါလု လိုချင်ခဲ့ပါသည်။ သူသည် လက်ဆောင်ပစ္စည်းပြန်၍ မပို့နိုင်သော်လည်း ဘုရားသခင်က သူတို့ကို မစပြုစုတော်မူမည်ဖြစ်ကြောင်း အသိပေးခဲ့ပါသည်။ သူတို့သည် ဘုရားသခင်ကို ယုံကြည်ကိုးစားလျက်၊ အဘယ်အခက်အခဲဘဲ ကြုံကြုံ ဘုရားသခင်သည် သူတို့လိုအပ်သမျှကို မစဖြည့်ဆည်း ပေးတော်မူနိုင်ကြောင်း ပေါလုသည် သူတို့ကို သိစေလို၏။

ထို့ပြင်၊ ဘုရားသခင်သည် ကျွန်ုပ်တို့လိုအပ်သောအရာတိုင်းကို ခရစ်တော်အားဖြင့် မိမိ၏ဘုန်းစည်းစိမ် ကြွယ်ဝသည်အတိုင်း မစပေးသနားတော်မူ၏။ ဘုရားသခင်၏ဘုန်းတော်ကို ကျွန်တော်တို့ တိုင်းတာနိုင်ပါသလား။ သူ၏မစထောက်ပံ့ ပေးသနားတော်မူခြင်းသည်လည်း ရေတွက်၍ မရပါ။ ဘယ်တော့မှ မကုန်ဆုံးနိုင်သော ကြွယ်ဝချမ်းသာခြင်းပေတည်း။ ကျွန်တော်တို့၏လိုအပ်သောအရာ ဘယ်လောက်ဘဲ ကြီးမားနေပါစေ၊ ဘုရားသခင်သည် ပေးသနားတော်မူနိုင်၏။

ဤတရားကို သိနားလည်ပါလျှင်၊ ပေါလုကဲ့သို့ ကျွန်တော်တို့သည် ဒူးထောက်လျက် ဘုရားသခင်၏ဘုန်းတော်ကို အစဉ် ချီးမွမ်းနေရမည်ဖြစ်ပါသည်။ မထိုက်တန်သော်လည်း၊ ကျွန်တော်တို့အတွက် ဘုရားသခင် ပြုတော်မူသော အမှုကို သိနားလည်သောအခါ၊ ထိုသို့ ချီးမွမ်းရပါမည်။ ကျွန်တော်တို့၏ ခန္ဓာကိုယ်နှင့်ဝိညာဉ် လိုအပ်ချက်အပေါင်းကို ပေးသနားတော်မူသောသူသည် ဘုရားသခင်ဖြစ်ကြောင်း သိလျက်၊ ဘုရားသခင်ကို ချီးမွမ်းကြပါစို့။

**ဆင်ခြင်ရန်** - ကြွယ်ဝချမ်းသာ၍ ချစ်ခြင်းနှင့်ပြည့်စုံသော ဖခင်တဦး၏သားသည် လိုအပ်သောအရာ မရဘဲ နေမည်လော။

**ဆုတောင်းချက်**- အဖဘုရား၊ အကျွန်ုပ်လိုအပ်သောအရာမှန်သမျှ ကိုယ်တော် နေ့စဉ်ထောက်ပံ့ပေးတော်မူမည်ဟု ယုံကြည်ခြင်းဖြင့် နေ့စဉ်အသက်ရှင်မည်အကြောင်း မစတော်မူပါ။

*"သန့်ရှင်းသူအပေါင်းတို့သည် သင်တို့ကို နှုတ်ဆက်ကြ၏။ ကဲသာဘုရင်၏ နန်းတော်၌နေသော သန့်ရှင်းသောသူတို့သည်အထူးသဖြင့် နှုတ်ဆက်ကြ၏"*

# ကယ်တင်ခြင်းအဘို့ဘုရားသခင်၏တန်ခိုးတော်

ဤဩဝါဒစာနိဂုံးတွင်၊ ပေါလုသည် နှုတ်ဆက်စကား ဆိုခဲ့ပါသည်။ ထိုနှုတ်ဆက်စကားထဲတွင်၊ ဖိလိပ္ပိလူတို့အား ဆုတောင်းနှုတ်ဆက်စကား ပါးလိုက်သော သန့်ရှင်းသူတို့၌ ကဲသာဘုရင်၏ မိသားစုဝင်များပါဝင်ခြင်းသည် အံ့ဩစရာတခုဖြစ်ပါသည်။ သူတို့သည် သန့်ရှင်းသူတို့နှင့်အတူ ပါဝင်ဖော်ပြခြင်းအားဖြင့် ကယ်တင်ခြင်းခံရသောသူဖြစ်ကြောင်း ဆိုလိုပါသည်။ "ငါနှင့်အတူရှိသော ညီအစ်ကို" (ဖိ ၄း၂၁) ဟု ပေါလုဆိုခဲ့ပါ၏။

ထိုအမှု မည်သို့ဖြစ်လာခဲ့သနည်း။ ပေါလုသည် ရောမမြို့၌ အကျဉ်းကျခံရသည်ကို သတိရကြပါစို့။ သူကြုံတွေ့နေရသော အခြေအနေ၌ မိမိတွင် လူအများနှင့် နန်းတော်ထဲရှိလူတို့ထံ တရားဟောရသော အခွင့်ရခဲ့ကြောင်း ပေါလု ဖော်ပြခဲ့ပြီးဖြစ်ပါသည် (ဖိ ၁း၁)။ ထိုသို့ ပေါလု တရားဟောခြင်း အားဖြင့် ပြောင်းလဲသောသူရှိခဲ့ကြောင်း ထင်ရှားပါသည်။ ထိုပြောင်းလဲသောသူတို့က ထပ်ဆင့် တရားဟောခြင်းဖြင့် ကဲသာဘုရင်၏မိသားစုဝင်တို့သည်လည်း ပြောင်းလဲလာခြင်းဖြစ်ပါလိမ့်မည်။

အခက်အခဲ ကြုံနေသောအချိန်၌လည်း ဘုရားသခင်၏လမ်းပြပို့ဆောင်ခြင်း လက်တော်အားဖြင့် ပေါလုသည် သတင်းကောင်း ဟောပြောရသော အခွင့်ရ၍ ဘုရားမသိသော ရောမလူတို့၏ စိတ်နှလုံးကို တူးဆွခဲ့ပါသည်။ ဤအမှုသည် ကဲသာဘုရင်ကို အလွန်လေးစားသော ရောမလက်အောက်ခံ ဖိလိပ္ပိလူတို့အတွက် အလွန်ထူးခြားသောဖြစ်ရပ် ဖြစ်ခဲ့သည်ဟု ထင်ရပါသည်။ ကဲသာဘုရင်၏မိသားစုဝင်တို့ကိုလည်း သန့်ရှင်းသူတို့ဟုဖော်ပြခြင်းသည် ဖိလိပ္ပိ ခရစ်ယာန်များအတွက် ကြီးမားသော ခွန်အားဖြစ်ခဲ့ပါလိမ့်မည်။

ဤအမှုအားဖြင့်၊ ဘုရားသခင်၏ကယ်တင်ခြင်း တန်ခိုးတော်ကို မြင်တွေ့ရပါသည်။ မထင်မှတ်သော အခြေအနေ၌ပင် ဘုရားသခင်သည် ကယ်တင်တော်မူနိုင်၏။ ရောမ၌ ပေါလု အကျဉ်းကျခံရခြင်း၌ ဘုရားသခင် ရည်ရွယ်ချက်ရှိခဲ့ပါသည်။ ပေါလုသည် သတင်းကောင်းကို ကဲသာဘုရင်၏ မိသားစုတို့ထံ ဟောပြောရသောအခွင့် ရဖို့ရန်ဖြစ်ပါသည်။ ဘုရားသခင် မကယ်တင်နိုင်လောက်အောင် အလုံးဝေးလွန်းသောသူ ဟူ၍ မရှိပါ။ ပေါလုသည် ခရစ်တော်၏ဧဝံဂေလိတရားကြောင့် ရှက်ကြောက်ခြင်း မရှိဘဲ၊ အခွင့်ရှိတိုင်း သတင်းကောင်းကို ဟောပြောခဲ့ပါသည်။ ထိုနည်းတူ၊ ကျွန်တော်တို့သည်လည်း အခွင့်ရှိတိုင်း ကယ်တင်ခြင်း သတင်းကောင်း ဟောပြောကြပါစို့။ ကယ်တင်ခြင်းသည် ဘုရားသခင် ပြုတော်မူသော အမှုဖြစ်တော်မူ၏။

**ဆင်ခြင်ရန်** - ဤလူသည် ကယ်တင်ခြင်း မရနိုင်၊ ကယ်တင်ခြင်းနှင့် မထိုက်တန်၊ စသည်ဖြင့် တခါတရံ ကျွန်တော် တွေးမိပါသလား။

**ဆုတောင်းချက်**- အဖဘုရား၊ ခရစ်တော်၏သတင်းကောင်းကို ဘယ်သောအခါမျှ မရှက် မည်အကြောင်း၊ ရဲရင့်စွာ သက်သေခံ မည်အကြောင်း ခွန်အား ပေးတော်မူပါ။

**ဖိ ၄း၂၃**

*"ငါတို့သခင်ယေရှုခရစ်၏ကျေးဇူးတော်သည် သင်တို့အပေါင်း၌ရှိစေသတည်း"*

၂ ကော ၁၂း၇-၁၀

# ကျေးဇူးတော်သည်သင်တို့၌တည်စေသတည်း

ဤဩဝါဒစာစောင်သည် ဖိလိပ္ပလူတို့အား ပေါလု၏နှုတ်ဆက်ခြင်းဖြစ်သော၊ "သခင်ယေရှုခရစ်နှင့် ငါတို့၏အဘတည်းဟူသော ဘုရားသခင့်အထံတော်က ကျေးဇူးတော်နှင့်ငြိမ်သက်ခြင်းသည် သင်တို့၌ရှိပါစေသော" (ဖိ ၁း၂) ဟု စတင်ခဲ့ပါသည်။ ယခု နိဂုံး၌လည်း ပေါလုသည် သူတို့အား၊ "ငါတို့သခင်ယေရှုခရစ်၏ကျေးဇူးတော်သည် သင်တို့အပေါင်း၌ရှိစေသတည်း။ အာမင်။" ဟု နှုတ်ဆက်ခဲ့ပါသည်။

ဤနှုတ်ဆက်ခြင်းသည် ပေါလု၏ဩဝါဒစာစောင်အများစု၏နိဂုံး၌ တွေ့ရသည် မှန်သော်လည်း (ရောမ ၁၆း၂၀၊ ၂၄၊ ၁ ကော ၁၆း၂၃၊ ၂ ကော ၁၃း၁၄၊ ဂလာတိ ၆း၁၈၊ ဧဖက် ၆း၂၄၊ ကောလော ၄း၁၈)၊ ထိုစကားလုံးတို့သည် ဘုရားသခင်မှုတ်သွင်းတော်မူသော စကားဖြစ်ကြောင်း ကျွန်ုပ်တို့ သတိရအောက်မေ့ကြရပါမည်။ ဤနိဂုံး နှုတ်ဆက်စကားတို့သည် အလွန်အဓိပ္ပါယ်ရှိသော စကားဖြစ်သောကြောင့် ကျွန်ုပ်တို့ မဆင်ခြင်ဘဲ လွန်မသွားသင့်ပါ။

သခင်ယေရှုခရစ်တော်၏ကျေးဇူးတော်သည် ယုံကြည်သူတိုင်း၏အသက်တာ၌ အလွန်အရေးကြီးလှပါသည်။ ဤကျေးဇူးတော်သည် ကျွန်ုပ်တို့ မထိုက်တန်သော်လည်း ဘုရားသခင်ပေးသနားတော်မူသော သနားကြင်နာခြင်း၊ ကောင်းမြတ်တော်မူခြင်း ဖြစ်ပါသည်။ ဘုရားသခင်၏ကျေးဇူးတော်ကြောင့်သာလျှင် ကျွန်ုပ်တို့သည် နောင်တရ၍ သူ့ကို ယုံကြည်ကြခြင်းဖြစ်ပါသည်။ ထိုကျေးဇူးတော်အားဖြင့် မိမိထံ ကျွန်ုပ်တို့ကို ခေါ်တော်မူပြီး၊ မိမိနှစ်သက်သော အသက်တာဖြင့် အသက်ရှင်နိုင်ဖို့ရန် ခွန်အားပေးတော်မူ၏။ သွေးဆောင်ခြင်းခံရသောအခါ၊ အပြစ် မပြုဖို့ရန် ကျေးဇူးတော်အားဖြင့် ကျွန်ုပ်တို့ကို ခွန်အားပေးတော်မူ၏။ ခက်ခဲသောအချိန်၌ လုံလောက်သော ထိုကျေးဇူးတော်အားဖြင့် သည်းခံ ကျော်ဖြတ်နိုင်ခြင်းငှါ ခွန်အားပေးတော်မူ၏။

ထို့ကြောင့် ခရစ်တော်၏ကျေးဇူးတော်သည် သင်တို့နှင့်အတူ ရှိစေသတည်း ဟူသော နှုတ်ဆက်ခြင်းဖြင့် ပေါလု နိဂုံးချုပ်ခြင်းသည် အလွန်သင့်တော်လှပါသည်။ သူ၏ဩဝါဒစာစောင်တိုင်း၌ ကျွန်ုပ်တို့အစဉ်အောက်မေ့ရမည့် အားပေးတိုက်တွန်းခြင်းနှင့်ခွန်အားပေးခြင်းများပါပါသည်။ ထိုတရားတို့ကို မိမိဇာတိသဘောအားဖြင့် ကျွန်ုပ်တို့ မလိုက်လျှောက်နိုင်ကြပါ။

ထို့ကြောင့် ခရစ်တော်၏ကျေးဇူးတော်ကို ကျွန်ုပ်တို့ အစဉ်လိုအပ်လျက်ရှိပါသည်။ ကျွန်ုပ်တို့ အစဉ် ဆုတောင်း တောင်းလျှောက်ရမည့် အရာလည်းဖြစ်ပါသည်။ ဘုရားသခင်၏ကျေးဇူးတော် မပါလျှင် ကျွန်ုပ်တို့သည် ဘာမှမဟုတ်ပါ။ သို့သော်လည်း၊ ဘုရားသခင် ကျေးဇူးတော်၏ ခွန်အားပေးခြင်းအားဖြင့် ခရစ်တော်အတွက် ကျွန်ုပ်တို့သည် အရာရာကို တတ်နိုင်၏။

ဤဩဝါဒစာစောင်၌ လေ့လာသင်ယူသောအရာအားလုံးကို သင်တို့ ဆင်ခြင်တွေးတော၍ နှလုံးသွင်းသည်နှင့်အညီ၊ သခင်ယေရှုခရစ်တော်၏ကျေးဇူးတော်သည် သင်တို့နှင့်အတူ ရှိတော်မူစေသတည်း။

**ဆင်ခြင်ရန်** - "တုနှိုင်း၍မမှီနိုင်သော ယေရှု၏အံ့ဖွယ် ကျေးဇူးတော်။"

**ဆုတောင်းချက်**- အဖဘုရား၊ ချစ်ခြင်းမေတ္တာဖြင့် ကျွန်ုပ်အပေါ် တည်စေတော်မူသော ကိုယ်တော်၏ကျေးဇူးတော်ကြောင့် နာမတော်ကို ချီးမွမ်းပါ၏။